www.burmeseclassic.com

အစွဲအလမ်းခရီးကြမ်းမှ

# မုဆိုးဝတ္ထုတိုများ

မင်းရဲကျော်



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် – [ ၅၀၀၉၀၁၀၅၀၇ ]
မျက်နှာဖုံးခွင့်ပြုချက်အမှတ် – [ ၅၀၀၉၅၆၀၅၀၈ ]
မျက်နှာဖုံးဒီဇိုင်း ◆ အံ့ဘွယ် (Stars)
ထုတ်ဝေသည့်လ ◆ ၂၀၀၅ ခုနှစ်၊ ဩဂုတ်လ
(ပထမအကြိမ်)
အုပ်ရေ ◆ ၅၀၀
ထုတ်ဝေသူ
ဦးသန်းမြင့်(၀၁၀၄၀)၊ လင်းလင်းစာပေ
အမှတ် ၄/၂၉၊ မြဝတီမင်းကြီးလမ်း
၁၀–မိုင်ကုန်း၊ အင်းစိန်။ ရန်ကုန်မြို့။
အတွင်းပုံနှိပ်သူ
ဦးဇော်မင်း (W!zard)
အမှတ်(၁၉၇)၊ ၃၃–လမ်း(အထက်)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးပုံနှိပ်
ဦးတိုးဝင်း(၀၂၄၃၁) နေလရောင်အော့ဖ်ဆက်
(၉၆/ခ)၊ ၁၁ လမ်း၊ ရန်ကုန်မြို့။
စာအုပ်ချုပ် ◆ ပပနိုး
တန်ဖိုး ◆ ၅၀ ကျပ်

# အစွဲအလမ်းခရီးကြမ်းမှ မုဆိုးဝတ္ထုတိုများ

မင်းရဲကျော်

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသား အားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ

## နိုင်ငံရေးဦးတည်ချက် ၄ ရပ်

နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် ၄ ရပ်

စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် ၄ ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

# -မာတိကာ-


၁။ အစွဲအလမ်းခရီးကြမ်းမှ ၃
၂။ မုဆိုးမားမြောင် တွေ့မရှောင် ၆၁
၃။ အပါးလိုအမှားမခံနှင့် ၁၂၇
၄။ မုဆိုးကျားကိုက် ကျားမိုက်မြားမှန် ၁၉၁


www.burmeseclassic.com

www.burmeseclassic.com

## အစွဲအလမ်း ခရီးကြမ်းမှ

ထန်းညိုရွာသည်ကား အမည်နှင့် သိပ်မလိုက်ပါ။ တစ်ရွာလုံးမှာ ထန်းညိုပင် နှစ်ပင်သာရှိပါ၏။ ထိုထန်းနှစ်ပင်မှာ ရွာဦးကုန်းမို့မို့ ဝါးကောက်ချောင်းဘေး ခပ်ဝေးဝေးတွင် ယှဉ်၍ ပေါက်နေသောကြောင့် ထန်းညိုရွာဟု ခေါ်သည်လားမသိပါ။ ရွာတစ်ရွာလုံး ရွာပတ်ဝန်းကျင်နှင့် လယ်ကွင်းပြင်တို့တွင် အခြားထန်းပင်တစ်ပင်မျှပင် မရှိ။ ရှားရှားပါးပါး ထိုထန်းနှစ်ပင်အား အစွဲပြု၍ ထန်းညိုရွာဖြစ်လာသည်လား။ တချို့က ခေါ်ကြ၏။ ထန်းညီနောင်ရွာဟုဆိုလျှင်လည်း သိကြပါ၏။

ဝါးကောက်ချောင်းရိုးဘေးရှိ ရွာများမှာ ကုက္ကိုမြိုင်ရွာ၊ မန်ကျည်းတောရွာ၊ တမာကုန်းရွာဟူ၍ ရှိကြသည်။ ကုက္ကိုမြိုင်ရွာသည် ကုက္ကိုပင်တွေ အလွန်ပေါသကဲ့သို့ မန်ကျည်းတောရွာမှာလည်း မန်ကျည်းပင် ပင်ချင်းယှက်မျှ ရှေးယခင်ကပင်လျှင် စိုက်ပျိုးထားခဲ့ကြပုံရ၏။

www.burmeseclassic.com

www.burmeseclassic.com



တမာကုန်းရွာမှာကား ထန်းညိုရွာကဲ့သို့ပင် တမာပင်အိုကြီးတစ်ပင်သည် နှစ်ပေါင်းကြာရှည်ခဲ့၍ ကွေးကွေးကောက်ကောက် စပေါက်ကတည်းက အပင်လုံးကြီးမှာ ခါးကုန်းသလိုလို ရွာသားကလေးတွေ မကြာခဏ တက်တက်ဆော့ကြ၍ ခါးကုန်းနေသည်လားမသိ။ တော်ပါသေး၏။ ထိုရွာလူကြီးဦးဘသော်ကြောင့် ရွာဦးကျောင်းတွင် သူစိုက်ထားသော တမာပင်လေးတွေမှာ လူတစ်ရပ်[illegible]သော စီတန်းနေရှာသဖြင့် တမာတန်းရွာဆိုပါလျှင်လည်း မှန်ကန်သင့်မြတ်ပေမည်။

ထိုကျေးရွာများဖြစ်သော ထန်းညိုရွာ၊ ကုက္ကိုမြိုင်ရွာ၊ မန်ကျည်းတောရွာ၊ တမာကုန်းရွာများ၏ အလုပ်မှာ လယ်နှင့်မတူဘဲ အနည်းငယ် ချဉ်ပေါင်ရွက်၊ မုံလာခင်းနှင့် ခရမ်းချဉ်သီးပင်များသာ စိုက်ကြ၏။ အများအားဖြင့်တော့ လယ်တစ်သီးသာ စိုက်ပျိုးကြသည်။ လယ်သမားရွာတွေ၊ ငါးရှာဖားရှာလုပ်သူများအတွက် ဝါးကောက်ချောင်းဘေး လှိုကလေးမှတစ်ဆင့် မိုးအခါတွင် ရေဝင်ပြီး ဝက်လာအင်းလို့ခေါ်ကြသော အင်းစောင်းကလေးဝယ် ငါး၊ ငါးရှဉ့်၊ ဖားရှာကြရသည်။ ရေလုပ်သား သို့မဟုတ် တံငါလုပ်စားသူများ အလွန်ရှားပါးသော်လည်း ထန်းညိုရွာသားများထဲမှ ရွာသားတစ်ဦးအား ငါးမုဆိုးထောင်ဆိုလျှင်တော့ ထိုရွာကလေးအားလုံး သိ၏။

ငါးမုဆိုး ထောင်အား လိုချင်သော ငါး၊ ဖား၊ ငါးရှဉ့် တစ်ရက်နှစ်ရက် ကြို၍မှာရ၏။ တချို့ ရွာအလှူအတွက် အနည်းအပါး မုန့်ဟင်းခါးအတွက် ငါးခူ သုံးလေးပိဿာမှာပါက သုံးရက်ခန့် ကြိုမှာလျှင်ရ၏။ သို့အတွက်ကြောင့်လည်း





ငါးမုဆိုးဟု တွင်နေသည်သာဖြစ်၏။

ငါးမုဆိုးထောင် ပိုမိုသိသူမှာ ဇနီးမယ်မျှင်နှင့် သမီးမယ်ရှင်ကို ပိုသိနေကြသည်လည်း ရှိပါသေး၏။ ဇနီးသည်မယ်မျှင်မှာ အသားဖြူဖြူ ရုပ်ရည်သန့်သန့်ငါးစိမ်းသည်ဖြစ်သကဲ့သို့ သမီးလေး မယ်မျှင်မှာလည်း တစ်ဆယ့်ငါးနှစ်သမီးအရွယ် မိခင်နှင့်အတူ အဖော်လိုက်၍ ငါးရောင်း၏။ သမီးချောလေး မယ်ရှင်ကို ချစ်ခင်သူပေါ၏။ သမီးလေးမယ်ရှင်အရွယ်ရောက်စမို့ ခါတိုင်းစကားသွက်ပြီး အမြဲပြုံးနေသောမယ်မျှင်မှာ မျက်နှာအနည်းငယ်တည်လာ၏။ အရွတ်အနောက်မပြောတော့၊ ပြောလျှင်လည်း သူနှင့်ရွယ်တူ၊ အသက်ကြီးသူအမျိုးသမီးတွေနှင့်သာ ရောနှောပြောတော့သည်။ သမီးအတွက် ကြိုတင်ကာကွယ်မှုလားတော့ မသိ။ ဆင်ခြင်တတ်သောအသိသည် မိခင်ကောင်းတစ်ယောက်အတွက် အရေးကြီးသော လက်နက်တစ်ခုဟုလည်း မယ်မျှင်က ခံယူထား၏။

ထိုမိသားစုတွင် ထူးခြားမှုတစ်ခုလည်း ရှိပါသေး၏။ မုဆိုးထောင်သည် ကွန်ပစ်၏၊ ငါးထောင်၏၊ ချောင်းထဲနှင့်ဝက်လာအင်းစောင်းဝယ် ငါးနှိုက်သည့်အပြင် ညဥ့်အခါထိုဝက်လာအင်းစောင်းဝယ် မျှုံးထောင်၏၊ ရသမျှငါးတွေမသတ်ပါ၊ သူ့ပလိုင်းတွင် အရှင်ထည့်၏။ သူ့ပုလိုင်းသည်ဘေးမှာတော့ ဝါးဖြင့်ရက်ထား၍ ရေမလုံသော်လည်း ပုလိုင်းဖင်မှာ ဝါးစိပ်စိပ်ဖြင့်ရက်သည့်အပြင် ရွှံ့နှံ့ကြောင့် ရေတော်တော်လုံသဖြင့်လည်း ရသမျှငါးတွေ အကုန်မသေကြ။ အိမ်ရောက်လျှင်တော့ သူ့အိမ်၏စဥ့်အိုးတွေထဲမှာ ငါးတွေလှောင်



www.burmeseclassic.com

www.burmeseclassic.com



တတ်၏။ သေသည့်ငါးအား ချက်ချင်း ရောင်းသော်လည်း မသေသေးသည့်ငါးအား လှောင်ရောင်းသည်။

ထိုသို့ ငါးမုဆိုးငထင် လုပ်ဆောင်မှုကြောင့် အချိန်မရွေး ဝယ်ယူနိုင်သဖြင့် ဟင်းစားအတွက် ခက်ခက်ခဲခဲမရှိကြ။ တစ်ခုတော့ရှိ၏။ ငါးမုဆိုးငထင်သည် ငါးအား အကြွေးမရောင်း။ ဇနီးသည် မယ်မျှင်ကလည်း အပြောကောင်းပြီး စိတ်ထားမယုတ်ညံ့၍ နောက်ဆုံး ပိုက်ဆံမရှိလျှင် ဆန်နှင့်တန်ဖိုးဖြတ်ရောင်းချမှုအတွက် မယ်မျှင်တို့အိမ်တွင် ဆန်လည်းအပြည့်။ ကုန်ကုန်ပြောရလျှင် ဆန်မကြိတ်ရသေးပါက စပါးနှင့်ပင် တန်ဖိုးဖြတ် ရောင်းဝယ်မှုကြောင့် အိမ်နောက်ဝယ် စပါးကျီဝယ် အမြဲမပြတ် စပါး အစိပ်သုံးဆယ်မျှ ရှိခဲ့ပါ၏။

ငါးမုဆိုးငထင်၏ စည်းကမ်းရှိမှုနှင့်အတူ ငါးရှာရင်း တွေ့သမျှ ရေမြွေမှ မြက်လျှောမြွေအဆုံး မြွေဆိုးများမကျန် မသတ်ဖြတ်၊ မောင်း၏၊ ရေနှင့်ပက်၍မရခဲ့လျှင် သူက ရှောင်၏။ သို့အတွက်ကြောင့်လားမသိ ရွာသူရွာသား တော်တော်များများ အသွားအလာနည်း၊ ငါးရှာ ဖားရှာနည်းသော ဝက်လာအင်းစောင်းသို့ ငါးမုဆိုးငထင်တစ်ယောက်အတွက် စားကျက်ဖြစ်ရ၏။ ဝက်လာအင်းဆိုသည် ဝက်လာကိုင်းတွေ ပေါများသောကြောင့် ဝက်လာအင်းစောင်းဟုခေါ်ကြပြီး ထိုအင်းစောင်းဝယ် မြွေပွေး မြွေဟောက်ပေါ၏။

မြွေပေါရခြင်းမှာကား လယ်ကြွက်၊ မြေကြွက်တွေကြောင့် မြွေပေါသည်ကား အမှန်ပင်။ မြွေသည် ကြွက်ကိုကြိုက်၏။ ကြွက်သည် စပါးနှင့် အသီးအနှံတွေ စားနေရသမျှ





တော့ ပေါချင်တိုင်း ပေါနေသည်သာ။

'အမေရေ… အမေ ကိုရင် ကြွလာတယ်'

'ဟော… သားကိုရင် မကြွစဖူးပါကလား'

အသက် ဆယ့်သုံးနှစ်မျှသာ ရှိသေးသော ကိုရင်မောင်ညြ (လူအမည်) ကိုရင်ဘွဲ့မှာကား ရှင်နန္ဒဖြစ်ပါ၏။ စနေသားဖြစ်သော်လည်း ငယ်ငယ်ကတည်းက အေး၏။ စကားနည်းပြီး အလွန် စိတ်ငြိမ်ငြိမ်နှင့် သည်းခံတတ်၍ တချို့က စနေသားမှ ဟုတ်ပါလေစဟု မေးကြသည်။ ကိုရင်ဝတ်သည်မှာ ဆယ်နှစ်သားမှစ၍ ကိုရင်ဝတ်ခဲ့သော သားတော်မောင်အား ကိုရင်ဘွဲ့ကို မခေါ်ကြ။ ကိုရင်မောင်ညြ၊ သို့မဟုတ်ပါက သားကိုရင်ဖြင့် မိခင်နှင့်ဖခင်တို့ အမြဲတမ်း ခေါ်ကြ၏။

'ဒကာကြီး ပြန်မရောက်သေးဘူးလား မယ်တော်'

ကိုရင်မှ သူ၏အဖေ ပြန်မရောက်သေးသည့်အတွက် မေးလိုက်သည်တွင် နောက်ဆုံးစကားဝယ် မယ်တော်ဟူသော အသုံးအနှုန်းကြောင့် ငါးစိမ်းသည်မ ငါးမုဆိုး၏ဇနီး ဒေါ်မယ်မျှင် ပီတိတွေဖြစ်ရပြီ။

'မရောက်သေးဘူး ကိုရင်၊ ရောက်တော့မှာပါ၊ ဘာကိစ္စများရှိပါသလဲ'

'သြော်… မယ်တော်နဲ့ ခမည်းတော်တို့ နေကောင်းကြရဲ့လားဆိုတာ သိချင်လို့ပါ'

'ကိုရင်'

'အင်း'



www.burmeseclassic.com

www.burmeseclassic.com



'မမရှင်တော့ မပါဘူးပေါ့'

'ပါတာပေါ့၊ တစ်အိမ်သားလုံးပါပဲ'

'ဆွမ်းဘုန်းပေးပြီးပြီလား၊ သားကိုရင်'

'ပြီးခဲ့ပါပြီ'

'ဟော… ဟိုမှာ သားကိုရင် တွေ့ချင်တဲ့ ခမည်းတော်လေ'

ကိုရင်က လှမ်းအကြည့်၊ ဖခင်ဖြစ်သူ ငါးမုဆိုးငထင်သည် ကွန်ကိုထမ်း၍ ပလိုင်းကိုလွယ်လျက် ခြံဝင်းထဲဝင်လာရာမှ အိမ်ဦးခန်းတွင် ဝါဝါမြင်ရသည့်တွင် တအံ့တသြဖြစ်ကာ ခါတိုင်း အိမ်ရှေ့အပေါက်မှ တက်သော ငါးမုဆိုးငထင်မှာ ရှိသေသမှုဖြင့် အိမ်၏နောက်ဘက်လှည့်ကာ ကွန်နှင့်ပလိုင်းအား နောက်ဖေးအိမ်ကပြင်မှာ အသာချ ခြေလက်ဆေး၍ အိမ်ရှေ့ခန်းရောက်တော့…

'သားကိုရင်ကြွလာတာ ကြာပြီလား'

'မကြာသေးပါဘူး ခမည်းတော်'

'အိမ်မကြွစဖူး ကြွလို့ ဝမ်းသာလိုက်တာ သားကိုရင်ရယ်'

'ဟုတ်ကဲ့၊ အိမ်သားတွေ ကျောင်းမရောက်တာ ကြာသလို ကိုရင်လည်း ဆရာတော်မှ စာကျက်ခိုင်းနေလို့ ရွာထဲ မရောက်ခဲ့ဘူး၊ အခု စာပေဖြေဆိုပြီးမှ အိမ်ကြွခဲ့တာ'

'ဝမ်းသာလိုက်တာ သားကိုရင်ရယ်၊ စာဖြေမယ်ဆိုတာတော့ ကြားပါတယ်၊ မဖြေရသေးဘူး ထင်နေတာ၊ စာဖြေသွားတာ ကိုရင်က မပြောဘူး၊ ငွေလေးဘာလေး မပေးလိုက်





ရလို့ပေါ့'

'အစစအရာရာ ပြည့်စုံပါတယ်၊ အခက်အခဲမရှိပါဘူး၊ ဆရာတော်ရဲ့ ကျေးဇူးကြောင့်ပါ ခမည်းတော်'

'ဩော်… ခမည်းတော်လည်း မနက်စာစားရမှာ မဟုတ်သေးဘူး၊ ကိုရင်ပြန်ကြွတော့မယ်နော်'

'ကောင်းပါပြီ သားကိုရင်၊ ဩော်… မနက်ဖြန် ကိုရင်အတွက်၊ ကျောင်းအတွက် ဆွမ်းအုပ်ပို့ပေးမယ် သားကိုရင်'

'တတ်နိုင်မှပို့ပါ ခမည်းတော်၊ ခမည်းတော်တို့ မယ်တော်တို့ ပင်ပန်းနေပါ့မယ်'

'အို… သားကိုရင်ကလဲ။ ဆရာတော်နဲ့ သားကိုရင်တို့အတွက် ဆွမ်းမပို့ရတာ ကြာပြီပဲ၊ ပို့မှာပေါ့၊ မပင်ပန်းပါဘူး သားကိုရင်ရယ်၊ အိမ်မှာတောင် ဆွမ်းကပ်ချင်တာ ကိုရင်ရဲ့'

'ကဲ… ကဲ… ခမည်းတော်နဲ့ မယ်တော်၊ ကိုရင်ကျောင်းကို ပြန်ကြွတော့မယ်'

'ကောင်းပါပြီ သားကိုရင်'

မိသားစုများ လက်အုပ်ချီပြီး ကန်တော့၏။ ကိုရင်မှာ အင်မတန်မှ ကြည်ညိုဖွယ်ကောင်းလှပါ၏။ သိက္ခာအပြည့်၊ ဥပမိရုပ်ကလည်း ကောင်းသည့်အပြင် ဆရာတော်၏ ဆုံးမသွန်သင်မှု၊ မိမိကိုယ်ကို မိမိ ဆင်ခြင်တတ်မှုတွေကြောင့် ဝါရ ရဟန်းတစ်ပါးပမာ ဣန္ဒြေဖြင့် ကန်တော့ခံပြီးမှ ပြန်ကြွသွားသည့် သားကိုရင်အား ကြည့်မဝ ရှုမဝ ကာငါမုဆိုး



www.burmeseclassic.com

www.burmeseclassic.com



မိသားစုဘဝ ခေတ္တမက စိတ်အေးလွန်းလှပါ၏။

'အင်း… မယ်မျှင်ရယ်၊ တို့က တံငါမုဆိုး၊ သားက အဝါရောင်သင်္ကန်းနဲ့ မြတ်ရဟန်းဖြစ်တော့မယ်'

'ဟုတ်တယ် ကိုတင်၊ ကျွန်မတို့ဘဝကတော့ မြင်တဲ့ အတိုင်းပဲ၊ ရှင်ကလည်း ငါးရှာ ဖားရှာပဲတတ်သလို ကျွန်မ လည်း ငါးရောင်း ဖားရောင်းနဲ့ပဲ မိရိုးဖလာ လယ်လုပ်တာ တောင် မတတ်အောင် ဖြစ်နေပြီ'

'အေးလေ… ဘယ်တတ်နိုင်မလဲကွာ'

ဤသို့ဖြင့် ငါးမုဆိုးငထင်မှာ ငါးရှာမှုအတတ်ပညာ တွေ စုံလာသည့်အပြင် သူတို့၏ ဝါးကောက်ချောင်းသို့ ငါး တန်တွေ ဝင်ရောက်လာသည်ကို သတိထားမိပြန်၏။ ငါးတန် တစ်ကောင်တစ်ကောင် လေးငါးပိသာအထိရှိကြောင်း သူကဲ့သို့ ငါးလုပ်သည့် တမာကုန်းရွာသား ငချောပြော၍ သိရသည်။ ငချောဆိုသည်မှာ သူ့လောက်တော့ တစိုက်မတ်မတ် ငါးမုဆိုး မဟုတ်ပါ။ ကြုံရာကျပန်းလုပ်တတ်သူမို့ သူ့လို နာမည် မကြီးပါ။

သို့ပါသော်လည်း သူ့တွင် ဘယ်ငါးကို ဘယ်လိုဖမ်းရ သည်၊ ဘာအစာကို ဘယ်ငါးတွေကြိုက်၏ စသည် စသည် ဖြင့် ဘယ်က ဘယ်လိုတတ်ထားသည်မသိ။ ငချောသည် ထန်းညိုရွာသား ငါးမုဆိုး ငထင်နဲ့ မန်ကျည်းတောရွာအနီး ဝါးကောက်ချောင်းထဲတွင် လေ့နှစ်စင်းယှဉ်ပြိုင်မိစဉ်–

'ငါးမုဆိုးကြီးရေ၊ ကွန်ပစ်တာ ရရဲ့လား'

'သိပ်တော့ မရဘူး၊ ငချော မင်းကော ဘယ်လိုလဲ'



'မရပါဘူးကွာ'

'သြော်… ဒါထက် တို့ဟောဒီဝါးကောက်ချောင်းထဲ မှာ ငါးတန်တွေ ရောက်နေတယ်ကွ'

'ဟုတ်လား၊ တစ်ခါမှ မကြားမိဘူး'

'အေး… ငါးတစ်ကောင်ရတယ်၊ တမြန်နေ့ကပေါ့'

'တော်တော်ကြီးလား'

'လေးပိသာငါးဆယ်ရှိတယ်ကွ'

'ကွန်နဲ့မိတာလား'

'ဟာ… ဒီလောက်အကောင်ကြီးတော့ ကွန်ဘယ်နိုင် မှာလဲ၊ ကွန်ကွဲသွားမှာပေါ့'

'ဘယ်လိုရတာလဲကွ'

'မျှားတာလေ'

'ဘယ်လို မျှားတာလဲ'

'ငါးမျှားတံတော့ မဟုတ်ဘူးကွ၊ တို့ရွာဘေးက ရေ သဖန်းပင်ကြီးပေါ်ကနေပြီး ရေထဲကို ငါးမျှားကြိုးထဲ အစာ ချမျှားတာကွ'

'ငါးတန်က ဘာအစာကြိုက်လဲ'

'ငါတော့ ကြွက်ဝမ်းပူနဲ့ မျှားတာကွ'

'မင်းဟာကလည်း မတန်မရာကွာ'

'ဟုတ်တယ်ဟ၊ ကြွက်ဝမ်းပူကိုဖမ်းပြီး ခါးမှာငါးမျှား ချိတ်အကြီးနဲ့ ချိတ်တယ်ကွ'

ငချောသည် သူ၏အိမ်ဝယ် ကြွက်ပေါသဖြင့် ကြွက် ထောင်ချောက်ဖြင့် ကြွက်ထောင်၍ ကြွက်ဝမ်းပူတစ်ကောင်

www.burmeseclassic.com

www.burmeseclassic.com



ရသဖြင့် ထိုကြွက်ဝမ်းပူအား ဖမ်းယူကာ ကြွက်ဝမ်းပူ၏ ခါးအရေပြားတွင် ငါးမျှားချိတ်ကြီးကြီးချိတ်ကာ အရှင်လတ်လတ်အား ချောင်းကမ်းပါးတွင် ရေထဲကိုင်းနေသည့် ရေသဖန်းပင်ကြီးပေါ်တက်ကာ ကြွက်အား ရေထဲသို့ ငါးမျှားကြိုးဖြင့်ချလိုက်ပြီး ရေပေါ်ဝယ် ကြွက်အား မပေါ်တပေါ် ချလိုက်ပြီး သူသည်သဖန်းပင်ပေါ်မှ ကြည့်နေသည်။

ကြွက်ဝမ်းပူလေးမှာ ရေပေါ်ဝယ် ဟိုကူးသည်ကူးပြေးနေ၏။ ခါးတွင် အရေပြား ဖောက်ချိတ်ထားသည့်ဒဏ်ကလည်း နာကျင်၊ ရေထဲမနစ်အောင်လည်း ကူးနေရသည်မှာ ကြွက်ဝမ်းပူလေး ဟိုပြေးသည်ပြေး လူးလှိမ့်ရုန်းကန်ရသည်။ ကမ်းဘက် ကူးသောအခါ ကြိုးကိုပြန်ဆွဲလိုက်၊ ကြွက်ဝမ်းပူလေးမှာ သေဘေးမှလွတ်ရန် ကူးနေသည့် လှုပ်ရှားမှုကြောင့် ငါးတန်ကြီးတစ်ကောင်သည် ရေထဲမှ ပြေးဟပ်လိုက်ရာ…

'ဝုန်း'

အသံကြီးပင် မြည်ဟီးသွားသဖြင့် ရေသဖန်းပင်ပေါ်မှကြိုးကိုဆွဲထားသော ငချောမှာ ရေထဲမကျအောင် ကိုင်းကိုခိုင်ခိုင်ကိုင်ထားရင်း ငါးမျှားကြိုးအား လျှော့ပေးလိုက် ပြန်ဆွဲလိုက်၊ တစ်ဖန် ပြန်လျှော့ပေးလိုက်နှင့် တော်တော်ကြာအောင်လုပ်နေရသည်။

ရေထဲမှ ငါးများသည် အလွန်သန်၍ အကောင်ကြီးလေ ပိုမိုသန်မာလေဖြစ်သည်ကို ငချော ကောင်းကောင်းသိထားသည်တွင် နာရီဝက်မျှ ငါးတန်ကြီးမောအောင် လျှော့ပေးရခြင်း၊ ပြန်ဆွဲရခြင်းလုပ်ရင်းမှ ငါးကြီး မောလောက်သော





အခါ ငါးမျှားကြိုးအား လက်ဖြင့်ကိုင်ရင်း ရေသဖန်းပင်ကြီးပေါ်မှ တဖြည်းဖြည်း ဆင်းခဲ့ပါသည်။ မြေကြီးကမ်းစပ်ပေါ်ရောက်တော့မှ ငါးကြီးဆွဲသွားမှု အနည်းငယ်လျှော့ပေးရင်း ငါးကြီးမော၍ အနည်းငယ် ငြိမ်သွားသည်တွင် ကြိုးကို မသိမသာဆွဲလိုက်၊ ခပ်ဆောင့်ဆောင့်လေးဆွဲလိုက် လုပ်ရာ ငါးတန်ကြီး၏ လည်ချောင်းထဲရောက်နေသော ငါးမျှားကြိုးမှ ရုန်းရှုမှုကြောင့် နာကျင်သဖြင့် အလိုက်သင့်လိုက်ပါခဲ့ရာ ရေစပ်ရောက်တော့ ငါးကြီး တောင့်ခံ၏။ ခေတ္တလောက် ငြိမ်ထားရင်းမှ နောက်ထပ်တစ်ဖန် ပြန်ဆွဲရင်း ကမ်းစပ်ကုန်းနားအရောက် ခပ်သွက်သွက် ဆွဲလိုက်သည်တွင် ငါးတန်ကြီးကုန်းပေါ်သို့ ရောက်ခဲ့ပါပြီ။

'ငချောရာ၊ မင်းဟာကလည်း မလွယ်ပါလားကွ'

'ဟ… ငါးမုဆိုးတို့ နာမည်ရနေတဲ့ ငထင်ရာ၊ တစ်ချက်ခုတ် နှစ်ချက်ပြတ်လေကွာ'

'ဘာလဲကွ မင်းစကားက'

'ဒီကောင် အ,ပါ့ကွာ၊ အိမ်မှာကြွက်ပေါလို့ ကြွက်ထောင်တယ်၊ စားလို့ရတဲ့ကြွက် မဟုတ်ဘူးကွ၊ ကြွက်ဝမ်းပူတွေလေ၊ ကြွက်ရတော့ အိမ်မှာ ကြွက်အန္တရာယ်ကင်းသလိုငါးထောင်တော့ ငါးရတယ်၊ အဲဒါမှတ်ထား၊ ကြွက်ဝမ်းပူတစ်ကောင်ကို အရင်းပြုလိုက်တာ၊ ဟား… ဟား… ဟား… ငါးတန် လေးပိသာငါးဆယ်သားတစ်ကောင် ရတာပေါ့ကွ'

'ဟုတ်တော့ ဟုတ်ပါရဲ့၊ သိပ်ရက်စက်ရာ ကျမနေဘူးလား'



www.burmeseclassic.com

www.burmeseclassic.com



'မတတ်နိုင်ဘူး ကိုယ့်လူ၊ မိသားစုအတွက် ခိုးမကျွေးနိုင်ဘူးလေ၊ တတ်သည့်ပညာ မနေသာပေါ့ကွ'

ငါးမုဆိုး ငထင်အား ပညာပေးလိုက်သော ငချောကြောင့် ငါးမုဆိုးငထင်တစ်ယောက် ချီတုံချတုံ လုပ်နေ၏။ ငါးရှာရသည်မှာ တော်တော်လေး အခက်အခဲဖြစ်လာသည့်အတွက် စားဝတ်နေရေးဝယ် ငချောပြောသလို ခိုးဝှက်တော့မကျွေးတတ်။ သို့အတွက် ပထမ စမ်းကြည့်မည်ဟု ဆုံးဖြတ်ကာ ကြွက်ထောင်၏။ ကြွက်ဝမ်းပူတစ်ကောင် ရသည်တွင် သူတို့ ရွာဦးဘုန်းတော်ကြီးကျောင်းဘေးရှိ ရေထဲလဲတော့မည့် ကုက္ကိုပင်ကြီးဘေးဝယ် လှေကိုကပ်ပြီး သူ ဖမ်းလာသည့် ကြွက်ဝမ်းပူအား ငချောပြောသည့်အတိုင်း ခါးတွင် ငါးမျှားချိတ်ဖောက်ဆွဲပြီး ရေထဲချကာ မျှားလိုက်သည်။

ကြွက်ကလေး ဟိုပြေး သည်ပြေး ပြေးနေသည်ကို ကြည့်ရင်း စိတ်ထဲမကောင်း ဖြစ်မိ၏။ သူ၏လုပ်ဆောင်မှုအား သားကိုရင်သာမြင်ရင်ဖြင့်ဟူသော အတွေးလည်း တွေးမိသည်။ မတတ်နိုင်ပါ။ ကမ္ဘာမီးလောင် သားကောင်ချွန်းဆိုဘိသကဲ့သို့ ကြုံသလို ရုန်းကန်ရသည်မို့ မျက်စိကို စုံမှိတ်မရသော်လည်း စုံမှိတ်ထားကာ ကြိုးစားရပါသည်။

ငချောမှာ နာရီဝက်မက ကြာခဲ့သလို သူလည်း တော်တော်လေးကို ကြာနေပြီ။ ငါးတန်တစ်ကောင်မျှ မတွေ့၊ မလာ၊ မဆွဲပါ။ သို့ပါသော်လည်း တံငါမုဆိုး ငထင်တစ်ယောက် ခွဲကောင်းကောင်းဖြင့် မလျှော့သောလုံ့လဖြင့် ဆက်ပြီးကြွက်ဝမ်းပူလေးအား ကြည့်နေလိုက်၏။





တစ်ခါတစ်ခါ ရေထဲနစ်သလိုလို ဖြစ်သွားသည့်အခါဝယ် ရေပေါ်သို့မ,ထားလိုက်သည်နှင့် တစ်နာရီလောက်ကြာသွားသည်တွင် ကြွက်ဝမ်းပူမှာလည်း ရေပင် သိပ်မကူးနိုင်တော့။ သေအံ့ဆဲဆဲဖြစ်နေသည်ကို မြင်ရသော ငါးမုဆိုးငထင်တော်တော်စိတ်မကောင်း။ ထိုသို့ စိတ်မကောင်းရသည့်အထဲ သားကိုရင်ကို မြင်ယောင်ပြီး ကျောင်းဘက်သို့ လှမ်းမျှော်ကြည့်လိုက်မိသည်အထိ အာရုံက ရောက်သွားသည်တွင် ကြွက်ကလေးကို မကြည့်မိ၊ သတိလက်လွှတ်ဖြစ်နေစဉ် ကျောင်းအတွင်းတွင်ရှိသော မြေစိုက်စေတီအိုကလေး၏ ဆည်းလဲသံတွေ နားထဲကြားမိ၏။

'ဩော်… စေတီက ဆည်းလဲလေးတွေ လေတိုက်ခတ်လို့ မြည်နေပါကလား'

'ဒီလိုလုပ်တာ မယ်မျှင်တို့သားအမိ မသိပါစေနဲ့၊ သားကိုရင်အတွက် ပိုပြီးမသိအောင် နေရမယ်၊ နောက် ငါမလုပ်တော့ပါဘူး… ဟူး'

အတွေးတွေနှင့် နစ်မျောနေ၏။ သက်မချပြီးသောကာသနာ•ခံစားနေရသော ငါးမုဆိုးငထင်တစ်ယောက် စိတ်ကောင်းကြီးစွာဖြင့် နောင်တရနေစဉ်မှာပင် အကုသိုလ်ကံကထောင်းလာပါပြီ။ သူ၏ကြွက်ဝမ်းပူလေးအား ငါးကြီးတစ်ကောင်မှ–

'ဝုန်း'

'ဟာ… ငါးဆွဲသွားပြီ ငါးဆွဲသွားပြီ'

ငါးမုဆိုးငထင် ဝမ်းသာသွားပါပြီ။ ငချောပြောသလို



www.burmeseclassic.com

www.burmeseclassic.com



ငါးကြီးဆွဲသွားသဖြင့် သူ၏နိုင်လွန် ငါးမျှားကြိုးအား လျှော့ပေးလိုက်၊ ပြန်ဆွဲလိုက် တစ်ခါလျှော့ပေးလိုက် ပြန်ဆွဲလိုက်ဖြင့် အခေါက်ခေါက် အခါခါ ရေထဲမှငါးကြီးနှင့် ငါးမုဆိုးထေင်တို့ သူတစ်ပြန် ကိုယ်တစ်ပြန် ကစားနေသည်မှာ တော်တော်လေးကို ကြာသွား၏။

ငါးမုဆိုးထေင်သည် ချောကဲ့သို့ပင် ကုန္တိုပြင်ကြီးပေါ်မှ အသာအယာ မြေပေါ်ကမ်းစပ်သို့ဆင်းရင်း ငါးကြီးအမောစောင့်ပြီး ဆွဲယူလိုက်၊ လျှော့ပေးလိုက်၊ ခပ်ဆတ်ဆတ်လေး ဆွဲလိုက်၊ ချောပြောသည်မှာ လွယ်သော်လည်း ငါးမုဆိုး ထေင်မှာတော့ မသက်သာ မလွယ်ကူလှပါ။ ငါးသည် တော်တော်ကြီး၍ဟု တွေးပြီး ဝမ်းသာပီတိတွေဖြင့် တစ်နာရီမျှ ငါးနှင့်ဆော့ကစားသကဲ့သို့ ပညာပြိုင်နေရာမှ နောက်ဆုံး ငါးကြီးအရှုံးပေးရသကဲ့သို့ ငါးမုဆိုးထေင်အတွက် အနိုင်ရကာ ကမ်းစပ်သို့ မောနေသောငါးကြီးအား ဆွဲတင်လိုက်သည်။

ငါးကြီးမှာ ချောပြောသော ငါးတန်ကြီးတော့မဟုတ်ပါ။ ငါးဘတ်ကြီးတစ်ကောင် ဖြစ်နေသည့်အပြင် ပိသာချိန် ငါးပိသာမကဟု မြင်တာနှင့် သိပြီး အလွန်ဝမ်းသာသွားသည်။ စောစောက ကြောက်ရွံ့ထိတ်လန့် စိုးရိမ်မှုတွေ အာာယ်အရပ်သို့ လွင့်စင်သွားသည် မသိတော့ပါ။ ငါးကြီးအား အသေအချာ ပွေ့ယူ၍ သူ၏လှေပေါ် တင်လိုက်သည်။ လှေပေါ်ရောက်တော့ စိတ်မချရသည့်အတွက် ငါးကြီးအား လှေဝမ်းထဲတွင် ပါလာသော သူ၏ပိုက်ကွန်ဖြင့် အသေအချာ ဖုံးဖိပြီးသည်နှင့် သူ၏ရွာဘက်သို့ ခပ်သွက်သွက် လှော်ခတ်ပြန်ခဲ့





ပါသည်။ စိတ်ထဲမှာ ပျော်နေ၍ ချောကိုလည်း ကျေးဇူးတင်မိသည်။ သူ အကြံပြု၍ ယခုလို ငါးပိသာကျော်မျှ ကြီးမားသော ငါးဘတ်ကြီးတစ်ကောင်အား ရရှိခဲ့ပါသည်။ ယခုရက်ပိုင်း ငါးရှာ ဖားရှာရသည်မှာ တော်တော် ခက်ခဲနေ၏။ တစ်ပိသာ မပြောပါနှင့်၊ တစ်ခါတစ်ရံ တစ်ဆယ်သားလောက်ဖြင့် ပြန်ခဲ့ရပေါင်း မရေတွက်နိုင်တော့။ ဝက်သာအင်းစောင်း ငါးနှိုက်ပါသော်လည်း မရ။ မကြာခဏ မြွေဆိုးတွေနှင့်သာ တိုးနေ၍ တော်တော် စိတ်ညစ်နေချိန် ယခုလို အကောင်ကြီးကြီး ငါးဘတ်ကြီးတစ်ကောင်သည် အလွန်ဆုံး နှစ်နာရီကျော်ကျော်အတွင်း ရရှိခဲ့၍ ဝမ်းသာရခြင်းပင် ဖြစ်ပါ၏။

ငါးမုဆိုးထေင်သည် သူ၏ ရေဆိပ်လှေဆိုက်လိုက်သည်နှင့် လှေအား ကြိုးချည်ရင်းမှ အားရဝမ်းသာသော အသံဖြင့် ကမ်းပေါ်ရှိ သူ၏အိမ်ဘက်သို့ လှမ်းအော်ခေါ်လိုက်သည်။

'မယ်မျှင်ရေ… မယ်မျှင်… မယ်မျှင်'

ငါးမုဆိုးထေင် ခေါ်ပါသော်လည်း ဇနီးနှင့် သမီး အသံမကြားရသဖြင့် စိတ်တိုလာ၏။ သို့အတွက် ထပ်မံ၍ အသံကုန် ဟစ်အော်ခေါ်လိုက်ပြန်ပါ၏။

'ဟေ့… မယ်မျှင်၊ သမီးရေ… သမီး၊ မယ်မျှင်ရေ၊ သမီးရေ'

'လာပြီ ကိုတင်ရေ၊ လာပြီ၊ လာပြီ'

'ဟ… အော်လိုက်ရတာဟာ၊ နားတွေ ဆို့ထားကြသလား'

'မဟုတ်ပါဘူးတော်၊ ကိုရင်ကြွလာပြီး စကားပြော



www.burmeseclassic.com

www.burmeseclassic.com



နေရာက ကျောင်းပြန်ကြွလို့ လမ်းမ လိုက်ပို့နေလို့ မကြာဘူး တာပါ'

'ဟော… သားကိုရင် လာတယ်၊ ဘာပြောသွားသေးလဲ'

ငါးမုဆိုးထေင် တုန်လှုပ်သွား၏။ သူ ငါးမျှားနေသည်ကိုများ မြင်၍ မိခင်အား လာပြောလေသည်လားဟု အတွေးတွေ အခွန်းရောက်သွားသော်လည်း ဇနီးဖြစ်သူ မယ်မျှင်မှ ပြုံးပြုံးရယ်ရယ်ဖြင့် ပြန်ပြောလာသည်မှာ-

'မနက်ဖြန် ဆရာတော်နဲ့ မြို့ကိုကြွမလို့တဲ့၊ အဲဒါ မိဘတွေထံလာပြီး ခွင့်တောင်းတာတဲ့၊ အသိလည်း ပေးတာပေါ့တော်'

'သြော်… ဆရာတော်နဲ့ မြို့ကိုကြွမလို့တဲ့လား'

'ဟုတ်တယ်'

'သြော်… ဆရာတော်ကိုယ်တိုင် ပါနေတာပဲ၊ ခွင့်မပြုလို့ ဘယ်ရမလဲ၊ ကိုရင့်အတွက် ငွေသုံးစရာ ပေးလိုက်တယ်'

'လှူလိုက်တယ် ပြောစမ်းပါကွာ'

'ဟုတ်ပါရဲ့တော်၊ သားကိုရင်အတွက် လှူလိုက်တာတော့'

'နောက်ကော ဘာပြောသေးလဲ'

'မပြောပါဘူး၊ ဒါပေမဲ့ သူမြို့မှာတက်ပြီး စာဖြေတာအောင်လို့ ဆုဆိုလား၊ ရဟန်းပြုပွဲဆိုလား သွားမှာလို့ ဆရာတော်ပြောနိုင်းတယ်ပဲ ပြောသွားတယ်'



'ဟော… သားကိုရင် စာအောင်လို့ ဆုရတယ်၊ ဂုဏ်ပြုခံရတယ် ဟုတ်လား မယ်မျှင်'

'အဲဒီလိုပဲ ပြောသွားတယ်'

'စမ်းသာလိုက်တာကွာ၊ ဝမ်းသာလိုက်ရတာ'

'သြော်… ကိုထင်၊ ကျုပ်ကို ဘာဖြစ်လို့ အော်ခေါ်ရတာလဲလို့'

'အေး… ဟုတ်သားပဲဟ၊ ငါးဘတ်ကြီးတစ်ကောင်ရလာခဲ့လို့ကွ'

'ဟင်… ငါးဘတ်ကြီး'

'အေး… တော်တော်ကြီးတယ်၊ နေဦး၊ ငါသွားယူလိုက်ဦးမယ်'

ငါးမုဆိုးထေင်သည် သူ၏လှေဝမ်းဗိုက်ပေါ်သို့ ပြန်ဆင်းကာ ဗိုက်ကွန်ဖြင့် ပတ်ထားသော ငါးဘတ်ကြီးအားအားပြု၍ မ,ယူလိုက်ပြီး ဇနီးသည်မယ်မျှင်အား လှမ်းကြည့်လိုက်သည့်တွင်…

'အို… ကြီးလိုက်တဲ့ ငါးဘတ်ကြီးပါလား၊ ခြောက်ပိဿာ ခုနစ်ပိဿာလောက် ရှိမယ်တော့'

'အေးကွ'

'ရှင် ဒီလောက်ကြီးတဲ့ ငါးဘတ်မျိုး၊ ငါးမျိုး တစ်ခါမှ မရဖူးပါဘူး၊ ဝမ်းသာလိုက်တာ'

ဇနီးသည်၏ ဝမ်းသာဂုဏ်ယူမှု ကြားရသော ငါးမုဆိုးထေင် ပျော်ရွှင်သွားပါပြီ။ ဤငါးကြီးအား အဘယ်သို့ ဆောင်၍ရခဲ့သည်ကိုပင် သတိမရတော့ပါ။ သတိရပါကလည်း ပြန်

www.burmeseclassic.com

www.burmeseclassic.com



ပြောပြမည်တော့ မဟုတ်ပါ။ ပြန်မပြောတော့ပါဘူးဟူသော ဆုံးဖြတ်ချက် ခိုင်ခိုင်ချထားခဲ့ပြီးပြီမို့ ဘာမျှမတွေးတော့။

ထင်သည် အိမ်ပေါ်အထိ သူပင် ထမ်းခဲ့၏။ ဇနီးမှ ဝိုက်ကွန်နှင့် လေ့တက်ကို သယ်ယူရင်း ဝမ်းသာကြည်နူးလျက် သမီးဖြစ်သူ မယ်မျှင်အား လမ်းပေါ်သို့ မျှော်ကြည့်ရင်းမှ-

'သမီးရေ… သမီး၊ မရှင် သမီး'

'လာပြီ အမေ၊ လာပြီ၊ လာပြီ'

'ဒီမှာ လာကြည့်စမ်း၊ နင့်အဖေ ငါးဘတ်ကြီးရလာ ဘယ်၊ ကြီးလိုက်တာဟယ်၊ တစ်ခါမှကို မမြင်ဖူးပါဘူးတော်'

'ဟယ်… ဟုတ်ပါရဲ့ အမေရယ်၊ အဖေရေ ဝမ်းသာလိုက်တာ'

'မယ်မျှင်'

'ဘာလဲ ကိုတင်'

'ဒီငါးဘတ်ကြီး ခုတ်ထစ်ပြီး ရွာထဲမှာ မြန်မြန်ရောင်းပါလား'

'မိုးချုပ်တော့မယ်၊ အင်းလေ… ရောင်းမယ်လေ'

'ငွေရတာနဲ့ ကိုရင့်ကို ထပ်ပြီးလှူရအောင်လား'

'ဟုတ်ပါရဲ့၊ ဒါဆို ကိုထင်ပဲ ခုတ်ပေးပါလား၊ ကျွန်မက တောင်ပိုင်းသွားရောင်းမယ်၊ သမီးက မြောက်ပိုင်းသွားရောင်းတာပေါ့'

'ဟုတ်တယ်၊ ဟုတ်တယ်၊ သမီး မြောက်ပိုင်းသွားရောင်းမယ်'

မိသားစု ဝမ်းသာကြည်နူးနေကြပါသည်။ အိမ်နီးနား





ချင်းတွေမှာလည်း ဒီလောက်ကြီးသော ငါးဘတ်ကြီးအား ကြည့်၍ အံ့သြနေကြ၏။ ငါးမုဆိုးထင်မှာ ငါးဘတ်ကြီးအား ခေါင်းပိုင်းအောက် အစာအိမ်မရောက်တရောက် ချန်ပြီး အမြီးအထိ အကွင်းလိုက် တစ်ဆယ်သား၊ နှစ်ဆယ်သား စသည်ဖြင့် အရွယ်အစားအမျိုးမျိုး ခုတ်ထစ်ပေး၏။

'ထင် ခေါင်းရောင်းကွာ'

'ရတယ် ကိုပေါ၊ အခုတော့ နေဦးဗျာ၊ ကျွန်တော် ထမင်းစားဦးမယ်'

'ငါးထင်ရေ၊ ငါးဘတ်အူလိုချင်တယ်ကွာ'

'ရတယ် ဒေါ်လေးညွန့်၊ တော်တော်လေး ကြာတော့ လာယူပါ၊ ကျွန်တော် ရေလည်းမချိုးရသေးဘူး၊ ထမင်းလည်း ဆာနေလို့ပါ'

'အေးလေ… ဘယ်သူ့မှ မရောင်းနဲ့'

'စိတ်ချပါ'

ကိုပေါနှင့် ဒေါ်လေးညွန့်တို့ပြန်သွားမှ ငါးဘတ်ခေါင်းအား ခုတ်ပါပြီ။ အကြောင်းမှာ ငါးဘတ်၏ အစာအိမ်ထဲ သို့မဟုတ် လည်ချောင်းထဲတွင် ငါးမျှားချိတ်ကြီးနှင့် ကြွက်ဝမ်းပူအား တွေ့မည်စိုး၍ သူတစ်ယောက်တည်း ခေါင်းဖြတ်၏၊ ဖိုက်ခွဲ၏၊ ငါးမျှားချိတ်နှင့် ကြွက်ဝမ်းပူမှာ ငါးဘတ်ကြီး၏ အားမာန်အပြည့်ဖြင့် ဟပ်လိုက်သည်နှင့် ငါးဘတ်ကြီး မျိုချလိုက်သဖြင့် ကြွက်ကော ငါးမျှားချိတ်ကြီးပါ အစာအိမ်ထဲ ရောက်နေသဖြင့် အမြန်ဆုံး ငါးမျှားချိတ်ကို ထုတ်ရင်းသေနေသော ကြွက်ဝမ်းပူကိုပါထုတ်ယူကာ အိမ်နောက်မှ ငါးကောက်



www.burmeseclassic.com

www.burmeseclassic.com



ချောင်းထဲသို့ လွှင့်ပစ်လိုက်၏။

အားလုံးပြီးသွားမှ စိတ်အေးလက်အေး ရေချိုးပြီးသည်နှင့် စောစော ဖနီးနှင့်သမီးတို့ ပြင်ထားခဲ့သော ထမင်းပွဲဝင်ထိုင်လိုက်၏။ ထမင်းပွဲတွင် ငါးပိရည်တစ်ခွက်၊ ခရမ်းသီးအား မီးဖုတ်၍ သုတ်ထားသည်မှာ တစ်ခွက်၊ ခြံထဲမှာရှိသော သခွားပင်မှ သခွားသီးဖိုက်ပူလေး သုံးလေးလုံးအား ရေဆေး၍ သံပန်းကန်ပြားထဲမှာ အလုံးလိုက် နေရာယူထားသည်ကို ရှည်ရှည်ဝေးဝေး မစဉ်းစားပါ။ ငါးမုဆိုး ထေင်တစ်ယောက် မြိန်မြိန်ယှက်ယှက် စားနေပါတော့သည်။

ငါးမုဆိုးထေင်သည် ကြွက်နှင့် ငါးမျှားခြင်းအလုပ်လုပ်ရသည်မှာ အနည်းငယ် ဟန်ကျလာသော်လည်း ကြွက်ထောင်ရသည်မှာ မလွယ်ကူတော့ပါ။ သို့အတွက် တစ်နည်းကြံမြန်၏။ လက်တွေ့စမ်းသပ်မှု လုပ်တော့သည်။

ဝက်လာအင်းတွင် ကွန်ပစ်၏။ ကွန်ပစ်မှရသော ငါးပြေမအား အရှင်ထား၍ ထိုငါးပြေမအား ကြွက်ကဲ့သို့ ငါးစာအဖြစ် အသုံးပြုလိုက်ပါပြီ။ ငါးပြေမအရှင်ကို သူ၏ငါးမျှားချိတ်ကြီးဖြင့် ကျောကုန်းဖောက်ကာ ရေထဲသို့ မြုပ်အောင်မချဘဲ မပေါ်တပေါ်ငါးကို မြင်နေရသော အနေအထားဖြင့် ငါးမျှား၏။ ထိုအခါ ငါးပြေမသည် ရေထဲဝယ် ကူးခတ်နေပါသော်လည်း ကူးချင်တိုင်း ကူးမရသည့်အပြင် သူ၏နောက်ကျောကုန်းမှ ဒဏ်ရာအား ချိတ်ဆွဲထားသည့် ကြိုးကြောင့် နာကျင်မှုအတွက် ရုန်းကန်ရင်းနှင့် ကူးခတ်နေစဉ် ငါးကြီးတွေလာဆွဲကြ၏။ ငါးဘတ်၊ ငါးတန်စသည့် အကောင်ကြီးကြီးတွေ





ရသည့်အတွက် ထိုနည်းကို သုံး၍ရှာ၏။ ကွန်ပစ်သည့်အခါပစ်၏။ ဝါးကောက်ချောင်းထဲတွင် ဘယ်နေရာဝယ် ငါးအောင်းနိုင်သည့် တစူးရှိသည်။ သူတို့အခေါ် တစူးဆိုသည်မှာ ရေထဲလဲကျနေသော အပင်ကြီးတွေ ဥပမာ- ရေသဖန်းပင်၊ ကုက္ကိုပင်၊ မန်ကျည်းပင်တွေ ရေထဲလဲကျသဖြင့် အပင်သေသော်လည်း အကိုင်းအခက်တွေ ရေထဲနစ်မြုပ်ကာ ရေထဲတွင်ချုံသဘော ဖြစ်နေသည့်အတွက် ငါးတွေအောင်း၍ ခိုကပ်၍ကောင်းနေသောကြောင့် ထိုတစူးခေါ် ရေအောက်ချုံများ၊ သစ်တုံးကြီးများဘေးဝယ် ဝဲကလေးတွေ ထနေသည့်နေရာများတွင် ငါးကြီးကြီးတွေ ခိုအောင်းသည်ကို သိရှိနေသော ငါးမုဆိုးထေင်သည် ရေမုဆိုးတစ်ဦးအဖြစ် ရပ်တည်၍ ငါးရှာမှုအောင်မြင်နေသူလည်း ဖြစ်ပါ၏။

ဝက်လာအင်းဝယ် ကွန်ပစ်၏။ ဝါးကောက်ချောင်းမှာလည်း ကွန်ပစ်၏။ ဝက်လာအင်းအတွင်း ငါးမန်ကိတ်တော့၊ အသက်ကို ဉာဏ်စောင့်ဆိုသည့်အတိုင်း မြွေပွေး မြွေဟောက်ပေါသောကြောင့် သူ စိုးရိမ်လာသည်။ နောက်တစ်ခု ကြွက်ဝမ်းပူ၊ ငါးပြေမ စသည့်ငါးတွေ ကြွက်တွေ ခါးဖောက်ချိတ်ဆွဲပြီး ငါးကြီးကြီးတွေ မျှားရသည်မှာလည်း သူ မနှစ်သက်တော့ပါ။ သို့သော်လည်း အသက်မွေးဝမ်းကျောင်းတစ်ခုမှမရှိသော ထေင်၊ ငါးရှာရာတွင် ဘုရင်ဖြစ်သည့်အပြင် ရေမုဆိုး၊ ငါးမုဆိုးဟု လူတိုင်းရဲ့ ပါးစပ်ဖျားဝယ် ရေပန်းစားနေသည့်အပြင် ဝင်ငွေကလည်း အရင်ထက် ပိုလာသည့်အတွက်၍ငါးမုဆိုးဘဝ ဆက်လက် မက်မောနေသည်သာ။



www.burmeseclassic.com

www.burmeseclassic.com



**ဇနီးဖြစ်သူ** မယ်မျှင်မှာလည်း လင်ယောကျ်ားလုပ်ကိုင် **ရှာဖွေသမျှ** ပိုမိုရရှိလာသည့်အတွက်ကြောင့် စုဆောင်းခဲ့သည်မှာ နှစ်ချီလာသည်နှင့်အမျှ စပါးရာနှင့် ချီထားနိုင်ခဲ့သည်။

ရွာသူ ရွာသားတွေမှ ကြိုတင်မှာကြားချက်အရ ငါးကိုမရရအောင် ရှာတတ်သော ငါးမုဆိုးထင်၏အိမ်ဝယ် ငါးခူ၊ ငါးကျည်း၊ ငါးရံ့စသည့် ငါးများ အချိန်မရွေး ဝယ်ယူရရှိနိုင်ရေးအတွက် စဉ့်အိုးကြီးများဖြင့် လှောင်ထားသည်အထိ ရှာဖွေမှု အောင်မြင်နေသည့်အကြားမှ ငါးများရသည်မှာလည်း အလွန် တွက်ခြေကိုက်နေတော့သည်။

'ကိုထင်'

'အေး…'

'ကျွန်မ စဉ်းစားမိတယ်'

'ဘာလဲကွ၊ ဘာတွေ စဉ်းစားနေတာလဲ'

'အခု သားကိုရင်ကလည်း ရဟန်းဝတ်ရတော့မယ်လေ'

'တစ်နှစ်လောက် လိုပါသေးတယ်ကွ'

'ဟုတ်တယ်လေ၊ ဒီတော့'

'ပြောပါဟ၊ ဒီတော့ဆိုပြီး ရပ်မထားနဲ့လေ'

'ဩော်… ကိုရင်ဘဝက ရဟန်းဘဝမရောက်ခင်မှာ ကျွန်မတို့ အလုပ်တစ်ခု ပြောင်းလုပ်ရအောင်'

လင်သားမျက်နှာအား ကြည့်ပြီး အေးဆေးတည်ငြိမ်စွာဖြင့် အလုပ်တစ်ခုမှ တစ်ခုပြောင်းရန်အတွက် တိုင်ပင်သလို





လို၊ လမ်းပြသလိုလို ပြေပြေပြစ်ပြစ် အထောက်အထားလေးတွေဖြင့် ပြောပြသော ဇနီးသည် မယ်မျှင်အား စိုက်ကြည့်ရင်း နားထောင်နေ၏။ မယ်မျှင်မှာ ဆက်မပြောတော့သဖြင့်…

'ဟ… မယ်မျှင်ရ၊ ဆက်ပြောပါဦးဟ၊ နားထောင်ရတဲ့လူမှာ ဒုက္ခခံစားနေရပြီကွ၊ ဆက်စမ်းပါဦး၊ ဘာအလုပ်ပြောင်းလုပ်ချင်တာလဲကွ'

'ဒီလိုလေ၊ အခုစပါးပေါ်လို့ စပါးပေး ပေးထားတာတွေလည်း တော်တော် စုံစုံလင်လင်ရပြီ ကိုထင်'

'အင်း…'

'ရတဲ့စပါးလေးတွေ ဝမ်းစာထားပြီး ပိုတဲ့စပါးရောင်းရအောင်'

'ရောင်းလေ… ကောင်းတာပေါ့'

'နေပါဦး၊ ရောင်းပြီး ဘာအလုပ်ပြောင်းမှာလဲကွ၊ ငါကလည်း ငါးရှာ ဖားရှာကလွဲလို့ ဘာမှမတတ်ဘူး၊ ကဲ… မင်းကိုပဲ ဆရာတင်ပါရစေ မိန်းမရဲ့'

မယ်မျှင်တစ်ယောက် အတွေးတွေနဲ့ ငေးနေ၏။ လင်သားပြောတာ မှန်ပါ၏။ သူပင် ငယ်ငယ်က ကောက်စိုက်၊ စပါးရိတ်ခဲ့သော်လည်း အခုအသက်လေးဆယ်နီးပါး၏ ထက်ဝက်ခန့် လယ်ထဲမဆင်းရဘဲ ငါးဖန်း ခေါင်းပေါ်တင်ကာ ရွာစဉ်တစ်လျှောက် အသံသာသာဖြင့် ဟစ်အော်နေရသည်။ တံငါသည်၏ ဇနီး၊ ငါးစိမ်းသည်မဘဝဖြင့် ရုန်းကန်ခဲ့ရသည်မှာ နှစ်ချီလာခဲ့သည့်အတွက် လယ်ထဲဆင်းရန် မဝံ့မရဲဖြစ်နေပါသော်လည်း သားကိုရင်၏မျက်နှာ ထောက်ရပေတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



နောင်တစ်နှစ်ဆိုလျှင် ရဟန်းဘဝသို့ ကူးပြောင်းတော့မည်ဟူသော ကိုရင်၏ ခွင့်တောင်းမှုကြောင့် ခွင့်ပြုခဲ့သည့်အပြင် ရဟန်းဒကာ၊ ရဟန်းအစ်မတွေ ဖြစ်တော့မည်ဟူသည့် အတွေးတွေက သူတို့၏လက်ရှိဘဝအား ခြောက်လှန့်နေပါပြီ။

'ကျွန်မတွက်ကြည့်တော့ နွားတစ်ရှဉ်းဝယ်လို့ရတဲ့ အပြင် လယ်လေးနှစ်ဧကလောက်တော့ ဝယ်နိုင်မယ်လို့ အဘအောင်ကပြောတယ်၊ အဘအောင်ရဲ့ လယ်တွေထဲက နှစ်ဧကရောင်းပေးမယ်တဲ့၊ ဘာဖြစ်လို့လဲဆိုတော့ သားကိုရင် ရဟန်းဝတ်တော့မယ်ဆိုတာ သိလို့ ရဟန်းဒကာတွေဟာ အကုသိုလ်မလုပ်နဲ့တော့၊ လယ်ပဲလုပ်ပါလို့ ပြောတယ် ကိုထင်'

'ငါလည်း ဝမ်းရေးအတွက် လုပ်နေရတာပါကွာ၊ တစ်ခါတစ်ခါ စိတ်ကုန်လာတာ မင်းတို့ မသိပါဘူး၊ ငါ မပြောရက်လို့ ကျိတ်ပြီး မျက်ရည်ဝဲခဲ့ရတာ အခါခါပါပဲ'

'ဒါဆို ကျွန်မပြောတာ သဘောကျလား'

'အေးလေ… မသိရင် မေး၊ မစင်ရင် ဆေး၊ မတတ်ရင် သင်၊ သင်ရင်တတ်မှာပေါ့ကွာ၊ တို့လင်မယားနှစ်ယောက်ရဲ့ ဘဝအစဟာ လယ်သမား သားသမီးတွေပဲ မဟုတ်လား၊ မစိမ်းပါဘူးကွာ၊ တို့အသက်တွေ လေးဆယ်ကျော်ဆိုတော့ ငယ်ပါသေးတယ်၊ စီးပွားရှာလို့ကောင်းတဲ့အချိန်ပဲ မဟုတ်လား'

'ဟုတ်တယ် ကိုထင်၊ ကျွန်မတို့ရဲ့ အစီအစဉ် သားကိုရင်သိရင် အရမ်းဝမ်းသာမှာပဲနော်'

'ဟုတ်တာပေါ့ကွာ'

လင်နှင့်မယား စီးပွားဖက်၊ ဖိတ်ဖက်၊ ရန်ဖက်





မဟုတ်ကြသဖြင့် အစစအရာရာ ညှိနှိုင်းတွေးတောနေချိန်ဝယ် သမီးဖြစ်သူ အဖျိုမလေး မယ်ရှင်တစ်ယောက် အိပ်ပျော်နေပါပြီ။ မယ်မျှင်၏ အစီအစဉ်ကို သမီးလေးမယ်မျှင် သိသင့်သလောက် သိထား၍ မယ်ရှင်လည်း အရမ်းဝမ်းသာသည့်အပြင် သူလည်း ကောက်စိုက်၊ စပါးရိတ်မည်ဖြစ်ကြောင်း ဝမ်းသာအားရ ပြောလာခဲ့ဖူးသည်ကို မယ်မျှင်တွေးပြီး ကြည်နူးနေမိသည်။

မယ်မျှင်သည် အိမ်အပေါ်ဆင့်မှ ခြေထောက်နှစ်ချောင်း အောက်အဆင့်ဘက် တွဲလောင်းချထိုင်နေသလို လင်ဖြစ်သူ ငါးမုဆိုးထင်သည်လည်း ဇနီးဘေးဝယ် ထိုင်ရင်း ဆွေးနွေးနေရာမှ စကားမပြောဖြစ်ဘဲ မယ်မျှင်က နောင်ရေးရင်အေးအောင် တွေးတောကြံဆနေသည်ကို ထင်က စိုက်ကြည့်ရင်း ချစ်ဇနီး၏ ငယ်က ရည်းစားဘဝ ညားခဲ့ရသော အကြောင်းရင်း ပြန်တွေးမိတော့၏။ ထိုသို့ သူတို့နှစ်ယောက် လယ်ကန်သင်းမှာ ထိုင်ရင်း ချစ်ကြသည့်အကြောင်း ကြည်နူးနေစဉ် နှစ်ယောက်စလုံး၏ ခြေထောက်များ လယ်ကွက်ထဲ ရေထဲ တွဲလွဲချထားကြရာမှ ဇာတ်လမ်းစခဲ့သည်ကို ထင်ပြန်မြင်လာပြီး-

'မယ်မျှင်… မယ်မျှင်'

'ရှင် ဘာလဲ၊ ဘာလဲ ကိုထင်'

'မြွေကြီး၊ မြွေကြီး'

'ဘယ်… ဘယ်မှာလဲ'

'ပေါင်မှာ… ပေါင်မှာ'



www.burmeseclassic.com

www.burmeseclassic.com



'အို… ရှင် တော်တော်နောက်၊ နိ… နိ… နိ… နိ…'

'ဟဲ… ဟဲ… ဟဲ… ဟဲ… မယ်မျှင်ရယ်'

'ကိုထင်ကလည်းကွယ်'

အချစ်၏ စေစားရာ ယစ်သွေးကြွလာရာမှာ ထင်က မယ်မျှင်ကို ပွေ့ဖက်လိုက်၏။ မယ်မျှင်မှာလည်း ချစ်လင်၏ တယုတယကို သမုဒ္ဒရာနှင့် နှယ်၍တွယ်တာစရာ ကြည်နူးစရာ ရည်စူးမပ့ါဘဲ ခရာမပို သဒ္ဒါချီလိုက်ရင်းမှ ချစ်လင်ပြောခဲ့သော ရည်းစားဘဝ မျှော့အကြောင်း ပြန်ရောက်သွားခဲ့ပါသည်။

သူတို့ သမီးရည်းစားနှစ်ယောက် ကန်သင်းရိုးပေါ်ထိုင်၍ လယ်ကွက်ထဲ ခြေစွဲလောင်းချကာ ချစ်တဲ့အကြောင်းလေးတွေ ပြောနေကြစဉ်မှာ အချစ်တွေ၏ အမြစ်တွေ တွယ်ယှက်တွယ်ဖက် ကြည်နူးနေခိုက်…

'ကိုထင်'

'ဟင်'

'ကျွန်မပေါင်မှာ မျှော့တွယ်နေတယ်'

'ဟုတ်လား'

'ဟုတ်တယ် မျှော့၊ မျှော့… မျှော့ကိုက်နေတယ် ကိုထင်'

'ငါ… ငါဖြုတ်ပေးမယ်၊ မှန်း… ဘယ်မှာလဲ'

'အို… ပေါင်ခြံထဲမှာရှင့်၊ ဒုက္ခပါပဲ၊ ကျွန်မက မျှော့တော့ကြောက်တယ်၊ လုပ်ပါဦး'





'နေ… ငါစမ်းပေးမယ်၊ မှန်း… မှန်းစမ်း'

မယ်မျှင်လေးမှာ ရှက်လည်းရှက်၊ မျှော့ကိုလည်း ကြောက် ပူထူနေ၏။ မောင်ထင်မှာလည်း ဘယ်လိုလုပ်ရမှန်း မသိ၍ မယ်မျှင်၏ ထဘီစကို မ,လိုက်တော့ မယ်မျှင်က အတင်းဖိထားပြီး အပေါ်ပိုင်းထဘီဝတ်ထားသည်မှာ ကျွတ်ထွက်သည်ကို ထင်က နှိုက်ခိုင်းသည်အထင်နှင့် နှိုက်လိုက်၏။ မယ်မျှင်ခမျာ ဘာပြောရမှန်း မသိ။ ထင်၏လက်ကြီး သူ၏ပေါင်တံပေါ် ရောက်လာသည်တွင်…

'အို… ကိုထင်လက်ကြီးက'

'အေး… ဘယ်နားမှာလဲ၊ မျှော့က ဘယ်မှာလဲ၊ ရှက်နဲ့ မယ်မျှင်ရယ်၊ မတော်တဆ မျှော့က ဟိုဝင်ဒီဝင်ဆို ဒုက္ခဖြစ်တတ်တယ်'

'ရှင်… ဟုတ်လား'

'ဟုတ်တာပေါ့၊ မကြောက်နဲ့၊ မရှက်နဲ့'

'ကြောက်လည်း ကြောက်တယ်၊ ရှက်လည်း ရှက်တယ်၊ အဟင့်'

မယ်မျှင် မျက်ရည်ပင် ကျလာပါပြီ။ သို့အတွက် ထင်မှာ မကြာခင် လက်ထပ်တော့မည့် ဇနီးလောင်းအတွက် အရဲစွန့်ကာ ထဘီကို အတင်းဆွဲဟပြီး လက်နှင့်နှိုက်လိုက်ပြန်သည်။

'အို… ကိုထင်ရယ်'

'ဘယ်နားမှာလဲ'

'ဟို… ဟို… ပေါင်… ပေါင်ခြံဘေးနားမှာ



www.burmeseclassic.com

www.burmeseclassic.com



အယ်… ဟုတ်… ဟုတ် မဟုတ်ဘူးရှင့်၊ မဟုတ်ဘူး၊ ဘယ်နိုက်နေမှန်း မသိပါဘူး'

'မယ်မျှင်ရယ် ရှက်မနေပါနဲ့ဟ'

'ရှင့်လက်က ဘယ်တွေစမ်းနေတာလဲ၊ မျှော့က တခြား လက်ကတခြား၊ ဒုက္ခပါပဲရှင်'

'ကဲကွာ'

ပြောပြောဆိုဆို ထင်သည် မယ်မျှင်အား ကန်သင်းရိုးပေါ် တွန်းလှဲပြီး ထဘီစ မ,လိုက်သည်တွင် ပေါင်အရင်းမရောက်တရောက်ဝယ် ကျွဲမျှော့ကြီးတစ်ကောင်မှာ သွေးဝတော့မည်မို့ ဆွဲဖြုတ်နေသော ထင်သည် ဆွဲ၍မရသဖြင့် ပါးစပ်ထဲမှ တံတွေးထွေးပြီး သူ၏လက်နှင့် မျှော့အားလုံး ထွေးဆွဲယူလိုက်မှ ရသွားသည်။

'မယ်မျှင်'

'ရှင်'

'ဒီမှာ ကြည့်စမ်း၊ ကျွဲမျှော့ကြီး အကြီးကြီးပဲ'

'ကြောက်လိုက်တာရှင်'

'ကြောက်တယ်'

'ကြောက်လည်း ကြောက်တယ်၊ ရှက်လည်းရှက်တယ် အဟင့်'

ထင်သည် ကျွဲမျှော့ကြီးအား စပါးတောထဲသို့ လွှင့်ပစ်ပြီး သူ၏လက်အား ရေနှင့်ဆေးကြောရင်း ကန်သင်းပေါ် ပက်လက်ကလေး ဖြစ်နေသော မယ်မျှင်အားကြည့်ရင်း ရင်ထဲဝယ် အချစ်တွေက ကဲပြီး မယ်မျှင်အား တအားပွေ့ဖက်





ထားလိုက်၏။ မယ်မျှင်သည်လည်း ပထမ ကြောက်စိတ်တွေလွန်ကဲပြီး ရှက်စိတ်တွေကြောင့် ဘာတွေဖြစ်မှန်းမသိ ဖြစ်နေစဉ် ချစ်သူ၏ ပွေ့ဖက်မှုတွေကြောင့် ရင်ထဲ အသည်းထဲဝယ် ကြည်နူးလှန်းသော အချစ်၏ထိတွေ့မှုတွေဖြင့် မှန်းကျပ်ရင်းမှ တွန်းလိုက်မိသည်။

'ဘုန်း…'

'ဟာ…'

'အို'

'ဟား… ဟား… ဟား… ဟား'

'ကို… ကိုထင် နာသွားသလား'

'မနာပါဘူး မိန်းမရယ်၊ တို့နှစ်ယောက် ကန်သင်းပေါ် ရောက်သွားကြတယ်နဲ့ တူပါရဲ့'

မယ်မျှင် ဘာမျှမပြောပါ။ ငယ်ကအချစ် အနှစ်တစ်ရာမမေ့သာဆိုသော ငယ်ငယ်တုန်းက တယုတယလေးတွေ ပြန်တွေးရင်း ကြည်နူးနေရာမှ မယ်မျှင်သည် ချစ်လင်၏ ကျီစယ်မှုအတွက် ငယ်မူပြန် ငယ်သွေးအကြွ အသာလေးတွန်းလိုက်ရာမှ ငါးမုဆိုးငထင်တစ်ယောက် အောက်အဆင့်သို့ အသာအယာ ပြုတ်ကျသွားသော်လည်း အပြုံးလေးတွေ၊ အကြင်နာလေးတွေနှင့် ရင်မှာသာယာနေခဲ့ကြသည်ကိုဖြင့် သူတို့ဇနီးမောင်နှံနှစ်ယောက် အသိပင် ခံစားခဲ့ရပါတော့သည်။

သမီးရည်းစားဘဝမှ လင်မယားဘဝ၊ ယခုဆိုလျှင် သားကိုရင်ပင် ရဟန်းခံတော့မည်။ သမီးကညာမှာလည်း ချစ်စရာအပျိုပေါက်ကလေးဖြစ်၍ သူတို့အိမ်ထောင်သက် အနှစ်



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဆယ်ကျော်လဝယ် တစ်ဦးပေါ်တစ်ဦး ထူးကဲသော မေတ္တာ၊ သံယောဇဉ်တွေကြောင့် ရန်စကားမကြားဖူးခဲ့ပါ။ အံ့သြစရာ စံပြအိမ်ထောင်သည်ဘဝ လှပနေခဲ့ပါ၏။

အသာအောင်၏ အကူအညီကြောင့် ငါးမုဆိုးထင်မှာ ငါးမရှာတော့ပါ။ လယ်ထဲသို့ ဆင်းပါပြီ။ ငါးစိမ်းသည် မယ်မျှင်နှင့် သမီးအပျိုကလေး မယ်ရှင်တို့မှာလည်း ငါးစိမ်းသည် မဟုတ်တော့။ လယ်ပိုင်ရှင်ဘဝသို့ အစပျိုးခဲ့ပါပြီ။ သားဖြစ်သူကိုရင်လည်း ဝမ်းသာလျက် စာပေကျမ်းဂန်များကို ပိုမို လေ့လာသင်ယူ ဆည်းပူးခဲ့ပါပြီ။

ငါးမုဆိုးထင်သည် လယ်သမားဘဝသို့ ရောက်စ မကျွမ်းကျင်သော အလုပ်ကို ကြိုးစားအားထုတ်ခဲ့သည့်အတွက် သူ၏လယ်မှာ အလွန်ကောင်းနေသည်မို့ ဝမ်းသာမဆုံးတော့။ လင်မယားနှစ်ယောက် စပါးပင်တွေ အဖူးလိုက်စ၊ ဖုံးတုံးလုံးတုံး တန်ဆောင်မုန်းဆိုသည့်အတိုင်း အနံ့ထွက်ရန် စပါးပင်တွေ လုံးနေသော အဖူးတံအခွံလုံးလုံးလေးတွေ မြင်တွေ့ရသဖြင့် ညနေစောင်း ရွာသို့ပြန်ရင်း သူတို့လယ်ကွင်း ကန်သင်းပေါ် လျှောက်ခဲ့ကြ၏။

ကြည်နူးနေသော အပြုံးတွေက ဝေဝေဆာဆာ။ လုပ်အားကြောင့် အကျိုးခံစားရတော့မည်။ လယ်ကွင်းပြင်ကြည့်ရင်း ဝမ်းမြောက်ဝမ်းသာဖြစ်ရင်း တစ်နေရာအရောက် ထင်ခြေစုံရပ်ပြီး ကန်သင်းကို ငုံ့ကြည့်လိုက်၏။

'ကိုထင်၊ ဘာတွေကြည့်နေတာလဲဟင်'

'ဒီမှာလေ'





'ဘာလဲ၊ ဘာတွေ့လို့လဲ'

'မယ်မျှင် မတွေ့ဘူးလား'

'ဟင်... ဘာမှလည်း မတွေ့ပါဘူး'

'မယ်မျှင်ရယ်၊ လူဆိုတာ ဘဝကို မမေ့ရဘူးကွ'

'ဘာဖြစ်လို့လဲ'

'ဟ... ဘာဖြစ်ရမှာလဲလို့၊ ဒီနေရာလေ မယ်မျှင်နဲ့ ငါတို့နှစ်ယောက်'

'ဟင်'

'မှတ်မိပြီလား'

ထင်၏ ရယ်ကျဲကျဲမျက်နှာကြီးဖြင့် ချစ်ဇနီးအား ကြည့်နေသည်ကို အသက်လေးဆယ်ကျော် မယ်မျှင်တစ်ယောက် ရယ်ကျဲကျဲလေးဖြင့် ရှက်သွေးကြွယ်သွားသည်ကို မြင်လိုက်ရသော ငါးမုဆိုး ထင်ဘဝမှ လယ်ရှင်ဘဝရောက်ခဲ့သော ထင်တစ်ယောက် သဘောကျနေ၏။

မယ်မျှင်သည်လည်း ချစ်လင်၏ မမေ့မလျော့တတ်သော အစွဲအလမ်းလေးတွေကြောင့် ကြည်နူးရပါ၏။ သာယာလှပါ၏၊ ပျော်ရွှင်ရပါ၏။ ထိုသို့ ကြည်နူးသာယာ ပျော်ရွှင်လိုက်သော သူ၏ငယ်သွေးလေးတွေ ကြွယ်ဝလာသည်ကို သတိထားမိသည်က ထင်ပင်။

'ကဲပါ... မိုးချုပ်လို့ သမီး မျှော်နေတော့မယ်'

'မယ်မျှင်ရယ်၊ ငါ... ငါ... မျှော်စမ်းချင်တယ်နော် မှန်း...'

'အို... လူကြီးနော်၊ လူကြီး၊ ကိုယ့်အသက်ကို သတိ



www.burmeseclassic.com

www.burmeseclassic.com



ထားဦးရှင်'

'ဟား… ဟား… ဟား… ဟား… ဟား… ဟား… ဟား… ဟား… တို့အရွယ် ငယ်ပါသေးတယ်ဟ၊ ဒီအရွယ်ဟာ သန့်မြန့်တဲ့အရွယ်ပါ မယ်မျှင်ရာ၊ မင်းသိပါတယ် နော့၊ သိတယ် မဟုတ်လား'

'ကဲပါ၊ သိပါသတဲ့ရှင်၊ သိပါသတဲ့ သွားစို့'

'ဟင်း… တော့… စိတ်ကို မနည်းထိန်းနေရတယ်ကွ'

'ကြည့်'

'ပြလေ'

'ဘာလဲလို့'

'ဩော်… မင်းကပဲ ကြည့်ဆို'

'ဟဲ… ဟဲ… ဟဲ… ဟဲ… စကားအကောက် တော်တော်တတ်တဲ့ လင်ယောကျ်ားရေ၊ သွားကြပါစို့ရှင်'

ထေင်သည် ပျော်ရွှင်လျက် ဇနီးအားနောက်ပြောင်ရင်း ညနေဆည်းဆာအလှနှင့် သူတို့ဘဝ ယှဉ်ပြိုင်အနိုင်လုနေကြပါ၏။ ဇနီးမောင်နှံ၏ သာယာချမ်းမြေ့သော မိရိုးဖလာလယ်သမားဘဝသို့ ပြန်ရောက်ခဲ့ပြီ။ နောက် စပါးသိမ်းပြီးပါက သားကိုရင်အတွက် ရဟန်းဘောင်သို့ သွတ်သွင်းရမည်ဖြစ်သောကြောင့် လယ်အလှကို တကယ်အားကျနေမိပါ၏။

ရွာသို့ပြန်ရောက်၍ သမီးဖြစ်သူ ချက်ပြုတ်ထားသော ထမင်းစားပြီးချိန် သူတို့အိမ်သို့ အဘအောင် ရောက်လာပါသည်။ အဘအောင် ရောက်လာသည့်အတွက် ရေနွေး





ဝိုင်းကလေးဖြင့် ညှော်ခံစဉ် ဇနီးသည်၏ လက်ဖက်သုပ်နှင့် ထန်းလျက်ခဲလေးတို့သည် ရေနွေးဝိုင်း၏ အလိုက်ဖက်ဆုံးသော တောခလှေ ဖြစ်စေသည်သာ။

'မောင်ထင်ရေ'

'ဟုတ်ကဲ့ အဘအောင်'

'အေး… မနက်က ငါ လယ်ထဲရောက်သေးတယ်ကွ'

'ဟုတ်လား'

'မင်းလယ်တွေ အရမ်းကောင်းတာပဲကွ'

'ဟုတ်ကဲ့လား အဘအောင်ရဲ့၊ ကျွန်တော် အားတက်အောင် ပြောနေတာများလားဗျ'

'ဩော်… ငါက ညာပါ့မလားကွ၊ ငါလုပ်ခဲ့တဲ့ ငါ့လယ်ပဲ ငါသိတာပေါ့၊ မင်းအတွက် တမင်ရွေးပြီး ရောင်းပေးတာက မင်းဘဝ ငါးမုဆိုးနဲ့ ငါးရှာ ဖားရှာက လွတ်မြောက်ရေးအတွက်ရယ်၊ နောက်တစ်ခုက မင်းရဲ့သားဟာ အင်မတန် ထူးခြားတဲ့ ကိုရင်ဘဝကနေ ရဟန်းဝတ်မယ်ဆိုလို့ ဝမ်းသာပြီး မင်းတို့လင်မယား ရဟန်းဒကာ၊ ရဟန်း အစ်မတွေဖြစ်ပါစေ ဆိုတာ ဆုတောင်းရင်း ဖြစ်မြောက်အောင် တမင် လယ်ရွေးပြီး ရောင်းပေးခဲ့တာကွ'

'ဝမ်းသာပါတယ် အဘအောင်ရယ်၊ ကျွန်တော်တို့လည်း စပါးသိမ်းပြီးတာနဲ့ အတော်ပဲ၊ သားကိုရင်ကို ရဟန်း ခံပေးမယ်လေ'

'အေး… ငါ အရမ်းဝမ်းသာလို့ ဆရာတော်ကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့ ဘိုရင်ဟာ ဒီနယ်တစ်ခွင်မှာ စာငှတ်တဲ့အပြင် မြို့ပါ တယ်ကြီး ဈေးပြိုင်ပွဲတွေမှာ အနိုင်ရခဲ့လို့ ဝမ်းသာဂုဏ်ယူနေ တာကွ'

သားကိုရင် ရဟန်းခံရေးတွေးပြီး ကြည်နူးခဲ့သလို လယ်ထဲရောက်ပြန်တော့ စပါးတွေ သန်သည့်အတွက် စပါး ထွက်ကောင်းမည်၊ ထိုသို့ စပါးထွက်ကောင်းပါမှ လှုလှုပပ ကြီး လှူဒါန်းနိုင်မည်ဟူသော အတွေးတွေမှာ တစ်စတစ်စ နီးသည်ထက် နီးလာသဖြင့် ငထင်တို့လင်မယားနှင့် သမီးမှ အစ တစ်ရွာလုံး ဝမ်းမြောက်ဝမ်းသာ အနုမောဒနာ ခေါ်ယူဆု တောင်းပေးနေကြသည်ကို ငထင် ကြားရသည့်အပြင် စပါး နှံတွေကလည်း သူ့အား အားပေးနေကြသည်ကို သတိထားမိ နေသော်လည်း…

ငထင်သည် သူ့ရင်ထဲမှာ အစွဲအလမ်းကြီးနေသော ဖြစ်ရပ်ကလေးအတွက် အဘအောင်အား ပြောပြမည်ဟု စဉ်း စားရင်း ဇနီးသည်အား ကြည့်လိုက်သောအခါ ဇနီးသည်မှာ သမီးဖြစ်သူနှင့်အတူ ဆွမ်းအုပ်ချက်ပြုတ်ရန် မီးဖိုထဲဝင် အလုပ် ရှုပ်နေကြသည်ကို တွေ့လိုက်ရမှ အဘအောင်ဘက်လှည့်ပြီး‥

'အဘအောင်'

'ပြော'

'ကျွန်တော် အစွဲအလမ်းကြီးသလား မသိပါဘူး'

'ဘာအစွဲအလမ်းလဲ မောင်ထင်ရဲ့'

'ကျွန်တော်ပြုခဲ့တဲ့ မုဆိုးတံငါ တံငါမုဆိုးဘဝတိုပေါ့'

'အင်း… ပြောပါဦးကွဲ့'



'ဒီလိုပါ အဘအောင်၊ ကျွန်တော် ငါးရှာဖားရှာရာ မှာ အရေးကြီးတာက ငါးရရှိရေး မဟုတ်လား'

'အေးပေါ့ဟ၊ ငါးရှာရင် ငါးရမှဖြစ်မှာပေါ့၊ နို့… နေပါဦး၊ ဘာအစွဲအလမ်းလဲ၊ ငါးပြန်ရှာချင်လို့လား'

'ဟာ… မဟုတ်တာ၊ အဲဒီဘဝကို ကျွန်တော့်တစ် သက် ဘယ်တော့မှ ပြန်မလှည့်တော့ပါဘူး အဘအောင်၊ တကယ်ပါ ယုံပါ အဘအောင်'

'နို့… ဘာတွေ အစွဲအလမ်းလဲကွ၊ မင်းဟာကလည်း အဆန်းပဲ'

'ဟုတ်တယ် အဘအောင် အဆန်းပဲ၊ ကျွန်တော် ငါးရှာရာမှာ စောစောက ပြောသလိုပဲ၊ ငါးရဖို့အတွက် အမျိုး မျိုး ကြိုးစားရပါတယ်၊ နည်းမျိုးစုံပေါ့ အဘအောင်၊ အဲဒီနည်း မျိုးစုံသုံးပြီး ရှာခဲ့တာတွေ ပြန်တွေးပြီးတော့ စိုးရိမ်မိသလို အစွဲအလမ်းဖြစ်စေတဲ့ အသိတွေက ပြန်မြင်ယောင်နေတယ် အဘရယ်'

'အေးပေါ့ကွာ၊ အစွဲအလမ်းဆိုတာ ခြောက်လှန့်တတ် တဲ့ အသိတစ်ခုပဲကွ၊ အဲဒီ နောင်တရစရာတွေအတွက် ပြန်ပြီး တသသလုပ်နေမယ့်အစား အဲဒီအချိန်တွေ အကုန်မခံဘဲ မှား တယ်ထင်ရင် မှန်အောင်ကြိုးစားပြီး မှန်အောင်လုပ်ရမယ်'

'ကျွန်တော် အခု အမှန်တွေလုပ်နေပါလျက် အဲဒီ အစွဲအလမ်းကို မဖျောက်ဖျက်နိုင်ဘူး အဘအောင်'

'ဘာတွေလဲဆိုတာ မင်းသိလား'

'သိနေတာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'ဒါဆို ပိုပြီးသိအောင် လုပ်ရမယ်'

'ဗျာ'

'ဟား… ဟား… ဟား… ဟား… ပိုသိအောင်ဆိုတာ မင်းခုချိန်ကစပြီး အသိဆိုတာ တခြား မဟုတ်ပါဘူး၊ အရာရာကို သိနေအောင် ကြိုးစားလုပ်ရင် အဲဒါ တရားပဲ၊ တရားဆိုတာ သိမှုနဲ့ ပတ်သက်နေတယ်၊ သိအောင်လုပ်တော့ သိတာပေါ့၊ သိတော့ မှားဘူးကွ'

'နောက်တစ်ခု စားဝတ်နေရေးအတွက် မှားခဲ့တဲ့ အမှားတွေ ကြွေးဆပ်ရမယ်၊ တင်နေတဲ့ကြွေး ကျေတာပေါ့ ကွ၊ တို့လည်း ငယ်ငယ်ကတော့ လုပ်သမျှ မှန်တယ်ထင်တာပေါ့၊ အဲ… အသက်ရလာတော့ သိလာတယ်၊ ဒီတော့ တင်နေတဲ့ကြွေးကို ဆပ်နေတယ်၊ ကြွေးဆိုတာ ဆပ်တတ်ရင် ကျေတာပဲမဟုတ်လား၊ ဆပ်တတ်အောင်သာဆပ် နောက်ဆုံးမင်းအတွက် အမြတ်ထွက်လာမယ်ကွ'

'ဗျာ… အမြတ် ဟုတ်လား'

'ဟုတ်တာပေါ့ကွ၊ မင်းက တို့ထက်ပိုမြတ်မှာပါ'

'ဘာတွေလဲ အဘအောင်၊ ကျွန်တော်တော့ နားတွေ ရှုပ်ကုန်ပြီ'

'ဩော်… မောင်ထင်ရယ်၊ မင်းကို ဟိုတုန်းက တစ်ရွာလုံးမက ရွာရိုးတစ်လျှောက် တခြားရွာတွေကပါ ငါးမုဆိုးထင်လို့ ခေါ်ကြတယ် မဟုတ်လား၊ ခုတော့ ငါးမုဆိုးလည်း ပျောက်ပြီ၊ ထင်အစား ကိုထင်တို့၊ မောင်ထင်တို့၊ နောက် ဦးထင်ဆိုတဲ့ ထင်ရှားတဲ့ ရဟန်းဒကာကြီးဖြစ်တော့မှာဆိုတော့



ပိုပြီး အမြတ်ရတာပေါ့ကွ၊ ဟား… ဟား… ဟား… ဟား…'

မောင်ထင်အား ဦးဘအောင်မှ အကောင်းမြင်ဝါဒ တရားပြပြီး စိတ်ဓာတ်ကျနေသူအား ဗုဒ္ဓ၏မြတ်တရား၊ အသိနှင့်ယှဉ်၍ ဆွဲငင်လာသောကြောင့် မောင်ထင်တစ်ယောက် ဝမ်းမြောက်ဝမ်းသာဖြစ်လျက် သူ့ဘဝအတွက် ဆက်လက်၍ အဘအောင်ပြောသည့် သတိနှင့်ယှဉ်ကာ ကြိုးစားသွားမည်ဆိုသော ဆုံးဖြတ်ချက် ခိုင်ခိုင်ချပြီး အတိတ်တစ္ဆေကို ပျောက်အောင်ဖျောက်လိုက်သည်နှင့် အမှန်တရား၏ အသိတွေက ခွန်အားဖြစ်ခဲ့ပါပြီ။ သို့အတွက်ကြောင့် သားရဟန်းဖြစ်ရေး၊ မိသားစု စားဝတ်နေရေး အေးဆေးရန် ကြိုးစားရာတွင် မုဆိုး၊ တံငါ၊ တံငါမုဆိုးဘဝကို ရှောင်နိုင်သမျှ ရှောင်ရှားရင်း စပါးသိမ်းသောအခါဝယ် သူ၏လယ်သည် အများလယ်များထက် တင်းသုံးဆယ်မျှ ပိုထွက်၏။ အများဆုံးထွက်သည့် လယ်မှာ တစ်ဧက ခြောက်ဆယ်၊ သူ့လယ်မှာတော့ တစ်ဧက ကိုးဆယ် အထိ ထွက်၏။

သို့အတွက် တစ်ရွာလုံးက အံ့သြနေကြပြီး ရဟန်းခံပွဲတွင် တချို့ကလည်း ပူးပေါင်း၍ သားငယ်တွေ ကိုရင်ဝတ်စေချင်သဖြင့် ပူးပေါင်းဆင်နွှဲသည့်ပွဲတွင် ကိုထင်နှင့် မယ်မျှင်တို့ ခွင့်ပြုပြီး စည်ကားသိုက်မြိုက်စွာဖြင့် ရဟန်းခံ ရှင်ပြုပွဲဆင်နွှဲနိုင်ခဲ့ပါသည်။

သားရဟန်းဘဝ ရောက်ပြီးသော ဦးမောင်ထင် ဒေါ်မယ်မျှင်တို့၏ မျက်နှာတွေ ပွင့်လန်းနေသည်မှာ စံပြ

www.burmeseclassic.com

www.burmeseclassic.com



မိသားစု၊ ရဟန်း၏ မယ်တော် ခမည်းတော်တွေအဖြစ် ဂုဏ်ယူနိုင်ခဲ့ပါပြီ။ သားရဟန်းအား ကျောင်းထိုင်ဆရာတော်ကြီး၏ အစီအစဉ်ဖြင့် ပြည်နယ်တစ်ခုရှိ စာသင်တိုက်ကြီးပို့ကာ ဆက်လက် ပညာသင်ကြားစေခဲ့ပါပြီ။

ဦးမောင်ထင်နှင့် မမယ်မျှင်တို့သည် လယ်ထပ်ဝယ်ခဲ့ပြီး လယ်ရှင်ဘဝရောက်ခဲ့သလို အိမ်တွင်မွေးထားသော နွားမကြီးမှလည်း ပေါက်သမျှ နွားသိုးလေးတွေသည် ချောချောလှလှ ထွားထွားကျိုင်းကျိုင်း တံပိုးကောင်းသော နွားများဖြစ်လာပါပြီ။ အသက်ငါးဆယ်ကျော်ကျော်ဝယ် ဦးမောင်ထင် ဒေါ်မယ်မျှင်တို့ လယ်ထဲသို့ပင် မဆင်းရတော့ပါ။ လူငှားတွေဖြင့် စီးပွားဖြစ်နေသော ထိုကာလဝယ်-

ရွာမီးမှ ကောက်စိုက်သမနှစ်ဦး ညနေပိုင်းအပြန်လမ်းတွင် မိုးကြိုးပစ်ခံရသည်တွင် နှစ်ယောက်စလုံး ကွယ်လွန်ခဲ့ပါပြီ။ ထိုကွယ်လွန်မှုအား တစ်ရွာလုံး စိတ်မကောင်းကြဖြစ်ရသည့်အတွက် တစ်ရွာလုံး ဝိုင်းဝန်းပံ့ပိုး ကူညီခဲ့၏။ ထိုကူညီမှုထဲတွင် ဦးမောင်ထင်နှင့် ဒေါ်မယ်မျှင်တို့ ရှေ့ဆုံးမှ ပါဝင်ကူညီဝိုင်းဝန်းခဲ့ပါ၏။

'ကိုထင်ရေ… ဝက်သားကျွေးမယ်ဗျာ'

'လုပ်… ကြက် ကောင်းတာပေါ့'

'ခင်ဗျား ဘယ်လောက်ထည့်ဝင်မလဲ'

'ကုန်ကျစရိတ် တစ်ဝက်ပါဝင်မယ်ဗျာ'

'ဝမ်းသာလိုက်တာဗျာ၊ ကျေးဇူးလည်း တင်ပါတယ်'

'ကဲ… ရွာသားတွေအားလုံး ဟောဒီ ကိုထင်က



တစ်ဝက်ပါရင်တော့ ကျန်တဲ့ငွေအတွက် တစ်ရွာလုံး ဝိုင်းပြီး ထည့်ကြတာပေါ့နော်'

'ကိုစိုးအောင်ရေ စိတ်ချဗျာ၊ ဝိုင်းပါ့မယ်'

ထိုသို့ ရွာသူရွာသားတွေ ဝိုင်းဝန်းပြီး အသုဘကိစ္စတွင် ရက်လည်သောနေ့၌ ဘုန်းတော်ကြီးတွေ ဆွမ်းကပ်၊ ဧည့်ပရိသတ်အား ဝက်သားဟင်းဖြင့် ထမင်းကျွေး ဧည့်ခံ၏။ သေဆုံးသည့် မိန်းမပျိုလေးနှစ်ယောက်၏ မိသားစုများ အလွန်ဆင်းရဲကြသည့်အတွက် ကူညီသူပေါပြီး ကုန်ကျစရိတ်မှာ ငွေကူကြသည့် ကူငွေနှင့် တွက်ကြည့်ရာ ကူညီပံ့ပိုးငွေမှာ ထောင်ချီ၍ပင် ပိုနေသဖြင့် တစ်ဦးတစ်ယောက်မျှ စိုက်မထည့်ရသည်တွင်…

'ကိုစိုးအောင်နဲ့ ရွာလူကြီးများ ဘယ်လိုစီမံကြမလဲ'

'ဩော်… ကိုထင်ရာ၊ လွယ်လွယ်လေးပဲ၊ ပိုငွေကို နှစ်ဦးနှစ်ဖက်သော မိဘတွေ ဝေမျှပေးမယ်၊ ငွေတစ်ထောင် ကျော်စီ ရကြတာပေါ့'

'ကျွန်တော် တစ်ခုလောက် တင်ပြချင်ပါတယ်၊ အဘအောင်တို့လူကြီးတွေ နားဆင်ပေးပါ'

'ပြောပါ မောင်ထင်'

'ဒီလိုပါ အဘအောင်၊ ကျွန်တော် တစ်ပြားမှ မကူညီသေးပါဘူး၊ ဒီတော့ အိမ်နှစ်အိမ်အတွက် နာရေးကူညီမှု တစ်အိမ်တစ်ထောင် ထပ်ပြီး ကူညီပါ့မယ်၊ လပတ်ဆွမ်းအုပ်ချိန်လည်း ပိုလို့ရတာပေါ့'

'ကျေးဇူးတင်ပါတယ် ကိုထင်ရာ၊ ခင်ဗျားရဲ့စေတနာ

www.burmeseclassic.com

www.burmeseclassic.com



ကို တစ်ရွာလုံး လေးစားပါတယ်၊ နာရေးဖြစ်ရတဲ့ မိဘတွေ ဝမ်းသာကြမှာပါ'

ထိုသို့ ရက်လည်ပွဲ ငွေရှင်းပြီးသည်နှင့် ကိုမောင်ထင် သို့မဟုတ် ဦးမောင်ထင် ဒေါ်မျှင်တို့က နာရေး တစ်ဦးတစ် ထောင် ကူညီမှုသည် တစ်ရွာလုံးသာမက ကျန်သောရွာတွေ အားလုံး ဝမ်းသာကြ၊ ကြည်နူးကြ၊ ကျေနပ်ကြနှင့် ပြောမဆုံး အောင် ရေပန်းစားနေပေ၏။

ဦးမောင်ထင်နှင့် ဒေါ်မယ်မျှင်တို့၏သား ရဟန်းငယ် သည်လည်း မန္တလေးမြို့တွင် ပညာသင်နေသည့်ကာလ နေ့ တစ်နေ့၊ မှေမရသည့်နေ့ပင် ဖြစ်ရပါပြီ။ အကြောင်းမှာ ဦးမောင်ထင် ထမင်းစားပြီးနောက် ခေါင်းတွေ မူးလာသည်။

'မယ်မျှင်… မယ်မျှင်'

'အဖေ အမေမရှိဘူး၊ ဘာလဲဟင်'

'နင့်အမေကို အမြန်သွားခေါ်စမ်း'

'ဟင်… အဖေ… အဖေ ဘာဖြစ်တာလဲ'

'သမီး၊ အဖေ ခေါင်းတွေ အရမ်းမူးတယ်၊ နင့်အမေ ကို အမြန်ခေါ်ပါ၊ ခေါ်ပေးပါ'

'ဟုတ်ကဲ့၊ ဟုတ်ကဲ့'

သမီး မယ်ရှင်မှာ မိဘနှစ်ပါးအား အလွန်သိတတ် သော အမြဲပြုစုနေသော သမီးသည် မိခင်ဖြစ်သူ ဒေါ်မယ်မျှင် အား တခြားအိမ်ရောက်နေ၍ အမြန်သွားခေါ်သလို သူတို့အား ကိုးသော အာအောင်ကိုလည်း မယ်ရှင်လေး အပြေးအလွှား ဝင်ခေါ်လိုက်သည်။





'အာအောင်… အာအောင်'

'ဟဲ့.. ဘယ်သူလဲ'

'သမီးပါ မယ်ရှင်ပါ၊ အဖေ ဘာဖြစ်မှန်းမသိလို့ အိမ်ကို အမြန်လာပေးပါ အာအောင်'

'အေး… အေး… ငါလိုက်ခဲ့မယ်'

မယ်ရှင်လေး အပြေးအလွှား အားကိုးအားထားရသော ရွာလူကြီး အာအောင်ကိုခေါ်ပြီး အိမ်သို့ရောက်တော့ အမေ ဖြစ်သူမှာ သူ၏အဖေအား ဖေးကူပြီး ပါးစပ်မှ တတွတ်တွတ် ခေါ်ရင်း မေးနေ၏။

'ကိုထင်… ကိုထင် ဘယ်လိုဖြစ်တာလဲ'

'ငါလည်းမသိဘူး၊ ထမင်းစားပြီး ရေနွေးသောက်နေ ရာက ခေါင်းတွေမူးလာတယ် မယ်မျှင်ရယ်'

'အဖေ မူးတာပဲလား'

'ဟုတ်တယ် သမီး'

'ဟဲ့… သမီး၊ သွေးဆေးလေးယူခဲ့၊ ဪ… ရေ လည်းခပ်ခဲ့'

'ဟုတ်ကဲ့ အမေ'

ဦးမောင်ထင်မှာ ခေါင်းမူးရာမှ ချွေးသီးချွေးပေါက် တွေယိုစီးကျနေသဖြင့် ဒေါ်မယ်မျှင်သည် ချွေးထွေသုတ်ရင်း ပေါင်နှစ်လုံးပေါ် ခါးမှောက်၍ ဘုရားဝတ်ပြုသလိုဖြစ်နေ သော လင်တော်မောင်အား ဘယ်လက်ဖြင့် ပွေ့ဖက်ရင်း ချွေး သုတ်ရင်း ပါးစပ်မှလည်း တကြော်ကြော်ခေါ်နေစဉ် အာ အောင် ရောက်လာပြီးနောက်…



www.burmeseclassic.com

www.burmeseclassic.com



'မောင်ထင်၊ မောင်ထင်၊ ဘယ်လိုဖြစ်တာလဲ'

'မယ်မျှင် ပြောပြပေးပါကွယ်'

ဦးမောင်ထင် စကားပင် မပြောချင်တော့၊ မပြောနိုင်အောင် ခေါင်းမူးရင်းမှ နောက်ကျောဇွေ့ အလွန့်အလွန် နာကျင်လာ၏။ သူ့စိတ်ထဲဝယ် ကျောအား ချွန်ထက်သောဓားနှင့်ထိုးထားသလို ခံစားရပြီး မခံမရပ်နိုင်အောင် နာနေသည်။ ဗိုက်လည်း နာသလိုလို[illegible] ခံစားနေရ၏။

ဇနီးဖြစ်သူမှ အဘအောင်အား ပြောပြနေသော်လည်း ဦးမောင်ထင်တစ်ယောက် မကြားတစ်ချက် ကြားတစ်ချက်ဖြစ်နေပြီး ရွာထဲမှ ရွာသူရွာသားတွေ ဝိုင်းလာကြပြီး ဆေးရုံပို့ရန် စီစဉ်ကြသည်တွင်…

'အဘအောင်ရယ်၊ ကျွန်တော့်နောက်ကျောတွေ သိပ်နာတယ်'

'နောက်ကျောတွေ'

'ဟုတ်တယ်၊ ဗိုက်လည်းနာတယ်၊ ခေါင်းတွေမူးတာလည်း မျက်စိဖွင့်လို့ မရတော့ဘူး၊ ဖွင့်ရင် ပတ်ချာလည်နေတာပဲ'

'အေး… လူဆိုတာ အသွေးအသားတွေနဲ့ တည်ဆောက်ထားတာဆိုတော့ မူးတာတို့၊ မောတာတို့တော့ ဖြစ်တတ်တာပေါ့ကွယ်၊ ဆေးရုံမြန်မြန်ပို့ရင် ကောင်းသွားမှာပါ မောင်ထင်'

'အဘအောင်၊ ကျွန်တော် ဆေးရုံမသွားပါရစေနဲ့'

'ဩော်… ဆရာသက် ကြွလာတယ်'





သူတို့တစ်ရွာလုံး အားကိုးအားထားဖြစ်သော ဆေးဆရာကြီး ဆရာသက်ရောက်လာပြီးနောက် သွေးတိုးစမ်း၏။ ထို့နောက် ဆေးတစ်ခွက်တိုက်သည်။ ဦးမောင်ထင်မှာ သက်သာသည်တော့ မရှိပေ။ ဝေဒနာမှာ ခေါင်းတွေမူး၏။ ဝမ်းဗိုက်လည်းအောင့်လျက် နောက်ကျောတွင်ရှိသော အကြောတွေ တက်နေသည်လားမသိ။ မခံမရပ်နိုင်အောင် ခံစားနေရသည်မှာ သုံးနာရီခန့်ရှိလာပြီဖြစ်သောကြောင့် စောစောကလို ဖြစ်ခါစကဲ့သို့တော့ မဟုတ်ပါ။ နာနေမှု မူးနောက်နေမှုတွေကြောင့် သိပ်တော့ မထူးတော့။

'မယ်မျှင်ရယ်၊ သားကိုပင့်ပါကွာ'

'ဟုတ်ကဲ့ ကိုထင်၊ မကျော့တို့ သွားပင့်နေကြပါတယ်၊ ရောက်တော့မှာပါ'

'ဆရာကြီး အဘသက်ရယ်၊ ကျွန်တော်… ကျွန်တော် ဟိုတုန်းက ငါးရှာ ဖားရှာလုပ်ခဲ့တဲ့ အစွဲအလမ်းတွေ ဖျောက်လို့ မရဘူးဗျာ'

'ဟဲ့… မောင်ထင်၊ ဘာမှုတွေးမနေနဲ့၊ အစွဲအလမ်းဟာ တော်တော် ကြောက်ဖို့ကောင်းတယ်၊ အဲဒီ အစွဲအလမ်းဟာ အမြဲခြောက်လှန့်တတ်တယ်၊ အဲဒီမှာ ကြောက်စရာမလိုတာက မင်းရဲ့အကြားမှာ သားရဟန်း ကာဆီးထားပြီလေ၊ မင်း ဘာမှ မစိုးရိမ်နဲ့တော့'

'ဟုတ်ကဲ့ပါ'

ဦးမောင်ထင်သည် ဟုတ်ကဲ့ပါဆိုသော်လည်း သူသည် စိတ်ထဲမှာ တွေကြုံခဲ့ရသော အစွဲအလမ်းကို ကြောက်၍



www.burmeseclassic.com

www.burmeseclassic.com



မပျောက်။ ပို၍ ပို၍ ရောက်လာရသည်မှာ တခြားမဟုတ်ပါ။ သူ ငါးရှာစဉ်က ငါးကြီးကြီးရရန် ကြွက်ဝမ်းပူ အရှင်လတ်လတ် ကျောကုန်းသရေဖောက်၍ ငါးမျှားချိတ်ဖြင့် ချိတ်ဆွဲကာ ရေပေါ်မှာ ချိတ်ဆွဲခဲ့သောမြင်ကွင်း။

ကြွက်ကလေး ဟိုပြေးသည်ပြေး ရေပေါ်ဝယ်ကူးရင်းခတ်ရင်း ခါးမှာနာကျင်မှု၊ တစ်ဖန် ငါးမျှားချိတ်ဝယ် နိုင်လွန်ကြိုးဖြင့် ချည်နှောင်ထား၍ ဝေးရာသို့ မပြေးနိုင်၊ ပတ်ချာလည်ရင်း ကြောက်ရွံ့ထိတ်လန့် နာကျင်စွာ ပြေးလွှားနေစဉ် ငါးကြီးတစ်ကောင်၏ ပါးစပ်ထဲသို့ ကျရောက် အမျိုခံရမှုတွေ။ –

ကြွက်မရသည့်အခါ ငါးပြေမလေးတွေ ခါးဖောက်ချိတ်ပြီး ငါးမျှားခဲ့သော ငါးမုဆိုးငထင်၊ ငွေရှင်ရှင်ရနေသည့်အတွက် နောက်မဆုတ်၊ သတိရသော်လည်း နောင်တမရနိုင်။ မိသားစု စားဝတ်နေရေးအတွက် ရုန်းကန်ရသည်မှာ သူတစ်ဦးတည်းဖြစ်သော်လည်း ‘ဇနီးသည်၏မျက်နှာ၊ သမီး၏အပြုံး၊ သားကိုရင်၏ ကြည်လင်သော အပြစ်ကင်းစင်မှုတွေအတွက် သူ နောက်မဆုတ်နိုင်ခဲ့။ ပို၍ ပို၍ ကြိုးစားခဲ့ရသော သူ့ဘဝအား သူ သတိရနေသည်။ ပြန်လည် လွမ်းဆွတ်နာကျည်းနေမိ၏။ သူများပစ္စည်း မခိုးမဝှက်ဘဲ ငါတတ်သည့် ငါးမုဆိုးဘဝဖြင့် မိသားစုအား အလှဆင်မည်ဆိုသော ဆုံးဖြတ်ချက် ခိုင်ခိုင်ကြောင့် တကယ်ပင် ခိုင်ခိုင်မာမာ ရပ်တည်နေခဲ့သော မုဆိုး။ ငါးမုဆိုးငထင်မှာ ယခုတော့ လူကြီးသူမစကားကဲ့သို့ အသေမဖြောင့်နိုင်တော့ပါ။





‘ဟော… ဦးပဍ္ဍင်း ကြွလာပြီ မောင်ထင်ရေ၊ မောင်ထင့်သားဦးပဍ္ဍင်းကြွလာပြီ’

‘ဗျာ’

ဦးမောင်ထင်၏နားဝယ် မကြားတစ်ချက် ကြားတစ်ချက် သူ့ဘဝ၏အတိတ်ဖြစ်ရပ်တွေကို ပြန်သတိရနေခိုက် သားဦးပဍ္ဍင်း ကြွလာပြီဟူသော စကားသံ ဝိုးတိုးဝါးတားကြားလိုက်သည်။

‘ကိုထင်… ကိုထင်’

‘မယ်မျှင်’

‘သား ဦးပဍ္ဍင်းကြွလာပြီ’

‘သားဦးပဍ္ဍင်း ဘယ်မှာလဲ’

‘ခမည်းတော် သတိထားပါ၊ ဆရာကြီးရဲ့ဆေးသောက်ထားတယ်ဆို’

‘ဟုတ်ပါတယ်၊ သားဦးပဍ္ဍင်းရယ်’

‘အင်း… ခမည်းတော် ဒကာကြီး သတိမလွှတ်ပါနဲ့၊ သတိထားပါ’

‘ဦးပဍ္ဍင်းရယ်၊ သတိ… အဲဒီသတိပေါ့နော်၊ အင်း… မေ့မရတဲ့ ငါးမုဆိုးဘဝ ပြန်ပြီး သတိရနေတယ်၊ ပြန်ပြီးခြောက်လှန့်နေတယ် ဦးပဍ္ဍင်းရယ်’

‘အတိတ် မမေ့ပါနဲ့၊ အဲဒီ ဒုက္ခတွေဟာ အဲဒီအချိန်အတိတ်ကာလတုန်းက ပျော်စရာ ဝမ်းသာစရာတွေ ဖြစ်ခဲ့တာလည်းရှိမှာပေါ့ ဒကာကြီး၊ အဲဒီအတိတ်ကံရဲ့ လုပ်ခဲ့သမျှအာဂတ်အတွက် ကြိုတင်ပြီးရောက်ရှိနေတဲ့ ပစ္စုပ္ပန်ကာလမှာ



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားအားထုတ်နေတာပဲ မဟုတ်လား၊ ဒီတော့ မကောင်းမှု တွေအတွက် အဆုံးသတ်ရာမှာ ကောင်းမှုဖြစ်အောင်သာ ကြိုးစားရင် ကောင်းကျိုးချမ်းသာရမှာပေါ့ ခမည်းတော်ရယ်’

ဦးမောင်ထင်သည် အားရှိသမျှ မျက်လုံးဖွင့်ပြီး သား ဦးပဋ္ဌင်းအားကြည့်၏။ ထိုခဏဝယ် သူ၏အစွဲအလမ်း အတိတ် ဘဝတွေ မေ့သွားသည်က အမှန်။ တစ်ဖန် ပစ္စုပ္ပန်ကာလ ဘာမျှမသိ။ အနာဂတ်အတွက်ဟူ၍လည်း သတိမထားမိတော့ အရာရာ အားလုံး သတိမေ့နေသည့်ကာလဝယ် အနာအကျင် မရှိ ပကတိအေးမြနေရာမှ အစွဲဆိုသော ဘဝဟောင်းကို ပြန် ရောက်သွားသောအခါဝယ် မျက်နှာမဲ့၏။ နာကျင်သောဝေဒနာ ခံစားရသည်တွင်…

‘သား ဦးပဋ္ဌင်းရယ်၊ တပည့်တော်လေ၊ ငါးမုဆိုးဘဝ ကို သတိရပြီး ကြောက်ရွံ့ထိတ်လန့်နေပါတယ်’

‘အဲဒီတုန်းက ငါးမျှားတဲ့အဖြစ်က ပိုဆိုးတာပေါ့၊ ပြီး အစွဲအလမ်းကြီး စွဲနေပါကလား၊ ဘယ်လို ဖျောက်ဖျက် ရမလဲ မသိပါဘူး၊ ပျောက်သွားအောင် ဖျောက်ပေးပါလား’

‘ခမည်းတော် ဒကာကြီး၊ ဦးပဋ္ဌင်းပြောပြတာ သေ သေချာချာ နားထောင်ကြည့်နော်၊ ဒကာကြီး စိတ်ချမ်းသာပြီ အဲဒီဝေဒနာဆိုးတွေ ပျောက်သွားမှာပါ ဒကာကြီး၊ ဒကာ ကြီးဟာ ရဟန်းတစ်ပါးရဲ့ ဖခင်တစ်ပါးဖြစ်တာကြောင့် အဲ အစွဲအလမ်းဟာ ကြောက်စရာကြီး၊ ကြောက်စရာတွေ ပျောက် အောင် ကြိုတင် ပြင်ဆင်ရမှာပေါ့၊ ကဲ‥ နားထောင်ကြည့် ပါ’



တစ်ခါက ဘုန်းကြီးတစ်ပါးသည် သူ၏ကျောင်းဝင်း အတွင်းရှိ စေတီပြိုနေသည့်အတွက် စေတီပြင်ရန် ရသမျှအလှူ ငွေစုပါပြီ။ ဆရာတော်ကြီးမှာ သက်တော်ရှည် ဆရာတော် ကြီးဖြစ်ပြီး သိက္ခာရှိ၏။ သမာဓိအားလည်း ကောင်းသည့် အပြင် စာတတ်ပေတတ် ဆရာတော်ကြီးတစ်ပါး ဖြစ်ခဲ့၏။

ဆရာတော်ကြီး၏အစွဲမှာ ဘုရားပြင် ထီးတင်ရန်ဆို သော အစွဲဖြင့် ရသမျှအလှူငွေတွေကို ဆရာတော်ကြီးသည် လူသူမသိအောင် ရှေးကြေးကွမ်းအစ်ကြီးထဲတွင် ဘုရားပျက် ၏ ဌာပနာအလယ်လောက်ထဲအား အုတ်တွေဖြို၍ ထည့်ထား ၏။ ထိုသို့ထည့်ပြီး အုတ်တွေ နေရာတကျ မသိမသာ ပြန်စီ ရင်း မျက်ခြည်မပြတ် စုဆောင်းခဲ့ရာ တော်တော်များများ စုဆောင်းရရှိခဲ့သည့်အချိန်ဝယ် ဆရာတော်ကြီးမှာ မမျှော်လင့် ဘဲ ဦးနှောက်ကြောပြတ်ကာ ဘဝနတ်ထံ ပျံတော်မူခဲ့လေ၏။

ထိုသို့ ပျံတော်မူပြီးနောက် ရွာသားတွေ တချို့က ကြားဖူးသည်။ ဆရာတော်ကြီး ငွေတွေစုနေကြောင်း၊ ထိုငွေ တွေ ဘယ်ရောက်ကုန်သနည်း။ ဘယ်သူတွေ ခိုးဝှက်ထား သနည်း စသည် စသည်ဖြင့် သို့လော သို့လောဖြစ်နေကြစဉ် ဆရာတော်ကြီး ပျံလွန်တော်မူသည့်ကာလမှာလည်း သုံးနှစ တင်းတင်းပြည့်သည့် တစ်နေ့ဝယ်…

ရွာလူကြီးအိမ်သို့ တစ်နယ်ရပ်ခြားမှ ညှေ့သည် အမျိုး သားတစ်ဦး ရောက်ပြီးနောက် ထိုအမျိုးသားသည် သူ တည်းခိုသည့် ရွာလူကြီးနှင့်အတူ ဘုန်းတော်ကြီးကျောင်းသို့ အလည်အပတ် ရောက်သွားခဲ့၏။ ကျောင်းထဲရောက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



စေတီပုထိုးတွေ၊ ရုပ်ပွားတော်တွေ ဖူးမျှော်ရင်းမှ ကျောင်းကြီးပေါ်ရှိ ဆရာတော်ကြီး၏ ဓာတ်ပုံအား ဖူးမြင်လိုက်သည်တွင်…

'ဟာ… ဦးကြီး၊ ဦးကြီး'

'ဘာလဲဟ၊ မောင်လှရဲ့'

'ဒီဆရာတော်ကြီးက ဒီကျောင်းကလား'

'အေး… ဟုတ်တယ်၊ မင်းသိလို့လား'

'သိတာပေါ့၊ ပြီးခဲ့တဲ့ လပြည့်နေ့က အိမ်မှာဆွမ်းကပ်ခဲ့တယ်လေ'

'ဘာကွ မောင်လှ'

'ဪ… ဦးကြီးကလည်း ဒီဆရာတော်ကြီး အိမ်ကြွခဲ့တယ်'

မှန်ပါသည်။ ဆရာတော်ကြီးသည် နေ့လယ်မရောက်တရောက် ဆယ့်တစ်နာရီလောက်တွင် သူ၏အိမ်သို့ ကြွလာ၏။ သူတို့ မိသားစုမှာ ဆရာတော်ကြီးအား မတွေ့ဖူး မကြုံဖူးပါ၊ သက်တော်မှာလည်း အိုမင်းနေသဖြင့် အိမ်ဦးခန်းဝယ် တရိုတသေ နေရာထိုင်ခင်း ခင်းကျင်းပြီးနောက်…

'ဆရာတော်ဘုရား၊ ဘယ်ကကြွလာတာလဲ ဘုရား၊ ဆွမ်းလည်း မဘုဉ်းရသေးဘူးထင်ပါတယ်'

'ဟုတ်တယ်၊ ဒကာကြီးနဲ့ ဒကာမကြီးတို့၊ ဆရာတော် နယ်ကကြွခဲ့တာပါ၊ ဆရာတော်ကြီးရဲ့ သက်တော်ဟာ ကိုးဆယ်ပြည့်ပါပြီ၊ ဝါတော်လည်း ခုနစ်ဆယ်ပြည့်ခဲ့ပြီ၊ သဒ္ဓါတရားပြည့်ဝတဲ့ ဒကာ၊ ဒကာမကြီးတို့ ဆွမ်းတစ်နပ် ကပ်ကြ





မယ်ဆိုရင်ဖြင့် ဆွမ်းဘုဉ်းပေးရမှာပေါ့'

'ရပါတယ် ဘုရား၊ တပည့်တော်တို့လည်း ထမင်းစားကြသေးတာနဲ့ အတော်ပါပဲဘုရား၊ ဦးဦးဖျားဖျား ဆွမ်းကပ်ရတာပေါ့ ဘုရား'

ဟု ပြောပြောဆိုဆို မောင်လှတို့လင်မယားနှစ်ယောက် အချိန်မလင့်ခင် ဆွမ်းကပ်ကြ၏။ ဆရာတော်ကြီး ဆွမ်းဘုဉ်းပေးသည်မှာ ပြင်ထားသော ပန်းကန်အပြည့်ကုန်ပြီး နောက်ထပ် ပန်းကန်ဝက်ခန့် ထပ်မံ ဘုဉ်းပေးသဖြင့် လင်မယားနှစ်ယောက် ဝမ်းသာမဆုံးပါ။ သူတို့ လင်မယားနှစ်ယောက်မှ နံနက်စာ ဆွမ်းကပ်ခြင်း၊ ဘုန်းတော်ကြီးကျောင်းမှ ရဟန်းနှင့် ကိုရင်သုံးပါး ဆွမ်းလောင်းခြင်းတို့အတွက် နို့ဆီဗူး နှစ်လုံးခွဲ ချက်ပြီး ကျောင်းသုံးကျောင်းနှင့် ဘုရားဆွမ်းတော်တင်ပြီး အိုးတစ်ဝက်ခန့် ကျန်သည်ကို ဆရာတော်ကြီး ကပ်လှူပြီး သူတို့လင်မယား နှစ်ယောက်အတွက် ထမင်းမကျန်ပါက လမ်းထိပ်ထမင်းဆိုင်မှ ဝယ်စားမည်ဟူသော ဆုံးဖြတ်ချက်ဖြင့် ဆရာတော်ကြီးအား ဆွမ်းကပ်ခဲ့ခြင်း ဖြစ်ပါသည်။

'ကျေးဇူးကြီးပါတယ် ဒကာကြီးနဲ့ ဒကာမကြီး၊ အဲ… ဆရာတော်ရဲ့ ကျောင်းဝင်းမှာ စေတီအိုပြိုနေတယ် ဒကာကြီးတို့၊ စေတီပြင် ထီးတင်ဖို့စုနေတာ ရလောက်ပါပြီ၊ ဒီတော့ ဒကာကြီးနဲ့ ဒကာမကြီးတို့ ပိုက်ဆံတစ်ရွက်လှူပါ၊ အဲဒီပိုက်ဆံမှာ ဒကာမကြီးနဲ့ ဒကာကြီးရဲ့ အမည်ဖြစ်ဖြစ် တစ်ခုခု လက်မှတ်ထိုးတာတို့ ရေးထိုးလိုက်ပြီး ဆရာတော်ကြီးကို လှူပါ၊ အကျိုးဖြစ်ပါလိမ့်မယ်'



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောပြောဆိုဆို မောင်လှသည် စက္ကူပေါ် လက်မှတ်ထိုး၏။ သူ့ဇနီးမဖြူသည်လည်း လက်မှတ်ထိုးပြီးနောက် ကိုလှသည် ငွေစက္ကူပေါ်ရှိ နံပါတ်တွေ ကူးထားလိုက်ပြီး ဆရာတော်ကြီးအား ထိုငွေနှစ်ရာတန် ကပ်လှူလိုက်သည်တွင်…

'သာဓုဗျာ၊ သာဓု၊ သာဓု၊ ကဲ… ဆရာတော် ဖြန့်ကြွမယ်'

'မှန်လှပါ ဘုရား'

ဆရာတော်ကြီးမှာ အသက်ကိုးဆယ်ဆိုသည်ပင် မယုံစရာ၊ ဖျတ်ဖျတ်လတ်လတ်။ ရုံထားသည့် သင်္ကန်းတွေမှာလည်း မပြေမပျက် ပကတိအတိုင်း ထပ်မံရုံစရာမလို၊ အိမ်ပေါ်မှ ဆင်းသွားခဲ့ပါသည်။

'အင်း… အဖြူရေ၊ ဆရာတော်ကြီး ဆွမ်းဘုဉ်းပေးတာ အားရစရာပဲကွ'

'ဟုတ်တယ် ကိုလှ၊ သက်တော် ကိုးဆယ်ဆိုတာ ယုံစရာမရှိအောင်ဘဲနော်၊ တော်တော့်ကို သန်မာဖျတ်လတ်တယ်၊ ဆွမ်းဘုဉ်းပေးတာလည်း အင်မတန် တည်ငြိမ်တာပဲ ပါးစပ်ဟတာကအစ အံ့သြစရာနော်၊ ဝါးနေတာ မသိရဘူး ဝါးတဲ့ပုံ လုံးဝ မပေါ်ဘူး ကိုလှရဲ့'

'ကဲ… အဖြူ ကိုလှ ထမင်းသွားဝယ်မယ်'

'အင်း… သွားဝယ်လေ၊ သြော်… နေဦး၊ ထမင်းကြည့်လိုက်ဦးမယ်'

ပြောပြောဆိုဆို မဖြူသည် မီးဖိုချောင်ရှိ ထမင်းအိုး





အား ဖွင့်လိုက်သောအခါ သူ၏ထမင်းအိုးဝယ် သူခူးစဉ်က ထမင်းအနည်းငယ်သာ ကျန်ခဲ့သော်လည်း ယခု တွေ့ရသည်မှာ ထမင်းအိုးထဲတွင် ထမင်းအပြည့်ဖြစ်နေသည်ကို တွေ့ရ၍ အံ့သြသွားခဲ့သဖြင့် ကြက်သားဟင်းအိုးဝယ် အစိတ်သား ချက်ပြီးနောက် အိုးကပ်ပဲကျန်ခဲ့ရာ ယခုအိုးပြည့် ခွက်လျှံ အိုးထဲအပြည့်နီးပါး တွေ့ခဲ့ရသဖြင့် လင်တော်မောင်အား ခေါ်ပြလိုက်သည်တွင် လင်မယားနှစ်ယောက် တအံ့တသြဖြစ်ရပြီး အံ့သြမဆုံးကြတော့ပါ။

'သြော်… ဦးကြီးရဲ့၊ ဆရာတော်ကြီး ပြောသွားတာ တစ်ခုရှိသေးတယ်၊ သူ့ရဲ့ငွေတွေကို ဘုရားမျက်ထဲမှာ ကြေးဘွမ်းအစ်ကြီးနဲ့ ထည့်ထားတယ်လို့လည်း ပြောသွားသေးတယ်'

'မောင်လှရဲ့၊ မင်းပြောတာ ပုံပြောပြနေတာလား'

'သြော်… ဦးကြီးကလည်း မယုံရင် ကျွန်တော့်ဇနီး သွားခေါ်ခဲ့မယ်၊ သူနဲ့ ကျွန်တော်တို့ ဆွမ်းကပ်ခဲ့တာဗျ၊ အင်း… လပြည့်နေ့ကဆိုတော့ ဒီနေ့လပြည့်ကျော် ဆယ့်လေးရက်ဆိုတော့ ရက်ပေါင်း ဆယ့်လေးရက်ရှိသွားပြီပေါ့၊ သြော်… ပိုက်ဆံနံပါတ် ဒီမှာ၊ ဒီမှာ ကျွန်တော် မှတ်ထားတာ'

ကိုလှ၏ ပြောပြချက်အား နားထောင်နေသော သူ၏ ဦးကြီးနှင့် ဒုတိယကျောင်းထိုင်ဆရာတော်တို့ တအံ့တသြဖြစ်နေကြ၏။ ဘေးမှာရှိနေသော လူတွေပါ ပွစိပွစိဖြစ်လာကြသောအခါ ကိုလှတစ်ယောက် ဘာမှန်းမသိဖြစ်နေသဖြင့် သူ၏ ဦးကြီးအားကြည့်ပြီး…

'ဦးကြီး'



www.burmeseclassic.com

www.burmeseclassic.com



'အေး'

'ဘယ်လိုဖြစ်တာလဲ၊ ကျွန်တော်ပြောတာ မယုံဘူးပေါ့'

'မယုံတစ်ဝက် ယုံတစ်ဝက်ကွ'

'ဘာဖြစ်လို့လဲ'

'ဟ… ဒီဆရာတော်ကြီး ပျံတော်မူသွားတာ သုံးနှစ်တောင်ရှိပြီကွ'

'ဗျာ… မဟုတ်သေးပါဘူး'

'ဟုတ်ပါတယ်ကွ၊ သုံးနှစ်ရှိပါပြီ'

'ဒကာကြီး'

'ဘုရား'

'ဒကာကြီးရဲ့ တူတော်မောင် ကိုလှကလည်း အတိအကျ ပြောနေတယ်ဆိုတော့ သူပြောတဲ့အတိုင်း စေတီပျက် သွားကြည့်ကြရင် ကောင်းမလား'

'ဟာ… သိပ်ကောင်းတာပေါ့ ဘုရား၊ အခုဒီမှာရှိတဲ့ ရွာလူကြီးတွေနဲ့အတူ ဆရာတော်ပါ ကြွပါဘုရား၊ သွားကြည့်ကြရအောင်'

ဒုတိယ ကျောင်းထိုင်ဆရာတော်နှင့်အတူ ရွာသားတွေ စုပေါင်းပြီး ဧည့်သည်ကိုလှအပါအဝင် စေတီပျက်သို့ သွားရောက်ဖူးမျှော်ပြီး စေတီပျက်အား လှည့်လည်ကြည့်ရှုပြီးနောက် စေတီအလယ်လောက်တွင် အုတ်တွေပျက်စီးနေမှုအား တစ်နေရာပြီးတစ်နေရာ အုတ်တွေဖယ်ရှားကြည့်ရာ တစ်နေရာ အရောက် အုတ်ငါးလုံးခန့်ဖယ်လိုက်ပြီးနောက် အတွင်းဘက်



အုတ်တွေကိုလည်း ဖယ်ရှားလိုက်ရာမှ ကြေးကွမ်းအစ် ကြီး တွေ့ပါပြီ။

'တွေ့ပြီ… တွေ့ပြီ ဦးကြီးမြ၊ ဒီမှာကွမ်းအစ်ကြီးဗျ၊ ကြေးကွမ်းအစ်ကြီး အစစ်ပဲ၊ ဆရာတော်ဘုရား… ဒီမှာ လာကြည့်ရှုတော်မူပါဘုရား'

'ကောင်းပြီ၊ ဟုတ်ပ၊ ကဲ… ဆရာတော်ပဲ ထုတ်ယူမယ်နော်'

ကြေးကွမ်းအစ်ကြီးအား ဒုတိယကျောင်းထိုင်ဆရာတော်မှ အသာအယာ ဆွဲယူလိုက်သည်။ ထိုကွမ်းအစ်ကြီးအား အများရှေ့တွင် ဖွင့်လိုက်ရာ ပထမဆုံးအပေါ်မှာ တွေ့ရသည့် ကိုလှနှင့် ဇနီးမဖြူတို့လှူထားသော နှစ်ရာတန်ငွေစက္ကူ၊ ထိုငွေစက္ကူမှာ လက်မှတ်ပါ၏။ တစ်ဖန် ကိုလှသည် သူ၏ အိတ်ထဲမှာပါလာသော ငွေစက္ကူနံပါတ်နှင့် တိုက်ကြည့်တော့ မှန်နေသည်။

'အံ့သြစရာပဲဗျို့၊ ဒီဒကာကြီးသာ ရောက်မလာရင် ဒီငွေတွေ သိကြမှာ မဟုတ်တော့ဘူး'

'ဟုတ်ပါတယ် ဆရာတော်၊ ဒီငွေတွေ ရေတွက်ပြီး ဆရာတော်ပဲ သိမ်းထားပေးပါလား'

'သိမ်းထားတာလည်း ကောင်းပါတယ်၊ ဆရာတော်ကြီးက ဒီဒကာကြီးကို ပြောခဲ့တယ် မဟုတ်လား၊ ငွေပြည့်လောက်ပါပြီဆိုလားပဲ'

'မှန်လှပါဘုရား၊ ရလောက်ပါပြီလို့ မိန့်မှာသွားတယ်ပါဘုရား'

www.burmeseclassic.com

www.burmeseclassic.com



'ကဲ… ကဲ… ရေတွက်ပြီးကြည့်ရအောင်'

ငွေများအားရေတွက်ပြီး ရှာလူကြီးတွေဖြင့် တိုင်ပင်ညှိနှိုင်းပြီး စေတီပြန်လည် တည်ဆောက်ရေး ဆွေးနွေးကြသည်။ ထိုညမှာပင် ကိုလှတစ်ယောက် သူ၏ဦးကြီးအိမ်တွင် ညပိုင်းစကားပြောနေစဉ်…

'ဝါး… ဝါး… ဝါး'

'ဝါး… အဟမ်း ဝါး'

'ဟဲ့… မောင်လှ ဘာဖြစ်တာလဲ'

'ဒကာကြီး ကြီးမောင်'

'အို… ဗုဒ္ဓေါ'

'အေး… ဆရာတော်ပါ၊ ဒီဒကာဟာ သူတော်ကောင်းပါ၊ ဆရာတော်ဟာ သူ့အိမ်မှာ ဆွမ်းဘုဉ်းပေးခဲ့တာ မှန်ပါတယ်၊ ဆရာတော်ရဲ့ အစွဲအလမ်းကြီးမားမှုကြောင့် ပျံတော်မူတာ မှန်ပေမယ့် မကျွတ်မလွတ်နိုင်ဘူး၊ ဒီတော့ မြန်မြန် ဘုရားတည်ကြပါ၊ ထီးတင်ကြပါ၊ ပြီးတာနဲ့ အမျှပေးဝေပါလို့ ဆရာတော် မှာချင်ပါတယ်'

'စိတ်ချပါ ဆရာတော်ဘုရား၊ တပည့်တော်တို့ အမြန်ဆုံး စီစဉ်ကြမှာပါ'

'အင်း… ဆရာတော်မှာ အများအပြွင်းတွေ မရှိပါဘူး ဒကာကြီးရဲ့၊ ဒါပေမဲ့ အစွဲအလမ်းဖြစ်နေတဲ့ ဘုရားပြင်ထီးတင်ဖို့အတွက်ကြောင့် ဘယ်မှမသွားနိုင် ဖြစ်နေပါတယ်၊ အစွဲအလမ်းဟာ ကြောက်စရာပဲ ဒကာကြီး၊ ဒီတော့ ဆရာတော်ရဲ့ စိတ်ဆန္ဒတွေ ပြုခဲ့သမျှ ဒါန၊ သီလ၊ ဘာဝနာအားလုံး



ကောင်းကျိုးချမ်းသာဖြစ်အောင် ဘုရားတည်ကြပါလို့ မှာကြားပါရစေ ဒကာကြီး ဦးကြီးမောင်'

'စိတ်ချပါ ဘုရား'

သားရဟန်း၏ အစွဲအလမ်းကြီးမားမှုကြောင့် သက်တော်ရှည် ဆရာတော်ကြီးတစ်ပါး၏ သနားဖြုလိုသည့် စိတ်ဆန္ဒစုဆောင်းမှုတွေသည် ဘုရားပြင်၊ ထီးတင်မှုသာဖြစ်သော်လည်း အစွဲအလမ်းကြီးမားသည့် မကျွတ်မလွတ်နိုင်သော ဘဝတစ်ခုဖြစ်ခဲ့ရမှုအား သားရဟန်းမှ သွားလမ်းဖြောင့်ဖြူးရန် လမ်းပြနေသည်ကို ဦးမောင်ထင် ကြားနာနေရသည်။

'ဒကာကြီး'

'ဘုရား'

'သားရဟန်းရဲ့ ပြောကြားမှုတွေ ကြားပါတယ်နော်'

'ကြားပါတယ် ဘုရား'

'အဲဒီ ကြားနာနေစဉ် အတိတ်တွေ မေ့နေတယ်နော်'

'မေ့သွားပါတယ် ဘုရား'

'ကောင်းပြီ ဒကာကြီး၊ အင်း… ဦးပဉ္စင်းရဲ့ ခမည်းတော်ဘုရား၊ သားရဟန်းရဲ့ ဟောကြားရွတ်ဆိုမည့် မြတ်ဗုဒ္ဓ၏ ဒေသနာတရားတော်တွေကို အာရုံပြုပြီး သားရဟန်းဟာ ဘယ်အထိ တရားဘာဝနာတွေ လိုက်စားလေ့ကျင့် သင်ကြားနေပါကလား၊ ဒါတွေဟာ ဒကာကြီး ဒကာမကြီးတို့အတွက် အများကြီး အထောက်အကူ ဖြစ်စေရမယ်၊ ငါ့ရဲ့မိဘနှစ်ပါးဖြစ်တဲ့ ဖခမည်းတော်၊ မယ်တော်တို့ ဘဝအတိမ်းအစောင်း ရှိစေရဘူးဆိုတဲ့ စိတ်ဆန္ဒတွေနဲ့ အမိက ကျေးဇူးရှင်ဒကာ

www.burmeseclassic.com

www.burmeseclassic.com



ကြီးအတွက် ကြိုးစားအားထုတ်တာပါ ဒကာကြီး'

'ဦးပဉ္ဇင်းရဲ့ အားထုတ်မှုတွေနဲ့ အကျိုးဆက်ဟာ ဒီဘဝမှာမဟုတ် နောင်ဘဝဆက်တိုင်း ဒကာကြီး၊ ဒကာမကြီး၊ ခမည်းတော်၊ မယ်တော်တို့ ကောင်းရာသုဂတိ လားမှာပါ၊ လားပါစေ အစရှိတဲ့အနာဂတ်အတွက် ကြိုးစားအားထုတ်မှုတွေပါ ခမည်းတော်'

'ခမည်းတော်'

'ဟုတ်'

ဦးမောင်ထင်၏ စကားသံမှာ မမာတော့။ အလွန်ပျော့ပျောင်းပြီး မနည်းထူးရသော လေသံသဲ့သဲ့။ ဒီအဖြစ်တွေကို အားလုံးကြည့်ပြီး စိတ်မကောင်းပါ။ တစ်ချိန်က ငါးမုဆိုးငထင်၊ ယခုတော့ ရဟန်းဒကာ၊ ရဟန်း၏ခမည်းတော်၊ လူသူတော်ကောင်းကြီးဘဝ ရောက်ခဲ့ပါပြီ။ သူ လုပ်ခဲ့ဖူးသော ပြစ်မှုဆိုလျှင်လည်း မမှားပါ။ ရှာဖွေခဲ့ရသည့်ဘဝကြမ်းအတွက် သားဖြစ်သူ ရဟန်းမှ ဖခင်အတွက် မှားပါသည်ဟူသော စကား တစ်လုံးတစ်ပါဒမျှ မထွက်မဆို မမိန့်ခဲ့။ အနာဂတ်ဆိုသော နောင်သံသရာဘဝအတွက် အပြန်လမ်းဆိုလည်း မမှားပါ။ တံခါးဖွင့်ပြီး လမ်းပြနေသော မြတ်ဗုဒ္ဓ၏ အေးမြသောတရား ဒေသနာတွေ ရွတ်ဖတ်နေသည့်အပြင် မယ်တော်၏ လက်မှ ထွက်ပေါ်လာသော...

'ဒူဝေဝေဝေ'

'ဒူဝေဝေဝေ'

'ဒူဝေဝေဝေ'





ဟူသော ကြေးစည်သံ စည်းချက်တွေအား သူ၏ ကျေးဇူးရှင် ကြားစေချင်၏။ ကြားနာ မှတ်သားမည်ဆိုပါက ဘဝကူးကောင်းပြီး ခံစားရမှု၊ စွဲလမ်းမှုတွေ လမ်းကြောင်း ပြောင်းမည်ဟူသော သတိသံဝေဂတရားရေအေး တိုက်ကျွေး နေရှာသည့် သားရဟန်း ဦးပဉ္ဇင်းအား မျက်လုံးကလေး မပွင့်တပွင့်ဖွင့်ရင်း ပါးစပ်ကလေးဟလာသဖြင့် ဦးပဉ္ဇင်းသည် ကျေးဇူးရှင်၏ ဟန်ပန်ကို အကဲခတ်ကြည့်လိုက်ပြီးနောက်...

'ခမည်းတော် ဘာများပြောချင်ပါသလဲ၊ ပြောပါ'

'သားရဟန်းရယ်၊ သားရယ်'

'ခေါ်ပါ ဒကာကြီး၊ ခမည်းတော် အဖေရယ်၊ အားရပါးရ ခေါ်ပါပြောပါလား'

'တရားသံတွေ ကြေးစည်သံတွေကြောင့် ရင်ထဲမှာ အေးပြီး... အေးပြီး ငြိမ်းချမ်းပါတယ် သားရယ်၊ ထပ်... ထပ်ပြီး ဟောကြားတော်မူပါ'

အားတင်းထားသော ဦးမောင်ထင်၏ နားဝင်အေးအောင် နားဝင်အေးစေသော စကားတွေကြောင့် သားရဟန်းမှာ မျက်ရည်ရစ်ဝဲရင်း ထပ်မံ၍ တရားရေအေး တိုက်ကျွေးပါ၏။ တရားသံဝေ၊ ကြေးစည်သံတွေအကြားမှ ဖြောင့်ဖြောင့်တန်းတန်း လမ်းမှန်ကို သတိနှင့် လျှောက်လှမ်းသွားနေသော၊ တစ်ချိန်က ငယ်စဉ် နုစဉ်အခါက ပြုပြင်ရမှန်းမသိအောင် ဖြစ်ခဲ့ရှာဖွေခဲ့ရသောဘဝ၊ ပျက်လျှင်အစဉ်၊ ပြင်လျှင်ခဏဆိုသည့် စကားကဲ့သို့ ယခုအခါ အေးမြလွန်းသော တရားသံတွေကြောင့် ငါးမုဆိုးဘဝ၏ အစွဲအလမ်းကြီးမားသည့် ခရိုးကြမ်းမှ



www.burmeseclassic.com

www.burmeseclassic.com



အေးချမ်းစွာ လမ်းမှန်သည့် အလှတရားများ ရရှိသွားခဲ့သည်လားသေိတော့ပါ။ စောချွေးလည်း မပြန်၊ ခံစားနေရသော နာကျင်မှုတွေလည်း ကွယ်ပျောက်သွားပြီး ငြိမ်ငြိမ်သက်သက် ဘဝတစ်ပါးသို့ ထွက်ခွာသွားလေတော့သည်။

အထက်ပါ အဖြစ်အပျက်တွေအား ပြောပြခဲ့သော ဒေါ်တင်လှိုင် (မြောက်ဥက္ကလာပ)နှင့် အခြားစာရေးဆရာ တစ်ဦးတို့အား ကျေးဇူးတင်လျက်…

* * *



## [illegible]

မုဆိုးသည် ဖက်မှုတ်ပြီး သားကောင်ပစ်ရန် လုပ်ဆောင်ခြင်းသည် သာမန် တောလည်၊ တောပစ်သော မုဆိုးထက် အဆပေါင်းများစွာ အန္တရာယ်ကြီးတတ်သည်ကို ကျွန်တော်တို့ သိပါသည်။ သို့သော်လည်း မြေပြင်အနေအထားနှင့် အချိန်အခါကို ကြည့်၍ လုပ်ရသည်လည်းရှိ၏။ ဥပမာ မိမိ ဖက်မှုတ်မည့် နေရာသည် တောရှုပ်သည်လား၊ တောနက်သည်လားဆိုသည်ကိုလည်း သတိထားရမည်။ နောက်တစ်ခုရာသီဥတုနှင့် အချိန်အခါသည်လည်း အလွန် အရေးကြီး၏။ ညဉ့်နက်သန်းခေါင် ဖက်မှုတ်၍မဖြစ်၊ မိုးရွာ လေတိုက်သည့် အပြင် အောက်ခြေလည်းရှုပ်၊ တောလည်းနက်ရှိုင်းပါကလည်း မဖြစ်ပြန်။ သားကောင်သည် များသောအားဖြင့် မနက်စောစောနှင့် ညဉ့်ဦးကာလတွင်သာ တောကောင်တွေထွက်၍ အစာရှာကြ၏။ ထိုအချိန်လည်း ဖြစ်ရမည်။ တစ်ဖန် နေရာဒေသ၏



www.burmeseclassic.com

www.burmeseclassic.com



ပေါက်ရောက်သော အပင်တွေကျဲ၍ ပစ်ကွင်းကောင်း၊ မြင်ကွင်းကောင်းသော တောင်စောင်း မြေပြန့်တို့တွင် သာ အများဆုံး ပစ်ခတ်ရသည့် ဖက်မှုတ်ခြင်း၏ တောပစ်မှု မှုပ်ရပ် လုပ်ဆောင်ရခြင်း ဖြစ်ပါ၏။

ယခု ကျွန်တော်တို့ သုံးယောက် ပေါပစ်ရန် ရောက် နေသောအချိန်သည် ညနေ ငါးနာရီခွဲပါပြီ။ နေမဝင်သေး ပါ။ တောင်စောင်းဖြစ်၍ အမှောင်သန်းစဆိုပါကလည်း မမှား ပါ။ တစ်ဖန် ကျွန်းတော၏ တောင်စောင်း၊ ကျွန်းဆိုသော ရတနာတန်းဝင် အပင်ကြီးများသည် တခြားအပင်နှင့် မတူ ပါ။ အကိုင်းအခက် ဝေဝေဆာဆာ ပဒေသာအပင်မျိုး မဟုတ်။ တစ်ပင်တိုင် အပင်မျိုး။ အကိုင်းအခက်နည်းပြီး အရောင်းရောင် လှ၍ အပေါ်သို့ထိုးတက်သည့် ပင်မြင့်ပင်ထွား အပင်ကြီးများ သာ ဖြစ်သည်။

ကျွန်းခင်းအောက်ဝယ် လျှိုကြီးမဟုတ်သော်လည်း သက်ငယ်ပင်များ၊ မြက်ရိုင်းပင်ကြီးတွေ၊ တောင်သပြေ၊ တော ကြက်မောက်၊ ဆူးရစ်ခြုံ… အို… စုံနေပါသည်။ အပင်ငယ်ပေါ်သော လျှိုသေးသေးနှင့် ဆက်စပ်နေသော ကြောင့် ဖက်မှုတ်ရန် အကောင်းဆုံးနေရာ ဖြစ်ပါသည်။

'မိုးကျော်၊ မင်းက ဒီအပင်အောက်က မှုတ်ချင် မှုတ် စုပ်ချင်စုပ်'

'ခွေးကောင်'

'သြော်… ငါက အကောင်းပြောတာပါကွ၊ ငါနဲ့ ဆရာကျော်က မင်းရဲ့ ဘယ်နဲ့ညာကနေမယ်၊ ဟောဟို ကျွန်း





ပင်ကြီးအောက်မှာ ငါနေမယ်၊ ဆရာကျော်က ဒီဘက်က ကျွန်းပင်ကြီးဘေးက စောင့်မယ်လေ၊ ဆရာကျော် ဘယ်လို လဲ'

'ကောင်းပါတယ်၊ အောက်ခြေရှင်းတော့ ခွဲစောင့်တာ ပဲ ကောင်းမယ်၊ အေး… ဖက်မှုတ်ရင်း နောက်ပိုင်းလည်း သတိထား၊ ရှေ့နဲ့ဘေးတွေတော့ အရေးမထားနဲ့၊ နောက်ပိုင်း တို့ လည်း ကြည့်ပေးမှာပေါ့'

'စိတ်ချပါ ဆရာကျော်၊ ဒါဆို နေရာယူတော့လေ'

'အေး… တို့သွားမယ်'

'ဟုတ်ကဲ့'

'တင်မြတ် သွား… ငါကြည့်ပေးမယ်'

'ဟုတ်ကဲ့'

တင်မြတ်သည် သူပြသည့် ကျွန်းပင်ကြီးခြေရင်း တွင် စိတ်ရှင်းလင်းပြီး နေရာယူ၏။ သူ နေရာယူပြီးကြောင်း လက်ပြ၍ ကျွန်တော်လည်း နေရာယူရန် ကျွန်းပင်ကြီးအောက် လျှောက်သွားရင်း အပင်ကြီး၏ အခြေအား အသေအချာ ရှုပ် ရသည်။ ကျွန်းပင်ကြီး၏ အခြေဝယ် မြက်ရိုင်းပင်ကြီးတွေ မှာ လူတစ်ရပ်ခန့် ရှိ၏။ ထိုအပင်တွေမှာ ခြောက်နေသည့် တော့ မဟုတ်သေးပါ။ သို့သော်လည်း ခြောက်စအပင်တွေမို့ တချို့အပင်ခြေဝယ် ငန်းမြွေကြီးတွေ ခွေနေတတ် အသိုက်ဖွဲ့ နေတတ်၍ သတိထားရှင်းရခြင်းပင် ဖြစ်၏။

ကျွန်းပင်ကြီးတွေမှာတော့ မကြာမီ တစ်နှစ်ချော် နှစ်နှစ်အတွင်း ခုတ်ကြတော့မည့် အပင်ကြီးတွေမို့ ဝိခေါ်



www.burmeseclassic.com

www.burmeseclassic.com



အောင်မြင့်ပြီး ရွက်ကြွေတောစပ်စပ်မို့ အပေါ်ပိုင်းလည်း ရှင်းနေ၏။ အပေါ်ရှင်း၍ လင်းနေခြင်းကြောင့် တောအရောင်သိပ်တော့ မမှောင်သေးပါ။ မကြာမီမှာတော့ တောကြီးနှင့်လျှိုငယ်ငယ်တို့ အမှောင်သန်းပါတော့မည်။

နေရာယူပြီး၍ မကြာပါ။ မိုးကျော်အောင်၏ ကျွမ်းကျင်ပိုင်နိုင်သော ဖက်မှုတ်ခြင်းလုပ်ငန်း စပါပြီ။ မိုးကျော်အောင်သည် သူ ဘယ်အချိန်က ခူးခဲ့သည်မသိသော တောင်သပြေရွက်နုနုလေးတွေရွေးပြီး သိပ်ပြီး မနုမရင့် နှစ်ရွက်အား ကျောချင်းကပ်၍ စတင် မှုတ်ပါပြီ။

'ဝီ... ဝီ... ဝီ...'

'ဝီ... ဝီ... ဝီ...'

'ဝီ... ဝီ...'

'ဝီ... ဝီ...'

'ဝီ... ဝီ... ဝီ... ဝီ...'

မိုးကျော်အောင်သည် အသံတိုတိုကို များများမှုတ်၏။ အသံရှည်အား တစ်ခါတစ်ခါမှသာ မှုတ်သည်။ ဖက်မှုတ်သည်ဆိုရာဝယ် တောထဲတွင် ပေါက်ဖွားသော ချေ၊ ဒရယ်၊ ဆတ်စသည့် အကောင်ပေါက်ကလေးတွေအသံနှင့်တူအောင် မှုတ်ရသည်။

'ဝီ... ဝီ...'

'ဝီ... ဝီ...'

'ဝီ... ဝီ...'

'ဝီ... ဝီ... ဝီ... ဝီ...'



'ဝီ... ဝီ... ဝီ..., ဝီ...'

သားပေါက် အကောင်ငယ်လေးများသည် မိခင်နှင့်ကွဲပြီး အိုးတုယ်သံ၊ ကြောက်လန့်တကြားရှိနေသံများဖြစ်ကာ မိခင်အား ရှာဖွေရင်း အသံကုန်အော်ဟစ်နေသည့်အသွင် ပေါ်အောင် မှုတ်ရ၏။ ထိုသို့ ဖက်မှုတ်ခြင်း၊ ဖက်စုပ်ခြင်းမှ ဖြစ်ပေါ်လာသောအသံကြောင့် ကြားရသည့် ချေ၊ ဒရယ်၊ ဆတ် အထီးအမတွေမှာ အသံကြားရာသို့ ရောက်လာတတ်၏။

'ဝီ... ဝီ...'

'ဝီ... ဝီ...'

'ဝီ... ဝီ... ဝီ...'

'ဝီ... ဝီ... ဝီ... ဝီ...'

သားပေါက် အကောင်ငယ်လေး အသံကြောင့် အကောင်ကြီးတွေ မထွက်ဘဲမနေ ထွက်လာတတ်ပါ၏။ ထွက်လာသောအခါ စောင့်ဖမ်းရုံသာ ကျန်တော့မည်။ အလွယ်တကူ ပစ်ခတ်၍ ရနိုင်သည့် မြင်ကွင်းကောင်းခြင်း၊ အောက်ခြေရှင်းခြင်း၊ ကျွန်းတောဖြစ်ပြီး တောင်စောင်းဖြစ်သောကြောင့် ပစ်ခတ်ရ လွယ်ကူပါသည်။ စိတ်ကြိုက်ပစ်ခတ်၍ ရပါ၏။

သို့ပါသော်လည်း အန္တရာယ်ကား ကြီးမားလှသည်။ အဘယ့်ကြောင့်ဆိုပါမူသော် ဖက်မှုတ် ဖက်စုပ်သည့်မှာ ချေ၊ ဒရယ်၊ ဆတ်စသည့် မုဆိုးအကြိုက် သားကောင်၊ မုဆိုးအား အရေးအားဖြင့် အန္တရာယ်မပြုနိုင်သည့် သားကောင်တွေဖြစ်ပါ၏။ သို့သော်လည်း ထိုအကောင်ပေါက်ကလေးတွေအား နှစ်သက်သော လူမုဆိုးကဲ့သို့ တောမုဆိုးကျားဆိုးကြီးတွေ

www.burmeseclassic.com



ရှိပေသေး၏။

ထိုကျားဆိုးကြီးတွေမှာလည်း သားကောင်လေးအသံကြောင့် တစ်နေ့လုံး အိပ်ရေးဝနေရာမှ အသံလာရာသို့ ထွက်ခဲ့ပါပြီ။ ထိုအခါ သားကောင်ငယ်မတွေ့ဘဲ သားကောင်ကြီးတွေ ချေ၊ ဒရယ်၊ ဆတ်တို့အား အချောင်ဝင်ရောက် အစာလုတတ်သည်မှာ မဆန်းပါ။ ဆန်းသည်ကတော့ သားကောင်ငယ်လည်း မတွေ့၊ အကောင်ကြီးလည်း မလာပါက အသံကြားသည့် ခြုံဘက်သို့ ချောင်းမြောင်းရောက်ရှိလာသည့်တွင် ဖက်မှုတ် ဖက်စုပ်သူအတွက် ကြီးမားသော အန္တရာယ်ပင်။ သို့အတွက်ကြောင့်ပင် ဖက်မှုတ်သူသည် လွယ်မယောင်နှင့် ခက်သည့် အလုပ်တစ်ခုကို စွန့်စွန့်စားစား လုပ်ရခြင်းသာဖြစ်ပါ၏။

'အင်း… မိုးကျော်တော့ လိပ်ခေါင်းထွက်တော့မှာပဲ'

တင်မြတ်သည် မိုးကျော်အောင် ဖက်မှုတ်မှုအား နားထောင်ရင်း တွေးလိုက်၏။ ဘာကောင်မျှ မထွက်ပါ။ မိုးကျော်အောင်မှုတ်သည်မှာလည်း တော်တော့်ကို ပီပီပြင်ပြင် ဖြစ်သော်လည်း သားကောင်မထွက်။ စောင့်ရသော တင်မြတ် စိတ်ရှုပ်လာသည်။

ကျွန်တော် ပြောထားပါသည်။ မိုးမချုပ်ခင်သာ ဖက်မှုတ်မည်။ အနည်းငယ် မှောင်လာလျှင် ကျွန်တော်တို့သုံးယောက် စခန်းပြန်မည်ဟု ပြောထားပြီးသား။ ယခုလို သားကောင်မထွက်မှတော့ စခန်းပြန်ရရုံသာ ရှိတော့၏။ သို့သော် မိုးကျော်အောင် ဖွဲ့မလျှော့ပါ။ ဆက်မှုတ်နေ၏။





'ဝီ… ဝီ… ဝီ…'

'ဝီ… ဝီ… ဝီ… ဝီ…'

'ဝီ…'

'ဝီ…'

'ဝီ… ဝီ… ဝီ…'

မိုးကျော်အောင် ခေတ္တ နားလိုက်၏။ ကျွန်တော်လည်း မှောင်ရီမသန်းခင် လူပြန်စုမည်ဟူသော အတွေးဖြင့် ကျွန်းဝင်ကြီးဘေးမှအထ နားထဲသို့ ခြေသံကြားလိုက်ရသည်မှာ ပြေးလွှားလာသော အသံတစ်သံကြောင့် ချေတစ်ကောင်ဖြစ်ရမည်ဟူသော အသိဖြင့် အသာကာပ်ရင်း ကြည့်လိုက်သည်တွင်…

'ဖျောက်… ဖျောက်… ဖျောက်… ဖျောက်'

'ဝီ… ဝီ…'

'ဖျောက်… ဖျောက်'

'ဖောက်… ဖောက်… ဖောက်…'

'ဟာ…'

ကျွန်တော် လန့်သွားမိသည်။

'အို…'

တင်မြတ် တုန်လှုပ်သွား၏။

မိုးကျော်အောင်သည် ရှေ့မှပြေးလာနေသော ချေတစ်ကောင်ကို တွေ့၍ ဝမ်းသာအားရမှုဖြင့် ပီပီပြင်ပြင် ချွဲချွဲပျစ်ပျစ် မှုတ်ညှစ်ပြီး တပီပီဖြင့် ဖက်မှုတ်နေရာရှေ့တည့်တည့် ပြေးလာသည့် ချေတစ်ကောင်နှင့် ကျားကြီးတစ်ကောင်

www.burmeseclassic.com



'ဒိုင်း…'
'ဒိုင်း…'
'ဝေါင်း…'
'ဝုန်း… ဘုန်း…'
'ဝုန်း… ဝေါင်း… ဝေါင်း… ဝေါင်း…'

ကျွန်တော်သည် ချေအား ပစ်၏။ ကျွန်တော်ကဲ့သို့ တင်မြတ်သည်လည်း အကြီးတူ စိတ်ကူးတူစွာဖြင့် ထိုချေအား ပစ်သည့်တိုင် ကျည်နှစ်တောင့်သည် ချေအား တောင်းစွာထိမှန်ပြီး ချေ၏ထခုန်ပြီး ပြန်အကျ ပစ်ခတ်မှုဒဏ်ကြောင့် လဲအကျ သူနေရာတွင်မှ ကုတ်ရိုက်လာသော တောမှုဆိုးကျားကြီးသည် သေနတ်သံနှစ်ချက်နှင့်အတူ အရုပ်ကြိုးပြတ် လဲကျသွားသော ချေအားမကိုက်ဘဲ ဝုန်းခနဲမြည်အောင် ထခုန်ရင်း နောက်သို့ လန်လဲကျသွားလေ၏။

တောမုဆိုး ကျားကြီးသည် သေနတ်သံ နှစ်ချက်ကြောင့် သူ၏မထင်မှတ်မှုနှင့် ပေါက်ကွဲမှုအသံများကြောင့် နောက်သို့ လန်လဲသွားရာမှ အတင်းကုန်းထရင်း အောက်ဘက် ကိုင်းတောဘက်သို့ ဟိန်းဟောက်ရင်း သက်ငယ်တောထဲသို့ အတင်းဝင်ရောက် ပြေးသွားပါပြီ။

'တင်မြတ်'
'ဗျာ'
'မြန်မြန်ကောက်ကွာ'
'ဟုတ်ကဲ့'

ကျွန်တော့် တင်မြတ်အား ချေအားကောက်ယူစေပြီး





သုံးယောက်သား ခပ်သွက်သွက်ကလေး တောင်စောင်းအား ကျော်ပြီး တောင်အောက်စခန်းသို့ ခပ်သွက်သွက်ကလေး ပြန်ခဲ့ပါသည်။

ပြန်ရသည့်လမ်းမှာ လမ်းကြောင်းတော့ မဟုတ်ပါ။ ကျွန်တော်တို့သိပြီးသား တောင်စောင်းအားပတ်၍ လျှိုငယ် ကိုင်းတော သက်ငယ်တောအား ဝေတစ်ရာခန့်ခွာပြီး ယှဉ်၍ ဆင်းခဲ့ခြင်းသာ ဖြစ်ပါသည်။ လမ်းတော့ရှိသည်။ လမ်းမှာ သက်ငယ်နှင့် အပင်ခြုံနွယ်ဘေးမှာ ယှဉ်ပြီး လူသွားလမ်းရှိသော်လည်း ကျွန်တော် လမ်းကြောင်း မသုံးပါ။ လမ်းကြောင်း မသုံးဘဲ တောင်စောင်း ကျွန်းတောသုံးရသည်မှာ အကြောင်း ရှိပါ၏။

ကျွန်းတောလမ်း မဟုတ်သည့် ကျွန်းပင်တွေ၏ တောင်စောင်းသည် အောက်ခြေလည်း မရှုပ်ပါ။ အပင်ကြီးတွေပေါ်မှာ ကျားသစ်မနေနိုင်သည့်အပြင် အခြားသားကောင်လာပါကလည်း ကြောက်စရာမလို။ ကြိုတင်မြင်နိုင်သော ကြောင့် လမ်းမသုံးဘဲ ကျွန်တော် ရွေးဆုံးမှဆင်း၏။ တင်မြတ်သည် ချေထမ်း၍ အလယ်မှာထားလျက် မိုးကျော်အောင်အား နောက်ပိုင်း တာဝန်ပေးခဲ့ခြင်းသာ ဖြစ်ပါ၏။

'ဝေါင်း… ဝေါင်း…'
'ဝေါင်း… ဝေါင်း…'
'ဝုန်း… ဝုန်း…'

ဆရာကျော်၊ ကိုင်းတောထဲမှာ
'အေး… နေပါစေကွာ'

www.burmeseclassic.com



'ကျွန်တော် ခြောက်လိုက်ရမလား'

'ဘုန်း… ဝုန်း…'

မိုးကျော်အောင်သည် ခြောက်လိုက်ရမလား စကားပင် မဆုံးသေး။ သူ၏လက်ထဲမှ ကျောက်တုံးဖြင့် ကိုင်းတောဘက်သို့ ပစ်ပေါက်လိုက်ပြီးပြီ။ အပြောပင် နောက်ကျနေသေးသည်။ မိုးကျော်အောင်သည်လည်း လက်မြန် ခြေမြန်သမား။ သူ့ကြောင့် ကျွန်တော်ပင် သေနတ်မှန်တော့မလို ကြုံခဲ့ရဖူးပါသည်။

ကျွန်တော်က ဖမ်းမိထားသော တရားခံအား စစ်ဆေးနေသည်။ ထိုတရားခံ ရန်သူ့ထံမှ ပစ္စတိုတစ်လက်ရရှိပြီး ကျည်အိမ်လည်း ထုတ်ပြီးပြီ။ ပြောင်းရင်းထဲမှာလည်း ရှင်းလင်းပြီးသဖြင့် ဘေးသို့ချထားစဉ် မိုးကျော်အောင်သည် ပစ္စတိုအား တစ်ဖျောက်ဖျောက်ဖြင့် ပစ်၏။ ပထမတစ်ချက်မထွက်၊ ဒုတိယတစ်ချက်မထွက်၊ တတိယအချက်အရောက်…

'ဒိုင်း…'

'ဟာ…'

'မိုးကျော်တို့ကတော့ လုပ်ပြီ'

'ဘာဖြစ်သွားသေးလဲ'

'ဘာမှမဖြစ်ပါဘူး ဗိုလ်ကြီး'

တကယ်တော့ မိုးကျော်အောင် ပစ်ခတ်မှုသည် ကျွန်တော်၏ ယာဘက်နားထင်ဘေးမှကပ်ပြီး ကျွန်တော့်နောက်မှာ ကာထားသည့် အကာပျဉ်ပြားအား ထိမှန်ဖောက်ထွက်သွားခြင်း ဖြစ်ပါ၏။



ကျွန်တော်နှင့် အလွန်ဆုံးကွာ တစ်ထွာတစ်မိုက်၊ မိုးကျော်အောင်လည်း လန့်သွား၏။ ရန်သူပင်လျှင် တုန်လှုပ်သွားသည်။ ကျည်ဆံထွက်သွားပြီး ထပ်မံ၍ ပြောင်းအားရှင်းရာ ကျည်ဆံအခွံမှာ လုပ်ကျည်ဆံဖြစ်လျက် ကျည်ရိုက်တံ၏ ကျည်ကော်မှုတွင် ပြန်ပါမလာဘဲ ပြောင်းရင်းတွင် ဂျမ်းဖြစ်နေသော ကျည်ဆံဖြစ်သည့်အပြင် တွတ်ပီပြုလုပ်မှု သေသပ်သော်လည်း သုံးချက်မြောက်မှ ထွက်ခဲ့ခြင်းသာဖြစ်၏။

ကျွန်တော် မိုးကျော်အောင်အကြောင်း ကောင်းကောင်းသိ၏။ အစစအရာရာ လက်တည့်စမ်းချင်သောစိတ်၊ စူးစမ်းလိုသည့်သဘော အမြဲရှိ၏။ လူက တချို့နေရာတွင် အသွက်လွန်နေ၏။

တစ်ခါကလည်း ဗိုလ်ကြီး၏ဂျစ်ကား ရုံးဘေးတွင် ရပ်ထားစဉ် သော့တန်းလန်းရှိသဖြင့် သော့ဖွင့်၍တက်မောင်း၏။ အရှိန်မထိန်းနိုင်ဘဲ တယ်လီဖုန်းတိုင် ဝင်တိုက်ရာ ဖုန်းကြိုးတိုင်ကြီး ကားပေါ်လဲကျသော်လည်း ရှေ့မှန်တွေမထိခိုက်။

'မိုးကျော်ရေ'

'ဗျာ… ဗိုလ်ကြီး'

'ဘာဖြစ်သွားသေးလဲ'

'ကား ဘာမှမဖြစ်ပါဘူး'

'မင်းကောကွ'

'ဟဲ… ဟဲ… ဟဲ… ကျွန်တော်လည်း ဘာမှမဖြစ်ပါဘူး၊ ဖြစ်တာကတော့ ဖုန်းတိုင်နည်းနည်းကျိုးသွားသေးတယ်'

ဗိုလ်ကြီးသည် မိုးကျော်အောင်ပြော၍ ထွက်ကြည့်

www.burmeseclassic.com

www.burmeseclassic.com



ဖါ၊ မိုးရွာ၍အဆောင်မှာ စပ်မြိုမြိုနှင့် ကားအောက်တွင်ရပ်ရင်း တဆိတ်ဆိုနှမ်းတိုင်အား ရွှန်းရွှေနေ၏။ တော်ပါသေးသည်။ မှန်ကြီးတွေ မြွက်မတျှပါ။

'မိုးကျော်'

'ဗျာ'

'အား ... မင်းပြောတဲ့ မှန်းတိုင် နည်းနည်းကျီးတော ပါနော်'

'ဟာ ... ဖြဲ ... နည်းနည်းပါ ဖိုလ်ကြီး'

'အေးလေ ... ခဲရာဇကျော်ရေး ဟိုမှာကြည့်ပါဦးကွ၊ နည်းနည်းတဲ့၊ မှန်းတိုင်အောစော့ခြေပြတ်သွားတာ နည်းနည်းတဲ့၊ တော်တော်နောက်တဲ့အကောင်ပဲ'

ဗိုလ်ကြီးသည် ချိုချဉ်ဂျစ်ကားအား ဘောမျှမကြည့်။ ကားပေါ်တက်၍မောင်းရင်းမှ ကျွန်တော့်အား မှာကြားခဲ့သည်မှာ မှန်းတိုင်အား ဆက်၍သွယ်ရေးအဖွဲ့ခေါ်ပြီး ပြင်လိုက်ပါ။ အယ်သူ့ကြောင့်ရှိ ပြောမနေနဲ့ ဗိုလ်ကြီးပြင်ခိုင်းသည်ဟူသော ပြောရန် မှာကြားသွားခဲ့ပါသည်။

ဗိုလ်ကြီးသည် ကျွန်တော်တို့အပေါ် အင်မတန်ခင်မင်သည့်အပြင် ညီအစ်ကိုတမျှ အစစအရာရာ ကြိုတင်သတိပေးတတ်သူ၊ နည်းပေးလမ်းပြ လုပ်တတ်၏။ ကျွန်တော်တို့ထက် ဆယ်နှစ်မျှကြီး၍လည်း ကျွန်တော်တို့သည် အစ်ကိုကြီးလို လည်း လေးစားရပါ၏။

ပြီးပြီးသွားတော့အတွက် ဘယ်သူကိုမျှ အပြစ်မပြော။ သို့သော် မောင်မဖြစ်အောင်သာ သတိထားကြရန် သူ့ခွင့်လွှတ်



မှုကိုတော့ဖြင့် လေးစားလိုက်နာပါ၏။ အပြစ်ပေး အရေးယူခြင်း မပြုလုပ်ခဲ့ပါ။ သွားအတူတူ စားအတူတူ တွေဟူသော အသိဖြင့် ညာတာ ထောက်ထားတတ်၍လည်း ကျွန်တော်တို့မှာ အမှုအယွင်းနှင့်အတူ ဗိုလ်ကြီးအပေါ် ဘယ်တော့မှ ဒုက္ခမပေးမိအောင် နေကြပါသည်။

ယခုလည်း၊ ခြောက်ဆိုက်မည်တဲ့။ ဆက်မဆုံးသေး၊ ကျားကြီးအား ခြောက်လှန့်သော ကျော်တက်ခဲစိစ်လုံးသည် ဘုန်းဟူသော အသံ၊ ကျားကြီးထခုန်သော ဝုန်းဟူသောအသံတွေ ရောထွေးသွားပါပြီ။ ကောင်းတော့ တောင်းပါသည်။ တောမှဆိုးကြီးမှာ သက်သေနှင့် ခြုံပယ်တွေအကြား တိုးဝင်ပျောက်ကွယ်သွားလေပြီ။ ဆက်၍လိုက်စရာလည်း တောတန်းမရှိတော့။ ကျွန်တော်တို့ စခန်းဝေါင်ကုန်းဘက် ပြန်ခဲ့ရာ တောနှင့်စခန်းကျေးရွာ ပေငါးရာခန့် တောရှင်းထား၍ ဘာကောင်မျှ မလာနိုင်ကြောင်း သိရပါပြီ။

'တင်မြတ်'

'အေး'

'ငါထမ်းဦးမယ်လေ'

'ဆရာကျော်'

'ဘာလဲ တင်မြတ်'

'မိုးကျော်တို့ကတော့ လက်မြန်ခြေမြန်ပဲနော်'

'အေး'

'အောင်မလေး ... ငါ့လက်မြန်လို့ ကျားကြီးထွက်ပြေးသွားပြီလေ'

www.burmeseclassic.com



'ခွေးကောင်၊ ကျားကြီးလိုက်ရအောင် ဘယ်မှာလဲ တော၊ တောလည်းမရှိ၊ လွင်ထီးခေါင်ခေါင်သာ လိုက်ကြည့်ပါလား ကွ၊ ဟား… ဟား… ဟား… ဟား'

'အေး… ဟုတ်သားပဲ၊ ငါက ငါပစ်လိုက်လို့ ထင်နေတာ'

'မင်းပစ်တာလည်း ကောင်းပါတယ်၊ တောလည်းဆုံးတော့ ဒီကောင်ကြီး နောက်ကြောင်းပြန်သွားရှာပဲပေါ့'

'ဆရာကျော်'

'ဘာလဲ မိုးကျော်'

'ဖက်မှတ်ရတာ လက်ချောင်းတွေ တော်တော်နာတယ်'

'အေး… ဟုတ်တယ်၊ ငါလည်း နားထောင်ရင်း တွေးလိုက်သေးတယ်'

'ဘယ်လိုတွေးတာလဲ'

'သြော်… မင်းမှတ်ရတာ တော်တော်ပင်ပန်းနေပြီ၊ ဒီကောင်တော့ လိပ်ခေါင်းထွက်တော့မှာပဲလို့ တွေးမိတာပေါ့ကွ'

'အေး… ငါသာလိပ်ခေါင်းထွက်ရင် အဲဒီလိပ်ခေါင်းဖြတ်ပြီး မင်းကို သုပ်ကျွေးမယ်လို့ ငါကလည်း စဉ်းစားနေတာဟ'

'ထွီ… ခွေးကောင်၊ တော်တော်ညစ်ပတ်'

'ဟား… ဟား… ဟား… ဟား…'

ကျွန်တော်တို့ စခန်းပြန်ရောက်တော့ ရွာလူကြီးတွေ



ရောက်လာကြောင်း၊ ရွာသားကိုလောဟူ၏ အိမ်တွင် အလှူရှိ၍ လာဖိတ်ကြောင်း၊ မနက်ဖြန်မနက် ဆွမ်းကပ်မည်ဖြစ်ပါကြောင်း၊ ကျွန်တော်တို့အား ဆက်ဆက်လာခဲ့ပါရန် မှာကြားကြောင်း သိရသဖြင့် မိုးကျော်အောင်နှင့် တင်မြတ်တို့မှ…

'ဆရာကျော်၊ ချေတစ်ပေါင်လောက် သွားပို့ချင်တယ်'

'အေး… ကောင်းတာပေါ့ကွာ၊ လုပ်ကြလေ'

'ဟုတ်ကဲ့၊ ဒါဆို ကျွန်တော်တို့ အမြန်စီစဉ်မယ်။ ဆရာကျော် စောင့်နေဦး'

'အေးပါ'

မိုးကျော်အောင်နှင့် တင်မြတ်တို့သည် စခန်းရှိ အခြားရဲဘော်များနှင့် ချေအားဝိုင်းဖျက်ပြီးနောက် ခြေပေါင်တစ်ပေါင်အား ငှက်ပျောရွက်ဖြင့် ပတ်ကာ ကျွန်တော်တို့သုံးယောက် ကိုလောဟူ၏အိမ်သို့ ရောက်ရှိသွားပါသည်။

'ရော်… ဆရာကျော်တို့ပ၊ ဝမ်းသာတာပ'

'ဗျို့… ကိုလောဟူ'

'ကိုတင်မြတ်၊ ဘာလဲပ'

'ဒီမှာ ချေပေါင်တစ်ပေါင် ယူခဲ့တယ်၊ မနက်ဖြန် ဘုန်းကြီးပွဲအတွက် ဟင်းလျာတစ်မျိုးတိုးတာပေါ့'

'ရော်… အားနာတာပ'

'ကိုလောဟူရေ… ကျွန်တော်တို့လည်းရှိတာ ကူညီရတာပဲ၊ ဟင်းတစ်ခွက်တိုးတာပေါ့၊ မိုးကျော်နဲ့ တင်မြတ် သတင်းကြားတာနဲ့ လှူချင်နေကြတာဗျ'

'ရော်… ဆရာကျော်၊ ဝမ်းသာတာပအေး၊ ကျေးဇူး

www.burmeseclassic.com

www.burmeseclassic.com



တင်တာပေ၊ အနောက်လည်း မောဲမောဲကြွတာပဲ'

'ဟုတ်ကဲ့၊ မောဲမောဲကြွပြီး မောဲမောဲသားမှာနော်၊ ဟဲ့... မသား... ဟား... ဟား'

ကျွန်တော်တို့သုံးယောက် ခဏတဖြုတ်သာ နေခဲ့ပြီး ပြန်ခဲ့ပါသည်။ သူတို့လည်း ချက်ကြပြုတ်ကြနှင့် အလုပ်ရှုပ်နေကြ၏။ ကျွန်တော်တို့ ရွာမှထွက်ပြီး စခန်းတောင်ကုန်းပေါ် ပြန်အတက်၊ အခင်းတွင် ဆက်နေသော စမ်းချောင်းဘေးလောက်မှ အသံတစ်သံ ကြားရပါသည်။ ထိုအသံမှာ ကြားရခဲလေသော အသံမျိုးဖြစ်သည့်အပြင် ကျွန်တော်တို့သုံးယောက်ပင်လျှင် ခြေစုံရပ်ကြပြီး အသံလာရာသို့ နားစွင့်ခန့်မှန်းနေကြ၏။

'ဝေါင်း...'

'ဝေါင်း'

'ဝေါင်း'

တောင်ပေါ်ကမဟုတ်ကြောင်း ကောင်းကောင်းသိလိုက်၏။ တောင်ခြေကျွန်းတော၏ အောက်ဘက်စမ်းချောင်းဘက်မှ ဟိန်းဟောက်နေသော တောမုဆိုးကျားကြီးတစ်ကောင်၏ အသံပင်။ တစ်ခါမှ ကျားဟိန်းသံ မကြားရပါ။ မရပါပြောရမည်ထက် မကြားပါဘူးဟု ပြောရပါက ပိုမိုမှန်ကန်ပါ၏။ ဤတောင်ခြေအခင်းဘက်သို့ ကျားဆင်းသံ မကြားဖူးပါ။

'ဝေါင်း...'

'ဝေါင်း...'

'ဝေါင်း...'



'ဆရာကျော်၊ အံ့သြစရာပဲ'

'အေးရှေ့ပေါ့ရေး ကောင်းကောင်းပဲကွယ၊ သူ့အတွက် အကူအသိ အကျန်အသေ ဘယ်ရှိမှာလဲကွ၊ ချုပ်ရှင်ရှေ့ သွားပြီး ဒေါ်သွက်လည်း ဟိန်းတဲ့တွေ ခြောက်လှန့်တာတွေ ရှိမှာပေါ့'

'မုဆိုးတွေကြားအောင် တမင် ဟိန်းဟောက်ပြနေသလားပဲ'

မိုးကျော်အောင်၏ စကားကို ကျွန်တော် တစ်ချက် ထင့်ခနဲဖြစ်သွားလို့ အတွေးသစ်တစ်ခု ရသွားသည်။ လင်းလက်သွားခဲ့၏။ မုဆိုးတွေကြားအောင် တမင်ဟိန်းဟောက်ပြနေသလား ဆိုသော စကားနှင့် ကျားဟိန်းသံ ဆက်စပ်မှုတစ်ခုတော့ ဖြစ်၍ ဆက်နွယ်နေသည်လား။ မဟုတ်ပါစေနဲ့။ သူ့ဘာသာသူဖြစ်ရှေ့ မိတ်လိုက်ရန် အသံပေးသည့်လား။

ကျွန်တော့် ဟိုတွေး၊ ဒီတွေးတွေးရင်း စခန်းရောက်ပြီးနောက် တောမုဆိုးကျားအကြောင်း ပြန်တွေးနေမိသည်။ ကျား ဆိုသော သတ္တဝါကြီးမျိုးသည် အထီးအမ တွဲမနေကြ။ မိတ်လိုက်ချိန် ရောက်သော တွဲနေတတ်ကြောင်းလည်း သိရ၏။ မိတ်လိုက်သည့်မှာ ကျားဆိုသော သတ္တဝါတွေ၏ ရာသီကန့်သတ်ချက် မရှိကြပေ။ မီးဖွားမည့်ကာလမှာလည်း သုံးလခွဲ၊ သုံးလခွဲမျှ ကြာတတ်၍ တစ်ကြိမ်လျှင် နှစ်ကောင်မှ သုံးလေးကောင်အထိ မွေးတတ်၏။ ကျားပေါက်စလေးတွေမှာ မိခင်နှင့် နှစ်နှစ်သုံးနှစ်အထိ နေတတ်၍လားမည်။ ကျားမများသည် သုံးနှစ်ကျော် လေးနှစ်မှ တစ်ကြိမ်သာ မွေး

www.burmeseclassic.com

တတ်ကြ၏။

ကျားမများ၏ မိတ်လိုက်မှုအား ကျွန်တော်၏ ဆရာကြီး ပြောပြဖူးသည်မှာ ကျားမများ ဆောင်းရာသီတွင် အများဆုံး မိတ်လိုက်တတ်ကြောင်း၊ မိတ်လိုက်လိုသည့် အာသီသဖြစ်ပေါ်လာလျှင်လည်း တစ်ကောင်တည်း သွားလာနေသော ကျားမများသည် ကျားထီးအား မြူဆွယ်သော အသံပေးတတ်၏။ တစ်ဖန် မိတ်လိုက်လိုသည့် ဆန္ဒဖြစ်စေသော အနံ့အသက်ပေးတတ်သည်တွင် ကျားထီးများအား ဆွဲဆောင်လေ့ရှိကြောင်း သိရ၏။ ထိုသို့ မိတ်လိုက်လိုသည့်နေ့ရက်အတွင်း ကျားအထီးများနှင့် မတွေ့မကြုံပါက တစ်လခွဲကျော်ကျော်တွင် နောက်တစ်ကြိမ် ဆန္ဒပေါ်တတ်ကြောင်းလည်း ကြားသိရပါ၏။

ကျားပေါက်ကလေးများမှာကား ငယ်ငယ်ရွယ်ရွယ်တွင် သစ်ပင်တက်လေ့တက်စရှိသော်လည်း အကောင်ကြီးသည့်အခါမှာတော့ သစ်ပင်မတက်ကြတော့ပါ။ အကောင်မှာ အင်မတန်ကြီးလာ၍ သစ်ပင်တက်ခြင်း မပြုတော့ပါ။ ကျားသတ္တဝါသည် ရေကိုနှစ်သက်၏။ ရေစိမ်တတ်၏။ ရေလည်း ခဏခဏ သောက်၏။ အစာစားလျှင် ရေပိုသောက်၏။ သဘောမှာ အစာစားရန် ဆန္ဒပြင်းပြပြီး သားကောင်ရရှိ စားသောက်လျှင် အနည်းဆုံး အသားချိန် ရှစ်ပိဿာ ကိုးပိဿာအထိ စားသည့်အပြင် အစာလောကြီး၍ စားလိုက်၊ ရေသောက်လိုက်၊ ပြန်စားလိုက်၊ သို့အတွက်ကြောင့် စမ်းချောင်းရေအိုင် စသည့် ရေနှင့်နီးသည့်နေရာအနီးအပါးတွင် စားသောက်လေ့ရှိကြောင်း





ကောင်းကောင်းသတိထားမိ၏။ အစာတစ်ဝစားပြီးပါကလည်း အနည်းဆုံး သုံးရက်ခန့်အထိ အိပ်စက်ခြင်း၊ ရေစိမ်ခြင်းဖြင့် အပျင်းကြီးသော သတ္တဝါကြီးတွေဖြစ်ကြောင်း ဆရာကြီးမှ ပြောပြပါသည်။

နောက်တစ်ခု ကျားဆိုသောသတ္တဝါသည် မှတ်ဉာဏ်ကြီး၏။ အကင်းပါး၏။ ဒေါသအဖြစ်မြန်၏။ တန်ပြန်တိုက်ခိုက်တတ်သည့်အပြင် ဆင်ခြင်တတ်၊ ချင့်ချိန်တတ်သည့် သဘောလည်း အပြည့်အဝရှိပြီး သူ၏ခန့်မှန်းချက် တွက်ချက်တတ်မှုမှာ အံ့သြစရာ ကောင်းလှပါသည်။ ဘယ်အနေအထားမှနေ၍ သားကောင်အား ဘယ်နေရာကို အမိအရ ခုန်အုပ်လို့ရသည် မရသည်ကိုလည်း သိပါ၏။ တစ်ဖန် သူ ခုန်အုပ်လိုက်ပါက သားကောင်၏ ရွေ့လျားမှု ရွေ့တိုးနောက်ငင်မှအစ တွက်ချက်တတ်သည်။ သူ၏ အဟာရအစားအစာ သားကောင်တွေ၏ အထာကိုလည်း ကောင်းစွာသိထားကြသော အသိဉာဏ်ရှင် ဖြစ်၏။

သို့အတွက် အကင်းပါးသော ကျား၊ တောမုဆိုးကျားသည် သားကောင်ပေါသော တောနက်ကြီးတွေတွင် အနေများသော်လည်း ရေနှင့်နီးစပ်ရာတွင် အများအားဖြင့် နေတတ်သည့်အပြင် ရွာခြေကပ်၍ ရွာထဲဝင်၍ အခင်းတွေထဲဝင်၍ လူမွေးတိရစ္ဆာန် ကျွဲ၊ နွား၊ ဆိတ်၊ ခွေးမှအစ ကြက်၊ ဘဲအဆုံး အလစ်သုတ်ရဲ၏။ တစ်ဖန် အိမ်မွေးခွေးများကိုလည်း အလွန်ကြိုက်နှစ်သက်ရာမှ လူသားစားဖူးသော ကျားဆိုးသည် နောက်တစ်ကြိမ် အကြိမ်ကြိမ်စားရန် ဝန်မလေးတော့။ လူသားစား

www.burmeseclassic.com



ရှိန်း ကြိုးစားကြ၏။ ...
... ဆရာကျော်၊ ဆရာကျော် ...
... ပြော ... အေး ...

'အိပ်လှချည်လား၊ ရွာထဲသွားမယ်လေ' ...

... တင်မြတ် လှုပ်နှိုးမှ ကျွန်တော် သန့်နိုးပါသည်။ ကျား အကြောင်းတွေးရင်း ... တွေးရင်း အယ်အချိန် အိပ်ပျော်သွား သည်ပင် မသိတော့။ ... ကြည့်သောအခါ ရှိန်မှာရိုးပါပြီ။ ကျွန်တော် ... လူးလဲထထား ကိုယ်လက်သန့်ရှင်း အဝတ်လဲလိုက်၏။

'ဆော် ... ဆရာကြီးတို့ နောက်ကျတာပဲ'

'ခြော် ... သူကြီးအဘလုံ၊ ကိုစကားနဲ့တူနေပြီဗျ'

'ရော ... ဘာစကားလဲ'

'ခြော် ... မြန်မာစာဖော့ ရှမ်းတော်ပြန်လေ'

'ဟား ... ဟား... ဟား ... ဟား... ဟုတ်တာပေ ဟုတ်တာပ'

'ရော် ... ဆရာကျော်၊ ကိုမိုးကျော်နဲ့ ကိုတင်မြတ်ပါ၊ အားကြီးနေရောက်ကျတော့ ... ဘုန်းဘုန်းတို့ ပြန်ကြွသွားတာ ပါအေး'

'ကိုလောဟူတို့ စားပြီးပြီပေါ့'

'ရော် ... ဆရာတို့ရောက်တော့ နောက်ထပ်တစ်ကြိမ် စားရတာပဲ၊ ဟား ... ဟား ... ဟား'

'မိုးကျော်ရေ'

'ဟော ...'



'မင်းလိုပဲကွ၊ စကင်းခေါင်းဆွဲတော့မယ်တဲ့၊ ဟား… ဟား… ဟား… ဟား'

ကျွန်တော်တို့ ထမင်းစားကြပါသည်။ ရှမ်းထမင်း သည် အောက်ပြည်အောက်ရွာမှ ကောက်ညှင်းဆန်ကဲ့သို့ အစေ့ တဝင်းဝင်းနှင့် အိနေသည်ကို ရှမ်းဆန်ဟုခေါ်သည့်အပြင် ခတ်ချိုဆန်ဟုလည်း ခေါ်ဝေါ်ကြ၏။ ထိုရှမ်းဆန်ထမင်းအဆီ နှင့် အိနေသည့်အထဲ ဝက်သားဟင်း၊ ကြက်သားဟင်းအပြင် ကျွန်တော်တို့ပေးခဲ့သော ချေသားဟင်းလည်းပါ၏။ အကောင်း ဆုံးမှာ မုညှင်းစော်နှင့် ပကပ်တစ်(မုညှင်းချဉ်)ကြောင့် ကျွန် တော်တို့ ထမင်းစား၍ ဝင်လှပါသည်။ တင်မြတ်နှင့် မိုးကျော် ကြိုက်သော ရေပ်သီးစိမ်းအား ကြက်သွန်ဖြူနှင့် ထောင်းသော ရေပ်သီးရှမ်းထောင်းမှာ အရမ်းကိုစပ်ပြီး ရေပ်သီးစိမ်း၏ အနံ့ က မွှေး၏။ ကြက်သွန်ဖြူကလည်း မွှေးနေသဖြင့် ခံတွင်းတွေ့ စရာတော့ ကောင်းလှပါသည်။ ကျွန်တော်က အစပ်ကြောက်၍ သိပ်မစား။ မိုးကျော်အောင်နှင့် တင်မြတ်မှာတော့ တရှူးရှူး တရှဲရှဲဖြင့် အားမနာ ပါးမနာ စစ်သားပီပီ အစားကြီးကြပါ၏။

ထမင်းဝိုင်းပြီးတော့ အချိုဝိုင်း။ အချိုဝိုင်းတွင် သူတို့ ဒေသအရပ် အနဆုပ်ဆိုသောမုန့်၊ မြေပဲကြော်၊ ပဲပွကြော်နှင့် ရေနွေးကြမ်း၊ ရေနွေးကြမ်းတွင် ခပ်ထားသော လက်ဖက် ခြောက်မှာ ရိုးရိုးလက်ဖက်ခြောက် မဟုတ်ပါ။ လက်ဖက်ခင်း မှ လက်ဖက်ဖူးကလေးများ ရွေးခူးပြီး ဝါးကျည်တောက်ထဲ ထည့်ထောင်းပြီး ထိုလက်ဖက်ဖူး အစိုအတောင့်အား နေ့အိမ် မီးဖိုပေါ်ရှိ ကြပ်ခိုးစင်တွင် နှစ်ချီ၍ထားသော လက်ဖက်ဖူး

www.burmeseclassic.com

www.burmeseclassic.com



အတောင့်ဖြစ်ပြီး လက်ဖက်ဖူးမှာ အောက်ပြည်အောက်ရွာ အခေါ် ကောက်ညှင်းကျည်တောက်၊ အထက်ဒေသအခေါ် ပေါင်းသင်းကဲ့သို့ အတောင့်အား ဓားဖြင့် တော်တော်လေး လှီးရ၏။ ထိုအတောင့်မှရသော အမှုန့်လက်ဖက်တောင့်မှုန့်အား ခပ်ထားပြီး သောက်ကြည့်ပါက အလွန်တရာ အရသာရှိသည့် အပြင် လက်ဖက်စိုနံ့လည်း သင်းပြီး မွှေးနေသည့်အပြင် အခါးအရသာမှာ လုံးဝပျောက်ကွယ်သွားပါ၏။

ထိုလက်ဖက်ရည်အား စိမ်ခံသောက်ကြသည့်သူများ လည်း ရှိ၏။ ထိုသူများမှာကား ဘိန်းရှုသူများအကြိုက်ပင်။ သူတို့ ဘိန်းရှုသူတွေအခေါ် ဖက်ခါးဆိုသည့် ထိုလက်ဖက်ဖူး အတောင့်မှာ လူတိုင်းမလုပ်နိုင်ပါ။ လက်ဖက်ခင်းမရှိသည့် အပြင် လက်ဖက်အတောင့်တစ်တောင့်အတွက် လက်ဖက်ဖူး လက်ဖက်ညွန့် တော်တော်သုံးရ၏။ ဝါးကျည်တောက်ထဲသို့ သိပ်နေအောင် ထောင်းထည့်ပြီးမှ အဝဆို့ထားရသည့်အတွက် လက်ဖက်ဖူး၊ လက်ဖက်ညွန့်တို့၏ အဆီရည်သည် အထဲတွင် ပင် ပြန်လည်ဝိတ်ဆို့ရင်း တဖြည်းဖြည်း အောက်မှ မီး၏အငိုး အငွေ့အပူဖြင့် ခမ်းခြောက်သွားသဖြင့် အမွှေးနံ့၊ အခါးအရ သာတွေ ကိန်းအောင်းနေခြင်းသာ ဖြစ်ပါ၏။

ကျွန်တော်တို့ ရေနွေးဝိုင်းသို့ ရွာသားနှစ်ယောက် ထပ် မံရောက်လာပြီး ရေနွေးသောက်ရင်း သူကြီးအား ပြောပြပါပြီး ကျွန်တော်တို့ကိုလည်း ကျွန်တော်တို့ မရင်းနှီးပါသော်လည်း သိနေကြပါသည်။

'ရော်… သူကြီးပအေး၊ ညက အံ့တာပ'





'ဘာဖြစ်တာပ စိုင်းလုံ'

'ရော… သူကြီးတို့ မကြားတာပအေး၊ ကျားကြီး တစ်ကောင် အခင်းတွေ ပတ်ပြီးဟောက်နေတာပ'

'ရော်… ကြားမိတာပ၊ ဘာလိုဖြစ်တာပအေး'

'ဟုတ်ပ၊ တစ်ခါမှ အခင်းဘက်ကျားမဆင်း'

'မှန်တာပ၊ ကျွန်တော်တို့ အခင်းထဲက မထွက်ရဲ၊ အခင်းထဲအထိ ဝင်တာပ'

'ရော… တော်တော် အတင့်ရဲတာပ'

'သူကြီးကို ပြောချင်တာပ'

'ဘာလဲပ'

'ရွာဦးက နတ်ကြီးစင်မှာ ပွဲတင်ရင်ကောင်းမှာပ'

'အင်း… ဒီနွေသဘက် ကြည့်ကြတာပ'

'သူကြီးပ'

'ပြောတာပ၊ အိုက်ပန်'

'ကျားဆိုတာ ရန်မစရဘူးပ၊ ရန်စရင် ရန်မူတာပလို့ အဘတို့ ပြောခဲ့ကြတာပအေး'

'ရော်… ဒါဆို နင်တို့ ကျားကိုသွားစတာပအေး'

'သူကြီးပ'

'ပြောတာပအေး'

'ကျွန်တော်တို့က ဘယ်လိုစရမှာပ၊ ကျားက တောထဲ နေတာ၊ သွားမစရဲ ကြောက်တာပအေး'

ကျွန်တော်သည် ကိုအိုက်ပန်ပြောသော စကားကြောင့် အနည်းငယ် အံ့ဩသလိုလို ထိတ်လန့်သည်တော့ မဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



တုန်လှုပ်သလိုလိုတော့ ရှိခဲ့မိသည့်အတွက် မိုးကျော်အောင်နှင့် တင်မြတ်တို့အား လှမ်းကြည့်လိုက်သောအခါ သူတို့နှစ်ယောက် လည်း ကျွန်တော့်ကို ပြန်ပြီးကြည့်နေကြပုံမှာ ဘယ်လိုလဲ ဆရာကျော်ဟူသော မေးခွန်းပုစ္ဆာတစ်ခုဖြစ်နေကြောင်း သတိ ပြုမိသည့်အတွက်…

'နေပါဦးဗျ ကိုအိုက်ပန်၊ အဲဒီကျားက အခင်းဘက် ဟိုတုန်းကလာဖူးလား၊ ဘယ်တုန်းက လာသလဲဗျ'

'ဇော်… ဆရာကြီးပ၊ ကျွန်တော်တို့အခင်းဘက် ဘယ်တော့မှ ကျားမလာပအေး၊ တောတောင်ထဲမှာတော့ တစ်ခါတလေလောက်ပဲ ကျားသံကြားဖူးတာပအေး၊ ရိုးရိုးကျား မဟုတ်တာပ'

'ဟိုပြီးခဲ့တဲ့နေ့တွေကလည်း မလာဘူးပေါ့'

'ရော… ခက်တာပ၊ ကျွန်တော့်တစ်သက် အခင်း ဘက် ကျားမလာပ၊ မကြားဖူးပအေး၊ ဒါကြောင့် နတ်ကျား ပဲ ဖြစ်မှာပ'

'နတ်ကျားက ဘာလာလုပ်တာလဲဗျ'

'ရော… အမှားအယွင်းရှိတာဖြစ်မှာပ'

'စောစောက ခင်ဗျား ပြောပါတယ်၊ ဘာတဲ့ ကျား ကိုစရင် ရန်မူတယ်ဆိုတော့ ကျားကို ဘယ်သူသွားစ,လို့လဲ'

'ဇော်… ဒါတော့မပြောတတ်ပ၊ နတ်ကြီးစင်ဘက် မှာ မှားတာရှိချင် ရှိမှာပအေး၊ ဒါကြောင့် မကျေနပ်တာလည်း ဖြစ်နိုင်တာပ'

'ကဲပါ၊ ဒီည စောင့်ကြည့်ပေါ့၊ အဲဒီ ကျားကြီးလာ



ရင်တော့ ကျွန်တော့်ကိုပြောပါ၊ ကျွန်တော်တို့လာပြီး ရှင်းလင်း ပေးပါ့မယ်'

'ဟုတ်… ဟုတ်'

ဟုတ်ဟုတ်သာ ပြောရသည်။ ကိုအိုက်ပန်တို့ သိပ် ကျေနပ်ပုံမရပါ။ ကျားကြောက်၍ နတ်ကြီးစင်အားကိုးမည် ဖြစ်ပါလျက် ကျွန်တော်တို့က ဝင်နှောင့်ယှက်နေရာ ရောက်နေ ပြီလားဟူသောသဘော သက်ရောက်နေပုံတော့ ရသည်။ သို့ သော်လည်း ကျွန်တော်တို့ မတတ်နိုင်ပါ။ နှောင့်ယှက်ရင်တော့ ဘုရား ရဟန်းမှတစ်ပါး ဘယ်သူ့ကိုမှ ချန်လှပ်မထားနိုင်ပါ။

'သူကြီး၊ ညပိုင်းထူးရင် ကျွန်တော်တို့ပြောပါ'

'ဇော်… ပြောမှာပအေး၊ တောစောင်ဆိုတာ တစ်ခါ တလေ မျက်စိလည်ပြီး ရောက်တတ်တာပ'

'ကျွန်တော်တို့ ပြန်မယ်'

'ကျေးဇူးပအေး၊ ကျေးဇူးပ'

'ဖြည်းဖြည်းပြန်ကြတာပ'

ကျွန်တော်တို့သုံးယောက် အလျှူရှင်နှင့် ရွာသားတွေ နှုတ်ဆက်ပြီး စခန်းတောင်ကုန်းဘက်သို့ ပြန်ခဲ့ပါပြီ။ စကား မပြောဖြစ်ကြပါ။ အတွေးတွေ ကိုယ်စီတွေးရင်း မပြောဖြစ် ကြ။ ကျွန်တော့်အတွေးဝယ် ကျားကိုရန်စသူ ဘယ်သူလဲဟူ သော အတွေးတွေမှာ အဖြေရှာမရ။

စခန်းပြန်ရောက်ပြီး လိုအပ်သည်များ တာဝန်ယူထား မှုတွေ ဆောင်ရွက်နေရသော်လည်း ကျွန်တော် အဖြေရှာနေ သော ကျားကို ဘယ်သူရန်စလိုက်သနည်းဆိုသော အဖြေကား

www.burmeseclassic.com

www.burmeseclassic.com



ရာမရပါ။ သိနေပါလျက် အဖြေဖော်ထုတ်မရ။ စိတ်ထဲမကျေနပ်၊ တအုံနွေးနွေး ခံစားရသည်။

'ဆရာကျော်'

'ဘာလဲ မိုးကျော်'

'ကျွန်တော်နဲ့ တင်မြွတ်နှစ်ယောက်စလုံး စိတ်ထဲမကျေနပ် ဖြစ်နေတယ်ဆရာကျော်၊ ဆရာကျော်တော့ ဘယ်လိုတွေးနေသလဲ မသိဘူး'

'ဘာကိုပြောတာလဲ မိုးကျော်'

'ကျားကိုရန်စတယ်ဆိုတာလေ'

'အေး… ငါလည်း အဖြေသိနေတယ်၊ ဒါပေမဲ့ ဒီအဖြေဟာ မဟုတ်နိုင်ဘူးလို့ပဲ ထင်တယ်ကွ'

'ဘာမဟုတ်တာလဲ ဆရာကျော်'

'ဟ… သူတို့ရွာသားတွေကတော့ ကျားကို ရန်မစရဘူးပေါ့ကွာ၊ ဘယ်သူက ရန်စတာလဲ။ နောက်တစ်ခုက တို့သုံးယောက် တွေ့ကြုံခဲ့ရတဲ့ ခနေ့က ဖြစ်ရပ်ဟာလည်း တို့မမှားပါဘူးကွ၊ တို့ ရန်လည်း မစပါဘူး၊ အေး… သူမကျေနပ်ရင် တို့ စခန်းလာပြီး ရန်ရှာပေါ့ကွ'

'ဟုတ်တယ် ဆရာကျော်၊ ဒီကျား သတ္တိရှိရင် လာခဲ့ပါလား၊ ဘာဖြစ်လို့ ရွာသားတွေရဲ့ အခင်းဘက်မှာ သွားသောင်းကျန်းရတာလဲလို့၊ ကျွန်တော်တော့ လုံးဝကို မကျေနပ်နိုင်ဘူးဗျ'

ကျွန်တော်နှင့် မိုးကျော် စကားပြောနေရာသို့ တင်မြွတ်ရောက်လာပြီး သူကလည်း သူ့ မှန်ကန်ကြောင်း အတိ



အလင်း ပြောပြသည့်အပြင် ကျားက မကျေနပ်လို့ ရန်ရှာသည်ထား၊ ရွာနှင့်မဆိုင်ပါ။ ရွာအတွက် သူ ရန်ရှာသည်ဆိုပါသော သူ့အမှား၊ တစ်ခုတော့ရှိပါသည်။ ကျွန်တော်တို့ ကြားဖူးသာနှင့် ထပ်တူထပ်မျှ ကြုံခဲ့ဖူးပါသည်။ တောမုဆိုးမဟုတ်ပါဘူးဟူသော ကျားဆိုးကြီး၊ တစ်ဖန် ကျားဆိုးကြီးမဟုတ်ပါဘူးဟု ပြောရသော နတ်ကျားကြီးဆိုသည့် ကျားဟိန်းသံများရွာဦး ရွာမီး ရွာအေးတောစပ်မှ အကောင်မမြင်ရဘဲ ဟိန်းသံကြောင့် တောင်းပန်ပြီး ပွဲထိုး၏။ ရွာဦးနတ်နန်းဆိုသော နတ်ကြီးစင်တွင် တောင်းပန်ကြသည်။

တစ်ဖန် ရွာဦးရွာမီးစသည်မှ ချေဟောက်သံ ကြားရပါကလည်း ထိုနည်းအတူပင် ရွာနာမည်စိုး၍ တောင်းပန်ကြ၏။ နတ်နန်းတွင်လည်း ပွဲထိုး၏။ ထိုသို့ပြုလုပ်မှု ကြုံဖူးသည်။ တွေ့ဖူးပါသည်။ ထိုသို့ တွေ့ကြုံရသော အဖြစ်အပျက်တွေနှင့်အတူ ပွဲထိုးပြီးနောက် တောင်းပန်ပြီးနောက် ကျားသံ၊ ချေဟောက်သံ၊ တောခွေးအူသံ မကြားရတော့ပါ။ ချေဟောက်သံနှင့် တောခွေးလာအူပါက ရွာထဲမှ တစ်ယောက်ယောက် ပျက်စီးတတ်သည်ကတော့ အမှန် ကြုံခဲ့ဖူးပါသည်။ ထိုသို့ ကြုံခဲ့ဖူးသောကြောင့် ရွာပတ်ဝန်းကျင်က ဟောက်သော ချေ၊ တောခွေးတွေအား ကျွန်တော်တို့ လိုက်လံ ပစ်ခတ်ခဲ့ဖူးပါ၏။

တိုက်ဆိုင်မှုပဲလားတော့ မသိပါ။ ရွာတစ်ရွာမဟုတ် ရွာသုံးလေးရွာတွင် ကျွန်တော် ထိုကဲ့သို့ ချေလာဟောက်သောညတွင် ရွာသူရွာသား တစ်ယောက်ယောက် ပျက်စီးသည်ကို တွေ့ခဲ့၍ သူတို့ပြောတာ မှန်ချင်လည်း မှန်ပါပေမည်ဟု ကျွန်

www.burmeseclassic.com

www.burmeseclassic.com



တော်တို့ တွေ့ရှိချက်နှင့်အတူ ယုံကြည်မှု ကြုံခဲ့ပါသည်။ ရွာတစ်ရွာတွင် ကျားဟိန်းသံတွေ ကြားရသည့်အတွက် ရွာဦး နတ်ကြီးစင်သို့ သွားရောက်တင်မြှောက်ကြသည်ကို တွေ့ဖူးပါ၏။ ထိုသို့ တင်မြှောက်မှုကြောင့် နောက်နေ့များဝယ် ကျားဟိန်းသံ မကြားရတော့ပါ။ ထိုကဲ့သို့ ဖြစ်စဉ်များကြောင့်လည်း မယုံရခက်ခက်၊ ယုံရခက်ခက် ဖြစ်ခဲ့ရပါသည်။

ကျွန်တော်တို့ တစ်ညဆက်စောင့်ကြည့်ရန် ဆုံးဖြတ်ပြီး ညပိုင်း အိပ်ပင်မပျော်ခဲ့ပါ။ ထိုသို့ အိပ်မပျော်ပါသော်လည်း ကျွန်တော်တို့ စခန်းတောင်ကုန်းဘက်မှာတော့ မည်သို့မျှ မထူးပါ။ ရွာက စခန်း၏အောက်အခင်းတွေနှင့်ဆိုလျှင် ရွာက အလယ်တွင်ရှိနေသဖြင့် အခင်းနှင့်တောဆက်စပ်ရာနယ်မြေမှာတော့ တော်တော်လှမ်းသည့်အတွက် ကျားဟိန်းသံ၊ ချေဟောက်သံ လုံးဝ မကြားရပါ။ ကျွန်တော်တို့ စခန်းအထက်တောင်ပေါ်မှာတော့ တောနက်၏။ ထိုတောမကြီးဘက်မှာလည်း ဘာသံမျှမကြားရ။ အေးအေးဆေးဆေးပင် အသံမကြားရသဖြင့် စိတ်တော့ အနည်းငယ် သက်သာပါ၏။

မနက်စောစော အိပ်ရာမှထပြီး ရွာထဲမှ သူကြီးတို့အား စောင့်မျှော်မိခဲ့ပါ၏။ တစ်ယောက်မှ ပေါ်မလာသဖြင့် ကျွန်တော်တို့ စိတ်အေးမှုတော့ ရခဲ့၏။ အစွဲအလမ်းလားတော့ မသိပါ။ သံသယစိတ်တော့ ရှိနေဆဲပင်။ မတင်မကျဖြစ်နေသော ဆန္ဒကို တိတိကျကျ အဖြေဖော်ထုတ်ရန် ဆုံးဖြတ်လိုက်သည်က…

'ဆရာကျော်'





'အေး'

'ကျွန်တော်တို့နှစ်ယောက် ရွာထဲဆင်းလိုက်ဦးမယ်'

'ဘာလဲ၊ ဟိုကိစ္စ စုံစမ်းမလို့လား'

'ဟုတ်တယ်၊ အခြေအနေသိချင်လို့ပါ ဆရာကျော်'

'ကောင်းပြီ၊ ဘယ်မှ လျှောက်မသွားကြနဲ့၊ မြန်မြန်ထည်းပြန်ခဲ့'

တကယ်တော့ ကျွန်တော်ပါ လိုက်သွားချင်ပါ၏။ လိုက်ချင်ပါသော်လည်း အကြောင်းထူးရင် ကောင်းပါ၏။ အကြောင်းမထူးရင်တော့ ခဏခဏသွားလို့ မကောင်းသဖြင့် ကျွန်တော် စိတ်ကိုထိန်း၍ သူတို့နှစ်ယောက်သာ စေလွှတ်လိုက်ရပါ၏။

မိုးကျော်အောင်နှင့် တင်မြတ်တို့နှစ်ယောက်သား ရွာထဲရောက်သွားသည်တွင် ပထမဆုံး တွေ့ကြုံရသည်မှာ ရွာလူကြီး ဆယ်ဦးခန့်သည် ရွာဦးနတ်ကြီးစင်တွင် နတ်ကန်တော့နေကြသည်ကို တွေ့လိုက်ရသည်နှင့် အခြေအနေထူးပြီဆိုသော အသိကြောင့် စိတ်ကလှုပ်နှိုးလိုက်သဖြင့် နှစ်ယောက်သား နတ်ကြီးစင်ဘက် မသွားတော့ဘဲ သူကြီးအိမ်ဘက် ရွာထဲသို့ အမြန်ဝင်ခဲ့ကြပါ၏။

'ရော်… ဆရာကိုတင်မြတ်နဲ့ ကိုမိုးကျော်ပ'

'ဟုတ်ကဲ့ သူကြီး'

'အိမ်ပေါ်တက်ကြတာပ၊ ဖြည်းဖြည်းပ'

မိုးကျော်အောင်နှင့် တင်မြတ်အိမ်ပေါ်ရောက်၍ ဧည့်ခန်းတွင် ဝင်ထိုင်လိုက်၏။ မသိချင်ယောင် ဆောင်နေသော်ငြားလည်း



www.burmeseclassic.com

www.burmeseclassic.com



သတိရ၍လားမသိ။ သူကြီးသည် ရွာသားတွေ နတ်ကြီးစင်တွင် ပွဲတွေတင်မြှောက်နေသည့်အကြောင်း မဟပါ။ သို့အတွက် မိုးကျော်အောင် မနေနိုင်တော့ဘဲ…

'သူကြီးကို မေးစရာလေးရှိပါတယ်'

'ရော်… မေးတာပအေး'

'ကျွန်တော်တို့ ရွာထဲအလာ ရွာဦးက နတ်ကြီးစင်မှာ ပွဲတွေ တင်နေတာတွေ့ခဲ့ပါတယ် သူကြီး၊ ဘာများဖြစ်လို့ပါလိမ့်'

'ရော်… ဟုတ်တာပအေး၊ မေ့နေတာပ၊ အခင်းတွေ ညက မအိပ်ရပ၊ တစ်ညလုံး ကျားဟိန်းသံတွေ ညံနေတာပ၊ နှစ်ညရှိတာပ၊ ဒါကြောင့် နတ်ကြီးစင်မှာ သွားတောင်းပန်ကြတာပ၊ ဒီလိုသာ ဟိန်းဟောက်နေရင်လည်း အခင်းတွေပစ်ပြေးရမှာပအေး၊ တော်တော်ကို သောင်းကျန်းတာပ၊ ကျွန်တော်တို့ရွာမှာ တစ်ခါမှ မဖြစ်ဖူးတော့ ကြောက်ရွံ့ထိတ်လန့်နေကြတာပအေး'

'ဒါဆိုရင် သူကြီးတို့က နတ်ကျားလို့ထင်ကြတာလား'

'မပြောတတ်ပအေး၊ အကောင်မတွေ့ အသံပဲကြားရတာပ၊ ကြောက်တာပ'

'အကောင်မတွေ့ဆိုတာက အခင်းသားတွေ ထွက်ကြည့်ကြသလား၊ အခင်းအစပ်အထိ တောစပ်ဘက် ထွက်ကြည့်ကြတာလား သူကြီး'

တင်မြတ်မှ ဝင်ရောက်မေးလိုက်ပါ၏။ သူကြီး ဘာဖြေရမှန်းမသိ။ သူကိုယ်တိုင် မသိပါ။ မပါဝင်ပါ၊ သို့အတွက် အဖြေခက်နေစဉ်မှာပင် တင်မြတ်မှဆက်၍–





'သူကြီး နတ်ကြီးစင်တင်ရင် ရတာပေါ့နော်'

'ရော်… ဆရာကိုတင်မြတ်ပ၊ ဘယ်ပြောတတ်ပ၊ အရှင်သခင်တွေ ကာကွယ်ပေးကြမယ်၊ မောင်းနှင်ပေးကြမယ်ဆိုရင်တော့ ကျားတွေမလာရဲဖြစ်မှာပ'

'ကောင်းပါပြီလေ၊ နှစ်ညတော့ ရှိသွားပြီပေါ့'

'ဟုတ်တာပ၊ ဆရာကျော်မင်းလည်း တင်ပြပေးတာဝအေး၊ ရွာသားတွေ သိပ်ကြောက်နေတာပ၊ ကူညီပေးကြပါလို့ အကူအညီတောင်းချင်တာပအေး၊ ကျွန်တော် လိုက်ခဲ့မှာပ၊ ရွာသားတွေလည်း ကျွန်တော်တို့ တိုင်ပင်ပြီးတာပ၊ အခု သူတို့ပြန်လာရင် စခန်းကုန်းလာကြမလို့ပ၊ ပြောပြီးဆိုပြီးတာပ'

'အင်း… ရွာသူရွာသားတွေရဲ့ အားကိုးအားထားရာ နတ်ကြီးစင်ဆိုတာ ရွာအတွက် ကူညီပေးမှာပါ၊ ကျွန်တော်တို့လည်း အတတ်နိုင်ဆုံး ကူညီပေးပါ့မယ်၊ အခုလာခဲ့တာလည်း အဲဒီအကြောင်း သိချင်လို့ ကျွန်တော်တို့ လာခဲ့တာပါ သူကြီး'

'ရော်… ကျေးဇူးပ၊ ကျေးဇူးပ၊ ကျွန်တော်တို့ လာခဲ့မှာပ'

'ဒီလိုလုပ်ပါ၊ သူကြီးတို့ မလာနဲ့တော့၊ ကျွန်တော်တို့ ညနေမှ ဆရာကျော်နဲ့အတူ ဆင်းခဲ့မယ်'

'ရော်… ကောင်းတာပ၊ စောင့်နေမှာပ'

မိုးကျော်အောင်နှင့် တင်မြတ်တို့နှစ်ယောက် စခန်းကုန်းသို့ ပြန်ခဲ့ပါသည်။ ကျွန်တော့်အား ပြောပြပြီးနောက်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ညနေပိုင်းနှင့် ညပိုင်းတွင် လုပ်သင့်လုပ်ဖို့ကိစ္စများ လုပ်ဆောင်ရန် ကြိုတင်ဆွေးနွေးကြရာဝယ်…

'ဆရာကျော်၊ တစ်ခါမှ ဒါမျိုးမဖြစ်ဖူးတော့ ရွာသားတွေ တော်တော်လန့်နေကြတယ်'

'အေးပေါ့၊ ရှမ်း ဗ မာလူမျိုးတွေက ရိုးရိုးအေးအေး ဆိုတော့ ပိုဆိုးတာပေါ့ကွာ'

'သူတို့ပြောတဲ့ စကား ပြန်ကြားယောင်နေမိတယ် ဆရာကျော်'

'ငါလည်းတွေးမိပါတယ်၊ သတိလည်း ထားမိတယ်၊ တကယ်တော့ တို့က ရန်မစပါဘူးကွ၊ သူလာပြီး ဝင်ရောက်နှောင့်ယှက်တယ်ပဲထား၊ ရွာသားတွေကို မလုပ်နဲ့လေ'

'ဆရာကျော်ကလဲ၊ ကျွန်တော်တို့ရယ်၊ ရွာသားရယ်တော့ ဘယ်သိပါ့မလဲ၊ လူဆိုရင် ရန်သူလိုပဲ သဘောထားနေမှာပေါ့'

'အဲဒါဆို သူ့အမှားပေါ့ကွာ'

'သူကတော့ အမှန်ပဲတွက်မှာပေါ့'

'အင်း… ဆရာကျော်နဲ့ တင်မြတ်ပြောတာလည်း မှန်တာပဲ၊ ကျားဆိုတဲ့ သတ္တဝါကြီးကလည်း သူ မှန်တယ်လို့ ထင်မှာပေါ့'

'အေး… ဟုတ်တယ်နော့၊ တို့ရဲ့ ရှုထောင့်ကကြည့်တော့လည်း တို့မှန်သလို ကျားရဲ့ရှုထောင့်ကကြည့်တော့လည်း ကျားမှန်တယ်လို့ တွေးမှာပေါ့'

'အေး… တို့ရဲ့တွေ့ကြုံခဲ့ရတဲ့ ကိစ္စတွေ ရွာသားတွေ





လုံးဝ မသိကြတာလည်း တစ်ခုကောင်းပါတယ်၊ ဘာပဲဖြစ်ဖြစ် ကျားမုဆိုးနဲ့ လူမုဆိုးအကြားမှာ ရွာသားတွေအတွက် တို့မှာ တာဝန်ရှိနေပြီကွ'

'ဟုတ်တယ်လေ၊ ကျွန်တော်တို့ဇာတ် ကျွန်တော်တို့ပဲ ဇာတ်သိမ်းကောင်းအောင် တာဝန်ယူဖြေရှင်းရတာပေါ့'

'တင်မြတ်'

'အေး'

'မင်းဘာမှ မပူနဲ့၊ ငါ့ဘက်ယောက်လုံး ရှိနေတယ်'

'ဘာကွ၊ ဩော်… သိပြီ၊ နောက်တစ်ခါ ခဲနဲ့ပေါက်ဦးမှာပေါ့၊ ဟား… ဟား… ဟား… ဟား…'

'ခွေးကောင်'

နမ့်ပန်ရွာသို့ရောက်တော့ လေးနာရီထိုးပါပြီ။ သူကြီးနှင့် ရွာသားတွေမှာ ဘာတွေတိုင်ပင် ဆွေးနွေးနေသည်မသိပါ။ ကျွန်တော်တို့မြင်တော့ ရွာသားတွေမှာ ဝမ်းသာသူတချို့၊ မျက်နှာမကောင်းသူတစ်ဝက်ဆိုသလို ဖြစ်နေကြသည်။

'ဇော်… ဆရာကြီးတို့ ဒီဘက်ကြွတာပဲ'

'ဟုတ်ကဲ့ပါ သူကြီး'

ကျွန်တော် ရွာသားတွေ၏ အရိပ်အကဲ ကြည့်ပြီး သူကြီး နေရာပေးသည့် အိမ်ဦးခန်း ဝင်ထိုင်လိုက်၏။ တင်မြတ်နှင့် မိုးကျော်အောင်တို့မှာ ကျွန်တော်တို့အား မရောက်တရောက် ရွာသားတွေနှင့် ရောနှောထိုင်လိုက်သည်တွင်…

'အင်း… ဒီည တချို့က ပြောတာပဲ'

'ဘာများလဲ သူကြီး'



www.burmeseclassic.com

www.burmeseclassic.com



'ရွာထဲဝင်မှာ ပိုကြောက်ကြတာပ၊ ပထမနဲ့ ဒုတိယ ညတွေမှာ ရွာအခင်းတွေဘက် ရောက်တာပ၊ အခင်းနဲ့ရွာက ဆက်နေတော့ ပိုကြောက်ကြတာပ'

'အဲဒီတော့'

'ရော်… ဆရာကြီးတို့လည်းရှိတာပလို့ ရွာသားတွေ ပြောထားတာပ'

ကျွန်တော်သည် သူကြီး၏ စကားအဆုံး ရွာသားတွေအား ကြည့်လိုက်ပြီး သူတို့တစ်တွေ နတ်ကြီးစင်နှင့် နတ်ကြီးတွေလည်း အားကိုးပြီး တင်ကြမြှောက်ကြ ပူဇော်ပသကြ၍ ကျွန်တော်တို့အား သိပ်နှစ်သက်ပုံမရဟု ကျွန်တော် ထင်မိသော်လည်း ရွာသားတွေမှာ ဤသို့မဟုတ်။ ကြံကြောက်လှည်းအောက်တောင်မအိပ်နဲ့ဆိုသကဲ့သို့ ကြံဖန်ကြောက်နေကြသည်မှာ ဖြစ်မည်ဟု သတိထားမိပြီး…

'ကျွန်တော်တို့သုံးယောက် ဟောဒီနမ့်ပန်ရွာအတွက် အားလုံး တာဝန်ယူပါ့မယ်၊ တစ်ခုတော့ရှိတယ်၊ ကျွန်တော်တို့ကို ဝိုင်းကူကြပါ၊ ဒါမှမဟုတ် နတ်ကြီးစင်မှာ ပသလို့ပြီးပြီဆိုရင်လည်း ကျွန်တော်တို့ စခန်းပြန်ပါ့မယ်၊ ကြိုက်တာပြောပါ'

'ရော်… ကူညီပေးတာပ'

'ဟုတ်တာပအေး၊ နတ်ကြီးတွေလည်း ပွဲတင်ပြီး တောင်းပန်တာပ၊ ဆရာကြီးတို့က လက်တွေ့ရှင်းလင်းပေးတာပ၊ နတ်ကြီးတွေလည်း ကူညီမှာပ'

'ဗျာ… နတ်ကြီးတွေက ကျွန်တော်တို့ကို ကူသလို





ရွာသားတွေက မကူကြဘူးပေါ့'

'ရော်… မဟုတ်တာပ၊ ဆရာကြီးတို့ ရှိနေတာ အားတက်တာပ၊ ဆရာကြီးတို့ ကူညီသလို ကျွန်တော်တို့ရွာသားတွေ ဝိုင်းကူမှာပ၊ လိုတာပြောတာပ'

'ကျွန်တော် နောက်တာပါ၊ ရွာသားတွေကို ဒီညကနေ မနက်မိုးလင်းတဲ့အထိ ရွာထဲမှာနေကြဖို့၊ အခင်းသမားတွေလည်း တဲမှာအိပ်သူမှန်သမျှ တဲထဲကမထွက်ကြပါနဲ့လို့ ကြိုတင်မှာကြားထားပါ့မယ်၊ ကျွန်တော်တို့က ပစ်ခတ်မှုနဲ့ ကူညီမှာဆိုတော့ ချောင်းကြည့်တော့ ခေါင်းထိတတ်တယ်ဆိုတာလိုပေါ့'

'ရော်… မနေ့ကလိုပအေး၊ ဟား… ဟား… ဟား… ဟား'

လူငယ်တစ်ယောက်မှ အော်ပြောလိုက်ပြီး တဟားဟား ရယ်မောသည်တွင် နောက်ထပ်လူငယ်နှစ်ယောက်ပါ တဝါးဝါး ရယ်ကြပြန်သည်။ ကျွန်တော်ပင်လျှင် ကြောင်သွားသည်။ ထိုလူငယ်မှာ ရွာထဲမှာ ရွှတ်နောက်နောက်နေတတ်သည့် စိုင်းလုံပင် ဖြစ်ပါသည်။

'ညီလေးစိုင်းလုံ၊ ဘာလဲကွ'

'ရော်… ဆရာကိုတင်မြွတ်ပအေး၊ မနေ့ကပ၊ ဆရာကျော်မင်းပြောသလိုပအေး၊ ကျွန်တော် အချောင်းကောင်းတာပ'

'ပြောစမ်းပါဦး စိုင်းလုံ'

'ဒီလိုပ'



www.burmeseclassic.com

www.burmeseclassic.com



စိုင်းလုံတစ်ယောက် မနေ့ညနေ အခင်းမှရွာသို့အပြန် ရွာကြီးအရောက် လက်ပံပင်တွေအကြားရှိ ညောင်ပင်ကြီး အောက်တွင် မိန်းကလေးတစ်ယောက်နှင့် ယောက်ျားလူငယ် တို့ ချစ်သူတို့ ဘာသာဘာဝ စကားပြောနေကြ၏။ နှစ်ယောက် သား ပူးပူးကပ်ကပ်ကလေး ရှိနေစဉ် စိုင်းလုံအကြိုက်တွေ့ပြီ ဟု မနောခွေ့၍ လက်ပံပင်ကြီးတွေမှတစ်ဆင့် ညောင်ပင်ကြီး ဘေး မသိမသာ ပြေးကပ်လိုက်၏။

ညောင်ပင်ဘေးဝယ် ချစ်သူနှစ်ဦး၏ စကားပြောသံ သဲ့သဲ့တော့ ကြားရ၏။ သို့သော် လူကို မတွေ့ရသေး။ လူကို တွေ့ချင်သေးသည်။ သူ့စိတ်ကူးထဲဝယ် ပုံဖော်ပြီး ဝိတိဖြစ်နေ စဉ် ညောင်ဖင်ကြီးအား ကွေ့ပတ်၍ချောင်းကြည့်၏။ သေသေ ချာချာ မမြင်ရပါ။ သို့အတွက် ညောင်ပင်ကြီးဘေးမှ ထပ်ပြီး တိုးနေ၏။ မမြင့်တမြင် ရင်တွေခုန်နေစဉ်မှာပင် သူ၏လည် ကုတ်ပေါ်သို့…

'ဖတ်'

'ဟာ'

'ဖတ်'

'အား'

ဖြစ်ပျက်ပုံမှာ စိုင်းလုံတစ်ယောက် အချောင်းကောင်း နေစဉ် သူ၏ဦးခေါင်းပေါ် ညောင်ကိုင်းများအကြားတွင် ကျီး တစ်ကောင်သည်လည်း စိုင်းလုံ၏ ချောင်းမြောင်းမှုကို မယုံ သင်္ကာဖြစ်၍ အောက်သို့ ငုံ့ကြည့်ငုံ့ကြည့် လုပ်နေရာမှ ထိုကျီး မည်းသည် အီးပါချလိုက်ရာ စိုင်းလုံ၏ လည်ကုတ်ပေါ်သို့တည့်



တည့်မတ်မတ် ကျလာရာ 'ဖတ်'ဟူသော အသံနှင့်အတူ စိုင်းလုံမှာ 'ဟာ'ဟူသောအသံနှင့် ထပ်မံပေါ်လာသော 'ဖတ်' ဆိုသည့် ဒုတိယမ္ဗ အီးပါချမှုသည် စိုင်းလုံ၏ နဖူးပေါ်တည့် တည့်သို့ ထပ်မံလာသည်တွင် ရွံရှာသောစိတ်ဆန္ဒတွေဖြင့် လန့်ပြီး 'အား'ဟုအော်လိုက်သည်တွင် သမီးရည်းစား နှစ် ယောက်လည်း ထပြေးသွားပါသည်။

ထိုဖြစ်ရပ်အား ရည်းစားစကား ပြောနေသော ယောကျ်ားလေး စိုင်းသော်တာမှ ရွာသားတွေအား ပြန်ပြောပြ သည်တွင် ရွာသားတွေမှ တဝါးဝါးတဟားဟား ရယ်မောကြ ရသည်။ ထိုသို့ ရယ်မောနေရာသို့ စိုင်းလုံရောက်လာသဖြင့် စိုင်းသော်တာ လစ်သွားသည်ကို မသင်္ကာသောစိုင်းလုံမှ…

'အစိုင်း… ဟိုကောင် စိုင်းသော်တာ ဘာတွေပြော သွားတာပ'

'ရော်… မင်းအကြောင်းပ'

'ရော… ငါ့အကြောင်း၊ ငါဘာဖြစ်တာပအေး'

'ရော်… ဟား… ဟား… ဟား… ဟား… ဒီ ကောင် ဘယ်လိုသိတာပအေး'

'ဟင်… ရော်… ရည်းစားစကားပြောနေတာ သော် တာပအေး'

'ဘာ… စိုင်းသော်တာ'

'ဟုတ်ပ'

'ရော်… ဒါ… ဒါဆို သူနဲ့စကားပြောနေတာ… စကားပြောနေတာ ဟို… ဟို… ဟို… ဟား… ဟား…

www.burmeseclassic.com

www.burmeseclassic.com



ဟား… ဟား…'

'ဟား… ဟား… ဟား… ဟား… စိုင်းလုံ ခေါင်း
ထိရုံမကပါအေး'

'ဟုတ်တာပ၊ တောက်… အဲဒါပ၊ ဟုတ်တာ
စိုင်းသော်တာ စကားပြောနေတာ၊ ငါ့ညီမ မိန်းပအေး
ဟား… ဟား… ဟား… ဟား…'

စိုင်းလုံ ပြောပြသဖြင့် ကျွန်တော်တို့အားလုံး ပွဲကျ
သွားပါသည်။ တော်တော်နောက်တတ် ပြောင်တတ် စိတ်မဆိုး
တတ်သော စိုင်းလုံသည် အချောင်းကောင်း၍ ကျီးမည်းအီးက
နဖူးတည့်တည့် ထိခဲ့သလို ကျွန်တော်ပြောသည့် ချောင်းကြည့်
တော့ ခေါင်းထိတတ်သည်ဆိုသော စကား ပြန်သတိရခဲ့သည်
သူ့အဖြစ်အား ရိုးသားပွင့်လင်းစွာ ပြောပြ၍ ကျွန်တော်တို့
ရယ်မောလို့အဆုံး ထပ်မံပြီးပြောလိုက်သည်မှာ…

'ဆရာကြီးပြောတာ မှန်တာပ၊ ချောင်းကြည့်တော့
ခေါင်းထိလေ၊ ကျွန်တော်ကတော့ ချောင်းအကြည့်ကောင်း
တာပ၊ ပထမ လယ်ကုတ်၊ ဒုတိယနဖူး၊ ဟား… ဟား…
ဟား… ဟား…၊ အသားတော်တော်မည်းတဲ့ ကျီးမည်း
သူ့အီးကျတော့ ဖြူတာပ၊ ဟား… ဟား… ဟား… ဟား…

'ဝါး… ဟား… ဟား… ဟား… ဟား…'

စကားဝိုင်းတွင် စိုင်းလုံ၏ အရယ်သန်မှု၊ အနောက်
အပြောင်သန်မှုနှင့် ဖြစ်ရပ်မှန်ရလေးတွေကြောင့် စကားဝိုင်းသေ
စိုပြည်နေပါသည်။ ခင်မင်ရင်းနှီးစရာ၊ ရိုးသားကြသော ရှ
သားတွေအတွက် ကျွန်တော်တို့သုံးယောက် အလွန်ပင်ကြည်နူး





မိပါသည်။ ကျေနပ်ရပါ၏။

'ဆရာကြီးတို့ပ၊ ထမင်းစားကြတာပအေး'

'ဟုတ်ကဲ့၊ ကျွန်တော်တို့မှာ လက်ဆောင်ပါတာလေး
နဲ့ ဝိုင်းဖွဲ့ကြတာပေါ့'

'တင်မြတ်'

'အသင့်ပဲ ဆရာကျော်'

အာဗီရမ်နှစ်လုံးအား အသုံးချလိုက်ပါ၏။ ထမင်း
မစားခင် ဝေမျှသောက်ရင်း သူကြီးအိမ်ဝယ် ထမင်းစားကြ
ပါသည်။ ထမင်းစားပြီးသည်နှင့် ကျွန်တော်တို့သုံးယောက်
စိုင်းလုံ၏ တောင်ယာတဲဘက် ထွက်ခဲ့ပြီးနောက် စိုင်းလုံ၏
တဲရောက်သည်တွင် စိုင်းလုံအား ညဉ့်က တောကောင်ကြီး
ကျားဆိုးကြီး ဟိန်းသည့်နေရာဒေသဘက်အား မေးရာစိုင်းလုံ
နှင့် သူ့တဲမှ ပေါက်စတို့မှ ကြားရသည့်နေရာအား ညွှန်ပြ
ပါ၏။

'ရော်… ညဉ့်က ဒီတောင်ဟာ အထက်တောင်
စောင်းကနေ ဟိန်းတာပအေး'

'အကောင်တွေ့လား'

'ရော်… မတွေ့'

'နောက် ဘယ်ဘက်ရောက်သွားသေးလဲ'

'ဒီဘက်တောင်စောင်းက အောက်ဘက်ဆင်းသွား
တာပ၊ အောက်ကနေ ဒီဘက်ပြန်တက်ပြီး တောင်ပေါ်ကနေ
ဟိန်းတာပ'

'မိုးလင်းပိုင်းမှာလည်း ဒီဘက်ပြန်ရောက်တာပ'



www.burmeseclassic.com

www.burmeseclassic.com



'အကောင်မတွေ့ဘူးပေါ့'

'ရော… ဘယ်လိုလုပ် ကြည့်လို့ရမှာပ၊ ကိုက အကြည့် သူက အကိုက်ဆို ကျိုးမည်းအိုးပါတာထက် ဆိုးသွားမှာပ၊ ဟား… ဟား… ဟား… ဟား…'

'စိုင်းလုံကတော့ တော်တော်ပျော်တတ်တာပဲ'

'တင်မြတ်'

'အေး'

'မင်းလက်မြောက်ရပြီ မဟုတ်လား၊ စိုင်းလုံကို ဆရာတင်ရပြီပေါ့'

'ဟား… ဟား… ဟား… ဟား…၊ ဟုတ်ပါ့ကွာ၊ စိုင်းလုံကို ဆရာတင်လိုက်ပြီ မိုးကျော်ရေ'

သူတို့ စကားပြောနေကြစဉ် ကျွန်တော်သည် တောမှဆိုးလား၊ တောကောင်ကြီးလား၊ ကျားဆိုးကြီးလား ဝေခွဲမရသော ကျားကြီး ကျွန်တော်တို့ ကျောက်ခဲဖြင့် ပေါက်ခဲ့၍ သူ့အားမှန်ပြီး လူတွေအား မကျေနပ် ဖြစ်နေသည့်အတွက် ဒေါသ မချုပ်တီးနိုင်သော ကျားကြီးလား။ ကျွန်တော်တို့၏ ရန်စမှုဆိုသလို ဖြစ်ခဲ့ရမှုအပေါ် မကျေနပ်ဘဲ ရွာသားတွေအား ဒုက္ခပေးယှဉ် ကျွန်တော်တို့တာဝန် မကင်းပါ။ သို့အတွက် မုဆိုးဆိုတဲ့ ကျွန်တော်တို့လူသားတွေ မပစ်ချင်သော တောမုဆိုး ကျားကြီးအား အဘယ်သို့ မောင်းနှင်ထုတ်ရပဟု တွေးရင်းရင်မောမိသည်။

အင်း… ရွာသားတွေ ရွာဦးနတ်ကြီးစင်တွင် တင်ကြမြောက်ကြတာဟာ နတ်ကျား၊ ဒါမှမဟုတ် ကျားဆိုးကြီး





ဆိုပါက မောင်းနှင်ပေးကြပါဟူသောဆန္ဒဖြင့် တင်ကြမြောက်ကြသည်သာ ဖြစ်ပါစေ၊ ကျားကြီးမလာပါစေနှင့်ဟူသော အတွေးတွေ တွေးနေမိပါသည်။

'ဆရာကျော်'

'ဟင်'

'ဘာတွေ တွေးနေလဲ၊ ကျွန်တော်တို့ တောထဲဝင်ကြစို့'

'ဟုတ်တယ် ဆရာကျော်၊ ခြေရာခံကြည့်ကြမယ်၊ အချိန်မလင့်ခင် သွားစို့'

'အေး… သွားမယ်၊ သြော်… စိုင်းလုံတို့ မင်းတို့ တဲထဲမှာပဲနေခဲ့ကြ၊ တို့ပြန်လာရင် လက်ခုပ်သုံးချက်တီးမယ် မှတ်ထားနော်'

'ဟုတ်… ဟုတ်'

'ဒါဆို တို့သွားမယ်နော်'

ကျွန်တော်တို့သုံးယောက် တောစပ်ထဲသို့ ဦးတည်ခဲ့ပါပြီ။ တင်မြတ် ရှေ့ဆုံးမှထွက်ပြီး ကျွန်တော်နှင့် မိုးကျော်အောင်တို့ တတော့ ရင်ဘောင်တန်း အနေအထားဖြင့် ထွက်ခဲ့သည်ကို စိုင်းလုံနှင့်ပေါက်စတို့ ကြည့်ရင်း ကျန်ခဲ့ကြ၏။

တောထဲရောက်သည်နှင့် ခြေရာ ရှာကြပါသည်။ တောစပ်ခြုံတွေ သဲသောင်အစပ် ရေချောင်းဘေး ကျားခြေရာ လုံးဝမတွေ့ ချေ၊ ဒရယ်ခြေရာနှင့် တောဝက်လေးငါးကောင်ခြေရာသာ တွေ့သည်။ ချေခြေရာမှာလည်း သိပ်များများစားစား မတွေ့ရသဖြင့် ကျွန်တော်တို့ အတွေးရကျပ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



'မိုးကျော်နဲ့ တင်မြွတ်'

'ဟုတ်ကဲ့'

'တို့ ခြေရာခံလည်း ဘာမှမထူးဘူး၊ နောက်တစ်ခုက သားကောင်လည်း ရှားတယ်၊ ချေခြေရာ၊ ဒရယ်ခြေရာကို ကြည့်၊ ဘာမှ ထူးထူးခြားခြားမရှိဘူး၊ ဥပမာ··· ချေခြေရာနဲ့ ကပ်ပြီး ကျားခြေရာတွေ့ရင်တော့ တစ်မျိုးပေါ့ကွာ၊ ခုဟာက ချေခြေရာတောင် ခပ်ပါးပါးပဲ'

'ဟုတ်တယ် ဆရာကျော်၊ တောဝက်လည်း သုံးလေးကောင်ပဲ တွေ့ရတယ်၊ တစ်ခုတော့ရှိတယ်၊ အကောင်သေးမပါဘူး၊ တောဝက်တွေ အကောင်ကြီးတွေပဲဗျ'

'အေး··· တို့ အခုရှာတာက ကျားဆိုးလို့ သတ်မှတ်ပေမယ့် အန္တရာယ်တော့ မပြုသေးဘူး၊ ကြို့တင် ကာကွယ်တဲ့ သဘောပဲလေ'

'ဒါကြောင့် တောဝက်ပဲတွေ့တွေ့၊ ချေနဲ့ဒရယ်ပဲတွေ့တွေ့ ပစ်ကြရအောင်၊ သေနတ်သံကြားလို့ ကျားကြီးလန့်ပြီး တောထဲဝင်သွားလည်း ပြီးတာပဲ မဟုတ်လား'

'ဟုတ်တယ် ဆရာကျော်၊ တစ်ချက်ခုတ် နှစ်ချက်ပြတ်ပေါ့'

'ဒီတော့ တို့ ဒီမှာ နေရာရွေးပြီး စောင့်ကြမလား'

'စောင့်မယ်လေ၊ မိုးလည်းချုပ်တော့မယ်'

'ကဲ··· ဒါဆို နေရာရွေးကြရအောင်'

မိုးကျော်အောင်မှာ နေရာအရွေးကောင်း၏။ တင်မြွတ်ထက် နေရာရွေးရာတွင် တော်သည်။ ကျွန်တော်ရွေးသည်ကို



ခင် သူ မကြိုက်လျှင် အသစ်ရှာတတ်သဖြင့် သူ့စိတ်ကြိုက်ရွေးခိုင်းလိုက်သည်။

မိုးကျော်အောင် လိုက်လံရွေးချယ်ရင်း ကျောက်တုံးတွေ စုပုံထားသော နေရာတစ်ခု တွေ့လိုက်၏။ မိုးကျော်အောင် သေကာ်၍ အသေအချာ ကြည့်ရှုနေသဖြင့် ကျွန်တော်နှင့် တင်မြွတ်ရောက်သွားပြီး ကြည့်နေသော ကျောက်တုံးတွေ စုပုံထားသည့် နေရာအား လိုက်ကြည့်ရင်း မသကာ်စရာဖြစ်နေကြောင်း ကျွန်တော်တို့ သိလိုက်ရပါ၏။

'ဆရာကျော်၊ ဒါ လူသေမြှုပ်ထားတဲ့ နေရာပဲထင်တယ်'

'အေးကွ၊ ဒါပေမဲ့ မြေပုံရာတော့ မတွေ့ဘူး'

'ကျောက်တုံးတွေကတော့ အစီအရီနဲ့ အရွယ်အစားလည်း ခပ်ညီညီတွေ စုပုံထားတာသေချာတယ်'

'ဆရာကျော်နဲ့ မိုးကျော်၊ ဒီနေရာဟာ ထူးခြားတယ်၊ ဒီတော့ ဟိုမှာတွေ့လား၊ အပင်လဲနေတာကြီးလေ၊ အဲဒီအောမှာ နေကြရအောင်'

တင်မြွတ် ညွှန်ပြရာသို့ ကြည့်လိုက်တော့ ရွာသားတွေ ထင်းအဖြစ်ဖြတ်ယူထားသည့် တစ်ပိုင်းတစ်စ အပင်ကြီး၏ ပင်စည်အလဲကြီးမှာ ဆယ်တောင်ကျော်ကျော် ကျန်သေးသဖြင့် ထိုအပင်ကြီးအောက်တွင် နေရာယူရန် ဆုံးဖြတ်လိုက်ပါသည်။

'အေး··· ဒီနေရာကောင်းတယ်၊ တို့နောက်မှာကျွန်းပင်တွေ အကာအကွယ်ရတယ်၊ ရှေ့က ဟောဒီအပင်ကြီးဆို

www.burmeseclassic.com

www.burmeseclassic.com



တော့ အဆင်ပြေတာပေါ့'

'ဟုတ်တယ် ဆရာကျော်၊ ဟောဟိုကျောက်တုံးပုံကို လည်း မြင်ရတယ်၊ နောက်ပြီး အခင်းအစပ်ဘက်လည်း တွေ့နေရတယ်'

'ဒီည လဆန်းရက်ဆိုတော့ လထွက်မှာပဲကွ'

'လထွက်လေ ပိုကောင်းလေပေါ့ ဆရာကျော်'

သုံးယောက်သား နေရာအနေအထားအတွက် ကျေနပ်မှုရှိသော်လည်း ကျားရန် ကာကွယ်ရေးအတွက် ရှေ့နောက်ဝဲယာ အသေအချာလေ့လာပြီး အကာအကွယ်အဖြစ် သစ်ပင်ခြုံနွယ်အချို့အား ဘေးနှစ်ဘက်တွင် ထပ်မံ အကာအကွယ်တွေ ကာရံထားလိုက်ပါ၏။

စကားမပြောတော့ပါ။ လမွန်မွန်က ကောင်းကင်ပေါ်ဝယ် သာယာလှပလာပါပြီ။ ကျွန်တော်တို့ နေရာယူထားသော ခြုံနွယ်တွေဘက်မှာတော့ အပင်ရိပ်တွေကြောင့် လွယ်လွယ်ကူကူ မမြင်နိုင်တော့။ ကျွန်တော်တို့ ရောက်နေကြောင်း သားကောင်တွေ တွေ့မည်မထင်ပါ။ ရှာသားတွေ စိုက်ပျိုးထားသည့် အခင်းတွေဘက် ကြည့်လိုက်သောအခါ အပင်ကြီးတွေ ပြောင်နေသည့် ကွင်းပြင်ကြီးဝယ် မြေပဲပင်တွေမှာ မြေမှာ ကပ်နေကြသဖြင့် ထိုးထိုးထောင်ထောင်မရှိ ပကတိ တောင်ကတုံးပမာ တွေ့နေရပါသည်။ အခင်းတဲကလေးကိုပင် မြင်တွေ့ရပါသည်။

တိတ်ဆိတ်မှုသည် စိတ်ကို ခြောက်လှန့်စေ၏။ သို့သော် ကျွန်တော်တို့အား အဘယ်သူ ခြောက်လှန့်ရဲမည်နည်း။





သုံးယောက်သော မုဆိုးတွေ၊ လက်နက်ခဲယမ်းအပြည့်ဖြင့် အဲဒီခြောက်လှန့်မည့်၊ အနှောင့်အယှက် ဒုက္ခပေးမည့်သူအား ကျွန်တော်တို့ ရှာဖွေနေခြင်းပင်။ ကျွန်တော်တို့ တွေ့ချင်နေသည်ကို ပေါ်လာခဲ့ပါလျှင် စောင့်ရကျိုး နပ်ပေတော့မည်ဟု ကျွန်တော် တွေးနေစဉ်မှာပင်…

'အုဂူ… အုဂူ… အုဂူ…'

'အုဂူ… ဂူ… ဂူ… ဂူ… ဂူ…'

ကျွန်တော်တို့၏ နောက်ကျောတောင်ပေါ်မှ တောခွေးအူသံကား အေးတိအေးစက်၊ ဆွဲဆွဲငင်ငင်မို့ ပုံပြင်ထဲက တစ္ဆေသရဲတွေ ထွက်လာရန်အတွက် ကြိုတင်ထောက်လေသလား၊ ကြောက်စရာဖန်တီးလေသည်လား မသိ။

'ဝီ… ဝီ… ဝီ… ဝီ… ဝီ…'

'ဝူး… ဝီ… ဝူး… ဝူး…'

'မိုးကျော်'

'အင်း…'

'ကျားမလာဘဲ မင်းရဲ့အချစ်တော် တစ္ဆေသရဲလာနေပြီထင်တယ်'

'လာရင်ပစ်မယ်'

'ကောင်းတယ်'

ခွေးအူသံ မဆုံးခင်မှာပင် ကျွန်တော်တို့ ပတ်ဝန်းကျင်သို့ လေကတစ်ဝီဝီ တိုက်ခတ်လာ၏။ လေပြည် သာသာ၊ လေညင်းလောက်တော့ မပြင်းထန်ပါ။ အပင်တွေအား ရှပ်ဝိတိုက်ခတ်လှုပ်ခါစေသော်လည်း ဘာကောင်မျှ မတွေ့ရ။ သို့



www.burmeseclassic.com

www.burmeseclassic.com



အတွက် တစ္ဆေသရဲကို အလွန်မုန်းသော မိုးကျော်အောင်အား တင်မြတ်မှ ခနဲ့လိုက်သည်တွင် မိုးကျော်အောင်မှ ခပ်ပြတ်ပြတ် ပြန်ပြောလိုက်ခြင်းပင်။ ထိုပစ်မယ်ဆိုသော စကားကိုပင်လျှင် တင်မြတ်ကထောက်ခံပြီး ကောင်းတယ်ဟု ထပ်ဆင့်၍ ပြတ်ပြတ်သားသား ပြောလိုက်၏။

မိုးကျော်အောင်နှင့် တင်မြတ်တို့ ပြောသည်မှာ ဘာကိုရည်ရွယ်သည်ကို ကျွန်တော် ကောင်းစွာသိလိုက်ပါ၏။ သူတို့ပြောသလို တစ္ဆေသရဲဆိုပါကလည်း ကြားကြလော့ဟူသောသဘော သက်ရောက်စေခြင်းပင် ဖြစ်ပါသည်။

'ဆရာကျော်'

'အေး'

'ကျားသံလည်း မကြားပါကလား'

'ဟုတ်တယ် ဆရာကျော်၊ ကျွန်တော်တို့ ဒီမှာတစ်ညလုံး နေကြရအောင်'

'နေမယ်လေ'

ကျွန်တော် ပြောပြောဆိုဆို နာရီကိုကြည့်လိုက်တော့ ဆယ်နာရီခွဲနေပြီ။ တကယ်တော့ ဒီလိုညဥ့်နက်ပါက တောကောင်တွေ မထွက်တော့ပါ။ ကျားသည်လည်း ညဥ့်နက်လျှင် အိပ်ပြီး မနက်စောစော ပြန်ထ၏။ ချေ၊ ဒရယ်၊ တောဝက်တွေလည်းကျားကဲ့သို့ စောစောထ အစာရှာစားကြပြီး ရှစ်နာရီကိုးနာရီလောက်ဆို ပျောက်ကုန်ကြပါပြီ။ ကျားသည် သားကောင်တွေ၏ အလေ့အထ၊ သွားလာမှု၊ စားသောက်မှုကို သိ၏။ တစ်ဖန် ကျားနှင့်အတူ သားကောင်တွေအကြောင်းကို





ဖြင့် ကျွန်တော်တို့မုဆိုးတွေက ပိုသိ၏။

သို့အတွက် တဲပြန်ပါက ရ၏။ သို့သော်လည်း ရွာသားတွေ ဒုက္ခမပေးလိုသည်မှာတစ်ကြောင်း၊ ရွာသားတွေ ပြောသည့်အတိုင်း နှစ်ညဥ့်တိတိ တစ်ညဥ့်လုံး အထက်အောက်လမ်းလျှောက်ပြီး ဟိန်းဟောက်နေသော ကျားဆိုးကြီးအား တွေ့လိုသည့်အတွက် ဒီတစ်ညတော့ ဘာပဲဖြစ်ဖြစ် မအိပ်မနေ စောင့်ရပေမည်သာ။

နောက်တစ်ခု ကျောက်တုံးတွေ စုပုံထားသည့် နေရာမှာလည်း မသင်္ကာစရာပင်။ ကျွန်တော်တို့ အထင်အမြင်ကို ကြည့်ပြီး လူတစ်ယောက်အား မြှုပ်နှံထားပြီးနောက် ကျောက်တုံးတွေ အပေါ်မှစီထားသည့်ပုံသဏ္ဌာန်ကြောင့် မသင်္ကာစရာ တွေ့ရသဖြင့် ထိုအချက်ကိုလည်း အကောင်အထည်ဖော်လိုပါ၏။

'တင်မြတ်'

'အေး'

'တို့လာတာသိလို့ ကျားဆိုးကြီး ရှောင်နေပြီလားပဲ'

'အေးလေ… ရှောင်ပြီး တောင်ပေါ်တက်သွားရင် ကောင်းတာပေါ့ကွ၊ တို့အတွက် အိပ်ရေးပျက်ရတာ ပျက်ရကျိုးနပ်တာပေါ့'

'ဆရာကျော် မထင်နဲ့၊ မိုးလင်းပိုင်းရှိသေးတယ်'

'အေးလေ… ဒါကြောင့် ဆက်စောင့်တာပေါ့ တင်မြတ်ရဲ့'

'ရှူး…'



www.burmeseclassic.com

www.burmeseclassic.com



မိုးကျော်အောင် သတိပေးလာသည်။ သူ ဘာသံကြားပါလိမ့်။ ကျွန်တော်နှင့် တင်မြတ် မကြားလိုက်၊ မမြင်လိုက်။ စကားပြောရပ်ပြီး နားထောင်နေစဉ် အသံတစ်သံ ကြားရပါပြီ။ တိုးလွန်း၍ မနည်းနားစွင့်မှ ကြားရသည့်အသံတစ်သံ။

'စိုင်းလုံ'

'စိုင်းလုံ'

ဝီဝီသသတော့ မှုတ်။ အသေအချာ နားထဲမှာကြားရသည်ကတော့ စိုင်းလုံ၊ စိုင်းလုံဟု ထင်ရသည်။ ကျွန်တော်တို့ သုံးယောက် အသံလာရာ ကျောက်တုံးပုံဘက်ဟု ခန့်မှန်းပြီး နားစွင့်ရင်း ကြည့်နေစဉ် အသံမှာ စောစောကထက် ပိုကျယ်လာ၏။

'စိုင်း ··~လုံ···'

'?င်း··· လုံ···'

ဒီတစ်ခါ ခေါ်သံမှာ ပိုကျယ်ပြီး ပို၍ပို၍ ဝီသ၏။ သူခေါ်နေသည်မှာ စိုင်းလုံမှ စိုင်းလုံအစစ်။ အသံလာရာဘက်မှာလည်း ကျွန်တော်တို့ လုံးဝ မသင်္ကာသည့် ကျောက်တုံးတွေ စုပုံထားသည့် မြေပုံသဏ္ဌာန်ဘက်မှ ထွက်ပေါ်လာသော လူတစ်ယောက်၏ အသံ။ သို့သော် ထိုလူသည် ဒဏ်ရာအနာတရဖြစ်နေ၍ မဝီမသဖြစ်သည်လားတော့မသိ။ ဖျစ်ညှစ်အော်နေသံအစစ်။

ကျွန်တော့်စိတ်ထဲဝယ် စိုင်းလုံနှင့်တော့ ပတ်သက်နေပြီဟူသော သံသယစိတ်သည် အကြိတ်အခဲဖြစ်လာ၏။ စိုင်းလုံကား ပျော်ပျော်နေတတ်သော်လည်း သူ၏နောက်ကွယ်တွင်





ဘာတွေရှိနေပါလိမ့်။ ဤနမ့်ပန်ရွာကလေးတွင် နေထိုင်ကြသည့် ရှမ်း ဗ မာများမှာ အလွန်ရိုးသားဖြောင့်မတ်ကြသူများဖြစ်၍ ပြစ်မှုတစ်စုံတစ်ရာ ကျူးလွန်မည် မထင်မိပါ။ ခက်တော့ခက်သည်။ လူရိုးဆိုသည်မှာ တချို့ပြောသလို သချိုင်းမှာသာ ရှိသည်ဟူသော အနိုင်းတုစကားလည်းရှိနေသည်။

ထိုအချိန်တွင် အသံထပ်မံ ကြားရသည်မှာ ကျောက်တုံးတွေပုံထားသည့်ဘက်မှပင် ခြေသံမှခြေသံ။ ထိုခြေသံကား နင်းလျှောက်လာနေသော ခြေသံဟု ထင်ရသော်လည်း အသေအချာ ထပ်မံ နားစွင့်ကြည့်သောအခါ ကုတ်ခြစ်လူးလိမ့်သယောင်၊ အရွက်ခြောက်တွေအားနင်းမိ၍ ကြွေမွသောအသံမျိုး···

'ချွတ်··· ဂျွတ်··· ဂျွတ်···'

'ချွတ်··· ချွတ်··· ဂျွတ်···'

'စိုင်းလုံ···'

'စိုင်းလုံ···'

အသံနှစ်သံ။ တစ်ခါခေါ်တိုင်း နှစ်ခွန်းသောအသံပုံမှန်ခေါ်၏။ ကျွန်တော်တို့နားနှင့် ဆတ်ဆတ်ကြားရသည့်အပြင် ခြေသံတွေမှာ ညင်ညင်သာသာ ဖြစ်ပါသော်လည်း သစ်ရွက်ခြောက်၊ ကိုင်းခြောက်တွေ၏ ကြွေမွသံသဲ့သဲ့လည်း ကြားနေရပါသည်။

'အုဂူ··· အုဂူ··· ဂူ··· ဂူ··· ဂူ'

'အုဂူ··· အုဂူ··· အု··· ဂူ··· ဂူ··· ဂူ'

စောစောက တောခွေးသည်လည်း အူပါလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



တောခွေးအူသည့်မှာတော့ တော်တော်ဝေး၏။ တောင်ပေါ်မှသာ အူနေခြင်းဖြစ်၏။ အောက်ဆင်းလာသည်ကို မထင်ရပါ။ တောမှုဆိုး သို့မဟုတ် တောကောင်ကြီး၊ ကျားဆိုးကြီး၏အသံကား လုံးဝ ပျောက်နေသည်။

လသည် တော်တော်လေး သာနေ၏။ ကြယ်တွေလည်း လင်းလက်တောက်ပနေသဖြင့် တောင်စောင်းပေါ်မှ အခင်းကို ကောင်းကောင်းမြင်နေရ၏။ အခင်းဘက်မှာ ထူးခြားမှုမရှိ။ ကျွန်တော်တို့ ပတ်ဝန်းကျင်မှာတော့ ထူးခြားပါပြီ။ ခြေသံကြားရခြင်း၊ စိုင်းလုံအား ခေါ်နေခြင်းတို့နှင့်အတူ ကျွန်တော်တို့ စောင့်ကြည့်နေသော ကျောက်တုံးတွေ စုပုံထားသည့်ဘက်မှ ဖြစ်ပေါ်လာမှုတွေအား ကြည့်ရင်း ကြည့်ရင်း ပို၍ပို၍ မသက်သာတော့ပါ။

မသက်သာ၍ စောင့်ကြည့်ရင်း သေနတ်ပြောင်းအား ထိုကျောက်တုံးပုံဘက်သို့ လှည့်ထားသည့် တင်မြတ်မှာ ပစ်မယ်ဟုပြောသော မိုးကျော်အောင်ထက်ဦးစွာ ပစ်ခတ်ရန်အသင့်ဖြစ်နေ၏။ ထိုကျောက်တုံးပုံမှာလည်း သူ့ဘက်မှာဖြစ်၍ သူ၏ စိတ်ကြိုက်ပစ်ခတ်ရန် စောင့်ဆိုင်းနေလိုက်သည်မှာ အမှန်ပင်။

စောင့်ရင်း စောင့်ရင်း နောက်ထပ်ခေါ်သံ မကြားရတော့။ သို့သော် ခြေသံတော့ တစ်ခါတစ်ခါ ကြားရဆဲပင်။ တောင်ပေါ်ဘက်မှ တောခွေးအူသံလည်း ပျောက်သွားပါပြီ။ ကျွန်တော် နာရီကိုကြည့်တော့ လေးနာရီပင်ထိုးတော့မည်။ ကြယ်အလင်းကား ဝင်းဝင်းပပ လင်းလက်နေပါ၏။ ကျွန်





တော်တို့ မျက်စိတွေလည်း ပတ်ဝန်းကျင်ကို ကျင့်သားရနေသဖြင့် ဘယ်နေရာ ဘာရှိသည်ကို သိရှိပြီးသားပင်။

'တင်မြတ်နဲ့ မိုးကျော်'

'ဟုတ်'

'လေးနာရီခွဲပြီကွ'

'အသံ မကြားရတော့ဘူး'

'ခြေသံလားတော့ မသိဘူး၊ တစ်ခါတစ်ခါ ကြားရတယ်'

'အေး… ဟုတ်တယ်ကွ၊ ခေါ်သံ စစ်စစ်ပဲ'

'စိုင်းလုံ… စိုင်းလုံလို့ နှစ်ခါ နှစ်ခါခေါ်တယ်'

'ဟုတ်တယ်လေ၊ တစ်ခါခေါ်ရင် နှစ်ခွန်းကွ'

'ဆရာကျော်'

'ဘာလဲ မိုးကျော်'

'ဘယ်လိုထင်လဲ'

'မပြောတတ်အောင်ပဲကွ၊ အသံက ဝိသနေတော့ အခက်သားလားပဲ'

'ဟုတ်တယ် ဟော…'

'စိုင်းလုံ'

'စိုင်းလုံ'

'ပြန်ပေါ်လာပြီ'

'အေး… မိုးကျော်'

'ဗျာ'

'ငါ မသက်သာဘူး'



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ကျွန်တော်မှ မိုးကျော်အောင်အား တီးတိုးပြောနေစဉ်အတွင်းမှာပင် မြင်တွေ့ရသည့် မြင်ကွင်းကြောင့် ကျွန်တော်တို့သုံးယောက် ကြက်သီးထသလိုလို၊ မွေးညှင်းတွေထောင်ထလာသည်လား၊ ဆံပင်မွေးတွေပင် ထောင်ထလာသည်ဟု ထင်လိုက်ပါ၏။

အကြောင်းမှာ ထိုမြေပုံဟုထင်ရသော ကျောက်တုံးတွေ စုပုံထားသည့်ဘက်သို့ ကျွန်တော်တို့ စိုက်ကြည့်နေစဉ် ကျောက်တုံးတွေပေါ်သို့ လူ၏လက်တစ်ဖက်သည် ပေါ်လာ၏။ ပေါ်လာသော လက်သည်ကား ကျောက်တုံးအား လှမ်းဖက်ရင်း အပေါ်သို့ တက်တော့မည့်အသွင် လရေးရေးမှာ ကြယ်ကလင်းလက်သည့်အကြားမှ ကောင်းစွာ မြင်တွေ့ရပါပြီ။

'စိုင်းလုံ'

'စိုင်းလုံ'

ခေါ်သံလည်း ကြားရ၏။ လက်တစ်ဖက်သည်လည်း ကျောက်တုံးအား ဖက်လိုက်၊ ထောင်လာလိုက်၊ ပြန်ဖက်ထားလိုက်ဟု ကျွန်တော်တို့ ထင်ရသည်။ မြင်ရသမျှ အားလုံးအံ့ဩစရာကောင်းလွန်းသည့်အပြင် စိုင်းလုံ၏ အခင်းနှင့်လည်း မဝေးသည့်အတွက် ကျောက်တုံးတွေ စုပုံထားသည့် အလောင်းကောင် မြှုပ်ထားရသည့် မြေပုံသင်္ချိုင်းပေါ်ရှိ ကျောက်တုံးပေါ်သို့ ရောက်လာသော လက်တစ်ဖက်ကြောင့် စိတ်ထဲဝယ်သရဲခြောက်ခံနေရပြီလား။ ဒါမှမဟုတ် မြေကျင်းထဲမှ မသေမရှင် လူတစ်ယောက်၏ လက်ကြီးလား။ ထိုလက်ကြီးအား





အသေအချာ ကြည့်နေရာတွင် လရောင်မှုန်မှုန် ကြယ်ရောင်လင်းလင်းတွေ၏ ရောင်ပြန်တွေဖြင့် အကွင်းလိုက်၊ အကွက်လိုက် လက်ခနဲ လက်ခနဲ မြင်တွေ့နေရသည်။

ကျွန်တော် အသေအချာကြည့်၏။ ဝပ်နေရာမှ မသိမသာ ခေါင်းထောင်ကြည့်၏။ ဘယ်လိုကြည့်ကြည့် လက်ကတော့ လှုပ်လိုက်၊ ကျောက်တုံးကို ဖက်ထားလိုက်ဖြစ်နေသည်။ သို့အတွက် ကျွန်တော်၏ အတွေးထဲဝယ် သတိတစ်ခုရရှိပြီး၊ ထိုသတိရမှုအပေါ် အကောင်အထည်ဖော်ရန် ကျွန်တော် မတ်တတ်ရပ်လိုက်သည်။ မတ်တတ်ရပ်ရင်း ဆုံးဖြတ်ချက်ချလိုက်ပြီး ကျွန်တော် သတိရသည့်ကိစ္စအတွက် အကောင်အထည်ဖော်ရန်အတွက်...

'မိုးကျော်'

'ဗျာ'

'မင်း ဓားမြှောင်ထုတ်ကွာ'

'ဟုတ်ကဲ့'

'ငါနဲ့မင်း အဲဒီလက်ရှိရာ သွားမယ်၊ ကြားလား'

'ဟုတ်ကဲ့၊ ကြားတယ်'

'ငါ...'

'အယ်... ဟုတ်ပြီ'

'တင်မြတ် သတိထား၊ ပစ်စရာရှိရင် ငါပစ်မယ်'

'ဟုတ်ကဲ့'

ကျွန်တော် သေနတ်ပြောင်းတွင် လက်နှိပ်ဓာတ်မီးတွဲလိုက်ပြီးသည်နှင့် မိုးကျော်အောင်မှာလည်း အသင့်ဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



ပါပြီ။ နှစ်ယောက်သား မတ်တတ်ရပ် အနေအထားမှ ကျွန်တော်သည် တင်မြွတ်ကို ခွကျော်ပြီး သစ်တုံးကြီးဘေးအတိုင်း ကျောက်တုံးတွေပုံထားသည့်ဘက်သို့ ခြေသံလုံလုံထိုးလိုက်၏။

ကျွန်တော့်နောက်တွင် ကပ်ပါလာသော မိုးကျော်အောင်လည်း ခြေသံလုံလျက် သူ၏လက်ထဲဝယ် လှံစွပ်အား ကျစ်ကျစ်ပါအောင် ဆုပ်ထားရင်း ရှေ့တိုးရာမှ ကျွန်တော်သည် ကျောက်တုံးတွေနှင့် [illegible]ယှ်ငါးပေခန့်အရောက် ခေတ္တရပ်ပြီး…

'မိုးကျော်'

'ဟုတ်'

'ငါ မီးထိုးလိုက်တာနဲ့ မင်း လှံစွပ်နဲ့ပြေးထိုး'

'ဟုတ်ကဲ့'

'မင်းနဲ့အတူ ငါကပ်လိုက်မယ်၊ လိုအပ်မှပစ်မယ်'

'ကောင်းပြီ'

'ကဲ… ငါ မီးထိုးမယ်'

ကျွန်တော်သည် သေနတ်ပြောင်းအား ထိုကျောက်တုံးပုံဘက်မှာပေါ်လိုက်၊ ကျောက်တုံးတွေဖက်လိုက် လုပ်နေသောလက်အား မီးထိုးရင်းအပြေး…

'ဒုတ်'

'ဖူး… ဝူး… ဖူး… ဖူး'

'ဘယ်လိုလဲ မိုးကျော်'

'တောက်… တော်တော် အုံ့စရာပဲ'

'အေးလေ… ငါလည်း ဒီလောက် တစ်ခါမှ မကြုံဖူးတာ အမှန်ပဲ'





'ဆရာကျော် ဘယ်လိုထင်လိုက်တာလဲ'

'အေး… နောက်မှပြောမယ် ယူခဲ့'

ကျွန်တော် မီးမထိုးတော့ပါ။ မိုးကျော်အောင်သည် သူမားမြောင်ကဲ့သို့ အသုံးပြုသော လှံစွပ်တွင် တန်းလန်းစိုက်ပါလာသည်နှင့် သွေးရဲရဲလက်ကြီးဟု ထင်ရသော သရဲအား မ,ယူလာခဲ့ပါသည်။

'ဖောက်… ဖောက်… ဖောက်'

'ဖောက်… ဖောက်'

'ဟာ… တောဝက်ထွက်ပြီ ဆရာကျော်'

'အေး… အသာစောင့်နေဦး'

တောဝက်တွေထွက်ပါပြီ။ သို့ပါသော်လည်းအကောင်တော့ မတွေ့ရပါ။ အသံသာ ကြားနေရဆဲမို့ ကျွန်တော်မှ ပစ်ခတ်မှုစောင့်ပြီး အပိုင်ပစ်ရန် သတိပေးလိုက်သည်ကို တင်မြွတ် သဘောပေါက်ပါ၏။ တင်မြွတ်သည်လည်း ပစ်ခတ်မှုတွင် လက်ယဉ်ပြီးသားမို့ လရောင်မှေးမှေး ကြယ်ဖွေးဖွေးတို့အား အမိအရဖမ်းရင်း ထွက်လာမည့် တောဝက်အုပ်အား စောင့်နေသည်။

ငါးနာရီထိုးတော့မည်။ တောဝက်တွေ မထွက်သေး။ နှင်းနှင့်မြူကတော့ ကျွန်တော်တို့၏ ပစ်ခတ်မှုသတ်ကွင်းဝယ် အလူကျုံစယ်နေသည့်အတွက် အလင်း ရလာပါသော်လည်း မြူနှင်းအငွေ့အသက်တွေက ရွှေ့လျက်မွှေ့လျက် နှုတ်ဆက်နေပါပြီ။ ကြုံဆိုနေပါပြီ။ တောဝက်တွေ ဘာဖြစ်လို့ ထွက်မလာကြပါသနည်း။ အသံတော့ ကြားနေဆဲ။ ခြေရာတွေ့တော့



www.burmeseclassic.com

www.burmeseclassic.com



လေးငါးကောင်ခန့်သာ ရှိ၏။ ကျွန်တော်တို့ တောထဲတွင် တွေ့ရသမျှ တောဝက်အုပ်မှာ ဒီတစ်ခါလောက် အကောင်နည်း သည်ကို မတွေ့ဖူးအောင်ပင်။

'ဆရာကျော်'

'အေး'

'တစ်ကောင်တစ်မြီးမှ မထွက်ပါကလား'

'ငါလည်း စဉ်းစားနေတာကွ'

'ကျွန်တော် အောက်ဘက် ဟောဟိုအပင်ကြီးဘေး သွားကြည့်ချင်တယ်'

'သွားလေ'

'ဩော်… နေဦးကွ၊ ဒီလိုလုပ်၊ မင်း အရင်သွား မင်း အဲဒီအပင်ဘေးရောက်တော့ မိုးကျော် လိုက်သွား'

'ကောင်းတယ်၊ ကောင်းတယ်'

'အေး… ငါအပေါ်စီးကနေ ထိန်းထားမယ်'

'ကျွန်တော် သွားမယ်'

ပြောပြောဆိုဆို တင်မြတ်သည် တောလိုက်မုဆိုးပီပီ သွက်သွက်လက်လက် အရောက်ချဉ်းကပ်ပြီးနောက် တင်မြတ် နေရာယူပြီးသည်နှင့် မိုးကျော်အောင် ဆက်လိုက်သွားသည် သူတို့နှစ်ယောက် ကျွန်တော့်မြင်ကွင်းထဲတွင် ကောင်းစွာ တွေ့ မြင်နေရ၍ စိတ်ချရပါ၏။

ကျွန်တော် သူတို့နှစ်ယောက်အား ကြည့်နေရင်း တင်မြတ်သည် သူတို့ရှေ့တည့်တည့်တွင်ရှိသော အပင်ကြီး အောက် ဆက်တိုးသွား၏။ တောဝက်တွေအသံ ပိုကြားရပြီ



ကြိုးကပ်နေသည်တွင် မိုးကျော်အောင်မှ ကျွန်တော့်အား လက် ခါလိုက်သည့်အတွက် ကျွန်တော် မိုးကျော်အောင်ထံ ရောက်သွားစဉ် တောဝက်အသံတွေ ကြားနေရပြန်၏။

'ဖောက်… ဖောက်… ဖောက်…'

'ရှူး… အူး… ဂူး…'

'ဖောက်… ဖောက်… ဖောက်…'

'တောဝက်တွေ ကန်စွန်းခင်းထဲ ကောင်းကောင်းမွှေ နေတယ် ဆရာကျော်'

'အေးကွ၊ ဒါကြောင့် ဒီကောင်တွေ ငြိမ်နေတာ'

'ကျွန်တော် တင်မြတ်နောက် ဆက်လိုက်မယ်'

'သွားလေ၊ တင်မြတ်ကို ပြောလိုက်၊ မီးခိုးလျှောက် ချစိုက်လို့'

'အေး… နောက်ပြီး အပေါ်စီးမှာ ငါရှိမယ်၊ ကျွန်း ခင်ကြီးတွေ အကာအကွယ်ယူပြီးမှ ပစ်ကွ'

'ခြံထဲရောက်နေတော့ သိပ်တော့ စိုးရိမ်စရာ မရှိ တော့ဘူး ဆရာကျော်'

'ကဲ… သွားတော့'

မိုးကျော်အောင်သည် တင်မြတ်ထံ ကူးသွားပြီး နှစ် ယောက်သား ခြုံတွေအကာအကွယ်ယူလျက် ခြံစည်းရိုးဘေး အရောက် နှစ်ယောက်သား နေရာယူထားပြီးသည်နှင့် တော ဝက်အုပ်ထဲသို့ ပစ်ခတ်ရန် သူတို့နှစ်ယောက် တိုင်ပင်လိုက် သည်မှာ…

'မိုးကျော်… ငါ ရှေ့ကအကောင်ကိုပစ်မယ်၊ မင်းက

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးအကောင်ပစ်ပါလား'

'အေး… နှစ်ကောင်စလုံး အထီးတွေကွ'

'အထီးဆိုတော့ ဘာဖြစ်လဲဟ'

'ဟ… တင်မြတ်၊ မင်းလို သိုးစော်နံမှာပေါ့'

'ခွေးကောင်၊ မင်းကော ဘာထူးလဲ၊ ဝက်သိုးတဲ့ဆိုတဲ့ အကောင်ကများ ပြောနေရသေးတယ်'

'ဟဲ… ဟဲ… ဟဲ… ဟဲ… ကဲ… ပစ်ကြစို့၊ ငါ တိုင်ပင်ဆိုမယ်'

'အေး… ဆို'

'နေဦးကွ၊ နေဦး၊ ငါပစ်မယ့်အကောင် လှုပ်ရှားနေတယ်'

တင်မြတ်ပြောသည့်အတွက် မိုးကျော်အောင်သည် တင်မြတ်၏ အကောင်အား ကြည့်လိုက်သည်။ မိုးလင်းလာပြီမို့ ကောင်းကောင်း မြင်တွေ့နေရပါပြီ။ တင်မြတ်၏ပစ်ကွင်းထဲမှ အကောင်သည် သူ၏ဘေးမှ ကန်စွန်းဥတွေ ဝါးနေသော တောဝက်မအား တဖောက်ဖောက်နှင့် ကျီစယ်နေသည်ကို မြင်လိုက်ရသည်တွင်…

'တောက်… အရေးထဲ ကြည်မြိုင်ကို တွေ့နေတဲ့ ဝက်သိုးတင်မြတ်၊ ကြည့်… ကြည့်… ဟော… ဟော… အဟိ…'

'ဟေ့ကောင် အသံမထွက်နဲ့ဟ'

'အရေးမကြီးဘူး တင်မြတ်၊ မင်းလိုပဲ မွှန်နေတုန်း၊ ကဲ… ပစ်မယ်ကွာ'





'အေး…'

'တစ်… နှစ်… သုံး… ပစ်…'

'ဒိုင်း…'

'ဒိုင်း…'

'ဝုန်း… ဂူး… ဝုန်း…'

'ဘုန်း… ဂူး… ခူး… ဒုံး… ဝုန်း…'

'ဖျောက်… ဖျောက်… ဖျောက်…'

မိုးကျော်အောင်၏ ပစ်ခတ်သော တောဝက်မှာ သူတို့နှစ်ယောက်ဘက်သို့ လှည့်ကာ မီးခိုးလျှောက်ပြေးလာပါသော်လည်း ခြံစည်းရိုးနှင့် ဝင်ဆောင့်ပြီး ဒုံး… ဝုန်း…ဟူသော အသံကြီး ကြားရကာ လဲသွားသကဲ့သို့ တင်မြတ်ပစ်သော တောဝက်ကြီးမှာကား တောဝက်မအပေါ် ရောက်နေရာမှ ကျည်ဆံထိမှန်လျက် ဘေးသို့ ခွေပစ်လက်ပစ်ကျသွားရာ ပြန်၍ ကုန်းထပြီး ဦးတည်ရာထွက်ပြေးသည်တွင် မထင်မှတ်ဘဲ တောထဲဘက်မဟုတ်၊ အခင်းတဲဘက် တောင်ယာအတွင်းကိုက်တစ်ရာခန့်အထိ ပြေးရင်းလဲကျသွားပါပြီ။

ကျန်တောဝက် လေးကောင်မှာတော့ သူတို့ တိုးဝင်ထားသည့် ခြံပေါက်ထဲမှ အတင်းပြေးထွက်ကာ တောတန်းအတိုင်း ထွက်ပြေးနေကြသည်ကို အပင်တွေ လှုပ်ရှားနေခြင်းအတွက် ကောင်းစွာ တွေ့မြင်နေရပါသည်။ တောဝက်တွေ ထွက်ပြေးသွားကြပါပြီ။ အသံတွေ တိတ်သွားပြီမို့ ကျွန်ုပ်ကော် ရပ်ကြည့်နေရင်းမှ နားစွင့်ကြည့်ပါ၏။ ဘာမျှမထူးတော့။ မိုးကျော်အောင်နှင့် တင်မြတ်တို့နှစ်ယောက် ကျွန်တော့်တဲ



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာ၏။

'ဆရာကျော်'

'အေး'

'နှစ်ကောင်ရတယ်'

'ကောင်းတာပေါ့'

'တင်မြတ်ဆိုတဲ့ အကောင်တော့ ငရဲကြီးပြီဗျ'

'ဘာဖြစ်လို့လဲ မိုးကျော်'

'သူပစ်တဲ့အကောင်က အထီးလေ၊ မိတ်လိုက်နေတုန်း ပစ်လိုက်တာပေါ့ ဆရာကျော်ရဲ့'

'ခွေးကောင်၊ မင်းပဲ တိုင်ပင်ခေါ်တာကိုကွ၊ ငါက အဟဲ… ကြည့်ကောင်းနေတုန်း၊ ဟား… ဟား… ဟား… ဟား…'

'တော်စမ်းပါကွာ၊ ဆရာကျော်… ဒီကောင် ဝက်မကို ကြည့်မြိုင်များ အောက်မေ့နေလား မသိဘူး'

'ဟာ… ဒီကောင်၊ ဟေ့ကောင် မိုးကျော်၊ ကြည့်မြိုင်က လူကွ လူ၊ ဟား… ဟား… ဟား… ဟား'

သူတို့နှစ်ယောက် အိပ်ရေးပျက်သည်လည်း မသိ။ သားကောင်ပစ်ရသော မုဆိုးအတွက် စိတ်ကြိုက် ပစ်ခတ်ရသဖြင့် ကျေနပ်နေကြ၏။ ပီတိတွေ ဝေနေကြသည်မှာ ခမ္မတာပင်။ ကျွန်တော်သည်လည်း ထိုနည်းတူပင်။ မုဆိုးဘဝ တောပစ်ရတဲ့အခါ ပိုင်ပိုင်နိုင်နိုင် ပစ်ခတ်ရမှုတွေကြောင့် ပီတိဖြစ်ရသည်သာ။

'ဩော်… ဆရာကျော်၊ ကျွန်တော် ဓားနဲ့ထိုးထားတဲ့





ကောင်ကော ဆရာကျော်၊ ဟိုမှာပဲလား'

'အေး… ဟုတ်တယ်၊ အဲဒီကျောက်တုံးတွေနေရာ သွားကြည့်ရအောင်'

'သွားချင်နေတာပေါ့၊ သွားကြစို့'

မိုးကျော်အောင်မှာ သွက်လက်စွာ ရှေ့ဆုံးမှသွား၏။ ညကတွေ့ရသော ကျောက်တုံးတွေ စုပုံထားသည့်နေရာ ရောက် အသေအချာ ရှာကြည့်နေစဉ် သွေးများ တွေ့ရပါသည်။ ထိုသွေးများသည် မိုးကျော်အောင်၏ လှံစွပ်လက်ချက်နှင့် ထွက်ခဲ့ကျခဲ့သော သွေးများဖြစ်နေသည်ကို မိုးကျော်အောင် ကောင်းကောင်းသိလိုက်သည်။

ကျောက်တုံးများ အရွယ်တူသလိုလို စုပုံထားမှုမှာ ဘာ့ အနည်းငယ် ထူးခြားနေသည်က အမှန်။ သို့သော် ထူးခြားချက်သည် လူတစ်ဦးတစ်ယောက်အား မြေမြှုပ် ဖြုပ်ထားပုံရသော်လည်း ထိုမြေပုံသဏ္ဌာန် ကျောက်တုံးမှာ အနှစ်ဆယ်ချီ ကြာမြင့်နေပါပြီ။ မြေပုံသဏ္ဌာန် လုံးဝ ပျောက်နေပါသော်လည်း ထင်ထင်ရှားရှားမဟုတ်သော်ငြား ကျွန်တော်တို့ အထင်မှားမည်မဟုတ်ပါ။

'ဒီမှာ ဆရာကျော်၊ တွေ့ပြီ'

မိုးကျော်အောင်သည် ထိုကျောက်တုံးပုံဘေးဝယ် ဝက်ညှိုးထိုးပြရင်း ရပ်နေသဖြင့် ကျွန်တော်နှင့် တင်မြတ်သည် မိုးကျော်အောင်ပြသည့်နေရာသို့ ထိုကျောက်တုံးတွေ ကျော်ပြီး ကြည့်လိုက်သောအခါဝယ် တွေ့ရပါပြီ။ မြေတွင်း တစ်ခု၊ ထိုမြေတွင်းမှ ထွက်လာသော လက်ကြီးပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဆရာကျော်'

'ဘာလဲ မိုးကျော်'

'ဒီတွင်းက ထွက်လာတာပဲဗျ၊ အလင်းတစ်ဝက် ရယ်၊ လရောင်ရယ်က ကွက်တိကွက်ကျားဖြင့် မြင်ရတော့ လက်ကြီး လို့ ကျွန်တော်တို့ ထင်တာပေါ့'

'အေးလေ… ဒီတွင်းရှိမှန်းလည်း မသိဘူးလေ၊ နောက်ပြီး စိုင်းလုံပဲခေါ်နေတော့ တစ်စုံတစ်ခု တူးပြီလို့ထင်ရ ကာ လက်ခနဲ လက်ခနဲ မြင်ရတဲ့အတွက် အံ့ဩတာပေါ့'

'ကျွန်တော့်အထင်ပြောရရင် သရဲကြီးရဲ့လက်က မြေပေါ်ရောက်လာပြီလို့ ထင်တာပေါ့၊ ဒါကြောင့် ပစ်မယ်လို့တောင် ကျွန်တော် ချိန်လိုက်မိသေးတယ်'

တင်မြတ်သည် သူ၏ထင်မြင်ချက်နှင့်အတူ လက်ကြီးထွက်လာပြီဟူသော အသိဖြင့် ပစ်ခတ်ရန် ဆုံးဖြတ်ပြီး ချိန်ရွယ်မိကြောင်း ပြောလိုက်သည်တွင် မိုးကျော်အောင်မှာ ရယ်ကျဲကျဲဖြင့်…

'ဟဲ… ဟဲ… ဟဲ… ကျွန်တော်ကတော့ သရဲခြောက်ပြီပေါ့၊ ဒါနဲ့ အဟဲ မသိမသာ ဂါထာတွေရွတ်လည်း ပိုဆိုးတယ်၊ လက်ကြီးကိုမြင်လိုက်၊ စိုင်းလုံ… စိုင်းလုံဆိုတဲ့ နှစ်ခါ နှစ်ခါခေါ်သံကြားလိုက်နဲ့ ပူထူသွားတာပဲ'

'သရဲ မခြောက်တဲ့အကောင်၊ ဂါထာတွေ စုံသွားတယ်ပေါ့၊ ဟား… ဟား… ဟား… ဟား'

'အေး… မင်းတို့မပြောနဲ့၊ ငါလည်း ကြက်သီးတွေထပြီး မွေးညှင်းတွေ ထောင်ကုန်သလိုပဲကွ၊ တော်တော် ခံစား





ရတယ်၊ နောက်မှ အသံကို သေသေချာချာ စဉ်းစားတော့မှ အသံရယ်၊ လှုပ်ရှားမှုရယ်ဟာ မထူးခြားဘူးဆိုတာ သိပြီး တောနက်ထဲမှာ ဒါမှမဟုတ် အခုလို ရွာတို့၊ အခင်းတို့နဲ့နီးတဲ့ နေရာတွေမှာ ဖြစ်လေ့ဖြစ်ထရှိတာ စဉ်းစားမိရင်း မရဲတရဲ ပေါ့ကွ၊ ဟား… ဟား… ဟား… ဟား… မတ်တတ်ရပ်ကြည့်တော့မှ ဟိုကောင်လေ၊ သရဲကောင် မဟုတ်ဘူးဆိုတာ သိပြီး မိုးကျော်ကို လုံ့စွပ်ထိုးခိုင်းရတာပေါ့'

'ဟုတ်တယ် ဆရာကျော်၊ ဒီလိုကောင်တွေ ကျွန်တော်တို့ မသတ်ဖြတ်ပါဘူး၊ ဒါပေမဲ့ ဒီကောင်က မလွယ်ဘူး၊ စိုင်းလုံအခင်းနဲ့ နီးတာရယ်၊ စိုင်းလုံလို့ခေါ်သံတွေ ကြားထားလို့ သူကလည်း ကြက်တူရွေးတို့ သာလိကာတို့လို ခေါ်တတ်ပြီး နေတာဟာ တစ်နေ့ရွာသားတွေအတွက် စိုင်းလုံအတွက် ဒုက္ခရောက်တော့မယ်ဆိုတာသိလို့ သတ်လိုက်ရတာပဲ ဆရာကျော်'

'အေးလေ… ငါလည်း ဒါကြောင့်သတ်ခိုင်းတာပဲ မိုးကျော်ရေ'

'ဆရာကျော်နဲ့ မိုးကျော်ရေ၊ ဟင်းတစ်ခွက်တော့ ရပြီပေါ့၊ သင်းခွေချပ်သားဟာ စားလို့တော်တော်ကောင်းတာ'

'ခွေးကောင် တင်မြတ် အစားပဲ'

ကျွန်တော်တို့သုံးယောက် သင်းခွေချပ်အား ကောက်ယူပြီး တောဝက်တွေဘက် ထွက်ခဲ့ကြပါ၏။ မိုးကျော်အောင် ပစ်ခတ်၍ သေဆုံးနေသော တောဝက်မှာ ခြံစည်းရိုးနှင့် ဝင်ဆောင့်ရာမှ မထနိုင်တော့ဘဲ သေနေပါပြီ။ တင်မြတ်ပစ်သော တောဝက်ကြီးမှာ တဲဘက် ထွက်ပြေးသဖြင့် ကျွန်တော်တို့



www.burmeseclassic.com

www.burmeseclassic.com



အခင်းတဲဘက် ထွက်ခဲ့ကြစဉ်…

'ရော… ဆရာကျော်တို့ပ၊ ဒီမှာ တောဝက်ကြီးတစ်ကောင်ပ'

စိုင်းလုံမှ အားရဝမ်းသာ အော်ပြောသကဲ့သို့ သူမ၏ ဘေးဝယ် ပေါက်စလည်း ပျော်ရွှင်စွာဖြင့် လက်ထောင်ပြနေ၏။ ကျွန်တော်တို့အားကြည့်ရင်း စိုင်းလုံပြေးလာသည်တွင် ကျွန်တော့်နားထဲသို့ ညှင်းက ခေါ်သံကြားမိသည်။ စိုင်းလုံ စိုင်းလုံနှင့် အသံကြားယောင်မိသည့်အတွက် ကျွန်တော် စိုင်းလုံအား တစ်ချက်ကြည့်ပြီး မိုးကျော်အောင်လက်ထဲမှ သင်းခွေချပ်အား ကြည့်နေစဉ်…

'ရှော့… စိုင်းလုံရေ၊ မင်းအတွက် လက်ဆောင်ကွ'

'ရော်… ဝမ်းသာတာပ'

'စိုင်းလုံ'

'ဟုတ်… ဟုတ်'

'ဒါ ဘာကောင်လဲ'

'စိုင်းလုံ၊ ရော်… သင်းခွေချပ်ပအေး'

စိုင်းလုံပါးစပ်မှ စိုင်းလုံဟုထွက်ရှိပြီးမှ သင်းခွေချပ်ဟူသောအမည်နာမ ထွက်ပေါ်လာပါသည်။ ကျွန်တော် အံ့သြမိသည်မှာ စိုင်းလုံနှင့် သင်းခွေချပ် အဘယ်သို့ဆက်စပ်နေသည်မသိ။

'စိုင်းလုံနဲ့ ပေါက်စရေ၊ ဟောဟိုခြုံစပ်မှာ တောဝက်တစ်ကောင်ရှိသေးတယ်ကွ၊ ဝက်နှစ်ကောင် သယ်ရအောင်'

'မိုးကျော်'





'အေး… ဝက်သိုးတွေ သွားလိုးကွာ'

'ငါ့အကောင် ငါလိုးမယ်၊ မင်းအကောင် မင်းလိုးလေ၊ မင်းအကောင်က ပိုအရေးကြီးတယ်ကွ'

'အယ်… ဟုတ်ပ၊ မြန်မြန်လိုးမှ'

တင်မြတ်သည် သူ၏ခါးကြားတွင် ထိုးထားသောလှံစွပ်ထုတ်ကာ သေနေပြီးသော တောဝက်ကြီး၏ အနံ့အသက်များ မပျံ့နှံ့ခင် လိုးဖြတ်နေပါသည်။ မိုးကျော်အောင်နှင့် စိုင်းလုံ၊ ပေါက်စတို့ ခြုံစည်းရိုးဘက် ထွက်သွားကြသည်ကို ကြည့်ရင်း ကျွန်တော်၏အတွေးထဲသို့ တိုးဝင်လာသည်မှာ ရွာလူကြီးတွေ နတ်ကြီးစင်တွင် တင်ကြမြှောက်ကြ၏။ တောင်းပန်ကြ၏။

ကျွန်တော်တို့က ထိုကျားကြီးအား နှိမ်နင်းရန်၊ ကာကွယ်ရန် တောတိုးပြီး ခြေရာခံ၏။ မတွေ့ပါ။ ဒီတစ်ညဉ့်လုံးလည်း သူတို့ပြောသော ကျားဟိန်းသံ လုံးဝ မကြားရ။ သို့သော် နောက်ညဉ့်တစ်ညဆက်၍ ကာကွယ်ပေးမည်ဟူသော ဆုံးဖြတ်ချက်တွေ တိုးဝင်ရင်းမှ ကျွန်တော်၏ မိုးကျော်အောင်သည် သူ၏ ဘက်နက်ခေါ် လှံစွပ်ဓားမြှောင်ဖြင့် ကျွန်တော် ခိုင်းသမျှ ရဲရဲတင်းတင်း လုပ်ရဲသော သတ္တိကို တွေးမိပြီး ကြည်နူးစွာဖြင့် မုဆိုးဓားမြှောင် တွေ့မရှောင်ပါတကားဟု စဉ်းစားရင်း အာရုံဦးဝယ် ကြည်နူးနေမိပါတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## [illegible]

'ဟော… ဆရာကြီးတို့ လာကြပြီ'

'လာ… လာ၊ အိမ်ပေါ်တက်ကြပါ၊ ကြိုဆိုပါတယ်'

'ဟုတ်ကဲ့ သူကြီး၊ သူကြီးမြို့တက်သွားလားလို့ စဉ်းစားနေတာ သူကြီးရဲ့'

ကျွန်တော်တို့သုံးယောက် သူကြီးအိမ်ပေါ်သို့တက်ရင်း ခရီးဦးကြိုပြုနေသော သူကြီး ဦးစောလူလူအား ကျွန်တော် ပြန်လည်ပြောရင်း အိမ်ပေါ်တက်ခဲ့ပါသည်။ သူကြီးဦးစောလူလူ၏အိမ်မှာ ကရင်အိမ်ဆိုသော်လည်း ရှေးကျသောအိမ်ဟု မဆိုသာပါ။ ခေတ်မီသလိုလို ကျွန်းအိမ်ကြီး၊ ထုံးစံအတိုင်း အိမ်မြင့်ကြီးတစ်အိမ် ဖြစ်ပါသည်။ ကြီးလည်း တော်တော်ကြီး၏။

'မနေ့ကပဲ ပြန်ရောက်တယ် ဆရာကြီးရဲ့၊ ဆရာကြီးတို့ မနေ့ကသာ လာရင် တွေ့မှာမဟုတ်ဘူး'



www.burmeseclassic.com

www.burmeseclassic.com



'တော်သေးတာပေါ့နော'

ကျွန်တော်တို့သုံးယောက် အိမ်ပေါ်ရောက်သည်နှင့် မအူတောရွာသူကြီး ဦးစောလူလူသည် သူ၏အိမ် ကလေးငယ်လေးတစ်ယောက်အား ခေါ်ပြီး ဦးစောသခွားကို ခေါ်ခိုင်းလိုက်၏။ မကြာပါ။ ဦးစောသခွား လိုက်ပါလာလေပြီ။

'ဟော… ဆရာကြီးတို့ ရောက်နေတာကိုး၊ ဖိုးခွားလေးက ဧည့်သည်တွေဆိုတော့ မြို့ကထင်တာ'

'အခုတော့… တောက ဧည့်သည်တွေဖြစ်နေတယ်ပေါ့ အဘရဲ့'

'ဟား… ဟား… ဟား… ဟား'

တင်မြတ် ဝင်နောက်သည်တွင် အရယ်သန်သော ဦးစောသခွား တဟားဟား သဘောကျရယ်မောရင်း ဦးစောလူလူအားတွင် ဝင်ထိုင်လိုက်ပါ၏။ သူကြီး ဦးစောလူလူသည် ရေနွေးအိုးထဲမှ ရေနွေးတွေ ငှဲ့နေစဉ် သူကြီး၏သား စောသာထူးမှ ငါးရံ့ခြောက်ဖုတ်တွေ ချပေးရင်း…

'ဆရာကြီးတို့ မနေ့ညနေပိုင်းကလာရင် ကောင်းမှာ'

'ဘာဖြစ်လို့လဲ ကိုစောသာထူး'

'ဒီရွာက မုဆိုးကြီး စောတိုးနိုးတို့အဖွဲ့ မနေ့ညနေက တောပစ်ထွက်သွားကြတယ်၊ ပြန်တော့မှာ၊ မနေ့ကဆိုတော့ သူတို့နဲ့လိုက်ရင် ရတယ်ဗျ'

'သူတို့က ဘယ်နှယောက်လဲ'

'သူတို့လည်း သုံးယောက်ဗျ၊ စောတိုးနိုးရယ်၊ စောထူးရယ်၊ စောပန်းသာ၊ ဟုတ်တယ်… ဟုတ်တယ်… သုံး





ယောက်၊ သုံးယောက်'

'ကိုစောသာထူးကော လိုက်ဖူးလား'

'မလိုက်ဖူးဘူး၊ တောထဲတော့ အခါခါရောက်တယ်၊ တောတော့ မပစ်ပါဘူး'

'သေနတ်ကော ပစ်တတ်လား'

'ဆရာကြီး၊ ဒီဖိုးခွားလေး တော်တော်ဆိုးတယ်၊ အိမ်က နှစ်လုံးပြူးနဲ့ မကြာမကြာ လျှောက်ပစ်လို့ မနည်းထိန်းနေရတာဗျ'

'သူကြီးရယ်၊ ပစ်တတ်အောင်တော့ သင်ထားရတာပေါ့'

'သင်ပေးမိတာ ကျုပ်အမှားဗျ၊ လစ်ရင် သေနတ်ယူပြီး တောကြက်ပစ်တယ်၊ အင်းစောင်းမှာ တောဘဲတွေပစ်နဲ့ ကျည်ဆံလည်း တော်တော်ကုန်နေပြီ'

'ဖထီးကလည်း တောကြက်သား ကြိုက်တယ်။ ရေဘဲတွေရတော့လည်း ဖထီးပဲ ခေါင်းမဖော်အောင် စားတာလေ'

'ဟ… နင်ပစ်လာမှတော့ ငါမစားလို့ လွှင့်ပစ်ရမှာလား'

'ဒါဆို ပြောမနေနဲ့လေ၊ အသာငြိမ်ပြီးစားပေါ့'

'ခွေးမသား'

'ဆရာကြီး ကြားလား၊ အမိုးကို စော်ကားနေပြီဗျ၊ အမိုးရေ… အမိုး ဖထီးက ခွေးမသားတဲ့၊ ဟား… ဟား… ဟား… ဟား'



www.burmeseclassic.com

www.burmeseclassic.com



သူကြီး၏သား စောသာထူးသည် နောက်တောက်တောက် ပြောင်တောင်တောင်နှင့် ပျော်ပျော်နေတတ်သူဖြစ်၏။ ကျွန်တော်တို့ ရေနွေးသောက်ရင်း စကားကောင်းနေကြပါသည်။ ထိုအချိန့်တွင် မုဆိုးကြီး စောတိုးနိုး၏တပည့် စောပန်းသာ ရောက်လာသည့်တွင် စောသာထူးမှ…

'ဟာ… ပန်းသာ၊ နင်တို့ပြန်လာပြီ'

'အေး… သူကြီး၊ တောဝက်ကြီးတစ်ကောင် ရခဲ့တယ်'

'ကောင်းတာပေါ့ဟ'

'သူကြီးအိမ်မှာနေတဲ့ ဧည့်သည်တွေကို တိုးနိုးက ဖိတ်လို့ လာခေါ်တာ၊ အခုလိုက်ပါလား'

'ဪ… ငါသိပြီ၊ စောတိုးနိုး လေကြွားချင်ပြီထင်တယ်၊ ကဲ… ကဲ… အားလုံးသွားကြရအောင်'

'ဟုတ်ကဲ့'

ကျွန်တော်တို့ လူခြောက်ယောက် လိုက်ပါသွားကြပါသည်။ မုဆိုးကြီး စောတိုးနိုးအိမ်သည် တောင်ကုန်းမို့မို့လေးပေါ်တွင် ခြေတံရှည် ဖက်မိုးအိမ်ဖြစ်ပါသည်။ အိမ်အောက်ဝယ် လူလေးငါးယောက် တောဝက်ကြီး ကြည့်နေကြသည်ဟု ဆင်ရပြီး အိမ်ပေါ်မှာတော့ မုဆိုးကြီး စောတိုးနိုး တွေ့ရပါပြီ။

သူကြီးနှင့် ကျွန်တော်တို့တွေ၍ မုဆိုးကြီးစောတိုးနိုး အိမ်ပေါ်မှ ဆင်းလာရင်း ခရီးဦးကြိုပြုပါသည်။ ကျွန်တော် မုဆိုးကြီး၊ စောတိုးနိုးအား ကြည့်လိုက်တော့ မုဆိုးပီသသော အင်္ဂါရုပ်ပီပီသသ တွေ့ရပါပြီ။ အရုပ်အဆောင်းကောင်းကောင်း၊



ဗလလည်းကောင်း၍ တောင့်တင်းခိုင်မာသည့်အပြင် နှုတ်ခမ်းမွေးကားကားနှင့် အသက်ငါးဆယ်ခန့်ရှိမည်ဟု ခန့်မှန်းမိသည်။ ဆံပင်မှာ တော်တော်ရှည်ပြီး နောက်ကျောသို့ပင် တွဲလွဲကျနေသဖြင့် သရေပင်နှင့် စည်းထားကြောင်း ကျွန်တော်တို့သိလိုက်ပါ၏။

'သူကြီးပါ လိုက်လာတာကိုး'

'အေး… နင် တောဝက်ရတယ်ဆို'

'ဟိုမှာလေ… အထီးကြီး၊ ဧည့်သည်တွေ အိမ်ပေါ်တက်ကြတာပေါ့'

'တောဝက်ကြီး ကြည့်ရအောင်'

ကျွန်တော် တောဝက်ကြီးအား ကြည့်လိုက်သည်။ တော်တော်ကြီးပါ၏။ တောဝက်ကြီးမှာ အထီးကြီး။ သို့သော် မုဆိုးတို့လုပ်ထုံးလုပ်နည်းအတိုင်း ဝက်သိုလ်တွေ သန့်စင်ပြီးသား။ မှန်ထားသော ဒဏ်ရာကိုကြည့်တော့ လက်ပတ်မဟုတ်သော်လည်း တောဝက်အား အပေါ်စီးမှ စီးပစ်ထားသည့်အပြင် ပစ်သည့်သေနတ်မှာ နှစ်လုံးပြူးဖြစ်မည်ဟု တပ်အပ်တွက်မိပါသည်။ ကျည်ဝင်ပေါက်တွေပွနေသည်မှာ နှစ်လုံးပြူးကျည်၏ ခဲသီးတွေကြောင့် ကျည်စုမှန်ထားသော်လည်း ချက်ချင်းလဲမည် မထင်။ တောဝက်ကြီး၏လည်ကုတ်အပေါ်မှ ဝင်သွားသည့် ဒဏ်ရာတွေနှင့်အတူ တချို့ကျည်ဆံ၏ ခဲသီးတွေ ဖောက်ထွက်သွားသော်လည်း တချို့ ခဲသီးတွေမထွက်သည်ကို ကိုမိုးကျော်အောင်နှင့် တင်မြတ် ကောင်းစွာသိကြ၏။

'ဆရာတို့ ဘာတွေ သဘောကျနေလဲ မသိဘူး'

www.burmeseclassic.com

www.burmeseclassic.com



တင်မြွတ်နှင့် မိုးကျော်အောင်တို့ သေသေချာချာ ကြည့်နေသည့်အတွက် မုဆိုးကြီး စောတိုးနိုးသည် မမြင်ဖူးသဖြင့် တအံ့တသြ ကြည့်နေသည်ဟု ထင်ကာ မေးလိုက်သည်တွင် မိုးကျော်အောင်မှ…

'ဪ… ခင်ဗျားတို့ မုဆိုးပီသပါတယ်'

'ဗျာ…'

'ဪ… မုဆိုးပီသတယ်လို့၊ တောဝက်ရဲ့ အနံ့ဆိုးတွေမဖုံ့အောင် ကြိုတင်ဖြတ်ထုတ်ထားတာ ကောင်းတာပေါ့'

'ဟုတ်တယ်၊ မိုးကျော် ပြောသလိုပဲ၊ ခင်ဗျားတို့ ပစ်ချက်က ကျည်စုမှန်ထားတယ်၊ ဒါပေမဲ့ ဒီကောင်ကြီး နောက်လိုက်ရမှာ သေချာတယ်'

'မိုးကျော်နဲ့ တင်မြွတ်ရေ၊ ဒီကောင်ကြီးကို အပေါ်စီးကနေ ပစ်ထားတာလည်း ပြောပြလိုက်ပါဦး'

'ဟုတ်တယ်၊ ဟုတ်တယ်၊ ဆရာကျော်ပြောသလိုပဲ၊ ခင်ဗျားတို့ အပေါ်စီးကနေ ပစ်ထားတာပဲ၊ ဒီကောင်ကြီးက အောက်ကနေပေါ့'

'ဟာ… ဆရာတို့ သိနေကြတယ်ပေါ့'

'သိတာပေါ့၊ ဒီကောင်ကြီးကို တစ်လုံးပြူး၊ ဒါမှမဟုတ် နှစ်လုံးပြူးကျည်နဲ့ ပစ်တာပဲဗျ'

'ဟုတ်ပါတယ်၊ နှစ်လုံးပြူးနဲ့ ပစ်တာပါ၊ ပစ်တာက လင့်ပေါ်ကနေ ပစ်တာပါ ဆရာကြီး၊ ဆရာကြီးတို့ကော တောပစ်ဖူးတယ်ပေါ့'

'ဟုတ်ကဲ့ ပစ်ဖူးပါတယ်'



'အင်း…ကျွန်တော်တို့ကတော့ ဆရာကြီးတို့ သေနတ်မျိုးတွေတော့ မဟုတ်ဘူး၊ နှစ်လုံးပြူးပဲ လိုင်စင်ရထားတာဆိုတော့ နှစ်လုံးပြူးတစ်လက် တစ်လုံးပြူးတစ်လက်ပဲရှိတယ်လေ'

'ဒါပေါ့ဗျာ၊ ကိုယ့်သေနတ်ကိုယ်ကိုင်တော့ သေနတ်အကြောင်း ကောင်းကောင်းသိထားလို့ သားကောင်ပစ်ရတာ အခက်အခဲမရှိဘူးပေါ့'

'အခက်အခဲကတော့ ရှိပါတယ်၊ ဒီတောက တောကြမ်းတယ်၊ တောလည်း မကြာမကြာ မှောက်တယ်၊ ခြောက်တာတော့ ပြောမနေနဲ့ ဆရာကြီးတို့၊ အိမ်ပေါ်တက်ကြဗျာပေါ့၊ အေးအေးဆေးဆေး စကားပြောကြရအောင်'

ကျွန်တော်တို့အားလုံး မုဆိုးကြီးစောတိုးနိုး၏ အိမ်ပေါ်သို့ တက်လိုက်ကြ၏။ အိမ်ပေါ်ရောက်တော့မှ ကျွန်တော် အံ့သြသွားသည်။ အံ့သြရခြင်းအကြောင်းမှာ မုဆိုးကြီး စောတိုးနိုးနှင့်အဖွဲ့သည် ကျားတွေရွေးပစ်နေကြသည်လားဟုပင် ထင်ရအောင် အိမ်ပေါ်ဝယ် ချိတ်ဆွဲထားသော ကျားကြီးသုံးကောင်၏ ဦးခေါင်းခွံနှင့် အရေခွံကြီးတွေ ကျားသားရေချိတ်ဆွဲထားသည်။

'မုဆိုးကြီး၊ ကျားသားရေတွေပါလား'

'ဟုတ်တယ် ဆရာလေး'

'မိုးကျော်'

'ဘာလဲ တင်မြွတ်'

'မင်းကတော့ မယ်သီလရင် ဖြစ်သွားပြီပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'ဘာလဲ'

'မင်း တော်တော်အ, ခုနက မုဆိုးကြီးက မင်းကို ခေါ်တယ်လေ၊ ဆရာလေးတဲ့၊ သီလရှင်လို့ခေါ်တာပေါ့ကွာ၊ ဟား… ဟား… ဟား… ဟား'

'ဟုတ်တယ် ဆရာ၊ ဆရာက သီလရှင်လေးပေါ့၊ ဟား… ဟား… ဟား… ဟား'

သူကြီးသား စောသာထူးမှာ တဟားဟားရယ်မောရင်း ဝင်နောက်သဖြင့် အားလုံး ပြုံးသွားကြသလို မုဆိုးကြီး စောတိုးနိုးမှာ စောသာထူးအား လှမ်းကြည့်ရင်း မျက်နှာတည်တည်ဖြင့်…

'သာထူး၊ လူကြီးတွေ နောက်တာ မကောင်းဘူး၊ ဆရာတို့ ခွင့်လွှတ်နော်'

'မုဆိုးကြီးရေ၊ ဟောဒီကောင်ကလည်း ပျော်ပျော်နေတတ်တယ်ဗျ၊ ခင်ဗျား သူ့အကြောင်းမသိသေးလို့၊ ကိုစောသာထူးနဲ့ တွဲမိပြီဗျ'

'မုဆိုးကြီး၊ ကျွန်တော်တို့က စိတ်မဆိုးတတ်ပါဘူး၊ ဟောဒါက ကျွန်တော်တို့ရဲ့ ဆရာ တပ်ကြပ်ကြီးကျော်မင်းပါ၊ ကျွန်တော်က မိုးကျော်အောင်၊ သူက တင်မြတ်ဖြစ်ပါတယ်၊ ကျွန်တော်တို့လည်း တောပစ်ဝါသနာပါတဲ့အပြင် တောပစ်ခဲ့တာလည်း တော်တော်များပါပြီ၊ အမျိုးမျိုး တွေ့ကြုံခဲ့ဖူးပါတယ် မုဆိုးကြီး'

'အင်း… ဆရာကြီးတို့အဖွဲ့ ဒီတောကိုတော့ လက်မြှောက်ရမှာပါ၊ အရမ်းတောကြမ်းတယ်၊ ကျွန်တော် ဟောဟို





ကျားကြီးတွေပစ်တာလည်း အကြောင်းရှိပါတယ်၊ သူကြီးနဲ့ ဒီက လူကြီးတွေ အားလုံး သိကြပါတယ်'

'ဟုတ်ပါတယ် ဆရာကြီး၊ ကျားကိုသက်သက် ပစ်သတ်နေတာ မဟုတ်ပါဘူး၊ ပစ်ရတဲ့အကြောင်းကိစ္စ ရှိနေလို့ပါ'

'နောက်တစ်ခု ကျွန်တော်တို့ တောပစ်တာ သားကောင်ပါ၊ တောက မကျေနပ်ဘဲ အမျိုးမျိုးနှောင့်ယှက်တယ် ဆရာကြီးရဲ့'

'ဟုတ်လား၊ ဒီတောက ဒီလောက်ဆိုးသလား'

'အဲဒါကြောင့် တောဆိုးလွန်းလို့ ဆိုးတဲ့တောအတွက် ကျွန်တော်က ကလဲ့စားချေနေတာပါ၊ ကျွန်တော် အသက်ရှင်နေသမျှ မကျေနပ်လို့ ကလဲ့စားချေမှာပဲ၊ ကျားတွေပစ်မှာပဲ ဆရာကြီး'

'ကလဲ့စားချေတဲ့အကြောင်း၊ တောကြမ်းတဲ့အကြောင်း၊ ကျားပစ်ရတဲ့အကြောင်း ပြောပြလို့ရမယ်ဆိုရင်တော့ သိချင်ပါတယ် ဦးစောတိုးနိုး၊ ကျွန်တော်တို့လည်း ကြိုတင်သိရှိပြီး ကျွန်တော်တို့ တောပစ်တဲ့အခါ တွေ့ကြုံလာနိုင်တဲ့ အခက်အခဲ၊ ဟို… ဦးစောတိုးနိုးပြောတဲ့ တောမှောက်တာတို့၊ တောခြောက်တာတို့၊ ကျားဆိုးအကြောင်း သိချင်ပါတယ် မုဆိုးကြီး'

မုဆိုးကြီးစောတိုးနိုးသည် ကျွန်တော့်စကားကြောင့် အဝေးသို့ ငေးနေ၏။ မပြောသင့် ပြောသင့် ဆုံးဖြတ်နေသည်လားမသိ။ တွေဝေနေသလို သူ၏ နှုတ်ခမ်းမွေးကြင်စွယ်အသွယ်သွယ်ကို လက်နှင့်ပွတ်သပ်နေ၏။ စကားဆိပ်သွက်



www.burmeseclassic.com

www.burmeseclassic.com



သွက် ပြောနေသော မုဆိုးကြီး၊ ခုတော့ ဘာတစ်ခွန်းမှ မပြော တွေဝေတွေးတောနေသည်က အမှန်ပင်။ ထိုသို့ဖြစ်နေသည်ကို သူကြီး ဦးစောလူလူသည် ကျွန်တော်တို့အား အားနာပြီး ဝင်ရောက် ပြောလိုက်၏။

'ဟဲ့… တိုးနီး၊ ပြောချင်လည်းပြောတာပေါ့၊ ဒီက ဆရာကြီးတို့ကို အားနာစရာ မလုပ်ရဘူးလေ'

'ဟူး'

'ပြောသင့်တာပေါ့၊ ဒါပေမဲ့ ဖထီးအကြောင်းက စရမလား၊ ကျွန်တော်တွေ့တာ ပြောရမလား စဉ်းစားနေတာပါ၊ အင်း… အစပထမ ဖထီးနဲ့ကျွန်တော်ရယ်၊ စောသူထောတို့ တောပစ်တာက စရမှာပအေး'

'အဲဒီအကြောင်းတွေးလိုက်ရင် တောကို မကျေနပ်၊ ကျားဆို အသေသတ်ဖြစ်ခဲ့ရတာပေါ့ ဆရာကြီး၊ အချိန်တွေကတော့ ကြာခဲ့ပါပြီ၊ ဆရာကြီးပြောသလိုပ၊ ဆရာကြီးတို့သိသင့်တာတွေ ကြိုတင်သိထားစေချင်လို့ ပြောမှာပါ ဆရာကြီး၊ နောက်တစ်ခု ကျွန်တော်တို့ရဲ့အကြောင်းတွေပြောပြီး ဆရာကြီးတို့နဲ့ တစ်ခါလောက် အတူတောပစ်ထွက်ကြတာပေါ့'

'ရတာပေါ့ ဦးစောတိုးနီး၊ ကျွန်တော်တို့ကလည်း ဦးစောတိုးနီးတို့လို ဝါရင့်မုဆိုးကြီးတွေနဲ့တွဲပြီး တောပစ်ချင်ပါတယ်၊ မသိတာတွေ သိအောင် ရှာဖွေလေ့လာချင်ပါတယ်၊ ဒါကြောင့် ကျွန်တော်တို့ရောက်တဲ့ဒေသ၊ ကျေးရွာတွေမှာ မုဆိုးတွေနဲ့ မိတ်ဆွေဖွဲ့ပါတယ်၊ ပညာသင်ယူပါတယ် မုဆိုးကြီး'

'ဟုတ်ကဲ့၊ မုဆိုးပညာရယ်တော့ မဟုတ်ပါဘူး ဆရာ





ကြီး၊ အတွေ့အကြုံတွေပေါ့ဗျာ၊ တွေ့ခဲ့ကြုံခဲ့ရတဲ့အပေါ်မှုတည်ပြီး ပြောပြကြတာပါ၊ အင်း… ကျွန်တော့်အဖေ ဖထီးစောပန်းတင်ဟာ သူကြီးတို့အသိ မုဆိုးကြီးတစ်ယောက်ဖြစ်ပါတယ်၊ အဖေဟာ မုဆိုးပီပီ ကျားမပစ်ပါဘူး၊ တစ်နေ့မှာပေါ့'

မုဆိုးကြီးစောပန်းတင်နှင့်အတူ သားဖြစ်သူ စောတိုးနီး နောက်လိုက်မုဆိုးဝါသနာအိုး စောသူထောတို့ သုံးယောက် တောပစ်ထွက်ခဲ့ကြပါ၏။ ခါတိုင်းလည်း တောပစ်ထွက်နေကျပါ။ မုဆိုးကြီး စောပန်းတင်မှာတောပစ်ထွက်တိုင်း ကျားကိုရှောင်၏။ ကျားမပစ်ပါ၊ ကျားသည် တောထဲမှ မုဆိုး၊ အကင်းပါသော သားကောင်တွေ ရှာဖွေဖမ်းဆီးစားသောက်နေ၏။ ထိုသို့သော တောထဲမှ တောမုဆိုးကျားနှင့် မုဆိုးကြီးစောပန်းတင်သည်လည်း လူမုဆိုးပီပီ တောထဲဝင်၍ သားကောင်ရှာဖွေပစ်ခတ်ဖမ်းဆီးကြသည်မို့ သူနှင့်ဘဝတူသော တချို့က တောကောင်၊ တချို့က ဟင်းကောင်စသည်ဖြင့် ခေါ်ဝေါ်ကြ၏။ ကျားလည်း မပစ်လို့ ကျားသားလည်း မစားလိုသောကြောင့် တောကောင်ဟုမဆို၊ ဟင်းကောင်ဟု နာမ်နှိမ်ပြီးမပြော။ သူကို မုဆိုးတောထဲမှ မုဆိုးတူဘဝတွေ၊ သူလည်း အကင်းပါးသောမုဆိုး၊ ကိုယ်လည်း အကင်းပါးသော မုဆိုးတွေဟုသာ သိမှတ်ထားပါသည်။

မုဆိုးကြီး စောပန်းတင်နှင့် အတူပါလာသော စောသူထောမှာ သက်တူရွယ်တူ ဖြစ်ခဲ့၏။ မုဆိုးတစ်ပိုင်း ဖြစ်နေသည့်အပြင် သတ္တိလည်းကောင်း၏။ တောအကြောင်း တောင်



www.burmeseclassic.com

www.burmeseclassic.com



အကြောင်း လျှို့နှင့်မြောင်တွေ၊ ချောင်းတွေ၊ ရေတံခွန်တွေ၊ ကျောက်ဂူတွေ အားလုံးသိ၏။ ဘယ်မှဘယ်သို့ ဘယ်လိုဖြတ်ရင် ဘယ်ရောက်သည်ကိုလည်း ကောင်းစွာသိ၏။ သဘောမှာ တောကျွမ်းသူတစ်ယောက်ဟု ပြောရမည်သာ။

ယခုလည်း သုံးယောက်သား တောတိုးခဲ့ပါပြီ။ လင်းသို့တက်နေတိုးနေသော တောင်တန်းကြီးမှာ လင်းနို့တောင်တန်းကြီးဟု သူတို့ခေါ်သောအခေါ် ဖြစ်ပါ၏။ ထိုတောင်တန်းကြီးတွင် တွင်းနက် ကျောက်ဂူကြီးတစ်လုံးလည်းရှိနေ၏။ ထိုကျောက်ဂူကြီးမှာ ပိန်းပိန်းပိတ်နေသည့်အပြင် လင်းနို့တွေ အလွန်ပေါ၏။ မုဆိုးကြီး စောပန်းတင်နှင့် စောသူထောတို့ နှစ်ယောက် အခေါက်ခေါက်အခါခါ ရောက်ခဲ့ဖူး၍ ထိုကျောက်ဂူပတ်ဝန်းကျင်တွင် ချေ၊ ဒရယ်နှင့် တောဝက်၊ ဆတ်တို့ ကြိုက်သော အပင်တွေ၊ သစ်ဆိမ့်ပင်၊ တောင်ခွေးသီးပင်မှ အစ တောဖန်ခါးသီး၊ ကင်မလင်းမှအစ အသီးစုံ အရွက်စုံ ပေါ၏။ သို့အတွက် တောပစ်ထွက်ခဲ့ရာတွင် ကျောက်ဂူဘေးတွင် နေရာယူ၍ တောပစ်ခဲ့ဖူးပါသည်။

ရှာနှင့် တော်တော်လှမ်း၍ သယ်ယူနေရသည်မှာ နှစ်ယောက်သား ခက်ခဲမှုတွေကြောင့် အကောင်ရွေးပစ်ရသည်ဟုပင် ပြောပြခဲ့ဖူးပါသည်။ ယခု သူ၏သားမောင်စောတိုးနိုးအား မုဆိုးသင်လိုသောကြောင့် တွင်းနက်ကျောက်ဂူသို့ ရောက်ဖူးအောင် ခေါ်ခဲ့ကြသည်သာ။

'စောတိုးနိုး၊ တို့ အခုရောက်မှာ တွင်းနက်ကျောက်ဂူပဲ ကလေးရဲ့၊ အဲဒီကျောက်ဂူက တော်တော်ကြီးတယ်'



'ဟုတ်တယ် တိုးနိုး၊ နင် အံ့သြသွားမှာကွ၊ လင်းနို့ကလည်း ပေါမှပေါ'

'ဟုတ်တယ်နော့၊ လင်းနို့အကြောင်း ကလေးကို ပြောပြရဦးမယ်'

ခေတ္တခဏ နားနေသော ကျွန်းမခတောကြီး၏ တွင်းနက် ကျောက်ဂူတောင်ခြေအရောက် ခေတ္တနားရင်း ပြောပြရန် မုဆိုးကြီး စောပန်းတင်မှ စတင်ပြောလိုက်သည်။ မုဆိုးလက်သင်ဖြစ်ချင် သေနတ်ကိုင်ချင်လှသော စောတိုးနိုးသည် သူ၏အဖေနှင့် ဦးလေးကဲ့သို့ဖြစ်နေသော စောသူထောအား သိလိုသောဆန္ဒတွေဖြင့် ထပ်မေး၏။

'ဖထီးနဲ့ သူသူ၊ ဟိုလင်းနို့အကြောင်း ပြောပြပါလား'

'ကောင်လေး၊ နင့်အဖေပြောမှာပေါ့၊ နားထောင်လေ'

'အေး… ကလေး နားထောင်၊ ငါပြောမှာပေါ့'

'လင်းနို့ဆိုတာ နို့တိုက်သတ္တဝါပေါ့၊ အကောင်ကတော့ ကြီးတဲ့အမျိုးရှိတာပေါ့၊ တချို့ကျတော့ သေးသေးလေး၊ သူတို့ဟာ ရင်ဘတ်မှာ နို့နှစ်လုံးရှိတယ်၊ အမတွေသားပေါက်ရင် တစ်ကောင်က နှစ်ကောင်ပေါက်ပြီးတော့ အဲဒီပေါက်စ အကောင်လေးတွေနဲ့အတူ အစာရှာထွက်ရင် ပါသွားတတ်တယ် ကလေး'

'နည်းနည်းကြီးရင်တော့ အကောင်ပေါက်ကလေးတွေ ထားခဲ့တာပေါ့၊ သူတို့ဟာ အသိဉာဏ်ကောင်းကောင်းရှိတယ်၊ အစာရှာပြီး ပြန်လာတဲ့မိခင်တွေဟာ သူတို့ရဲ့သားသမီးတွေကို ရှာတတ်တယ်၊ သိတယ်၊ ဘယ်လောက်ပဲ တစ်

www.burmeseclassic.com

www.burmeseclassic.com



ရှယ်တည်းဖြစ်ဖြစ် ရွေးပြီးကျွေးကြတယ် ကလေးရဲ့'

'နေတာ ကျောက်ဂူထဲမှာပဲလား'

'ကျောက်ဂူထဲမှာနေသလို အပင်တွေမှာလည်း တွဲလွဲ နေတတ်ကြတယ် ကလေးရဲ့၊ သူတို့ဟာ အသီးစားတဲ့ လင်းနို့ တွေကတော့ များတယ်၊ တချို့နိုင်ငံတွေမှာ လူသားစားတဲ့ လင်းနို့ရှိတယ်လို့ ကြားဖူးတယ်၊ တွေ့သမျှအသား စားတယ် ပေါ့၊ တို့ဆီမှာတော့ တော်တော်များများ အသီးတွေ စားကြ တယ်ကွဲ့'

'ဘာအသီးတွေစားလဲ ဖထီး'

'အင်း… မာလကာသီး၊ သရက်သီး၊ ငှက်ပျောသီး သဘော်သီးတွေ၊ ပိန္နဲသီးတွေ စားကြတာပေါ့၊ တခြားနိုင်ငံ က အသားစားတယ်တော့ မဟုတ်ပါဘူး၊ အဓိက အသွေးပေါ့ လူသွေး၊ ကျွဲ၊ နွား၊ မြင်း၊ ဆိတ်၊ ကြောင်တွေ၊ သားငါးဖား တွေရဲ့အသွေး စုပ်ယူစားသောက်ကြလို့ ကြောက်စရာ သွေး စုပ်ကောင်တွေပေါ့'

'တို့နိုင်ငံမှာတော့ ပိုးကောင်လေးတွေ ပျံသန်းစား သောက်တဲ့ လင်းနို့နဲ့ စောစောက ဖထီးပြောတဲ့အတိုင်း အသီး စား သားကောင်တွေ၊ လင်းနို့ကောင်တွေလောက်ပဲ ရှိပါတယ် ဒါနော့ ဒီဘက်မှာ ပြောတာ၊ ကျန်တဲ့ဒေသတော့ မသိဘူးပေါ့ သွေးစုပ်တဲ့လင်းနို့တော့ မကြားဖူးပါဘူး'

'အခု ကျွန်တော်တို့ ရောက်တော့မယ့် တွင်းနက် ကျောက်ဂူက လင်းနို့တွေက ဘာစားလဲ ဖထီး'

'အေး… သူတို့က ပိုးကောင်လေးတွေနဲ့ အသီးစား





လင်းနို့တွေပါ၊ ကြောက်စရာမလိုပါဘူး၊ တစ်ခုတော့ရှိတာ ပေါ့၊ အုပ်ဖွဲ့ပျံထွက်လာရင် အသံတွေမြည်ဟီးပုံက ကြောက် စရာပေါ့'

'ဘယ်လိုအသံတွေလဲ'

'တဝီဝီပေါ့ကွယ်၊ လေယာဉ်ပျံသံလိုပေါ့'

'ဒီတွင်းနက်ကျောက်ဂူထဲမှာ တခြားဘာကောင်တွေ ရှိသေးလဲ'

'မြွေတွေလည်းရှိတယ်၊ ငန်းမြွေတွေပေါ့၊ တို့လည်း အသေးစိတ်တော့ ဝင်မကြည့်ပါဘူး ကလေးရဲ့'

'ကဲ… တို့ ဆက်တက်စို့၊ တွင်းနက်ကျောက်ဂ ရောက်တော့မယ်'

သုံးယောက်သား တွင်းနက်ကျောက်ဂူဘက် ဆက် ထွက်ခဲ့ကြ၏။ တောသည် နက်သည်ထက် နက်လာသည်။ အခြေရှုပ်သလို အပင်ကြီးတွေလည်းပေါ၏။ စောတိုးနိုးတော် တော်လေး မှတ်ရသည်။ တောနှင့်ယဉ်နေ၍သာ အဆင်ပြေပြေ မှတ်သားနိုင်သော်လည်း သူ တချို့နေရာတွေ မျက်စိလည် သည်ကို တောကျွမ်းသည့် စောသူထောမှာ သိရှိသဖြင့်…

'ကောင်လေး၊ နင် မျက်စိလည်နေတယ် မဟုတ် လား'

'ဟုတ်တယ်၊ ဟုတ်တယ်၊ မမှတ်မိတော့ဘူး'

'ဟား… ဟား… ဟား… ဟား… မုဆိုးလုပ်မယ့် ကောင်၊ ဟိုမှာတွေ့လား'

'ဘာလဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဟကောင်ရ၊ အဲဒါ ညောင်မုတ်ဆိတ်ပင်ကြီးလေ'

'ဒါတော့ သိတာပေါ့'

'အေး… သိသတဲ့၊ သိအောင် သေသေချာချာကြည့်'

'ဘာကိုကြည့်ရမှာလဲ'

'အဲဒီအပင်ကြီးရဲ့ အမှတ်အသားတွေလေ'

'ဗျာ'

'အေး… မုတ်ဆိတ်ညောင်ကြီးဟာ ဟိုကိုင်းကြီးမှာ အကြီးဆုံးနော်'

'ဪ… ဟုတ်သားပဲ'

'အေး… အဲဒီတည့်တည့်ဆိုရင် ရှေ့ကိုတအောင့်သွားရင် တွင်းနက်ကျောက်တောင် ရောက်ပြီ'

'ဟုတ်လား'

'အေး… ဟိုက ညောင်ကိုင်းအပြတ်ကြီးအတိုင်း အောက်ဘက်ဆင်းသွားရင် ရေစီးနေတဲ့စမ်းချောင်းပေါ့'

'ဝေးလား'

'မဝေးဘူး'

'မှတ်သားတဲ့နေရာမှာ အပင်ကြီးတွေ၊ ဟိုအပင်ကြီးတွေပေါ့၊ အပင်ကြီးရဲ့ အလယ်ပင်စည်ကိုကြည့်၊ ဘာတွေ့သလဲ'

'ဟင်…'

စောတိုးနိုးအား စောသူထောပြသည့် ကညင်ပင်ကြီးအား ကြည့်လိုက်သောအခါ တွေ့ရပါပြီ။ အပင်ကြီး၏ ဇူတစ်ရပ်ခန့် ပင်စည်တွင် ဓားဒဏ်ရာကြီးတွေ၊ အခေါက်အား ဓားဖြင့် ခုတ်ထစ်ထားသည့်အတွက် အခေါက်တွေ ကွာနေသည့်ဒဏ်ရာမှာ လက်မောင်းလုံးခန့်ဖြစ်နေ၏။ ထိုခုတ်ထစ်ထားမှုကြောင့် အခေါက်တွေပွဲနေသည့် ဘေးတွေမှာတော့ ထိုးပေါင်းတက်နေ၏။ ထိုကျိုးပေါင်းကြီးတွေသည် အခေါက်ကွာပြီးနောက် ပင်စည်ပေါ်နေသည်ကို အဝေးကပင် မြင်ရပါ၏။



'ဪ… ဟိုဓားနဲ့ခုတ်ထစ်ထားတဲ့ နေရာလား'

'အေး… အဲဒါအမှတ်အသားပဲ၊ တောထဲမှာ အဲဒီလို လုပ်ထားရင် လမ်းမပျောက်တော့ဘူး၊ မျက်စိလည်တယ်လည်း မရှိတော့ဘူး၊ တို့ရဲ့လမ်းကြောင်းတွေမှာ အမြဲမှတ်ထားတယ်၊ သေသေချာချာကြည့်၊ အဲဒီအမှတ်အသားတွေ့ရဲ့ အခေါက်ခွာထားမှုဟာ ဟိုဘက်ထိပ်က ချွန်နေတယ် တွေ့လား၊ အဲဒါ ဆက်သွားရမယ့် လမ်းညွှန်ပဲ'

'အပြန်ဆိုရင်ကော'

'အပြန်ဆိုလည်း လွယ်လွယ်လေးပေါ့၊ ဒီအမှတ်အသားရဲ့ နောက်ဘက်က မချွန်ဘူး၊ တွေ့လား၊ ဟိုမှာလေ… ဟိုမှာ၊ တို့ဘက်က အမှတ်အသားက ဟိုကွာ… မြားလိုပေါ့၊ မြားထိပ်က ချွန်တယ်၊ နောက်က ကားတယ်၊ ကားတဲ့ဘက်ဟာ အပြန်လမ်းဆိုတာ မှတ်သာထား'

'လွယ်လွယ်လေးပဲနော်'

'အေး… လွယ်လွယ်လေးကို ခက်အောင်မလုပ်နဲ့ကွဲ့၊ လွယ်တယ်ဆိုပြီးတော့လည်း မပေါ့နဲ့၊ တောဆိုတာ ဆန်းတယ်၊ တချို့ တောခြောက်တယ်၊ တောခြောက်တာ အရေးမကြီးဘူး၊ တောမှောက်ရင်တော့ ကြောက်စရာကောင်းတယ်

www.burmeseclassic.com

www.burmeseclassic.com



ကလေး၊ တောမှောက်ရင် အချင်းချင်းမှားတတ်တယ်'

စောတိုးနိုးအား ဖခင်ကြီး စောပန်းတင်နှင့် စောသူထောတို့မှ သင်ပြ၏။ တောကောင်အကြောင်း၊ လင်းနို့အကြောင်း၊ လမ်းအကြောင်း၊ မှတ်သားထားရမည့် သင်္ကေတ အမှတ်အသားတွေအပြင် တောနက်ကြီးများဝယ် တချို့ တောခြောက်၏။ တချို့ တောမှောက်၏တဲ့။ သူ တောခြောက်တာကော တောမှောက်တာကော ကောင်းကောင်းမသိ။ ကြားမိသလိုသာ ရှိခဲ့ပါသည်။ သို့အတွက် တောပစ်မည့်နေရာရောက်လျှင်တော့ သူ့အဖေပြောသည့် တောခြောက်မှုနှင့်တောမှောက်တတ်သည့် တော၏သဘာဝကို မေးမည်ဟု ဆုံးဖြတ်လိုက်သည်။

'ဟော… တွင်းနက်ကျောက်ဂူရောက်ပြီဟေ့'

ကျောက်တောင်မို့မို့မောက်မောက်ကြီး အမြင့်အားဖြင့် ပေတစ်ရာကျော်ကျော်မျှ ရှိပေမည်။ ထိုကျောက်တောင်ကြီးဘေးနှင့် အပေါ်ဝယ် ခြုံငယ်တွေပေါက်ရောက်နေ၏။ မသိလျှင်တော့ ကျောက်တောင်ငယ်တစ်ခုပင်။ ကျောက်ဂူဆိုသော်လည်း ဘယ်နေရာမှာ အပေါက်ရှိသည်မသိ။ ဂူပေါက်ဝအား ဘယ်လိုရှာဖွေရမည်ဟူ၍ မသိရပါ။ သို့အတွက် ဖခင်ကြီး၏ လှုပ်ရှားမှုအား ကြည့်နေစဉ်မှာပင်…

'သူထော'

'အေး'

'အထဲဝင်ကြည့်တာပေါ့'

'ဒါဆို မီးတုတ်လုပ်မှ'



'လက်နှိပ်မီးပဲ သုံးတာပေါ့'

'အေးလေ မင်းသေနတ်အသင့်ပြင်၊ ငါ မီးထိုးမယ်'

'အေး… ဩော်… ကလေး၊ ငါ့နားမှနေ၊ ထွက်မပြေးနဲ့နော့'

'အေး… အေး…'

'ပန်းတင်၊ ငါ မီးထိုးမယ်'

'ထိုး…'

စောသူထောမှ ဝင်မည်။ မီးထိုးမည်သာပြော၏။ စောတိုးနိုးတစ်ယောက် ကျောက်ဂူပေါက်အား မမြင်မတွေ့ပါ။ သူ၏ဖခင်ပြောသော တွင်းနက်ကျောက်ဂူဆိုသည်မှာ အဘယ်ပုံနည်း၊ ဘာကြောင့် တွင်းနက်လို့ခေါ်ပါသနည်း စသည်တို့ကို သူ တွေးနေစဉ်မှာပင် စောသူထောသည် လက်နှိပ်မီးထိုးပြီး ခြုံငယ်တစ်ခုဘေး ကွေ့လိုက်၏။ ခြုံငယ်တစ်ခုဘေး ကွေ့လိုက်သည်နှင့်…

'ကလေး၊ မင်းလည်း လက်နှိပ်ဓာတ်မီး ကိုင်ထားလေ၊ အထဲရောက်ရင် မီးထိုး၊ မကြောက်နဲ့၊ ကြားလား'

'အင်း…'

ကြောက်တော့ မကြောက်ပါ။ ဒါပေမဲ့ သူ ရွံ့တွံ့တွံ့တော့ ဖြစ်နေ၏။ သူတို့သုံးယောက် ခြုံဘေးကွေ့ပြီး ကျောက်ဂူနံရံအား မီးထိုးလိုက်ရာ ခြုံငယ်တွေ၏ အကိုင်းအနည်းငယ်တွေအား စောသူထော လက်နှင့်ဖယ်ရင်း ရှေ့တိုးသွားသည်တွင် ကျောက်ဂူအဝ တွေ့ရပါပြီ။ ထိုကျောက်ဂူအဝမှာ အပေါက်ကြီး တော်တော်ကျယ်သော်လည်း အကိုင်းတွေ

www.burmeseclassic.com

www.burmeseclassic.com



အခက်အရွက်တွေကြောင့် မသိမသာ ပိတ်နေခြင်းသာ ဖြစ်သော်လည်း အထဲသို့ ခြေသုံးလှမ်းမျှ လှမ်းလိုက်သည်တွင် ကျောက်ဂူအတွင်း ဝင်ပေါက်သည် တစ်ညီတညာတည်း မဟုတ်ဘဲ အောက်သို့နိမ့်ဆင်းသွားသည်။

နိမ့်ဆင်းသော ကျောက်ဂူ၏ မျက်နှာပြင်မှာ ညီညီညာညာမဟုတ်။ အဖုအထစ် ကျောက်သားတွေနှင့် မို့မောက်နိမ့်မြင့်ကလေးတွေ ဖြစ်နေသည့်အတွက်…

'ကလေး'

'အေး'

'ဂရုစိုက်ဆင်းနော်၊ အောက်က မညီဘူး၊ သူထော မြေတွေဂရုစိုက်'

'အေးပါ'

'ဖထီး'

'ဟင်'

'ဘာသံတွေလဲ'

'လင်းနို့သံတွေပဲကွ၊ နောက်တခြား အကောင်တွေလည်း ရှိသေးတာပေါ့'

ဖထီးစကား နားထောင်နေစဉ် အသံတစ်သံ ကြားရ၏။ ထိုအသံအား သုံးယောက်စလုံး နားစွင့်လိုက်သည်။ ရှေ့ဆုံးမှ စောသူထောသည် ရှေ့ဆက်မတိုးဘဲ အသံကြားရာဘက်သို့ မီးထိုးရှာဖွေရင်း…

'ပန်းတင် မြွေသံတွေကွ'

'ဟုတ်တယ်၊ တောကြီးငန်းတွေ အသံပဲ'



'ဟောဟိုဘက်ကကွ'

'တိုးနိုး၊ မီးထိုးရှာကြည့်စမ်း'

'ဟုတ်… ဟုတ်'

စောတိုးနိုးသည် ကြောက်ရွံ့ထိတ်လန့်သလိုလို ဖြစ်နေသည့်ကြားမှ စောသူထော၏ ပြောကြားချက်ကြောင့် ကျောက်ဂူထဲ မီးထိုးရှာကြည့်သောအခါဝယ် သူ လန့်သွားပါသည်။

'ဟာ… မျက်လုံးတွေ၊ မျက်လုံးတွေ'

'အေး… အဲဒါ လင်းနို့တွေလေ'

ကျောက်ဂူနံရံအား ခြေထောက်တွေနှင့် ချိတ်ဆွဲ၍ တွဲလွဲဇောက်ထိုး ကျနေသော လင်းနို့တွေ၏ မျက်လုံးတွေသည် ပိန်းပိန်းပိတ်နေသော မိုးကောင်းကင်ပေါ် မော့ကြည့်သည့် ညဥ့်ကဲ့သို့ ကောင်းကင်ပေါ်မှာတော့ ငွေကြယ်လေးတွေ ဖြိုးဖြိုးဖျက်ဖျက် တောက်ပနေသကဲ့သို့ တွေ့လိုက်ရ၏။ မျက်လုံးတွေကလည်း လင်းလက်တောက်ပနေကြသည်။

'တိုးနိုး'

'အင်း'

'ငါထိုးတဲ့ဘက်ထိုးလေ၊ မြွေရှာကြည့်တာပေါ့'

'အေး'

စောတိုးနိုးသည် စောသူထော ပြောသည့်အတိုင်း မီးလိုက်ထိုးနေ၏။ ဘာမျှ မတွေ့ရသေး။ စောသူထော မီးစိုက်ထိုးရင်း ရှေ့တိုးသည်တွင် စောပန်းတင်မှ သတိပေးလိုက်၏။

'သူထော၊ မထိုးနဲ့တော့၊ မီးပဲထိုး'

www.burmeseclassic.com

www.burmeseclassic.com



'အေး… အေး…'

'ပန်းတင်'

'ပြော'

'ငါထိုးတဲ့ ကျောက်တုံးဘေးမှာ ငန်းကြီးတစ်ကောင်ကွ'

'ဟုတ်လား၊ ဟာ… ဟုတ်တာပေါ့၊ ဒေါ်ပွနေတယ်ကွ'

'ဟာ… ဟုတ်တယ်၊ ဟုတ်တယ်၊ ငန်းမြွေကြီး အကြီးကြီးပါလား'

'အေး… သူတို့အသိုက် ရှိမှာပေါ့၊ တစ်ကောင်တည်း မကနိုင်ဘူး'

'ကလေး ကျောက်ဂူကြီးထဲ ဆက်သွားရင် အန္တရာယ်များတယ်၊ ပြန်ထွက်ကြမယ်နော်'

'အေး'

'ကဲ… ကဲ…ပြန်ထွက်ကြမယ်'

သုံးယောက်သား ပြန်ထွက်ခဲ့ပါသည်။ စောတိုးနီး ရှေ့ဆုံးမှ ထွက်၏။ သူ့နောက်တွင် ဖခင်မုဆိုးကြီး စောပန်းတင် နောက်ဆုံးမှာတော့ စောသူထော လိုက်ခဲ့သည်။ သုံးယောက် စလုံး ကျောက်ဂူအပြင် ရောက်ခဲ့ပြီးနောက် စောပန်းတင်မှ ဦးဆောင်လျက် အောက်ဘက်ပြန်ဆင်းခဲ့သည်။

'ကဲ… ကဲ… နားကြရအောင်'

'အေး… နားလေ'

'ကလေး'



'အေး'

'ဒီကျောက်ဂူကြီးကို တွင်းနက်ကျောက်ဂူလို့ ခေါ်တယ်ကွ၊ အောက်ဆင်းရင် တွင်းနက်သွားတယ်၊ အောက်မှာ ရေရှိတယ်၊ ဘေးကပတ်သွားရင် ကျောက်ဂူထဲ ကောင်းကောင်းသွားလို့ရတယ်၊ ဒါပေမဲ့ လက်နှိပ်ဓာတ်မီးနဲ့သွားလို့ ရဘူး'

'ဘာဖြစ်လို့လဲ ဖထီး'

'သြော်… မြွေပေါတာပေါ့၊ ဒါကြောင့် သွားမယ်ဆိုရင် မီးတုတ်ကြီးကြီးတွေနဲ့ သွားရတယ်၊ တို့နှစ်ယောက် နှစ်ခေါက်လား၊ သုံးခေါက်လား မသိဘူး၊ သွားဖူးတယ်'

'ဒါနဲ့ဆို လေးခေါက်လေ'

'အေး… အန္တရာယ်သွားတယ်၊ ဒါကြောင့် အထဲ မဝင်ဘူး၊ ဟောဟိုဘက်မှ သားကောင်ပေါတယ်၊ ဒါပေမဲ့ ဝေးတယ်၊ ဒီတော့ တို့ ကျွန်းမခတောအစပ်က ညောင်ညီနောင်မှာ ငါတို့လုပ်ထားတဲ့ လင့်မှာ သားကောင်သွားစောင့်ပစ်မယ်'

'ကောင်လေးကို အဲဒီအပင်ပေါ်မှာ တွေ့ကြုံပစ်ခတ်မှု သင်ပြတာပေါ့ ပန်းတင်'

'အေး… ကဲ… သွားကြစို့'

စောတိုးနီးသည် လင့်အကြောင်းမသိ။ သွားတော့ သွားနေကြပြီ။ တစ်ခါနှစ်ခါလည်း ဖထီးနှင့် စောသူထောတို့ လင့်အောက်မှာ သားကောင်တွေ့တဲ့အကြောင်း၊ ပစ်ရတာလွယ်သလို အန္တရာယ်ကင်းကြောင်း ကြားတော့ ကြားဖူး၏။

ယခုတော့ မသိသေးသော လင့်၊ ကြားရုံသာ ကြားဖူး

www.burmeseclassic.com

www.burmeseclassic.com



သော လင့်ထဲသို့ ရောက်ရတော့မည်ဖြစ်၍ ပျော်နေသည် လင့်ထိုးပစ်တဲ့အကြောင်း ကြားဖူးရာမှ သူကိုယ်တိုင် လင့်ပေါ် တက်ရမည်ဆိုတော့ အလွန် စိတ်ထဲပျော်ရွှင်ရာမှ အမြန်ပင် ရောက်ချင်နေသည်။ ရွာနှင့်လည်း မဝေးဆို၍ သူ ပျော်ရွှင် ခဲ့ခြင်းပင်။

ညောင်ညီနောင်သို့ ရောက်ပါပြီ။ ညောင်ပင်ကြီးနှစ် ပင်၏ အရွယ်အစားမှာ တစ်ရွယ်တည်းပင် တစ်ပင်နှင့်တစ်ပင် မှာတော့ ပေလေးဆယ်ခန့် ကွာပေမည်။ သို့သော်လည်း ညောင်ပင်ကြီးတွေ၏ အကိုင်းအခက်တွေမှာ တစ်ပင်နှင့်တစ် ပင် လှမ်းယှက်ထိုးထွက်နေကြ၏။ ထိုသို့ ထိုးထွက်နေသည့် အကိုင်းများတွင် အံ့သြဖွယ်ရာ ပထမအပင်ကြီး၏ အကိုင်း နှစ်ကိုင်းမှာ လူနှစ်ဖက်ထက် ကြီးမားပြီး ထိုအကိုင်းကြီး နှစ်ကိုင်းမှာ ဒုတိယအပင်ကြီး၏ ပင်စည်မှာ ပေါက်ထွက်နေ သော အကိုင်းခွဆုံပေါ်သို့ ရောက်နေသဖြင့် ထိုအပင်ဖြစ်သော ဒုတိယအပင်သည် ပထမအပင်၏ အကိုင်းနှစ်ကိုင်းအား ပခုံး ထမ်းထားသည့်အလား သယ်ပိုးထားပုံမှာ အံ့သြစရာကောင်း လျက် တစ်ညီတညာတည်း ဖြောင့်ဖြောင့်တန်းတန်းကြီး ဖြစ် နေသည်ကို တွေ့ရသည်။

'ဟာ... ဟိုအကိုင်းကြီးနှစ်ကိုင်းပေါ်က ဘာအိမ်လဲ ဖထီး'

'အေး... အဲဒါ လင့်စင်လေ၊ ငါတို့ ထိုးထားတဲ့ လင့်ပေါ့'

'ဘယ်ကနေ တက်မလဲ၊ ဒီအပင်က တက်ရတာပေါ့





ဒီမှာ တွေ့လား၊ လူတက်ဖို့လှေကား'

'ဟာ... ဟုတ်သားပဲနော်၊ ငါ တက်ကြည့်မယ်'

'အရမ်းမတက်နဲ့၊ နေဦး... ငါ အရင်တက်မယ်၊ တော်တော်ကြာ တို့လင့်ထဲ ကျားသစ်တို့၊ ဝက်ဝံတို့ရောက်နေ ရင် ခက်မယ်၊ နေ ငါ အရင်တက်မယ်၊ ငါခေါ်မှ တက်ခဲ့ကြ'

ပြောပြောဆိုဆို မုဆိုးကြီးစောပန်းတင်သည် နှစ်လုံး ပြူးကြီးအား သူ၏နောက်ကျောတွင် လွယ်၍ ချည်နှောင်ထား သည့် ဝါးတစ်လုံးဖြင့် ပြုလုပ်ချည်နှောင်ထားသောအခါ ဝါး လှေကားမှနေ၍ အပင်ပေါ်သို့ လျင်မြန်စွာ တက်လိုက်၏။ တက်ပြီးသည်နှင့် သူ၏သေနတ်အား အသင့်ပြင်ကာ ခွဆုံပေါ် ရပ်လျက် လင့်စင်ဘက် လှမ်းကြည့်၏။ လင့်စင်တွင် ဘာမျှ မမြင်သဖြင့် ညောင်ကိုင်းကြီးပေါ်မှ လင့်စင်ဘက်သို့ လျှောက် သွားရင်း အနီးရောက်လေ သတိထားလေဖြင့် လင့်စင်ထဲ ရောက်သွားပါပြီ။

'ကဲ... ကလေးရေ၊ အရင်တက်ခဲ့'

'အေး... အေး...'

စောတိုးနိုးသည် စောစောကတည်းက တက်ချင်နေ သောကြောင့် ယခုလို ဖခင်မှ ခေါ်လိုက်သည်တွင် ညောင် ပင်ပေါ်သို့ ခပ်သွက်သွက်တက်၏။ ခွဆုံရောက်တော့ အလွန် ကြီးမားသည့် ညောင်ပင်ကြီးပေါ် လျှောက်သွားရာ ပေနှစ် ဆယ်ခန့်တွင် မုဆိုးကြီးစောပန်းတင်နှင့် စောသူထောတို့ ထိုး ထားသည့် အခိုင်အမာ လင့်စင်ကြီး။ ထိုလင့်စင်ကြီးမှာ လူ ဆယ်ယောက်လောက်နေနိုင်သော အခိုင်အမာ သစ်တွေ၊ ကြိမ်



www.burmeseclassic.com

www.burmeseclassic.com



တွေ့ဖြင့် အခင်းတွေမှာလည်း သစ်တုံးတွေစီပြီး အလုံးလိုက် ခင်းထားသည့်အတွက် အလွန်အမင်း တောင့်တင်းခိုင်မာနေသည်ကို တွေ့ရပါ၏။

'ဖထီး'

'အေး...'

'ဒီအပင်ပေါ်ကနေ ပစ်တာလား'

'ဟုတ်တာပေါ့ ကလေးရဲ့၊ ဟိုမှာတွေ့လား'

'ဟင်... ဘာလဲ ဖထီး'

'ဟိုအပင်ကြီးလေ၊ သစ်ဆိမ့်ပင်ကြီးပေါ့၊ ညပိုင်းဆို ချေ၊ ဒရယ်၊ တောဝက် ထွက်တယ်လေ'

'ဟာ... ဒါဆို ဒီအပင်ပေါ်က ကောင်းကောင်းမြင်ရတာပေါ့'

'အေးပေါ့ကွ၊ ဒီအပေါ်ကနေပစ်ရင် ကောင်းကောင်းမြင်၊ ကောင်းကောင်းပစ်တော့ ကောင်းကောင်းရတာပေါ့ကွ၊ ဟား... ဟား... ဟား.... ဟား'

'ပန်းတင်'

'အေး'

'ငါ ရေသွားခပ်မယ်'

'ရေဘူးထဲမှာ ရေတွေပါတယ်ကွာ၊ မခပ်နဲ့တော့'

'ဖထီး'

'ဟင်'

'ရေက ဘယ်မှာခပ်ရတာလဲ'

'ဟိုမှာလေ စမ်းချောင်း တွေ့လား၊ အဲဒီမှာ ခပ်တာ



ပေါ့၊ ဟိုမှာ လှဲထားတာက ရေဘူး၊ ဝါးရေဘူး'

'ဒါဆို ရေသွားခပ်ရင် ကောင်းတာပေါ့'

'မခပ်ပါနဲ့တော့၊ ရေတွေ သုံးယောက် သုံးဘူး၊ တော်ပြီပေါ့'

'ဟုတ်တယ် ကောင်လေး၊ ရေခပ်ရင် နှစ်ယောက်သွားရတယ်'

'ဘာဖြစ်လို့လဲ'

'ဩော်... ကျားတို့၊ ကျားသစ်တို့၊ တောဝက်တို့ ဂရုစိုက်ရတာပေါ့'

စောစောစီးစီး ထမင်းထုပ်တွေ ဖြည်တာ စားလိုက်ကြ၏။ သူတို့ ထမင်းထုပ်တွေ စားနေစဉ်မှာပင် အော်သံဟစ်သံ မကြားရဘဲ တိတ်တိတ်ဆိတ်ဆိတ် ချဉ်းကပ်လာသော အပင်တွေပေါ်မှာ မျောက်တစ်အုပ် တော်တော့်ကို အသံလုံ၏။ စောတိုးနီး မသိလိုက်၊ အနားရောက်တော့မှ...

'ဟာ... မျောက်တွေ၊ မျောက်တွေ'

'အေး... ဒီအကောင်တွေ လာနေကျ'

'ဩော်... ဖထီးတို့ သိနေတာပေါ့'

'သိတာပေါ့၊ မုဆိုးဆိုတာ နားပါးရတယ်၊ မျက်စိလျင်ရတယ်ကွ၊ သစ်ကိုင်းက သစ်ရွက်လှုပ်ရင် ဘာကြောင့်လှုပ်သလဲဆိုတာ ရှုးစမ်းရတယ်'

'ဘာဖြစ်လို့လဲ'

'ဩော်... ကလေး မသိတာပဲလေ၊ လေတိုက်လို့လှုပ်တာရှိတယ်လေ၊ လေဆိုတာ တိုက်လိုက်ရင် အပင်တွေ

www.burmeseclassic.com

www.burmeseclassic.com



အရွက်တွေ အားလုံး လှုပ်တာပေါ့၊ ဒါပေမဲ့ ခုလို အကိုင်း တစ်ကိုင်း၊ အခက်တစ်ခက်တည်း လှုပ်ရင် ဘာလဲဆိုတာ တွက်ချက်စူးစမ်းရမှာပေါ့၊ ဒါမှ သားကောင်လား၊ အန္တရာယ် ကောင်လားဆိုတာ သတိထားရမှာပေါ့ကွယ့်၊ မှတ်ထား ကြား လား'

'ဟုတ်တာပေါ့နော်၊ ကြည့်... ဒီမျောက်တွေ လာတာ ငါမသိဘူး၊ ဖထီးတို့နှစ်ယောက် သိနေတာ မပြောဘူး'

'ဟား.. ဟား... ဟား.... ဟား၊ မုဆိုးပေါက် လေး၊ လေ့လာထား၊ မှတ်ထား၊ နား မျက်စိလျှင်လျှင်ထား ကြားလား'

'အင်း... သတိထားရမှာပေါ့လေ'

စောတိုးနိုးသည် မျောက်တွေအား ကြည့်ပြီး သဘော ကျနေ၏။ မျောက်နီစပ်တွေမှာ သူတို့အား ကြည့်ရင်း အပေါ် ပေါ်ဝယ် ဒေါသထွက်နေကြသလိုလိုတော့ ရှိနေသည်တွင် မုဆိုးတစ်ပိုင်းဖြစ်နေသော စောသူထောသည် သူ၏လွယ်အိတ် ကြီးထဲမှ လောက်လေးခွ ထုတ်ယူရင်း မျောက်တွေထံ ပ လိုက်သည်။

'ဖြောက်'

'ဒေါက်'

'ခွီး...'

'ခွီး... ခွီး... ခွီး...'

'ဝုန်း... ဝုန်း... ခွီး... ဝုန်း...'

စောသူထော ပစ်ချက်မှာ မျောက်တစ်ကောင် ရ





နေသည့် သောင်အကိုင်းအား ကောင်းစွာ ထိမှန်လိုက်သည်တွင် ထိုမျောက်မှာ လန့်ပြီးထခုန်ရင်း ခွီးဟူသော အသံတစ်ချက် ထွက်သွားသည်တွင် ဘေးနားတွင်ရှိနေကြသော မျောက်တွေ မှာ တခွီးခွီး ဒေါသထွက်ကြသော်လည်း သောင်ကိုင်းတွေမှ တစ်ကိုင်းပြီးတစ်ကိုင်း ခုန်ကူး ထွက်ပြေးသွားကြပါ၏။

'ဒီလိုပဲ ကလေးရဲ့၊ သူထောရဲ့ လောက်လေးကို ဒီကောင်တွေ ကြောက်တယ်ကွ၊ ပထမဆုံးကတော့ မှန်အောင် ကို ပစ်ရတာပေါ့၊ ခုမှပဲ ဒီကောင်တွေ လေးဒဏ်ကို လန့်ကြ တာ၊ တစ်ခါတစ်ခါ ညဘက်ရောက်လာပြီး ခြောက်လှန့်လို့ တောကောင်တွေပါ ထွက်ပြေးတတ်တယ်၊ လောက်လေးနဲ့ ဆုံးမထားရတာ'

'ဖထီး ဒါဆို ညပြန်လာဦးမလား'

'တစ်ခါတလေလည်း လာတယ်၊ တစ်ခါတလေ လည်း မလာတော့ဘူး'

'ကောင်လေးရဲ့၊ တောထဲက တိရစ္ဆာန်ပဲ၊ ပြောလို့ မရဘူးပေါ့၊ မျောက်ကတော့ ဉာဏ်များတယ်'

ထိုသို့ ပြောဆိုနေစဉ်မှာပင် အမှောင်သန်းလာပါ၏။ ထိုသို့ အမှောင်သန်းသည်နှင့်အမျှ တောကြီးထဲဝယ် တိတ် ဆိတ်လာလေပြီ။ တောကြီးထဲတွင် ညဥ့်အိပ်ညဉ့်နေ မတွေ့ မကြုံဖူးသော စောတိုးနိုး စိုးရိမ်မိသလိုလိုတော့ ရှိ၏။ သို့ပါ သော်လည်း သူ၏ဖခင်နှင့်အတူ စောသူထောတို့ အလယ်ထဲ နေရသဖြင့် အားတော့တက်မိ၏။

'ငါလည်း တစ်နေ့ ဖထီးရဲ့ခြေရာ ကောင်းကောင်း



www.burmeseclassic.com

www.burmeseclassic.com



နင်းရမယ်၊ ငါလည်း မုဆိုးဖြစ်ရအောင် မှတ်သားထားရမယ်'

'ငါ မုဆိုးဖြစ်ရင် ဖထီးကို နားတော့လို့ပြောမယ်၊ နောက်ထပ် လူရှာပြီးတော့ ငါနဲ့အဖော်လုပ်မယ်၊ စောသူထော လည်း နားပါစေတော့၊ ငါပဲ မုဆိုးကြီးဖြစ်အောင် ကြိုးစားမယ်'

'ဝေါက်…'

'ဝေါက်…'

'ဝေါက်…'

'ကောင်လေး၊ ဘာသံလဲ'

'ဟင်… ဩော်… သူထော ချေသံပေါ့'

'တော်သားပဲ'

'ဟင်… ရွာနားမှာ မကြာမကြာ ကြားဖူးပါတယ်'

'အေး… မှတ်ထားရမယ် ကလေးရဲ့၊ စောစောက ကြားတဲ့အသံက ဘယ်နားကလဲ ပြောစမ်း'

'ဖထီးကလည်း တောထဲကပေါ့'

'ခွေးကောင်လေး၊ တောထဲကတော့ ဟုတ်တာပေါ့ ကွ၊ အထက်ကလား၊ အောက်ကလားဆိုတာ ပြော'

'ဝေါက်'

'ဝေါက်'

'ဟာ… အောက်ဘက်က'

'နီးလား ဝေးလား'

'ဝေးပုံရတယ်'

'အေး… မှတ်ထားနော်၊ ချေသံပဲဖြစ်ဖြစ် နီးရင် အသံက ဆက်နေတာပေါ့'



'အခုအသံက ဝေးတာ သိတာပေါ့ ဖထီးရဲ့'

သူတို့သုံးယောက် စကားပြောသံ ငြိမ်သွားကြ ငြိမ်သွားရသည့်အကြောင်းရင်းမှာ တခြားမဟုတ်။ နောက်ထပ် အသံတစ်သံ ကြားရသောကြောင့် နားစွင့်နေကြခြင်းဖြစ်သည်။ နောက်ထပ် ကြားရသည့်အသံမှာ စောစောက ချေကဲ့သို့ ဝေး ဝေးက မဟုတ်ပါ။ အလွန်နီးသောနေရာမှ အသံတစ်သံ…

'ဝေါင်း… ဝေါင်း…'

'ဝေါင်း… ဝေါင်း… ဝေါင်း…'

'ဝေါင်း… ဝေါင်း… ဝေါင်း…'

'ဘာသံလဲ'

ဖထီး၏ တိုးတိုးလေး မေးသံကို ကြားလိုက်ရသော စောတိုးနိုးသည်လည်း ဖခင်၏အသံကဲ့သို့ သူကြားသည်ကို ပြန်ဖြေကြားရာဝယ် တိုးတိုးကလေး ပြန်ဖြေလိုက်၏။

'ကျားသံပေါ့ ဖထီး'

'အေး… နားထောင်ရင်း မျက်စိလျှင်လျှင်ထား၊ ရှာကြည့်'

'နည်းနည်းမှောင်နေပြီ'

'အေးလေ၊ မြင်ရသမျှ ကြည့်ပေါ့'

'ဖထီး'

'ဘာလဲ'

'ကျားက အပင်ပေါ်တက်နိုင်တယ်ဆို'

'တက်နိုင်တာပေါ့၊ ဒါပေမဲ့ ကျားကြီးရင် အပင် မတက်တော့ဘူး၊ ကျားသစ်နဲ့ ဝက်ဝံတော့ တက်တယ်လေ'

www.burmeseclassic.com

www.burmeseclassic.com



'ဝေါင်း… ဝေါင်း… ဝေါင်း'

'ဝေါင်း… ဝေါင်း'

'ဖထီး၊ ဖထီး… ဟိုမှာ … ဟိုမှာ'

'အေး… တွေ့တယ်၊ တွေ့တယ်'

'တို့ ဒီမှာရှိတာ သူသိမှာပဲ'

'မသိပါဘူးကွာ'

'ဗျာ'

'ရှူး'

ကျားကြီးသည် အနံ့အသက်ရသည်တော့ မဟုတ်ပါ။ အပေါ်သို့ မော့မကြည့်သော်လည်း သစ်ဆိမ့်ပင်အောက်တွင် မြေလူးနေသဖြင့် အပေါ်သို့ မော့ကြည့်သလို ဖြစ်နေသည်။ တကယ်တော့ စောပန်းတင်တို့အား ကျားကြီး မတွေ့ပါ။ ခေတ္တခဏ ဝမ်းလျားမှောက်နေ၏။

'ဝေါက်… ဝေါက်… ဝေါက်'

'ဝေါက်… ဝေါက်'

ချေသံမှာ တော်တော်နီးနေပြီ။ ချေသံ ကြားလိုက်ရသော တောထဲမှ မုဆိုးကျားကြီး ဝမ်းလျားမှောက်နေရာမှ ဦးခေါင်းထောင်လိုက်၏။ နားရွက်နှစ်ဖက်ကို ချေသံကြားသည့် တောထဲသို့ ပစ်ပြီး နားစွင့်ရင်း မျက်စိလျှင်စွာ ကြည့်နေသည်တွင် သူ၏အမြီးကြီးမှာတော့ မြေမှာပတ်ခတ်နေ၏။

'ကလေး'

'ဟင်…'

'ကျားဆိုတဲ့ အကောင်ကြီးတွေဟာ သားကောင်





…ချောင်းတဲ့နေရာမှာ သူ့အမြီးကြောင့် တချို့သားကောင်သိပြီး …းဝေးပြေးကြတာပေါ့ကွ'

'ဟုတ်တယ်နော်၊ အမြီးက တဘုတ်ဘုတ်နဲ့ မြည်နေ…တာကြောင့် သားကောင်တွေ သိသွားမှာပေါ့'

'ဒါကြောင့်လည်း သားကောင်လေးတွေ အကင်းပါး…တယ်၊ ချေဆိုရင်လည်း ချေအီးချေလန့်ဆိုတာ အဲဒီလို တဘုတ်…ဘုတ်အသံကို ဂရုစိုက်ရင်း အီးထွက်သွားတော့ လန့်ပြေးတာ…ပေါ့ကွ'

'ဘာ… ချေအီးချေလန့်'

'အေး… မှတ်ထား'

'ဟာ… ကျားကြီး ချုံထဲပြောင်းပြီ'

'ပန်းတင်၊ ချေဝင်လာပြီ'

'အေး… ငါပစ်မယ်'

'မြင်ရသေးရဲ့လား'

'မြင်ရတယ်ကွ'

ချေသည် စောစောကလို အသံ မထွက်တော့၊ …ဟောက်တော့ပါ။ ဟိုကြည့် သည်ကြည့် ကြည့်ရင်း သစ်…ဆိမ့်ပင်ကြီးအောက်ဘက် တိုးလာ၏။ ကျားကြီးသည်လည်း ထိုချေအား မြင်သွား၍ ခြုံဘေးဝယ် ကောင်းကောင်းချောင်း…နေပါပြီ။

အပင်ပေါ်မှ လင့်ပေါ်ထိုင်လျက် ချေအား နှစ်လုံးပြူး…နှင့် ချိန်နေသော မုဆိုးကြီးစောပန်းတင်၏ ပုံစံသည် စိတ်…ခုန်းဒုန်းချထားလျက် ပစ်ခတ်ရန် ဆုံးဖြတ်ထားပြီးပြီဖြစ်သဖြင့်



www.burmeseclassic.com

www.burmeseclassic.com



စောင့်နေစဉ်မှာပင် သားကောင်ချေက ရှေ့အတိုး၊ ကျားကြီး
ကလည်း နေရာအနည်းငယ်အရွေ့…

'ဒိုင်း'

'ဝေါက်'

'ဝေါင်း'

'ဝုန်း… ဝုန်း'

'ဖျောက်… ဖျောက်… ဖျောက်'

'ဝေါင်း… ဝေါင်း… ဝေါင်း'

'ဝေါင်း'

'ဝေါင်း'

'ပန်းတင်၊ ချေ ဆင်းကောက်မလား'

'အေး… တို့နှစ်ယောက် ဆင်းကောက်မယ်လေ'

'အေး… ဆင်းစို့'

'ကလေး ဒီပေါ်မှာနေခဲ့'

'ရော့… လောက်လေးခွ၊ ဒီမှာ မင်းရဲ့ဓားရှိတယ်
မကြောက်နဲ့'

'ဘာလို့ ကြောက်ရမှာလဲ ပန်းတင်၊ မုဆိုးလုပ်မယ့်
သူဟာ ကြောက်လို့မဖြစ်ဘူးလေ'

'ကဲ… တို့ ဆင်းမယ်'

ပြောပြောဆိုဆို စောသူထောက ရှေ့မှဆင်း၍ နောက်
မှ စောပန်းတင်ဆိုသော မုဆိုးကြီးဆင်း၍ ချေလဲနေသော
နေရာအား စောသူထော သိသဖြင့် သွားရောက်နေသည်။
မုဆိုးကြီးစောပန်းတင်မှ သေနတ်အသင့်ပြင်ရင်း နှစ်ယော



သား မခွာကြ။

စောတိုးနိုးတစ်ယောက် လင့်ပေါ်မှ ကြည့်နေသည်။
မြင်မြင်ထင်တော့ မဟုတ်တော့။ သဲသဲကွဲကွဲ မမြင်ရသော်
လည်း မြင်တော့ မြင်နေရ၏။ စောတိုးနိုးသည် တစ်ယောက်
တည်းဖြစ်၍ အနည်းငယ်တော့ ကြောက်ရွံ့နေဆဲပင်။ တစ်ခါဖူး
မှ အတွေ့အကြုံမရှိသည့်အတွက်ကြောင့် စိုးရိမ်သလိုလို ခံစား
ရသော်လည်း အောက်တွင် သူ၏ဖခင်နှင့်အတူ စောသူထော
ရှိနေသည့်အတွက် သိပ်တော့မကြောက်။ ပထမဆုံးအတွေ့
အကြုံတော့ တွေ့ကြုံခဲ့ရပါပြီ။ တစ်ဖန် သူ၏ဖခင်ပစ်လိုက်
သော ကျည်ဆံသည်လည်း ချေအား ကောင်းစွာထိမှန်သွား
သည်မို့ ပထမဆုံး အောင်မြင်မှုမြင်ကွင်းကြောင့် ကျေနပ်နေ၏။

'ဟော… ဖထီးတို့ ချေကို သယ်လာပြီ၊ ဟာ…
အပေါ်ကို ယူလာပါကလား'

မှန်ပါသည်။ အောက်တွင် ချေကိုမထားခဲ့။ စောသူ
ထောသည် ချေ၏ခြေအားသိုင်း၍ ပခုံးတွင်ထမ်းကာ လင့်စင်
ပေါ်သို့ သယ်ယူလာခဲ့သည်။ အားလုံး အပေါ်ရောက်တော့
ရီကော တော်တော်လေး ချုပ်နေပြီ။

'ကလေး'

'အေး'

'ကြောက်လား'

'မကြောက်ပါဘူး'

'အေး… နောက်တစ်ခါ ချေထွက်ရင် ကလေးကို
စ်နိုင်းမယ်'

www.burmeseclassic.com

www.burmeseclassic.com



'တကယ်လား ဖထီး'

'ဩော်… ငါက ညာရမှာလား'

'ဝမ်းသာလိုက်တာ'

စောတိုးနိုးသည် ဒုတိယအကြိမ်ထွက်သော ချေအားသူ ပစ်ရပါသည်။ ပစ်ခတ်ရန်အတွက် သူ၏အဖေမှ ပြောပြ၏။ မီးထိုးကောင်းသော စောသူထော၏ မီးကစားမှုအရပ် မီးစိုက်ထိုးလိုက်သည်တွင် သူ၏အဖေမှ စောတိုးနိုးအား ချိန်သားကိုက်နေပြီဆိုသဖြင့် ပစ်ခတ်စေခဲ့သည်။

စောတိုးနိုးသည် နှစ်လုံးပြူးသေနတ်ပစ်နေကျ။ သူပစ်ခတ်သည်မှာ တောခြေတွင် တောကြက်ပစ်ဖူး၏။ နှစ်လုံးပြူးကျည်မှာ ကိုးလုံးကျည်ဖြစ်၍ ကြက်အုပ်ထဲပစ်လိုက်ပါက သုံးလေးကောင် ကောင်းကောင်းရသည်ဖြစ်သဖြင့် ဝမ်းသာကျေနပ်နေပြီး သေနတ်နှင့် မကြာခဏတွေ့ကြုံရသည့်အတွက် ပစ်ခတ်မှု မကြောက်သည့်အပြင် သေနတ်နှင့် မစိမ်းတော့၍ စောတိုးနိုး ပထမဆုံး ချေပစ်ခတ်မှု အောင်မြင်ခဲ့သည်။ ဒီတစ်ခါတော့ သိပ်မိုးချုပ်နေ၍ ဆင်းမကောက်တော့။ နံနက်မိုးလင်း အပြန်ခရီးအတွက် ချေရှာရင်း ကောက်ယူခဲ့သည်။

စောတိုးနိုးတစ်ယောက် တစ်ခေါက်တစ်ခါ မဟုတ်တော့။ အခေါက်ခေါက်အခါခါ လိုက်ခဲ့ဖူးပြီ။ တောဝက်တစ်ကောင်၊ ချေနှစ်ကောင်နှင့် ဒရယ်တစ်ကောင်အထိ ပစ်ခဲ့ဖူးပါပြီ။ ဆတ်တို့ ပြောင်တို့တော့ မပစ်ဖူးပါ။ ပစ်တော့ပစ်ချင်၏။ ပစ်သော်လည်း အကောင်ကြီးနှင့် မကြုံသေး၊ ဖထီးဖြစ်သူမှ သေနတ်အား သူ့ကို မသိမသာ လွှဲပေးခဲ့ပြီကို



စောတိုးနိုး မရိပ်မိ။

'ကဲ… ဒီတစ်ခါ မင်းသူငယ်ချင်း နှစ်ယောက်လောက် ခေါ်လာခဲ့ပါလား'

'ဖထီး တကယ်ပြောတာနော်'

'အေးပါ'

'ဟို… စောထူးနဲ့ပန်းသာ လိုက်ချင်တာ၊ ခဏခဏပြောတယ်၊ ဖထီး မပြောရဲလို့၊ ဒါဆို သူတို့ကို ခေါ်မယ်နော်'

'ဩော်… ခေါ်ခဲ့ပါဆိုမှ'

'ဘယ်တော့ထွက်မလဲ'

'မနက်ဖြန် နေ့လယ်ထွက်မယ်'

'ဒါဆို သွားပြောထားမယ်နော်'

'ပြောထား၊ လက်နှိပ်ဓာတ်မီးတို့၊ ထမင်းထုပ်တို့၊ ရေဘူး၊ ဓား၊ လွယ်အိတ်ယူခဲ့ဖို့ မမေ့စေနဲ့'

'ကောင်းပြီ၊ ကောင်းပြီ၊ ပြောခဲ့မယ်'

ထိုနေ့ နောက်နေ့ နောက်နေ့များတွင် စောတိုးနိုး၊ စောထူး၊ ပန်းသာတို့ အမြဲပါလာ၏။ တစ်ခါတစ်ရံသာ ထားခဲ့၊ ပြန်ခေါ်လိုက်နှင့် တောအတွေ့အကြုံတွေ သင်ပေးလိုက်၊ ပြောပြရင်း သူတို့ကိုပါ ပစ်ခတ်စေခဲ့ရာ လူငယ်တွေ အလွန်ဝမ်းသာပျော်ရွှင်ကြလေပြီ။ ယခုတော့ မုဆိုးသုံးယောက်ကနေ ငါးယောက်အဖြစ်သို့ပင် ရောက်ခဲ့ကြပါပြီ။

မုဆိုးကြီး စောပန်းတင်သည် ခါတိုင်း တစ်ကောင်သာ ပစ်သော်လည်း ယခုတော့ အနည်းဆုံး နှစ်ကောင်ရအောင် ပစ်ခတ်၏။ လင့်စင်မှာ တစ်ကောင်ရခဲ့လျှင် နောက်နေ့မနက်

www.burmeseclassic.com

www.burmeseclassic.com



လျှို့ဘက်ဆင်းကာ တောဝက်ရှာ၏။ တစ်ခါတစ်ရံ တောဝက် မတွေ့သော်လည်း ချေနှင့်ဒရယ်ရပါသည်။

တစ်နေ့ ဆတ်တစ်ကောင်နှင့်တိုး၍ ဆတ်ပစ်ရ၏။ ပစ်ခတ်မှု သွက်လက်သော်လည်း ထိချက်ကို မကြိုက်။ မုဆိုးကြီးစောပန်းတင် မကြိုက်သည့်အတိုင်း ဆတ်ကြီး မလဲသဖြင့် သွေးစက်ခံ လိုက်ရသည်။ စောသူထောနှင့် ရှာသားလူငယ် စောထူးတို့ ထားခဲ့ပြီး စောတိုးနိုးနှင့် ပန်းသာတို့အပါအဝင် သုံးယောက် အပြေးအလွှားလိုက်ခဲ့စဉ် တောင်စောင်းဆေးမှာ ပြေးနေသော ဆတ်ကြီးအား မုဆိုးကြီးစောပန်းတင် ဒုတိယ အကြိမ် ပစ်လိုက်သောအခါမှ ဆတ်ကြီးသည် အပေါ်သို့တက်ရန် ကြိုးစားမှုတွေအဆုံးသတ်ရင်း လဲကျသွားပါပြီ။

ဆတ်ကြီးထံ သွားကြည့်တော့ ဆတ်ကြီး မထနိုင်တော့ပါ။ ခဏအကြာတွင် သေဆုံးသွားပါပြီ။ သို့အတွက် စောသူထောနှင့် စောထူးတို့ထံ ပြန်ခေါ်ကြရသည်။ ရထားသော ချေအား နောက်ဆုံး မုဆိုးကြီးစောပန်းတင်က ထမ်း၍ စောသူထောနှင့် လူငယ်သုံးယောက် စုစုပေါင်းလေးယောက် ဆတ်ကြီးကို ရှေ့နှစ်ယောက်၊ နောက်နှစ်ယောက် ထမ်းယူခဲ့ကြသည်။

စောပန်းတင်သည် သားဖြစ်သူစောတိုးနိုးအား ဒီတစ်ခေါက် တောလည်ပြီးလျှင် သူ တောမလည်တော့ပါ၊ နားတော့မည်၊ သူ့သားနှင့်အဖွဲ့ကို စေလွှတ်မည်ဟူသော အတွေးနှင့် သားဖြစ်သူအား လုံးဝ အားကိုးရသော မုဆိုးငယ်တစ်ယောက်အဖြစ် ယုံကြည်အားကိုးမိသကဲ့သို့ စောသူထောက





လည်း သူတို့နှစ်ယောက် နားကြမည်ကို သဘောတူခဲ့သည်။

'ကလေး'

'ဗျာ'

'ဒီတစ်ခေါက် မနက်ဖြန် ထွက်မယ်'

'ဖထီးရဲ့ ပန်းသာမရှိဘူး၊ မြို့သွားတယ်'

'အေး… စောထူးပဲခေါ်ခဲ့ပေါ့'

'ခေါ်မယ်လေ'

'ငါတစ်ခေါက်လိုက်ပြီးနောက် မင်းတို့သုံးယောက်ပဲ ထွက်ကြတော့နော်'

'ရပါတယ်'

'အေး… မနက်ဖြန်ထွက်မယ်'

'ဒါဆို စောထူး သွားပြောမယ်'

'ပြောထား၊ ပြောထား'

နေ့လယ်လောက် တောထွက်ခဲ့ကြပြီး တောထဲရောက်တော့ လင့်ပေါ်ဝယ် သူတို့ နေရာယူခဲ့သည်။ ညနေစောစောစားကြပြီး လင့်မှပင် နားနားနေနေ သားကောင်စောင့်စဉ် မိုးချုပ်သည်အထိ ဘာကောင်အသံမျှ မကြားရ။ ပုရစ်သံနှင့် ပုဇဉ်းရင်ကွဲသံမှတစ်ပါး အခြားသားကောင်တွေတစ်ကောင်မျှ ကျတော့ဝယ် မရှိလေသလားဟု ထင်ရပါ၏။ ချေသံလည်း မကြားရ။ တောထဲမှ မုဆိုးသံလည်း လုံးဝ မကြားရ။

'ကလေးတို့ ဒီနေ့ တောက ခြောက်နေတယ်'

'ဘာပြောတယ်'



www.burmeseclassic.com

www.burmeseclassic.com



'တောခြောက်တယ်ဆိုတာ ဒါမျိုးလည်း ပါတယ်၊ တစ်ခါတစ်ခါ တောက တိတ်နေတယ်၊ တစ်ခါတလေ လေ တွေတိုက်တာတို့၊ သားကောင်တွေ ပြေးလွှားသံတွေ ကြားတာ တို့ပေါ့၊ ဒါပေမဲ့ အကောင်မမြင်ရဘူး'

'ယန်းတင်ရာ၊ လေတိုက်တာ ပြောပြလိုက်ပါဦးကွ၊ ရိုးရိုးတိုက်တာ မဟုတ်ဘူးလေ'

'ဟုတ်တယ်၊ ကလေးတွေ လေတိုက်တာ မင်းတို့ သိပါတယ်၊ ဒါပေမဲ့ တောခြောက်တဲ့ လေတိုက်သံဟာတို့ လေတိုက်တာတို့ဟာ မရိုးသားဘူးလေ'

'ဘယ်လို မရိုးသားတာလဲ အပါး'

'အောင်မာ… ငါ့သားက ဖထီးဖထီးနဲ့၊ သူများခေါ် သလို ခေါ်ရာကနေ ဒီနေ့ ထူးနေပါကလားကွ၊ အပါးလေး ဘာလေးနဲ့'

'ဟုတ်တယ်၊ ကျွန်တော် အပါးလို့ ခေါ်ချင်နေတာ၊ သူများတွေခေါ်သလို လိုက်ခေါ်ရတာ အားမရတော့လို့ အပါးရဲ့'

'ဟား… ဟား… ဟား…. ဟား… တော်တော် နောက်တဲ့ ကလေး၊ အဖေပဲ အပါးပဲခေါ်ရမှာပေါ့၊ ကလေး ကြိုက်သလိုခေါ်ပါ၊ ငါ စိတ်မဆိုးပါဘူး'

'မရိုးသားတဲ့လေက တချို့တောထဲမှာ လေတိုက်ရင် အပင်တွေအားလုံး လေနဲ့ထိတွေ့ပြီး အပင်တိုင်း လှုပ်ခါကြ တာပေါ့၊ လေဆွဲဆောင်ရာ အပင်တွေ ကွေးတာကိုင်းတာပေါ့၊ အဲ… တောခြောက်တဲ့လေဆိုတာ တောကြီးတစ်တောလုံး





ငြိမ်နေတယ်၊ တစ်နေရာတည်း ကွက်ကွက်ပြီး လေတိုက် တယ်၊ ပတ်ဝန်းကျင်အပင်တွေ လှုပ်ရှားမှုမရှိဘူးလေ၊ အဲဒီ နေရာလေးပဲ ကွက်ပြီးတော့ လှုပ်ယမ်းနေတတ်တာ တချို့ လေသံက ကြောက်စရာ တဝေါဝေါမြည်ပေမယ့် အပင်တွေ က မသိမသာ လှုပ်နေတယ်။ တစ်ခါတလေကျတော့လည်း အပင်ကြီးတွေ လဲပြိုတာမျိုး အကိုင်းအခက်တွေ ကျိုးကျသ တွေ ကြားရပေမယ့် တကယ်တော့ ဘာပင်မှ မကျိုးမလဲဖြစ် တာတွေဟာ တောခြောက်တာပေါ့ကွဲ့'

'ဘာဖြစ်လို့ ခြောက်တာလဲ အပါး'

'တောစောင့် တောင်စောင့်တွေ မကျေနပ်လို့ ကြား ဖူးတာပဲ၊ ဒါမှမဟုတ်လည်း ဟိုကွာ သရဲတစ္ဆေလို့ ပြောကြ တာပဲ ကလေးတို့'

'တောမှောက်တာကကော အပါး'

'တောမှောက်တာက ရှင်းပါတယ်၊ ကိုယ်ကပစ်လိုက် တဲ့ ချေလည်း သေရာက ထပြေးတာတို့၊ ကြောက်လန့်ဖွယ်ရာ အကောင်တွေလည်း တွေ့တတ်တာပေါ့၊ အဲဒါက ပိုဆိုးတယ်၊ ပိုကြောက်ဖို့ကောင်းတယ်'

'အပါးကြုံဖူးလား'

'ကြုံဖူးတာပေါ့၊ တို့ အခါခါ ကြုံခဲ့ပြီးပါပြီ'

စကားပြောနေစဉ်အချိန်မှာ တော်တော်လေး ညဉ့်နက် လာပါပြီ။ လရောင်က မှုန်မွှားမွှားကလေး သဲသဲကွဲကွဲ မမြင် ရသော်လည်း မည်းမည်းတော့ တွေ့နေရ၏။ သေသေချာချာ ကြည့်တော့ မြင်ရပါပြီ။ ဘာလဲတော့မသိ။ စကားပြောရပ်



www.burmeseclassic.com

www.burmeseclassic.com



သွားပါပြီ။ စောင့်ကြည့်နေစဉ်မှာပင် အသံကြားရသည်။

'အင်း… အင်း… အင်း'

'အ… အား… အား… အင်း'

'အဟွတ်… အဟွတ်… အင်း'

'လှသံပါလား။ စောသူတောရေ'

'အေးကွ၊ ငါ မီးထိုးမယ်လေ'

'ထိုးကွာ'

စောသူတောသည် သူ၏ လက်နှိပ်ဓာတ်မီးအား အောက်သို့ တိုက်ရိုက်အရေးတကြီး ထိုးလိုက်၏။ မီးရောင်ကြောင့် အနည်းငယ် တွန့်သွားသလို ဖြစ်သွားရာမှ ထိုလူသည် အပေါ်သို့တော့ မော့မကြည့်ပါ။ သို့သော်လည်း လေးဖက်ထောက်ပြီး ဒဏ်ရာရထားသည်လား မသိ၊ လူတစ်ယောက်၊ သူ၏ပုဆိုးမှာ အကွက်လိုလို အစင်းလိုလို တွေ့ရပါသည်။

'ဟာ… လူပဲဟ'

'သူတော'

'ဟင်… ဘာလဲ၊ ပန်းတင်'

'အေး… ဟုတ်တယ်၊ ဟုတ်တယ်၊ ဒီကောင်ဘာဖြစ်တာလဲ မသိဘူး'

'အမြန်ဆင်းမှပဲ'

'အပါး သတိထား'

'အေးပါ'

ပြောပြောဆိုဆို မုဆိုးကြီး စောပန်းတင်မှာ အပေါ်မှ အပြေးအလွှား ဆင်းသကဲ့သို့ သူ့နောက်မှ စောသူတော လိုက်



ပါခဲ့သည့်အပြင် စောတိုးနိုးသည်လည်း သေနတ်ဆွဲပြီး ရှေ့ဆင့်နောက်ဆင့် ပြေးလိုက်သည်တွင် သုံးယောက်သားအောက်အရောက် မုဆိုးကြီးစောပန်းတင်သည် သူ၏မိတ်ဆွေ စောသဟဲထံ ပြေးအသွား…

'ဝေါင်း'

'ဝုန်း'

'ဟာ'

'ကျားကြီး၊ ကျားကြီး၊ ပန်းတင် သတိထား၊ သတိထား'

'ဝေါင်း'

'ဘုန်း'

'ဝုန်း'

'အား'

ကျားကြီးသည် ရှေ့ဆုံးမှ ပြေးလာသော မုဆိုးကြီးစောပန်းတင်အား ပြေးကိုက်လိုက်သည်တွင် မုဆိုးကြီးစောပန်းတင်မှာလည်း တစ်ကွက်နောက်ကျသွားပြီး တစ်ချက် သတိလစ်သွားခြင်းအတွက် သူပြောခဲ့သော တောမှောက်ခြင်းက အနိုင်ယူလေပြီ။ ထိုသို့ ကျားကြီးက ပြေးဝင်တိုးဖက်ကိုက်သည်ကို သတိထားသော မုဆိုးကြီး စောပန်းတင်မှာ အလွန်သတ္တိကောင်းသူပီပီ ကျားက ပြေးဖက်အကိုက် သူကလည်း မထူးတော့သည့်အဆုံး ကျားကြီးထံသို့ အတင်းပြေးဝင်တိုးဖက် ကပ်ထားလိုက်သည်။

ကျားကြီး၏ မာန်ဖီသံတွေ၊ ဟိန်းသံဟောက်သံတွေ

www.burmeseclassic.com

www.burmeseclassic.com



အကြားမှ မုဆိုးကြီးစောပန်းတင်၏ တစ်ချက်သော အားဟု
သောအသံကြောင့် ရှေ့မတိုးရဲသော ကြက်သေသေသွားသည့်
စောသူထောနောက်မှ ကပ်ပါလာသော စောတိုးနိုးသည် သူ၏
အဖေအား ဖက်ကိုက်ထားသော ကျားဆိုးကြီးထံ အတင်းပြေး
ဝင်သည်တွင်…

'သား… ကလေး ထွက်ပြေး၊ ထွက်ပြေး'

'မပြေးဘူး အပါး၊ မပြေးဘူး'

'အားလုံးပြေးကြ၊ တောမှောက်နေတယ်'

'မှောက်ပါစေ အပါး၊ ကျွန်တော် ကျားကြီးကိုပစ်
မယ်'

'မပစ်နဲ့၊ ပစ်ရင် အပါးကိုထိမှာပေါ့'

'အပါး ဖက်ထား၊ ဖက်ထား'

'အေး… ဖက်ထားတယ်'

စောတိုးနိုးသည် အဖေတစ်ယောက်လုံး ကျားကြီး
ခဲထားသလို ကျားကြီးအား အတင်းဖက်ထားသော သူ၏အဖေ
အား ဖက်ထားစေသကဲ့သို့ စောတိုးနိုးမှာ နှစ်လုံးပြူးသေနတ်
ပြောင်းဖြင့် သူ၏အဖေအားခဲထားသည့် ကျားကြီး၏ဦးခေါင်း
သူ့အဖေနှင့် လွတ်နေသည့် ဝဲဘက်မျက်လုံးအား ပြောင်းနှင့်
မိမိရရ ထိလိုက်ပြီးသည်နှင့်…

'အပါး ဖက်ထား၊ ဖက်ထား'

'အေး… အေး'

'ဒိုင်း'

'ဝုန်း'





'ဝုန်း'

'ဝေါင်း… ဝေါင်း… ဝေါင်း'

'ဝုန်း… ဘုန်း'

'ဝေါင်း… ဂူး… ဂူး… ရှူး… ရှူး'

'ဝုန်း… ဘုန်း… ဂူး'

ကျားကြီး၏ဝဲဘက်မျက်လုံးနှင့် နဖူးသို့တေ့ပြီး ပထမ
ကျည်တစ်တောင့်မှာ မျက်လုံးနှင့် ဒုတိယကျည်ဆံမှာကား
ကျားကြီး၏ နှာခေါင်းထက်သို့ ထိထိမိမိ ပစ်ချလိုက်သည်
တွင် ကျားကြီးသည် နှစ်ချက်စလုံးတေ့ပြီး ထိတွေ့ခံစားလိုက်
ရသည့်အပြင် သူ၏မျက်စိနှင့် နှာခေါင်းအထက်မှ ကျည်ဆံ
ခဲသီးများ တိုးဖောက်ရင်း ကျားကြီးနောက်စေ့နှင့် ဦးခေါင်းခွံ
ကြီးတို့ ပွင့်ထွက်သွားပြီး ပထမတော့ ထခုန်လိုက်သည်တွင်
သူ၏ဖခင် မုဆိုးကြီး စောပန်းတင်အား လွှတ်သွားပြီး နောက်
သို့လန်၍ မြောက်တက်သွားရာမှ ပစ်ကျသွားပါသည်။ တစ်
ဖန် သွေးရူးသွေးတန်းဖြင့် သုံးခါသော ဟိန်းဟောက်သံကြွေ
သာ ထွက်ရင်း လူးလိမ့်နေရာမှ နောက်ဆုံး ဟိန်းသံတစ်ချက်
အဆုံးဝယ် တဂူးဂူး တရှူးရှူး အသံတွေထွက်ပေါ်လာရင်း
မထနိုင်တော့ပါ။ ဘေးတွင်ရှိနေသော ခြုံငယ်များအား ကုတ်
ခြစ်နေရာမှ လုံးဝ ငြိမ်သက်သွားပါပြီ။

'အပါး… အပါး… အပါး'

'သား… ကလေး၊ ကလေး'

'စောထူး၊ စောထူး အမြန်ဆင်းခဲ့ပါဟ'

'အေး… ငါ… ငါ ဆင်းခဲ့ပြီ'



www.burmeseclassic.com

www.burmeseclassic.com



'ပန်းတင်၊ ပန်းတင်'

'သူထော ငါ့ကို အမြန်သယ်ကြ'

'စိတ်ချ၊ စိတ်ချ'

ပြောပြောဆိုဆို စောထူးပါ ရောက်လာသည့်တွင် စောတိုးနိုးသည် သူ၏ပုဆိုးချွတ်ပြီး ဝါးခုတ်ကာ သူ့ဖခင်အား စောထူးနှင့် စောသူထောတို့ ထမ်းကြရင်း စောသူထောသည် ရှေ့မှ လက်နှိပ်မီးထိုး[illegible] အမြန်ခြေဖွာနှံ သုတ်ခဲ့ကြပါသည်။ ပတ်တီးစည်းစရာလည်း မရှိတော့ပါ။ စောတိုးနိုးသည် ဘောင်းဘီတိုနှင့် နောက်မှ ကျားရန်နှင့် အခြားသားကောင်ကြီးတွေရန် ကာကွယ်ရင်း ပြေးလွှားရသည့်တွင် သူ၏ပေါင်နှင့် ခြေသလုံးတွေ ရှမိထိုးမိသည်ကို လုံးဝဂရုမစိုက်နိုင်ပါ။ ရွာရောက်ရန်အတွက်သာ သတိထားရ၏။

'အပါး… အပါး'

'အင်း… ကလေး'

'အပါးရယ်၊ တောက်… ဟော့… ကျားတွေ ငါ့တစ်သက် ဘယ်တော့မှ အခဲမကျေဘူးကွာ'

'ကလေး၊ ဒေါသမထွက်ပါနဲ့ကွယ်'

'တောက်… ဟင်း…'

စောတိုးနိုးသည် သူ၏အပါးထံ ပြေးလာလိုက်၊ နောက်နှင့် ရှေ့ပြေးလိုက်၊ သေနတ်နှင့်ထိုးချိန်လိုက်လုပ်ရင်း ဒေါသတွေလည်း ထွက်နေသည်။ မုဆိုးကြီး စောပန်းတင်မှာတော့ ကျားကြီးကိုက်ထားသည့် သူ၏လယ်ကုတ် မထိတထိ ဝဲဘက် ပခုံးနှင့် ကျားကြီး ဖက်ကုပ်ထားသော ဒဏ်ရာတွေ





အတွက် မလှုပ်နိုင်မရှားနိုင်။ ပုခက်လုပ်ထားသော ပုဆိုးအတွင်း မနည်းသတိထားပြီး လိုက်ပါခဲ့ရသည်။

အပြေးအလွှား ပြန်လာကြသော လက်နှိပ်မီးတွေနှင့် အတူ အထမ်းနှင့် ဖြစ်ပျက်မှုတွေကြောင့် ရွာသားတွေ ထိတ်ထိတ်ပျာပျာ ဖြစ်ရင်း သူတို့နောက်မှ အပြေးလိုက်လာကြ၏။ စောပန်းတင်၏ အိမ်ခြံထဲရောက်တော့ စောပန်းတင်ကြီး ကျားကိုက်ခံရကြောင်း သိကြရပြီး ဆေးဆရာ ပြေးခေါ်ကြ၏။

'အပါး၊ အပါး'

'အေး…'

'အမိုး အမိုးရယ်'

'အို… အဘိုးကြီး၊ အဘိုးကြီးရယ်'

'အေး… ငါ ဘာမှမဖြစ်ပါဘူး'

'အပါး၊ ကျွန်တော် မုဆိုးလုပ်မယ်၊ အပါးအတွက် ကလဲ့စားချေမယ်၊ အပါး ကျွန်တော် မကျေနပ်ဘူး'

'ကလေးရယ်၊ အပါးမှားတာပါ၊ အပါး အတွက်မှားသွားတယ် ကလေး'

'အို… အပါးရယ်၊ ဒါသက်သက် စော်ကားတာပဲ အပါး'

'အင်း… သူတို့က ဦးသွားပြီ'

'အပါး စကားသိပ်ပြောပါနဲ့'

'အပါးသိပါတယ် ကလေး၊ အပါးဟာ သနားတတ်လို့ ဒုက္ခရောက်သွားတာ၊ အပါးရဲ့ အားနည်းချက်ကို သိသွား



www.burmeseclassic.com

www.burmeseclassic.com



တာပဲ၊ တစ်ချက်အများကြောင့် တစ်သက်အစားခံလိုက်ရပြီ ပေါ့’

ဆေးဆရာဆိုသည်မှာလည်း ကျေးရွာ စိန္တေဆရာပင် ဖြစ်၏။ သွေးထွက်များခြင်း၊ ဒဏ်ရာပြင်းသည့်အပြင် လဲယ် ကုတ်တစောင်း လက်မောင်းအဆုံပါ အကိုက်ခံရသောဒဏ်ရာ များသည် ကုမရနိုင်တော့သည့်အပြင် ကျားကြီးကုပ်ထား သည့် ရင်ဘတ်မှ ဝမ်းဗိုက်အထိ စိုက်ဝင်သွားသည့် လက်သဲ တွေကြောင့် အစင်းလိုက် မားနှင့်ခွဲလိုက်သလို ဟက်တက်ကွဲ ပြီး အတွင်းကလီစာတွေပါ ထိသွားသောကြောင့် မုဆိုးကြီး စကားမပြောနိုင်တော့။ လေသံသဲ့သဲ့လေးဖြင့် သူ့သားအား ခေါ်၏။

‘သား… လူကလေး၊ ကလေးရယ်၊ အပါးလို အမှား မခံပါနဲ့၊ တောဆိုတာ မှောက်တတ်တယ်၊ အယောင်ဆောင် လှည့်တတ်တယ်၊ မာယာများတယ်၊ လူကလေး သတိသာ ထားပေတော့’

‘အပါး… အပါး ကျွန်တော် မုဆိုးဘဝ အရောက်ပို့ ခဲ့တဲ့ အပါး၊ ကျွန်တော် တာဝန်ယူပါတယ်၊ သတိအမြဲထား ပါ့မယ်’

‘ကလေး’

‘အပါး…’

ကလေးဟူသော စကားအဆုံး မုဆိုးကြီးစောပန်းတင် ကွယ်လွန်သွားပါပြီ။ တောက်တခေါက်ခေါက်နှင့် သူ၏ရှေ့ တွင် လူတစ်ယောက်မှ လူတစ်ယောက် အစစ်ဖြစ်ပါလျက်





စေတနာ၊ ဂရုဏာထားမိသော အပါး၊ သားကောင်တွေမှာ ကျားမပစ်ရဘူးတဲ့။ နောက်ဆုံးတော့ ကျားက အနိုင်ယူသွား သည်။ ကျားနှင့်တော ရောနှောပြီး အပါးကို သတ်သည်ဟူ သော အစွဲအလမ်းတွေကြောင့် မုဆိုးလေးဘဝမှ မုဆိုးကြီး ဘဝသို့ ရောက်ခဲ့သော စောတိုးနိုးသည် သူ၏သူငယ်ချင်း စောထူး၊ စောပန်းသာတို့ဖြင့် တောက်ဆက်ပစ်ကြ၏။

စောထူးသည်လည်း သေနတ်တစ်လက် ရခဲ့သည်။ စောထူး၏ နှစ်လုံးပြူးလိုင်စင်ရအောင် ယူခဲ့သည့်အပြင် မုဆိုး လိုင်စင်ပါ ရခဲ့ကြသည်တွင် သူတို့သုံးယောက် လူမခွဲတော့။ ဆက်လက်၍ ရှေ့ကသွားသော မုဆိုးကြီး စောပန်းတင်၏ အရိုက်အရာကို ခံယူခဲ့သလို၊ စောတိုးနိုးသည် ကျားဆိုလျှင် ခွင့်မလွှတ်တော့ပါ။ သူ ခွင့်လွှတ်ချိန်မှာ နေ့ဘက်သွားရင်း လာရင်း အတတ်နိုင်ဆုံး ရှောင်တိမ်း၏။ သူကလည်းရှောင်၏။ ကျားကလည်း ရှောင်၏။ ဤသို့ ရှောင်သော်လည်း သူ့အပါး ၏ နယ်မြေသတ်မှတ်ထားသော ညောင်ညီနောင် လင့်စင်မှာ တော့ ညဥ့်အခါ တောထဲကမုဆိုးဟု သူ မပြောတော့။ တော ထဲ ကျားဆိုးဟု သတ်မှတ်ထား၏။

‘စောထူးနဲ့ ပန်းသာ’

‘ဘာလဲ တိုးနိုး’

‘အေး… ငါ အပါးရဲ့ နယ်မြေ ဟောဒီလင့်အောက် မှာတော့ ဘယ်အချိန်ပဲ ကျားတွေ့တွေ့၊ တွေ့တဲ့ကျားကို နှစ် လုံးပြူးနဲ့ နှစ်ချက်ပစ်မယ်၊ ငါမတွေ့ရင် မင်းတို့နှစ်ယောက် သစ္စာရှိရှိ ပစ်ကြရမယ်၊ တွေ့သမျှ နေ့ပဲဖြစ်ဖြစ် ညပဲဖြစ်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ငါ့အဖေ သေသလို သေကိုသေစေရမယ်၊ အဲဒါ မင်းတို့နှစ်ယောက်လည်း ငါ့ရဲ့အချစ်ဆုံးသူငယ်ချင်းတွေ၊ ငါ့အဖေရဲ့ တပည့်တွေ သားတွေပဲ၊ ငါ အဆုံးပြောမယ်ကွာ၊ မတော်တဆ ငါသေသွားလည်း မင်းတို့ မုဆိုးဆက်လုပ်ပြီး ဒီနေရာမှာ ဆက်ပစ်ကြပါ၊ တောခြောက်ခြောက်၊ တောမှောက်မှောက် မကြောက်နဲ့၊ တောမှောက်ရင် မုဆိုးဒူးထောက်နော်၊ သိတယ် မဟုတ်လား'

'မုဆိုးဒူးထောက်'

'ဟာကွာ ပန်းသာကလဲ၊ အဘ ငါ့အဖေမသေခင်က သင်ပြဖူးတာ မေ့နေကြပြီလားကွာ၊ အဖေသေတာမှ ဘာမှ မကြာသေးဘူး၊ မုဆိုးဒူးထောက်ဆိုတာတို့ မုဆိုးထိုင်ထိုင်တာတို့ မေ့နေပြီလား၊ စအိုပိတ်ပစ်ဖို့ ပြောတာကွ'

'အေး… ငါ သိပါတယ်၊ မင်းကော အသေးစိတ်သိရဲ့လားဆိုတာရယ်၊ မင်းမေ့နေရင် ငါက ပြောပြမလို့ တိုးနိုးရ'

'သြော်… ဒါဆိုလည်း ကျေးဇူးတင်ပါတယ်ကွာ'

မုဆိုးဘဝရောက်လာသော စောတိုးနိုးသည် သူ့အဖေအတွက် မကျေနပ်သော စိတ်ဆန္ဒတွေဖြင့် တောထဲသို့ ရက်မခြား တောပစ်ထွက်၏။ ထွက်သာထွက်ရသည်။ နောက်ထပ် ကျားမတွေ့၊ တွေ့တော့ လမ်းခုလပ် အဝေး ရုတ်တရက်မြင်ပြီး ကျားက ပြေးသည်သာ။ ကျားတွေသိ၍ မုဆိုးကြီး တိုးနိုးတို့အဖွဲ့အား ရှောင်နေသည်လားဟု ထင်ရအောင် ကျားပျောက်နေသည်။





တစ်နေ့ လင့်ပေါ်ဝယ် သုံးယောက်သား ထိုင်ရင်း ဘာကောင်မှ မထွက်သေး။ စောသေး၍ စောင့်ရင်း ထမင်းစား၏။ သူတို့ထမင်းစားပြီး ထမင်းတွေပို၍ မျောက်တွေလာသည့် သောင်ညီနောင်အောက်ခြေသို့ ပစ်ချထားလိုက်၏။ ထိုသို့ပစ်ချထားသော ထမင်းတွေအား မျောက်လေးငါးကောင်ရောက်လာပြီး ထမင်းတွေ စားကြ၏။ ထိုမျောက်တွေမှာ သူတို့၏ အကြွင်းအကျန် ထမင်းများ စားနေကျဖြစ်သောကြောင့် မုဆိုးကြီး စောတိုးနိုးတို့ အမြဲကျွေးမွေးနေကျ။

'ဝေါင်း'

'ဝေါင်း'

'ဝေါင်း'

'အောင်မာ… ကျားသံမကြားရတာ တော်တော်ကြာပြီ၊ လာခဲ့လေ၊ လာခဲ့စမ်းပါ တွေ့ကြရအောင်'

'တိုးနိုး သတိထားပါကွ၊ ဖထီးရဲ့နယ်မြေထဲ ရောက်ရင် တို့အတွက်ပေါ့၊ စောင့်ပါ၊ အသံမပေးပါနဲ့'

'တောက်… ငါ ကျားသံကြားရင် ဒေါသထွက်တယ်ကွာ'

'အေးလေ… မင်းလိုပဲပေါ့ကွာ၊ တို့လည်း ဘယ်ကျေနပ်မလဲ၊ ဒါပေမဲ့ တောဆိုတာ ကျားရှိမှာပေါ့၊ ရှိတဲ့ကျားတိုင်း တို့ရန်သူတော့ မဟုတ်ပါဘူး၊ မင်းနဲ့ငါ မြင်ခဲ့တာတာ ကျားမှ မဟုတ်တာဘဲ၊ ဖထီးလိုက်တော့မှ ကျားဖြစ်နေတာကွ၊ တောပါနေ့လို့'

စောထူးပြောသည်မှာ မှန်ပါ၏။ မျက်မြင်တွေ့ရ



www.burmeseclassic.com

www.burmeseclassic.com



သည်မှာ ဝှဆိုးအကွက်အကြားနှင့် လှုမှလှု။ တစ်ခုရှိတာက လေးဖက်ထောက်သွားနေ၏။ ဒဏ်ရာရထားသည့်အသွင် မြင်ရသောအခါ မုဆိုးကြီး စောပန်းတင် သတိလစ်သွားရာမှ သူ၏သူငယ်ချင်းဟူသော အစွဲနှင့် ဆန္ဒစောမှုကို ပြန်တွေးမိသည်။

သို့သော်လည်း ဘယ်သူမဆို မိမိ၏မိဘဆွေမျိုး ညီအစ်ကို မောင်နှမဆိုသော သွေးစကားကြောင့် ဒေါသကို ချုပ်ထိန်းထားရသည်။

'ဖောက်‥ ဖောက်'

'ဖောက်… ဖောက်… ဖောက်'

'တောဝက်သံပဲကွ'

'အေး… သစ်ဆိမ့်ပင်ကြီးအောက်ပဲ ထင်တယ်'

'ဒါ သူတို့စားကျက်လေ'

'အေး… နားထောင်စမ်း'

'ရှူး… ရူး'

'ဘာသံလဲ'

'တိုးနိုးနဲ့ စောထူး'

စကားသံကား တိုးလွန်းပါသည်။ စောပန်းသာ၏ ဟန်အမူအရာမှာ တော်တော်လေး တက်ကြွနေသော်လည်း သတိနှင့် ပြောနေခြင်းသာဖြစ်ကြောင်း စောတိုးနိုးနှင့် စောထူးသာတို့ ကောင်းကောင်းသိလိုက်သည်တွင်…

'ငါ မီးထိုးမယ်'

'အေး… တို့အောက်တည့်တည့်ပဲကွ၊ သစ်ဆိမ့်ပင်





အောက် မဟုတ်ဘူးနော်'

'အေး‥ ငါ သိတယ်၊ ထိုးမယ်'

စောပန်းသာသည် အမြဲမီးထိုးရသူ ဖြစ်သည့်အတွက် သေနတ်သမားများထက် အကင်းပါး၏။ သတိလည်းထား၏။ ယခုလည်း သူ၏နားကျွမ်းကျင်မှုနှင့်အတူ လင့်စင်အောက် ညောင်ညိုနောင်၏ ဒုတိယအပင်ခြေရင်းဘက်မှ အသံဖြစ်မည်ဟု တွေးကာ မီးကိုခပ်စိုက်စိုက် ထိုးလိုက်သည်တွင်…

'ဟာ… တောဝက်ကြီးတွေ'

'သေသေချာချာ ကြည့်ပါဦး'

'ဟုတ်တယ်၊ ဟုတ်တယ်'

'တိုးနိုး'

'ဟင်'

'မင်း ဘာဖြစ်နေတာလဲ'

'ငါမြင်တာ တောဝက်မဟုတ်ဘူး'

'ဘာလဲကွ'

'ငါ့မျက်စိထဲမှာ အပါး… အပါးထင်နေတယ်'

'တိုးနိုး၊ ပစ်… ပစ်လေ'

'မင်းမပစ်ရင် ငါပစ်မယ်၊ ပန်းသာ မီးထိုးထား'

'တိုးနိုး တို့နှစ်ယောက် အတူပစ်မယ်'

'အေး… ပန်းသာ တစ်နှစ်ဆိုကွာ'

'တစ်… နှစ်… သုံး…'

'ဒိုင်း…'

'ဒိုင်း…'



www.burmeseclassic.com

www.burmeseclassic.com



'ဝုန်း… ဝေါင်း… ဝေါင်း… ဝုန်း'

'ဝေါင်း… ဘုန်း… ဝေါင်း… ဝူး'

'အုန်း… ဝုန်း… ဝူး… ဝူး'

စောပန်းသာ မီးထိုးလိုက်သောအခါ တောဝက်ကြီးသည် ခွေးလိုလို၊ ကျားလိုလို သျှောင်ပင်ကြီးအောက်ခြေတွင် ဖင်ထိုင်နေလျက် လင့်စင်အပေါ်သို့ မျက်လုံးကြီးများရဲလျက် ကြည့်နေပုံမှာ ကြောက်စရာပင်။ စူးစူးစိုက်စိုက် ကြည့်နေသည့်အပြင် လှုပ်လည်း ဂရုမစိုက်။ မီးရောင်ကြောင့် ပြေးမသွားသည်လားမသိ။ သို့သော် စောထူးမျက်စိထဲဝယ် ကျားလိုလို၊ ဝက်လိုလို။ စောပန်းသာတွေ့သည်ကတော့ တောဝက်မှ တောဂက်အစစ်။

သို့သော် စောတိုးနိုးမြင်လိုက်ရသည့် သူ၏စိတ်ထဲဝယ် တောဝက်လည်း မမြင်၊ ကျားဟုလည်းမထင်၊ သူ၏ဖခင် မုဆိုးကြီးစောပန်းတင်သည် သျှောင်ပင်ကြီးအားမှီ၍ ဆောင့်ကြောင့်ထိုင်ရင်း သူတို့လင့်စင်အား ကြည့်နေသည်ဟု ထင်မှတ်ရင်း ကြက်သေသေသွားခဲ့သည်။ သူ့စိတ်တွေ လွင့်စင်ပြီး သူ၏အပါးဟု ထင်လိုက်မိသည်နှင့်အမျှ ပစ်ခတ်ရန်လုံးဝ ဝန်လေးနေသည်။ မပစ်ရက်တော့ပါ။

စောထူးနှင့် စောပန်းသာတို့သာ သတိမပေးပါက စောတိုးနိုးတစ်ယောက် ဘာတွေဖြစ်မည်မသိ။ သူ၏အဖေ စောပန်းတင်ကဲ့သို့ လင့်ပေါ်မှပင် ပြေးဆင်းလေမည်လား မသိတော့ပါ။ တော်ပါသေးသည်။ ကျန်နှစ်ယောက်၏ အသိဆိုသကဲ့သို့ သူတို့နှစ်ယောက်စလုံး မုဆိုးထိုင် ထိုင်ထားကြ၏။





စောတိုးနိုးတစ်ယောက်သာ သာမန်အနေအထားထိုင်ရင်း ဝင်လိုက်ခြင်းဖြစ်ပါသည်။

မှန်သွားသော အကောင်ကြီးမှာ တောဝက်မဟုတ်။ ကျားကြီးတစ်ကောင် ဖြစ်နေကြောင်း မှန်သွားမှ သိလိုက်ရသည်။ ပစ်ခတ်သူနှစ်ယောက်အနက် စောထူးပစ်ခတ်သည်မှာ ကျားကြီး၏ရင်ဘတ်နှင့် ဝမ်းဗိုက်ကို ချိန်ပစ်သလို စောတိုးနိုးပစ်ခတ်သည်မှာတော့ သူတို့အား ကြည့်နေသည့် မျက်နှာတည့်တည့်။ သူ့အပါး အဖေကိုကိုက်သည့် ကျားကြီးအား ပစ်ခတ်ခဲ့စဉ်ကလည်း မျက်နှာပင်ဖြစ်ပါသည်။

'စောထူး မင်းဘယ်ကိုပစ်သလဲ'

'အေး… ငါ ရင်ဘတ်ကို ရွေးပစ်တယ် ပန်းသာ'

'ဘာဖြစ်လို့လဲ'

'ရင်ဘတ်ပစ်ရတာ တစ်ကိုယ်လုံးမှန်တဲ့အပြင် လက်ထောက်ထားတော့ လက်တွေပါမှန်ပြီး ကျိုးသွားအောင် တမင်ပစ်တာ၊ လက်နှစ်ချောင်းသာ ကျိုးသွားရင် ဒီကောင်ကြီး ဘယ်လိုလုပ် ပြေးမလဲ ပန်းသာ'

'ဟုတ်တယ်၊ မင်းအကြံ သိပ်ကောင်းတယ်၊ သော်… တိုးနိုး မင်းကော ဘယ်ကိုပစ်သလဲ'

'ငါကတော့ အပါးကိုကိုက်တဲ့ ကျားလို့ သဘောထားပြီး မျက်နှာပဲပစ်တယ် ပန်းသာ'

'အေး… မင်းတို့ပစ်တာမှန်လို့ တွေ့တယ် မဟုတ်လား၊ ကျားကြီးမထနိုင်တော့ဘူးလေ'

သူတို့သုံးယောက် နောက်ထပ်စကား မပြောဖြစ်



www.burmeseclassic.com

www.burmeseclassic.com



တော့။ အတွေးတွေ ကိုယ်စီဖြင့် လင့်ပေါ်ဝယ် နောက်ထပ်ထွက်မည့် ချေ၊ ဒရယ်၊ ဆတ်၊ တောဝက်တစ်ကောင်ကောင် ပစ်ရန် ဆုံးဖြတ်ရင်း စောင့်နေကြသော်လည်း သူတို့၏အတွေးထဲ မျက်စိထဲဝယ် တစ်ယောက်တစ်မျိုး တွေးနေစဉ်မှာပင်…

'ဝေါ… ဝေါ… ဝေါ… ဝေါ'

'ဝူး… ဟူး… ဟူး… ဝူး… ဟူး… ဟူး'

'ဝေါ… ဝေါ… ဝူး… ဟူး… ဟူး'

'လေတွေပါလား'

'ငါသိပြီကွ၊ တောဆက်မှောက်နေတာပဲ'

'ကျွတ်… ကျွတ်… ကျွတ်… ချောင်း… ဝုန်း… ဘုန်း'

'ဟာ… ညောင်ကိုင်းကြီးတွေ ကျိုးတာကွ'

'ကျိုးပါစေကွာ၊ ဒီထက်ဆိုးရင် ငါပစ်မယ်'

'ဘာကိုပစ်မှာလဲ၊ တိုးနိုး သတိထား'

'ငါ သတိမလွတ်တော့ပါဘူးကွ၊ ဒါ တမင်သက်သက် တောမှောက်နေတာကွ'

'ကြိုက်သလောက် မှောက်စမ်းပါစေကွာ၊ အလေး မထားနဲ့'

'ဟုတ်တယ် တိုးနိုး၊ စောထူးပြောသလိုပဲ၊ ဂရုမစိုက်ပါဘူး'

'ငါ့လက်တွေ ယားနေတယ်၊ ပစ်ချင်နေတယ်ကွ စောထူး'

'ကျည်ဆံမဖြုန်းပါနဲ့ကွာ'





'ဟုတ်ပါတယ်လေ'

'အေး… စိတ်ကိုထိန်းသာထားလိုက်ပါကွာ'

ထိုသို့စောင့်ရင်း မိုးလင်းပါပြီ။ တောမှောက်၍လား မသိ။ ဘာကောင်မှ မထွက်သဖြင့် မကျေနပ်ကြပါ။ သို့အတွက် မိုးလင်းသည်တွင် စောတိုးနိုးရှေ့မှဆင်း၍ သူ့နောက်ဝယ် စောပန်းသာ ဆင်းခဲ့ပြီး အောက်ရောက်သော စောတိုးနိုး ပတ်ဝန်းကျင်ကြည့်ရာ မထူးမှ လင့်ပေါ်တွင် နေရာယူထားသည့် စောထူးဆင်းခဲ့ကြ၏။

သူတို့သုံးယောက် ကျားသေကြီးအား ကြည့်လိုက်သည်။ ကျားသေကြီး တောင့်နေပါပြီ။ သို့အတွက် သေနတ်တော့ အသင့်ချိန်ရွယ်လျက် မုဆိုးကြီး စောတိုးနိုး ကျားသေနားကပ်လိုက်၏။

'ပန်းသာရေ၊ တောင့်နေပြီကွ'

'အေး… ဟုတ်တယ်'

ပန်းသာမှ ကျားကြီး၏ အမြီးကိုဆွဲကြည့်တော့ အမြီးပင်လျှင် တော်တော်လေးတောင့်နေပါပြီ။ ကျားသေကြီးအား အသေအချာကြည့်လိုက်သောအခါ မျက်နှာတစ်ခုလုံး မှန်ထားသည့် ဒဏ်ရာတွေကြောင့် နောက်စေ့မှာ ပေါက်ထွက်ပြီး ဦးနှောက်တွေပင် မတွေ့ရတော့ပါ။

တစ်ဖန် လည်မျိုနှင့် ဝမ်းဗိုက်တွေအပြင် ရှေ့လက်နှစ်ဖက်လည်း မှန်ထားပါသည်။ တော်ပါပေသည်။ မုဆိုးနှစ်ယောက်စလုံး၏ ပစ်ခတ်မှုတွေ ထိရောက်ကြသည်ကို သူတို့သုံးယောက် ကောင်းကောင်းသိခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



'စောတိုးနိုး'

'ဘာလဲ ပန်းသာ'

'ညက အပင်တွေကျိုးတာ ဘယ်မှာလဲ'

'အေး… ဟုတ်သားပဲကွ၊ ဟား… ဟား… ဟား…. ဟား၊ ထင်တဲ့အတိုင်းပဲ၊ တောမျောက်နေတာလေ၊ ဘာပင်မှမလဲ၊ မကျိုးပါဘူးကွာ'

'ကဲပါ၊ ပြန်ကြမယ်၊ ကျားကြီးရွာမှာထားခဲ့ပြီး ညနေပြန်လာမယ်ကွာ'

'အေး… လာမယ်လေ၊ တို့အလုပ်က ဒါပဲမဟုတ်လား၊ ဟင်းစားရအောင် ရှာရမှာပေါ့'

သုံးယောက်သား ရွာပြန်၍ နားကြသည်။ အိပ်စက်ပြီး ညနေ သုံးနာရီခန့်သို့ ပြန်ထွက်ခဲ့၏။ ထိုညအဖို့ တောကောင်သံတွေ ကြားရ၏။ ဆူညံနေသော်လည်း ကျားသံတော့ မပါခဲ့။ ချေသံမှာ တော်တော်များများ ကြားရသည်။ ကြားသာကြားရသော်လည်း အကောင်က ပေါ်မလာ။ မီးထိုးလျက်သားကောင်မတွေ့။ ထွက်ပြေးသံတွေတော့ မကြာ မကြာ ကြားလိုက်ရသည်သာ။

'တောက်… တစ်ကောင်မှ မတွေ့ဘူးကွ'

'အေး… အသံက ဘာလုပ်ဖို့လဲ'

'အေးလေ၊ အကောင်မှ စားလို့ရမှာပေါ့ကွ'

သုံးယောက်သား မကျေနပ်ကြ။ ထိုသို့ မကျေနပ်၍ ဒေါသထွက်နေချိန်မှာပင် စိတ်တိုစရာ နောက်ထပ်အသံတွေ ကြားရပြန်ပါသည်။ ထိုအသံကြောင့် ဒေါသပိုထွက်ရင်း ဒီညှို





မှာတော့ ဘာကောင်မှမပစ်ရတော့ဟုတွေးပြီး အားမတန်၍ မာန်ချဆိုသကဲ့သို့ လက်မှိုင်ချလိုက်ပါသည်။ သူတို့ကြားသည့် အသံတွေမှာကား တခြား သားကောင်မဟုတ်ပါ။ တောခွေးအုပ်ပင်။

'အုဂူ… အုဂူ… အုဂူ'

'အုဂူ… ဂူ… ဂူ… ဂူ… ဂူ'

'အု… အု… အူ… အုဂူ ဂူ ဂူ'

'အုဂူ… အုဂူ… အုဂူ… ဂူ ဂူ'

အသံတွေနှင့်အတူ သူတို့ လင့်စင်အောက်သို့ ရောက်လာသည်။ လသာ၍ မီးထိုးစရာ မလိုပါ။ အကောင်နှစ်ဆယ်ခန့်ပင် ရှိပေမည်။ တော်တော်လှ၏။ ကြီးလည်း တော်တော်ကြီးကြသည်။ သူတို့တောခွေးအုပ်သည်လည်း သားကောင်မရ၍ သားကောင်ရှာနေဟန် တူပါ၏။ သူတို့၏ အရှင်သခင်ကျားကြီးအသံလည်း မကြားရသဖြင့် ယခုကဲ့သို့ ညောင်ညီနောင်အထိ ဆင်းကာ သားကောင်ရှာကြသည်သာ။

'ဖျောက်'

'ဖောက်'

'အု'

'ဝုန်း… ဝေါ… ဝေါ… ဝေါ… ဝေါ'

စောပန်းသာ၏ လက်ချက်ပင် ဖြစ်ပါသည်။ သူ၏ လွယ်အိတ်ကြီးထဲမှ လောက်လေးခွဖြင့် တောခွေးအုပ်ထဲသို့ ပစ်ထည့်လိုက်သည်တွင် တောခွေးတစ်ကောင်အား ကျောင်းစွထိမှန်သွားသည့်တွင် အုဟူသော အသံတစ်ချက်သာ ကြားရ



www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။ အားလုံး တောတိုး ထွက်ပြေးကြပါပြီ။

'ဟဲ… ဟဲ… ဟဲ… ဟဲ… တွေ့တယ် မဟုတ်လား၊ တိုးနိုးနဲ့ စောထူး'

'တွေ့ပါတယ်၊ လေးခွမုဆိုးကြီး၊ တော်တယ် တော်တယ်'

'အေး… မင်းပစ်တာ သိပ်ကောင်းတာ၊ မပစ်ရင် ဒီကောင်တွေ ရစ်သီ[illegible]သီ လုပ်နေမလားပဲ'

သုံးယောက်သား မိုးစင်စင်လင်းတော့ လင့်ပေါ်မှ ဆင်းရန်အလုပ် ဒရယ်တစ်ကောင် ပြေးလာသည်တွင် စောထူး စိတ်ကြိုက် ချိန်နိုလိုက်၏။

'ဟာ… ကျားကြီး'

'အေး… မင်းက ဒရယ်ပစ်၊ ငါက ကျားပစ်မယ်၊ မြန်မြန်'

'ပစ်…'

'ဒိုင်း…'

'ဘုန်း… ဝုန်း…'

'ဝေါင်း… ဂူး… ဝေါင်း… ဝေါင်း…'

'ဘုန်း… ဝုန်း… ဝုန်း…'

'တိုးနိုး ထပ်မပစ်နဲ့တော့၊ ဒီကောင်ကြီး မထနိုင်တော့ပါဘူးကွ'

'အေး… ငါ ပစ်ချင်နေသေးတယ်'

'ပစ်ကွာ'

'ဒိုင်း'





'ဂူး… ဂူး… ဟူး… ဟူး… ဟူး'

ရှေ့မှပြေးလာသော ဒရယ်အား စောထူးမှပစ်၏။ စောထူးကဲ့သို့ပင် နောက်မှလိုက်လာသော ကျားကြီးအား စောတိုးနိုးက ကျားဆို အသေအလဲမုန်းနေသော ကျားပစ်မုဆိုးကြီး စောတိုးနိုးအတွက် ဒုတိယပစ်ချက်ကြောင့် ကျားကြီးမှာ ဟိန်းသံမပြောနှင့် အသက်ပင် ဘယ်လိုထွက်သွားသည် မသိတော့ပါ။

'ကဲ… စောထူးနဲ့ ပန်းသာ ဘယ်လိုသယ်ကြမလဲ'

'တို့နှစ်ယောက် ကျားထမ်းမယ် တိုးနိုး၊ မင်းက ဒရယ်ထမ်းကွာ'

'အေး… ဟုတ်တယ်၊ မင်း ကျားမထမ်းနဲ့'

'ငါလည်း ကျားဆိုမုန်းတယ်ကွ၊ ဒီတော့ မင်းတို့ပဲထမ်း'

မုဆိုးကြီး စောတိုးနိုးနှင့် စောထူး၊ စောပန်းသာတို့သည် ကျားပစ်မုဆိုးတွေ ဖြစ်ခဲ့ပါသည်။ ကျားကိုမုန်းသော မုဆိုးကြီး စောတိုးနိုးသည် သူ၏ဖခင်အား ကျားကိုက်သည့်နေ့မှစ၍ တွေ့သမျှကျား ပစ်မည်ဆိုသော ဆုံးဖြတ်ချက်ဖြင့် ကျားပစ်ခဲ့သော ဘဝထဲသို့ အလိုလို ရောက်ခဲ့သည့်အပြင် တချို့က မုဆိုးကြီးစောတိုးနိုးအား ကျားပစ်မုဆိုးဟု အမည်ပေးခေါ်ဝေါ်ကြသည်ကို မုဆိုးကြီး စောတိုးနိုး ကျေနပ်၏။ သူ၏အဖေအတွက် ကလဲ့စားချေနေသည်သာ။

'ဆရာကြီးတို့ ကျွန်တော့်ဘဝ မုဆိုးကြီးဖြစ်နေတာ အပါးကိုကိုက်တဲ့ ကျားကြောင့်ပဲ ဆိုပါတော့၊ ဟောဒီ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်သူငယ်ချင်းတွေ ပြောသလိုပါပဲ၊ ကျားလည်းကျား၊ နောက်ပြီး တောလည်းပါတာပေါ့လေ၊ တောကလည်း ခြောက် ရုံမကဘဲ တောမှောက်လို့ အပါးဒုက္ခရောက်ခဲ့ရတာပါပဲ၊ အပါး စကားကို ကျွန်တော် ကြားနေရပါသေးတယ်၊ အပါး မသေ ခင် မှာသွားတာပေါ့၊ ကလေး အပါးလို့ အမှားမခံနဲ့တဲ့ ဆရာ ကြီးရေ၊ ဟုတ်ပါတယ်၊ တစ်ချက်မှားတော့ တစ်သက်လုံး ဆုံးရှုံးခဲ့ရတာပေါ့ ဆရာကြီး၊ ဒါကြောင့် ကျွန်တော် တခြား အတွေ့အကြုံတွေ မပြောလိုပါဘူး၊ ဆရာကြီးတို့လည်း မုဆိုး ဖြစ်ကြတာ ကျွန်တော် သိပါပြီ၊ ကျွန်တော့်ကဲ့သို့ ရင်နာစရာ တွေမဖြစ်အောင်ရယ်၊ ကျွန်တော့်အပါး ကျွန်တော့်အဖေလို အမှားမဖြစ်အောင်၊ အပါးလို အမှားမခံကြပါနဲ့လို့ ကျွန်တော် အသိပေးမှာကြားပါရစေ'

'စိတ်မကောင်းပါဘူး ဦးစောတိုးနိုး၊ ကျွန်တော့်တို့ကို အဲဒီ ညောင်ညိုနောင်နော်'

'ဟုတ်ပါတယ် ညောင်ညိုနောင်စခန်းပေါ့'

'ဟုတ်ပြီ၊ အဲဒီ ညောင်ညိုနောင်စခန်းကို တစ်ခါ လောက် ခေါ်သွားပါဗျာ၊ နောက်ပြီး မုဆိုးကြီး ဦးစောတိုးနိုး စကားမှာကြားချက်ပေါ့၊ 'အပါးလို အမှားမခံကြပါနဲ့'ဆိုတဲ့ စကား ကျွန်တော်တို့ တစ်သက်လုံး သင်ခန်းစာယူသွားပါ့မယ် လို့ ကတိပေးပါတယ်၊ အင်မတန်ကောင်းတဲ့ စကားရပ်ပါ၊ မုဆိုးတွေအတွက် မမေ့အပ်တဲ့ မှားအပ်တဲ့ သတိထားရမယ့် အချက်ကို လမ်းညွှန်ပေးသွားတာပါလို့ ကျွန်တော်တို့ ခံယူပါ တယ်ဗျာ'





'မုဆိုးအချင်းချင်း ကိုယ်ချင်းလည်း စာပါတယ်၊ ကဲ… တစ်ခါတစ်ခေါက် ကျွန်တော်နဲ့အတူ ညောင်ညိုနောင် လင့်စခန်းကို ခေါ်သွားပါ့မယ်လို့ ကတိပြုပါတယ်ဗျာ'

ကျွန်တော်တို့သုံးယောက်အား မုဆိုးဘဝအစမှ ယနေ့ အထိ တွေ့ကြုံခဲ့ရသည့် သူ၏အဖြစ်အပျက်တွေနှင့် ရင်နင့်ဖွယ် ကြုံဆုံခဲ့ရသော အဖြစ်တွေအား အသေးစိတ် ပြောပြရသည့် အတွက် ကျွန်တော်တို့ သင်ခန်းစာယူရင်း ပြန်ခဲ့ကြပါတော့ သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## မုဆိုးတချွေးထိုတ် တချွေးဝိုတ်မြားမုန်

မုဆိုးပေါ်စမ်း ဒူးလေးထမ်း

ရွာလမ်းခွေးစီ ဟောင်ကြပြီ…

မန်တုံရွာသည် မော်ဖတောင်တန်းကြီး၏ တောင်ခြေမှ ရွာကြီးတစ်ရွာ ဖြစ်ပါသည်။ မန်တုံရွာနှင့် ဆက်စပ်နေသော မန်ဟဲရွာသည်ကား မန်တုံရွာလောက်တော့ ရွာမကြီးပါ။ သို့သော် နှစ်ရွာတစ်ရွာ ဖြစ်ပါ၏။ မန်တုံရွာသည် တောင်ခြေပိုကျသော်လည်း မန်ဟဲရွာမှာ တောနှင့်ခပ်လှမ်းလှမ်း တောင်တန်းနှင့် ခပ်ဝေးဝေး ဖြစ်၏။ ထိုရွာနှစ်ရွာ၏ဘေးဝယ် အစဉ်အေးမြသော နမ့်ခါချောင်းသည် မော်ဖတောင်ပေါ်မှ စီးဆင်းလာသည့် နွေအခါတွင် ချောင်းရေ၊ မိုးအခါမှာတော့ တောင်ကျရေတွေ လွှမ်းကျလျက် ဆောင်းကာလတွင် ဆီးနှင်းခဲသော ရေခဲရေပြင်ပမာ အလွန် အေးစက်နေသည်ကို ရွာသားတွေ ကောင်းစွာ သိရှိပြီးသားပင်။



www.burmeseclassic.com

www.burmeseclassic.com



မန်တုံရွာမှ ဘုန်းတော်ကြီး ဦးဂန္ဓမာ အညာသား စာတတ်ကျောင်းထိုင် ဆရာတော်မှ အထက်ပါ ကဗျာလေး ရေးဖွဲ့ခဲ့၏။ မုဆိုးကြီးပေါ်စမ်းသည် စကားပြောရာတွင် ဘုန်းနှင့် ခ ပြောတတ်သော်လည်း ဆရာတော်နှင့် တွေ့ကြုံသည့်အခါ ဝယ် သူ့စကားများမည်စိုး၍ နှုတ်ဆိတ် တိတ်တိတ်နေတတ်၏။

မုဆိုးပေါ်စမ်း တောပစ်ထွက်လျှင် သူ၏ဒူးလေးကြီး ကို ထမ်း၏။ ခါးတွင် ရှမ်းဓားရှည်ကြီးတစ်ချောင်း၊ ဓားမြှောင် တစ်ချောင်း၊ လွယ်အိတ်တစ်လုံး၊ စားစရာထမင်းထုပ်၊ ရေဘူး၊ လက်နှိပ်မီး၊ မီးခြစ်မှအစ လိုအပ်သည်မရှိအောင် ပြည့်ပြည့်စုံစုံ သယ်ယူသွားတတ်၏။ အပြန်ခရီးအတွက် သားကောင်သေး လျှင် ဥပမာ ချေ၊ ဒရယ်လောက်ဆိုလျှင်ကော့ သူ၏ခွန်အား သုံးလျက် ထမ်းယူခဲ့၏။ အကောင်ကြီးပါက ဥပမာ တောဝက် အကောင်ကြီးကြီး၊ နောက်ဆုံးအဆင့် ဆတ်ဖြစ်ပါက ဝါးခုတ် ၍ ဖွတ်ဖားသဖွယ် ခပ်လွယ်လွယ် ဘီးမပါသော ဆွဲလှည်း လုပ်၍ သားကောင်တင်ပြီး သူသည် မြင်းသဖွယ်၊ ကျွဲနွား သဖွယ် ရှေ့မှဆွဲခဲ့သည်သာ။ သည်အခါ ရွာထဲရောက်၍ ရွာသူ ရွာသားတွေမှ မုဆိုးကြီးပေါ်စမ်းအား…

'မုဆိုးကြီးပေါ်စမ်း၊ အကောင်ကြီးကြီး ရလာပါက လား'

'ရော… အကြီးတွေ့၊ အကြီးရတာပ'

'ဧော်… ဒီတစ်ခါ အကောင်သေးသေး ချေကလေး ပါကလား'

'ဧော်… ခက်တာပ၊ သေးသေးတွေ့၊ သေးသေးရမှာ





ပအေး'

'ဒီတစ်ခါ ဘာကောင်မှ မရဘူးပေါ့'

'ခက်တာပအေး၊ မရလို့ မပါတာပ'

စသည်ဖြင့် ခပ်မာမာဆတ်ဆတ် ပြောတတ်၏။ ပြေ ပြေပြစ်ပြစ်ရယ်လို့ မရှိပါ။ မုဆိုးတစ်ယောက်ဖြစ်၍ စိတ် ကြမ်းသည်တော့ မဟုတ်ပါ။ လူရိုးစိတ်ဖြောင့် စကားနည်း တော့ မပြောတတ်သော မုဆိုးပေါ်စမ်းတစ်ယောက် တောပစ် ထွက်ပါပြီ။ သူပစ်နေကျ နမ့်ခါချောင်းအတိုင်း တောထဲဝင်ခဲ့ ၏။ သူသည် လမ်းအမှတ်အသားမထား၊ ချောင်းရှိလျှင် ပြီး သည်မို့ ချောင်းနှင့်မခွာ။ သားကောင်ရှာသည့်အခါတိုင်း စမ်း ရေစီးသံနားခံရင်း တောတိုးသည်ဆိုပါက မမှား။ သူ မပြောနှင့်၊ ရွာသားတွေ တော်တော်များများလည်း နမ့်ခါချောင်းကို အမျိုး မျိုး အားကိုး၏။ ဝါးခုတ်ပြီး မျှောခဲ့သည်။ သစ်ခုတ်၍ ဝါးနှင့် တွဲတတ်ပြီး ချောင်းအား ရွာသူရွာသားအားလုံး အားအကိုးခဲ့ဆုံး၊ သောက်သုံးရေလည်း ရ၏။ သားငါးရှာ၍လည်း လွယ်ကူသည့် အပြင် တောတက်သူအားလုံး ဤနမ့်ခါချောင်းကိုသာ အားကိုး ကြသည်မို့ မုဆိုးကြီးပေါ်စမ်းသည်လည်း မိတ်ဆွေလည်းဖြစ်၊ လမ်းပြလည်းဖြစ်ရသည်။ သို့အတွက် လမ်းမှားစရာမရှိသော ချောင်းအထက် မော်ဖတောင်တန်းပေါ်သို့ ချောင်းကို မြောင်ပြီး တက်ခဲ့သည်သာ။

'အင်ကြင်းဖြိုင် ရောက်ပြီပ၊ နားတာပအေး'

'ဧော်… ဒီတစ်ခါ မျောက်တစ်ကောင်မှမတွေ့'

မှန်ပါ၏။ ခါတိုင်း အင်ကြင်းဖြိုင်ဆိုသည့် အင်ကြင်း



www.burmeseclassic.com

www.burmeseclassic.com



ပင်တွေပေါသည့် မြိုင်ကြီးအတွင်း မျောက်တွေအများအပြား တွေ့၏။ မျောက်တွေပေါရခြင်းမှာ ချောင်းဘက်တွင် သဖန်းပင်တွေနှင့်အတူ တောငှက်ပျောတွေပေါသောကြောင့် မျောက်များ အနေများကြသည့်အပြင် အင်ကြင်းပင်တွေနှင့် တွဲလွဲခိုနေကြသည့် နွယ်ပင်တွေလည်း ပေါမှပေါ။ မျောက်တွေအတွက် ရေလည်း အသင့်မို့ ကျက်စားရာဒေသ ဖြစ်ပါ၏။

ထိုမျောက်အုပ်မှာ မုဆိုးပေါ်စမ်းအား အလေးမထားပါ။ ပေါ်စမ်းကလည်း ဂရုမပြု၊ မျောက်ပစ်မုဆိုး မဟုတ်၍ မျောက်ကလည်း မကြောက်၊ မုဆိုးပေါ်စမ်းကလည်း မျောက်လောက်တော့ အရေးမထားပါ။ သူပစ်သည်မှာ ချေ၊ ဒရယ်၊ ဆတ်၊ တောဝက်။ အပေါ်ဆုံးကတော့ ချေနှင့်ဒရယ်သာပေါ၏။ တစ်ခါတလေ ပြောင် တစ်ကောင်တလေ တွေ့ဖူး၏။ တွေ့ပါသော်လည်း မုဆိုးပေါ်စမ်း မပစ်ပါ။ ပစ်၍လည်း မထွယ်၊ သူ ပစ်ရသည်က ဒူးလေးဖြစ်၍ ပြောင်ပစ်ပါက မထူးပါ။ သေနိုင်သည့်လက်ပတ်ကို ထိပါသော်လည်း အနည်းဆုံး [illegible] အသာလေး ပြေးမည်။ သူလိုက်၍ မဖြစ်၊ ပြောင်နောက်လိုက်ပါကလည်း ထိုပြောင်သေအား သူ ဘယ်သို့ [illegible]။ သို့အတွက်ကြောင့် မုဆိုးဝိုင် သစ္စာရှိရှိ မပစ် [illegible] သားကောင်ကို သူ မပစ်မှု။

[illegible] သော အင်ကြင်းမြိုင်မှ ဆက်တက်လျှင် [illegible] သစ်ဆိမ့်မြိုင်သို့ ရောက်မည်။ ထိုသစ်ဆိမ့်မြိုင်သည် သစ်ဆိမ့်ပင်ကြီးသုံးပင်၏ အခက်အရွက်၊ အသီးတွေ ဝေဆာနေသောကြောင့် ချေနှင့် ဒရယ်၊ တောဝက် တစ်ခါ





တစ်ရံ ဆက်ပင်ထွက်၏။ သူသည် အင်ကြင်းမြိုင်ထက် သစ်ဆိမ့်မြိုင်ကို ပိုမိုနှစ်သက်၏။ ရှာဖွေစရာ မလို၊ စောင့်ပစ်ရုံဖြင့် ချေ သို့မဟုတ် ဒရယ် အမြဲရသည်။ တောဝက်လည်း ပစ်ခဲ့ဖူးပါသည်။

နာရီဝက်ခန့် နားပြီးနောက် ဆက်ထွက်ခဲ့ပါသည်။ သွားနေကျလမ်း တောတန်းလေးဝယ် ခြုံနွယ်တွေအကြား ပြေးလွှားကြသော တောကောင်ရှဉ့်ကလေးတွေ တွေ့ရ၏။ တစ်ခါတစ်ခါ ချောင်းစပ်ဘက်မှ ပြေးလွှားသံအဖြစ် သက်ငယ်နှင့်ခြုံပင်လေးတွေ လှုပ်ရှားသွားသည်ကို တွေ့ရပါသည်။

'အင်း… ချေလား၊ ဒရယ်လား၊ ချေပဲဖြစ်မှာပါ'

'ဟော… နောက်တစ်ကောင်၊ ရော်… တောဝက်တွေပအေး၊ အပေါ်တက်ပြေးတာပ၊ သစ်ဆိမ့်မြိုင်ဘက် ပြေးတာပ'

'တွေ့ကြသေးတာပအေး'

'ဟင်း… ဟင်း… ဟင်း၊ မင်းတို့ သစ်ဆိမ့်ပင်မှာ စောင့်ကြတာပနော့'

မုဆိုးပေါ်စမ်း နှုတ်ခမ်းမွေးကားသွားအောင် ပြုံးလိုက်၏။ ပြောလည်း ပြောလိုက်ရင်း ဆက်တက်နေသည်။ စိတ်ထဲမှာ ကြည်နူးနေသည်မှာ နောက်ထပ် သူရောက်မည့် အင်ကြင်းမြိုင်သည် စခန်းချနေကျဖြစ်၍ သားကောင်သည်း ရမည်ကို ကောင်းစွာ သိထားရသည့်အပြင် သူ့အတွက် အခက်အခဲမရှိခဲ့သောကြောင့် မြန်မြန်ရောက်ရန် ခြေသွက်နေသည့်သား အမှန်ပင်။



www.burmeseclassic.com

www.burmeseclassic.com



အင်ကြင်းမြိုင်နှင့် သစ်ဆိမ့်မြိုင်တို့သည် သစ်ထုတ်လုပ်ရေးအဖွဲ့ ဝါးခုတ်သော ရွာသားတွေ ပေးထားသော စခန်းချ ညဥ့်အိပ်ကြသည့် နေရာဒေသများအား အမည်ပေးထားခြင်းပင် ဖြစ်ပါ၏။ စခန်းချ၍လည်း ကောင်း၊ လုံခြုံမှုလည်း အတော်အသင့် ရှိ၏။ သစ်ဆိမ့်မြိုင်၏ အောက်ခြေဝယ် မြေမာပြီး အပင်ငယ်တွေ မရှိသလောက် ပြောင်နေခြင်းသည် သားကောင်တွေ၏ တိုးခွေ့[illegible]ချေခြင်းအတွက် အပင်တွေကြေမွပျက်စီးနေကြ၊ သေကျေကြ၍ ဖြစ်သလို ကျို့တို့ကျဲတဲလောက်သာ ရှိနေသည်။ လူအတွက် တောင်စောင်းပေါ်ဝယ် ကျောက်တုံးတွေရှိသဖြင့် ထိုကျောက်တုံးပေါ်၌ နေရာယူ စခန်းချခြင်းအတွက် အန္တရာယ်ကင်းသည်ကို မုဆိုးပေါ်စမ်း သိပြီးသား။ စခန်းချနေကျ။

'ရောက်ပြီပ'

'နေရာအရင် ရှင်းမှာပအေး'

တစ်ယောက်တည်းသမား မုဆိုးပေါ်စမ်းသည် သူနေရာယူမည့် ကျောက်တုံးဘက်သို့ ဒူးလေးကို ချိန်တွယ်၍ တက်ခဲ့ပါ၏။ တက်ခဲ့ရင်း သေသေချာချာ ရှာကြည့်၏။ ဘာကောင်မျှ မတွေ့။ ခါတိုင်းတွင် ဤနေရာသည် အင်ကြင်းမြိုင်ကဲ့သို့ တောမျောက်တွေ အုပ်စုဖွဲ့နေတတ်၏။ အခါခါ မျောက်မောင်းရ၏။ တစ်ညလုံး စခန်းချပါကလည်း တစ်ညလုံး မျောက်တွေ ခြောက်လှန့်နေရသည်သာ။

ခုတော့ မျောက်တစ်ကောင်မျှ မတွေ့ရ၍ မုဆိုးပေါ်စမ်း အံ့ဩနေမိ၏။ အောက်ဘက် အင်ကြင်းမြိုင်တွင်လည်း



မျောက်မတွေ့။ ယခု သူရောက်နေသည့် သစ်ဆိမ့်မြိုင်တွင်လည်း တောမျောက်တွေ ပျောက်နေပြန်ပါပြီ။ မုဆိုးတို့သည် တောတောင်အကြောင်းမှလွဲ၍ ဘာမျှ မလေ့လာ မသိတတ်၊ တောတောင်အကြောင်း တောကောင်အကြောင်း ကောင်းကောင်းသိကျွမ်းထားသဖြင့် မျောက်တွေ ပျောက်နေခြင်းအပေါ် သံသယတော့ ဖြစ်လာပါ၏။

'ရော်… မျောက်တွေ ပျောက်နေတာပအေး'

'ရော… အောက်စခန်းလည်း မျောက်တွေပျောက်၊ ဒီအပေါ်စခန်းလည်း မျောက်မရှိ၊ ဘာဖြစ်တာပ'

'မျောက်မရှိတော့ အမောင်းရ သက်သာတာပ'

ရှည်ရှည်ဝေးဝေး မတွေးတော့ပါ။ တွေ့ကြုံလာမှအပေါ် ရင်ဆိုင်ရန်အတွက်သာ ဆုံးဖြတ်လိုက်၏။ သူသည် သူ၏စိတ်ကြိုက် ကျွန်းပင်နှစ်ပင်နှင့် ကျောက်တုံးအကြားတွင် စခန်းချရန် ပစ္စည်းများချလိုက်ပြီး ရေဘူးထဲမှ ရေသောက်လိုက်၏။

မုဆိုးပေါ်စမ်းဘေး ကျောက်တုံးပေါ်သို့ ပြေးတက်လာသော ရှဉ့်ကလေးသည် မုဆိုးပေါ်စမ်းတွေ့ပြီး လန့်သွားကာ ပြန်လှည့်ထွက်ပြေးသွားသည်ကို မြင်လိုက်ရသော မုဆိုးပေါ်စမ်းမှာ ပြုံးပြီး…

'ရော်… ရှဉ့်ပေါ်ပအေး၊ ချေသာဖြစ်လိုက်ရင် ဟန်ကျတာပအေး'

'မုဆိုးဘဝ မလွယ်ပအေး၊ သားကောင်တစ်ကောင်ရအောင် ဘယ်လောက် စောင့်ရဦးမှာပအေး'

www.burmeseclassic.com

www.burmeseclassic.com



မုဆိုးပေါ်စမ်း တစ်ယောက်တည်း အခက်အခဲနှင့် သားကောင်စောင့်ရသည့်အကြောင်းတွေးပြီး သူ့ကိုယ်သူ့သနား နေသလား မသိပါ။ ဆက်စောင့်ရမည့်အရေး တွေးတောရင်း ချုံနွယ်ပင်ကြီးနှစ်ပင်အကြား ကျောက်တုံးကြီးအား မှီရင်း နားနေ ပြန်သည်။ နေမဝင်ခင် ထမင်းစားရန် တွေးတောဆုံးဖြတ်ရင်း ထမင်းထုပ်ဖြည်ပြီး စားလိုက်သည်။

မှောင်စပြုလာမည်နှင့် သားကောင်တွေထွက်တော့ မည်ကို သူ သိထားပါသည်။ သို့အတွက် ထမင်းစားပြီး အသင့်စောင့်နေရန် အားလုံး ပြင်ဆင်လိုက်၏။ လက်နှိပ်မီးကို လည်း မီးသီးအသစ် အပို၊ ဓာတ်ခဲသုံးလုံး အပို၊ အားလုံးယူ ဆောင်ခဲ့မှု ပြန်စစ်ပြီး လက်နှိပ်မီး အသင့်၊ ဒူးလေး အသင့်၊ မြှား အသင့် စိတ်ချပြီမို့ သက်သက်သာသာ စောင့်နေပါသည်။

မှောင်လာပါပြီ။ သားကောင်အသံတွေတော့ မကြား ရသေး။ သူ မနှစ်သက်သော ပုရစ်အော်သံ၊ ပုစဉ်းရင်ကွဲသံ တွေတော့ ဆူညံနေပါ၏။ သို့သော်လည်း ဤတောဤတောင် ဤသို့သော မြောင်တွေဝယ် ကြားနေရမည်သာ။

'ဝေါင်း…'

'ဝေါင်း…'

'ဝေါင်း…'

'ရော… တောင်ပေါ်က ကျားသံပအေး၊ အောက် မဆင်းနဲ့ပ'

မုဆိုးပေါ်စမ်း ကျားသံကြောင့် စိတ်ထဲ အနှောင့် အယှက် ဖြစ်သွားမိသော်လည်း ထိုကျားသံမှာ တောင်ပေါ်မှ





ဖြစ်၍ ခံသာပါ၏။ သူ၏ဝစ်ကွင်းထဲမှာတော့ သားကောင် တစ်ကောင်မှ ရောက်မလာသေးပါ။ အသံ လုံးဝ မကြားရ သေး။

'ရော… ဒီနေ့ ဘာဖြစ်တာပ၊ မျောက်လည်း တစ် ကောင်မှ မတွေ့ပ၊ အခုလည်း ဘာကောင်မှမလာ၊ ဘာဖြစ် တာပ၊ တောက်… စိတ်ညစ်ရတာပအေး'

တစ်ယောက်တည်း ရင်ထဲမှ စကားတွေ ရင်ဖွင့်ပြီး ပြောနေ၏။ သို့သော်လည်း ဘာမျှထူးမလာ။ ညဥ့်ကနက် သည်ထက် နက်လာပါ၏။ ညဥ့်သာနက်သည် သားကောင် တစ်ကောင်မျှ ပေါ်မလာ။ အသံလေးပင် မကြားရတော့။

'ဝေါင်း…'

'ဝေါင်း…'

'ဝေါင်း…'

'ရော… ကျားကြီးရေ၊ နင့်အသံ ကြားတာပ၊ တိတ် တိတ်နေတာပ၊ မိုးချုပ်တာမှ ညဥ့်နက်နေတာပအေး၊ တစ် ကောင်မှ မထွက်လို့ စိတ်ညစ်ရတာပ'

မုဆိုးပေါ်စမ်း ဆုတောင်းပြည့်သည်လား မသိပါ။ သူမှ ကျားကြီး၏အသံအား မကြားလို၍ တိတ်တိတ်နေပါဟု ဆိုသည်နှင့်အမျှ ကျားသံမကြားရတော့။ ကျားသံ မကြားရ၍ စိတ်ထဲဝယ် ကျေနပ်နေပါသော်လည်း ဒုတိယအသံတစ်သံ ထွက်လာပါ၏။ ထိုအသံကား သူ လုံးဝ မကြားချင်သော ကျားကြီး ဟိန်းဟောက်နေသော တောင်ပေါ်မှပင် ထွက်ပေါ် လာခဲ့သော တောခွေးသံတွေ။



www.burmeseclassic.com

www.burmeseclassic.com



'အုရူ… အုရူ… အုရူ… ရူ… ရူ'

'အုရူ… ရူ… ရူ… ရူ'

'အုရူ… အုရူ… အုရူ'

တောခွေးမှာ တစ်ကောင်တည်း မဟုတ်ပါ။ တောခွေး လေးငါးကောင်ခန့်၏ အသံတွေမှာ တောထဲက ကျားကြီး အသံထက် ပိုကျယ်လောင်ပြီး သူ လုံးဝ မနှစ်သက်သော နိမိတ်မရှိသော တောခွေးသံမို့ မုဆိုးပေါ်စမ်း မျက်မှောင်ကုတ်ရင်း ဒေါသပါလာပြီးနောက် တောင်ပေါ်ဘက်သို့ သူ မော့ကြည့်ရင်း…

'ရော… ကျားထက်ဆိုးတဲ့ နိမိတ်မဲ့ကောင်တွေ အသံပအေး'

'ခက်တာပ၊ ဒီအသံတွေ မကြားချင်ဘူးဆိုတာ ဒုက္ခပအေး'

'အုရူ… အုရူ… အုရူ'

'အု… အု… ရူ… ရူ… ရူ… ရူ'

ပြောလေကဲလေ ဖြစ်နေပါ၏။ တောခွေးတွေမှာ တောင်ပေါ်မှပင် အောက်သို့ ဆင်းလာသည့်အသွင်သဏ္ဌာန် ကြောင့် အနည်းငယ် စိုးရိမ်သွားမိ၏။ စိုးရိမ်စရာဆိုသည်မှာ တောခွေးတွေ၏ အန္တရာယ်က မသေးလှ။ တောထဲမှာ ကျားပြီးရင် တောခွေးဟာ ကြောက်စရာကောင်းကြောင်း မုဆိုးပေါ်စမ်း သိထားရသဖြင့် သူ စုဆောင်းထားသည့် ထင်းခြောက်တွေ မီး ဖိုလိုက်ပါပြီ။

'အင်း… ဒီအချိန်ဆို ဘာကောင်မှမထွက်၊ မီးဖိုထား





မှ ကောင်းမှာပ'

'ရော… ထင်းကလည်း ဘာဖြစ်တာပ၊ မီးက မတောက်'

မှန်ပါသည်။ သူ မီးဖိုနေသော ထင်းခြောက်နှင့် သစ်ရွက်ခြောက်တွေမှာ တော်တော်နှင့် မီးမစွဲသဖြင့် အခက် တွေ့နေ၏။ အခက်အခဲ တွေ့ရပါသော်လည်း အားမလျှော့ ဆက်မီးမွှေး၏။ တော်တော်လေးပင် မွှေးရသည်။ မီးစွဲလာမှ မုဆိုးပေါ်စမ်းတစ်ယောက် အနည်းငယ် စိတ်အေးသွားပါသော် လည်း တောခွေးရန်အတွက် စိုးရိမ်နေမိသည်က အမှန်ပင်။

'အုရူ… အုရူ… အုရူ'

'အုရူ… ရူ… ရူ… ရူ'

'အုရူ… အုရူ… အုရူ… ရူ… ရူ'

'ရော… တောခွေးတွေ အောက်ဆင်းလာနေကြတာပ၊ တော်သေးတာပ၊ မီးမွှေးလို့ရတာပ၊ မရရင် ဒုက္ခပ'

တောခွေးအသံကြားပြီးနောက် သူမီးမွှေး၍ မီးတောက်နေသော မီးပုံကြီးကို ကြည့်ပြီး စိတ်အေးသွား၏။ အချိန်မှာ သန်းခေါင်ကျော်ပြီမို့ မြန်မြန် မိုးလင်းစေချင်ပါပြီ။ မိုးမြန်မြန် လင်းပါက စောစောထွက်သည့်သားကောင် ပစ်ခွင့်ရမယ်ဟု တွေးပြီး ကောင်းကင်ပေါ်မှ ကြယ်တွေကြည့်လိုက်၊ မီးထိုးလိုက် လုပ်နေစဉ် သူ့အတွေးထဲသို့ အတွေးတစ်ခု ဝင်လာ၏။ ထိုအတွေးမှာ တခြားတော့ မဟုတ်။ သူတစ်ယောက်တည်း တောထဲမှာ နေထိုင်ခဲ့ရ၊ သားကောင်ရှာရပေါင်းများပါသော် လည်း သားကောင်လည်းမရ၊ အသံလည်းမကြားသည့်အပြင်



www.burmeseclassic.com

www.burmeseclassic.com



စိတ်အတွေးတွေ တွေးတောစဉ်ကာလ ကျားသံနှင့်အတူ တောခွေးတွေ၏အသံကြောင့် စိတ်ချောက်ချားခဲ့ရ၏။ တွေ့ကြုံနေကျ လမ်းခရီးနှင့် စခန်းချသည့်နေရာဝယ် မျောက်တစ်ကောင်မျှ မတွေ့။ မျောက်တွေ ဒီလောက်ပေါပါလျက် ဘယ့်အတွက်ကြောင့် မျောက်တွေပျောက်ရသနည်း။ တစ်ဖန် ချေ၊ ဒရယ်၊ တောဝက်လည်း မထွက်၊ ခါတိုင်းထွက်နေကျ ဖြစ်ပါလျက် အကောင်မပြောပါနှင့်၊ အသံလေးတောင် မကြားရသောအခါ စိတ်ထဲအမျိုးမျိုး တွေးလာရာမှ သူ၏ဇနီး မှာကြားသောစကားကို ကြားယောင်မိလာသည်။

'ရော်... အစ်ကိုပ၊ တစ်ယောက်တည်း မသွားနဲ့ အဖော်ခေါ်တာပ'

'ရော... အဖော်ခေါ်တော့ သူ့တစ်ဝက်လောက် ပေးရတာပအေး'

'ပေးတာပ၊ နှစ်ယောက်ဆိုတော့ အဖော်ရတာပ'

'ရော... ဒီတောမှာ အဖော်မလိုပ၊ သွားနေကျ ဘာမှ မလိုပအေး'

'ခက်တာပ၊ နောက်တစ်ယောက်ပါရင် အားရှိတာပအေး၊ မောင်လေး အစိုင်း ခေါ်သွားရင် ကောင်းတာ၊ အစိုင်းက သတ္တိကောင်းပြီး သိပ်သန်တာပအေး'

'နင့်မောင်က မုဆိုးဝါသနာမပါ၊ ခေါ်သွားတော့ လူပိုဖြစ်မှာပ'

'ရော်... မောင်လေးအစိုင်းပြောတာပ၊ သူတစ်ခါလောက် လိုက်ချင်တာတဲ့အေး၊ သူ့ကိုခေါ်ရင် လိုက်တာပလို့





ပြောတာပ'

'ဟုတ်တာပ၊ အစိုင်းခေါ်ခဲ့ရင် ကောင်းတာပအေး၊ အစိုင်းလည်း လူပျိုဖြစ်ပြီ၊ ဗလလည်းကောင်း၊ သိုင်းလည်း တော်တာပ၊ ဒီတစ်ခါ ခေါ်မှပအေး'

ဟု တွေးနေ၏။ တကယ်တော့ သူ အခုမှ ကိုယ်တွေ့ကြုံရပါ၏။ တောထဲမှာ တစ်ယောက်တည်း တိတ်ဆိတ်မှုကလည်း စိတ်ကို ချောက်ချားသွားစေ၏။ တစ်ဖန် စိတ်ထဲမှ စိုးရိမ်မှု အနည်းငယ်တွေအား ဟိုတွေးသည်တွေး တွေးနေစဉ်မှာပင် နောက်တစ်ခုမှာ တောမုဆိုးတွေဖြစ်သော ကျားသံက စိတ်ထဲ ခြောက်လှန့်လာသည့်အပြင် တောခွေးအုပ်ကလည်း တောင်ပေါ်မှ ဆင်းလာသောအသံတွေ။

တောခွေးဆိုသည်မှာ တစ်ကောင်တည်းမဟုတ်။ အုပ်ဖွဲ့လာတတ်ကြ၏။ သို့အတွက် အုပ်ဖွဲ့လာသော တောခွေးအား ပစ်ခတ်၍ မနိုင်နိုင်သည့်အတွက် တောခွေးနှင့် ကျားများ ကြောက်သည့် မီးဖိုထားရခြင်းသာ ဖြစ်ပါ၏။ ထို့ထက်ဆိုး၏က ကျွန်းနှစ်ပင်အနက် ကျွန်းပင်တစ်ပင်၏ ဘေးတက်များအား တွယ်ကပ်တက်လိုက်လျှင် ခုနစ်ပေ ရှစ်ပေခန့်တွင် လူတစ်ဖက်ခန့် အကိုင်းခွဆုံတစ်ခုသို့ ရောက်ရှိ ခိုကပ်နေ၍ရသည်ကို မုဆိုးပေါ်စမ်း ကောင်းကောင်းသိထား၏။ လေ့လည်း လေ့လာထားဖူးသည်ကိုသိ၍ စိတ်တော့ အေးမိပါ၏။

'အုရှ... အုရှ... အုရှ'

'အုရှ... အုရှ... ရှ ရှ... ရှ ရှူး'

'အုရှ... ရှ... ရှ... ရှ... ရှ'



www.burmeseclassic.com

www.burmeseclassic.com



တောခွေးတွေ ပိုမိုနီးကပ်ပါပြီ။ မိုးလင်းပိုင်းလည်း ရောက်တော့မည်ဖြစ်၍ တစ်ဖက်မှာ တောခွေးအန္တရာယ်၊ တစ်ဖက်မှာတော့ မိုးလင်းတော့မည်ဟူသော အသိတွေကြောင့် အားတက်မှုနှင့် ကြောက်ရွံ့ထိတ်လန့်မှုတွေ ဒွန်တွဲအပြိုင်ဆွဲနေကြ၏။

'ရော်... တော်တော် နီးလာတာပ၊ အပေါ်တက်မှ'

'ရော်... ဒူးလေ့ပါယူမှပအေး'

ပြောပြောဆိုဆို ဒူးလေးနှင့်အတူ အပင်ပေါ်သို့ သွက်လက်စွာ တက်လိုက်၏။ တောသူတောင်သားဖြစ်သည်က တစ်ကြောင်း၊ အပင်တွေ တက်လေ့တက်စရှိသောကြောင့် ကောင်းစွာ တက်နိုင်သည့်အပြင် အပင်ပေါ်ရောက်သည့်တွင် ပင်စည်အားမှီ၍ ပေါင်လုံးခန့်အကိုင်းကြီး ခွထိုင်ရင်း တောခွေးများအား ကြည့်လိုက်သည်။ မတွေ့သေး။

'အုဂူ... အုဂူ... အုဂူ'

'အုဂူ... အုဂူ... အုဂူ'

'အု.. အု... အု... အုဂူ'

'ရော်... တောခွေးတွေ အများကြီးပ'

'အို... အနံ့ရတာပဲ ဖြစ်မှာပ'

'တော်သေးတာပ၊ ငါအပင်ပေါ် ရောက်နေလို့ပအေး'

တောခွေးများသည် မီးပုံကြီးတွေ့ရသဖြင့် အနားတော့ မတိုးပါ။ မုဆိုးပေါစမ်းမှာလည်း တိတ်ဆိတ် ငြိမ်သက်မှု အပြည့်အဝ။ မလှုပ်ရှားရဲ။ သူ့ကို တောခွေးတွေမမြင်သဖြင့် တော်ပါသေးဟုလည်း တွေးမိ၏။ တောခွေးသုံးလေးကောင်





သည် အနံ့ရသည်လားမသိ။ မီးရောင်ဖြင့် ကောင်းစွာ တွေ့ရပါ၏။ အနံ့ခံနေကြ၏။ တောခွေးများသည် တစ်ကောင်မှ အသံမပြုတော့ပါ။ အရေးကြီးလျှင် အလွန်တိတ်ဆိတ်နေတတ်သော အမူအကျင့်ကို မုဆိုးပေါစမ်း ပိုမိုသိရှိရ၏။

'ဝေါင်း'

'ဝေါင်း'

'ဝေါင်း'

'ဝေါင်း'

'ရော... တောကောင်ကျားကြီး ဆင်းလာနေတာပ၊ ဒီဘက်ပဲ လာနေတာပ'

မှန်ပါသည်။ စောစောတည်းက ကြားရသော ကျားကြီးမှာ တောင်ပေါ်မှတစ်ဆင့် တောခွေးတွေ ရောက်ရှိလာသည့် ပေါစမ်း၏ မီးဖိုဘက်သို့ အဘယ့်ရောက်လာပါသနည်း၊ မတွေးတတ်တော့ပါ။ ချေလည်း မထွက်၊ ဘာသားကောင်မျှ မရှိပါလျက် တောခွေးအုပ်နှင့် ထပ်တူထပ်မျှ ကျားဆိုးကြီး ရောက်လာပြီဟူသော အတွေးတွေကြောင့် ပိုမို ကြောက်ရွံ့နေ၏။ ကြောက်ရွံ့သည်ဟု သူ့ကိုယ်သူ သတိထားမိသော်လည်း ကျားကြီးမတွေ့ရသေး။

တောခွေးတွေ ထွက်ပြေးကြပါပြီ။ ထွက်ပြေးသော ခွေးတွေ အသံတစ်ချက်မျှ မထွက်ကြ၊ မဟောင်မအူဘဲ ပြေးကြသည်ကို မုဆိုးပေါစမ်း သိလိုက်ပါသော်လည်း ဘာကြောင့် ထွက်ပြေးသည်ကို သူ သိ၏။ တောထဲမှ မုဆိုးကြီးကျားကြီး ရောက်လာ၍ တောခွေးဟု ဆင်းကြသည်ဟု တွေးလိုက်မိ



www.burmeseclassic.com

www.burmeseclassic.com



သည်နှင့် ကြောက်ရွံ့စိတ်တွေ ပိုမို ခံစားလိုက်ရပါပြီ။

အကြောင်းမှာ သူတက်နေသော ကျွန်းပင်ကြီး၏ အတက်အမြင့်မှာ ဆယ်ပေမျှရှိသောကြောင့် ကျားတစ်ခုန် ကောင်းကောင်းခုန်သော အကွာအဝေး။ သူ အပေါ်တက်ရန် မလွယ်တော့ပါ။ သို့အတွက် ကျားသာ သူ့ကိုခုန်ဆွဲပါကဆို သော အတွေးက ဝင်လာပြန်၏။ ကျားကြီးအား ကြည့်လိုက် သောအခါ အနံ့ရရှိနေသဖြင့် သားကောင်ဖြစ်သူ လူမုဆိုးပေါ် စမ်းသည် တောထဲမှ ကျားမုဆိုးနှင့်ယှဉ်ပါက သူ့အတွက် အခြေအနေမကောင်းပါ။ ထိုသို့ အခြေအနေမကောင်း ဖြစ်နေ ပါသော်လည်း ကျားကြီးသည် မီးပုံအားကြည့်၍ လူမတွေ့၊ တခြားသားကောင်လည်း မတွေ့၊ မီးပုံအားပတ်ပြီး ရှာနေ၏။ ဘာမျှ မတွေ့၊ အနံ့တော့ရနေသည်။ မတော်တဆ အပေါ်သာ မော့ကြည့်ပါက မတွေးရဲတော့ပါ။ ကျားကြီးသည် ဘယ်မျှ ထွက်မသွား။ တောခွေးတွေ တစ်ကောင်မျှ မတွေ့ရသော် လည်း တောခွေးတွေထက်ဆိုးသော ကျားကြီးကား မီးပုံဘေး တွင် ရှိနေဆဲ။ မီးပုံအား ကြည့်၏။ မီးပုံဘက်တော့ မတိုး၊ သူ့နှာဝထဲသို့ အနံ့က ရနေသည်။ သားကောင်အားမတွေ့၊ ယခုအချိန်ဝယ် မုဆိုးပေါ်စမ်းမှာ သားကောင်ဘဝသို့ ရောက်နေ ရပါပြီ။ အင်မတန် သတ္တိကောင်းပါသည်ဆိုသော မုဆိုးပေါ် စမ်း ခါချဉ်ကိုက်၍မျှ မပွတ်သပ်ရဲတော့။

နောက်တစ်ခု ရှိသေးသည်။ မုဆိုး ပေါ်စမ်းသည် ကျားအား ယခုလို အနီးကပ်တစ်ခါမျှ မတွေ့ဖူးပါ။ တစ်ခါ က ကျားနှင့်ပက်ပင်းတိုးပါ၏။ အတိုးကောင်းဟုဆိုရပေတော့





မည်။ သူသည် တောင်စောင်းမှအဆင်း ကျောက်တုံးကြီးတစ် လုံးဘေးကွေ့နေသော လူသွားလမ်းသဖွယ် သားကောင်တွေ လည်း သွားထားသည့် လမ်းအတိုင်း ကွေ့ပြီးဆင်းလိုက်သည် တွင် ကျားကြီးတစ်ကောင်သည်လည်း ပြေးလျက် တောင် စောင်းပေါ်အတက် ကျောက်တုံးကြီးဘေး ကွေ့ရန် ခုန်လိုက် သည်တွင် ရင်ဆိုင်တိုးကြပါ၏။

'ရော်·· ကျားကြီးပအေး'

'ဝေါင်း··· ဝုန်း··· ဘုန်း'

'ဝေါ··· ဝေါ··· ဝေါ··· ဘုန်း'

ကျားကြီးသည် မုဆိုးပေါ်စမ်းနှင့် ရင်ဆိုင်အတွေ့၊ ပေါ်စမ်းသည် လန့်ပြီး အော်သကဲ့သို့ ကျားကြီးလည်း လန့်ကာ ခုန်ပျံလာသော အရှိန်မှာ ထိန်းမနိုင်သိမ်းမရဖြစ်ကာ ဘေးဘက် ထဲ စောင်းလိုက်ပါသော်လည်း ဟန်ချက်မကိုက်တော့သည့် အပြင် အနိမ့်ကအမြင့်သို့ ခုန်ရသည့်အားသုံးနေစဉ် တစောင်း လဲကျကာ ကြောက်ရွံ့သံလား၊ မုဆိုးပေါ်စမ်းကဲ့သို့ လန့်အော် သံလား မသိပါ။ အသံတစ်ချက်သာ ထွက်ပေါ်လာရင်း ခြုံ တစ်ခုထဲသို့ ဘုန်းခနဲနေအောင် ကျသွားသည့်အပြင် တော် တော်လေး ထိခိုက်သွား၍ နာကျင်မှုဝေဒနာ၊ လန့်အော်ရင်း ထိတ်ထိတ်ပျာပျာ တောထဲသို့ တဝေါဝေါ တဝုန်းဝုန်းမြည် လျက် ထွက်ပြေးသွားသည်မှာ အနီးကပ်ဆုံးစက္ကန့်ပိုင်းတစ်ခါ၊ တော်တော်ဝေးဝေးမှနေ၍ ပြေးသွားသည်ကို မြင်ရသည်မှာ လည်း တစ်ကြိမ်သာ ကြုံခဲ့ပါ၏။

အသံကြားရသည်ကတော့ မကြာမကြာ ကြားဖူး



www.burmeseclassic.com

www.burmeseclassic.com



သည်၊ ကြားရသည်ဖြစ်သော်လည်း ယခုကဲ့သို့သော အချိန် ကြာကြာ အနီးကပ်မကြုံဖူးပါ။ ကြုံရမည်လည်း မထင်ခဲ့။ သူသည် ဒူးလေးအား တောခွေးတွေလာသည့် အချိန်မှစ၍ အသင့်တော့ ပြင်ထား၏။ မြားလည်း အဆင်သင့်၊ နောက်ဆုံး အဆင့် ကျားဆိုးလား ကျားမုဆိုးလား မတွေးတော့ရဲတော့ပါ။ တွေ့ကြုံမှုနှင့်အတူ သူ့အား ရန်မူခဲ့ပါလျှင်တော့ မြားနှင့်ပစ် ရမည်ဟု ဆုံးဖြတ်လိုက်သော်အခါဝယ် ရဲရင့်စိတ်နှင့် ကြောက် ရွံ့စိတ် ရောနှောနေသည့်အတွက် အနည်းငယ်တော့ သောက ကင်းဝေးနေပါ၏။

'အင်း… ကျားကြီး၊ မင်း ငါ့ကို မမြင်ပါစေနဲ့နော်'

'အေး… မင်းရန်မူရင် ငါလည်း ခုခံမှာပအေး'

'ဟော်… ငါ့ကို ကြည့်နေပြီလား'

ကျားကြီးသည် မီးပုံဘေး ကွေ့ပတ်လျှောက်နေရင်းမှ ဦးခေါင်းတစ်ချက် မော့လိုက်သည်ကို မုဆိုးပေါစမ်း လန့်သွား၏။ လန့်ပါသော်ငြားလည်း မလှုပ်ရှားရဲပါ။ ကျားကြီးအား သူ တစိုက်မတ်မတ် ကြည့်နေရာမှ…

'ဟော်… တော်သေးတာပ၊ ငါ့ကိုများ ကြည့်နေသလားလို့'

ကျားကြီးသည် ခေါင်းတစ်ချက် မော့ကြည့်လိုက်သည်မှာ ပေါစမ်းအား ရှာဖွေခြင်းမဟုတ်။ အနံ့ခံခြင်းလည်း မဟုတ်ပါ။ တစ်ညလုံး မအိပ်ရသေးသည့်အတွက် သူ၏ချွန်မြနေသော အစွယ်ကြီးတွေ အဖွေးသားပေါ်ထွက်အောင် အားရှိသမျှ သမ်းနေပါသည်။ သို့အတွက်ကြောင့် မုဆိုးပေါစမ်း





စိတ်အေးရပြန်ပါပြီ။ ကျားကြီး တအားပင် သမ်းပြီးနောက် သူ၏လွယ်အိတ်ချထားသည့် ကျောက်တုံးဘက်သို့ နောက် လှည့်ကာ သေးပန်းနေပါသည်။

'ဟော်… ငါ့လွယ်အိတ်တော့ သေးစိုကုန်ပြီ ထင်တာ ပအေး'

ကျားကြီးသည် မီးပုံဘေးတွင် ဖင်ထိုင်နေ၏။ မသိ ရင်တော့ ခွေးတစ်ကောင် ထိုင်နေသည့်အလားပင်။ ဘာတွေ စဉ်းစားနေသည် မသိ။ မီးခိုးစော်ကြောင့် အနံ့တော့ ကောင်း ကောင်းရပုံမပေါ်တော့ပါ။ မိုးကလည်း လင်းလုပါပြီ။ သား ကောင်လည်း တစ်ကောင်မျှမထွက်။ အဘယ်ကြောင့်သား ကောင်မထွက်ရပါသနည်းဆိုသော မေးခွန်းပုစ္ဆာ မဖြေတတ် ပါ။

'ဖောင်း'

'ဝုန်း'

'ဂူး… ဝေါင်း… ဝေါင်း'

မီးပုံထဲမှ ဝါးလုံးအခြောက်သည် မီးလောင်ပြီး အဆစ်ပိတ်ဖြစ်၍ ထအပေါက် ကျားကြီးလည်း ခွေးထိုင်ထိုင် နေရာမှ ထခုန်လိုက်ပါ၏။ ထို့နောက် ဂူးဟူသော ဝမ်းခေါင်း ထဲမှ အသံတစ်သံနှင့် တစ်ဆက်တည်း ဝေါင်း… ဝေါင်းဟူ သော မာန်ဖီဟိန်းဟောက်သံ နှစ်ချက် ထွက်ပေါ်လာပြီး တောင်စောင်းပေါ်သို့ ပြန်တက်သွားပါပြီ။

'ဟူး… တော်သေးတာပ'

'အော် အီအီး အွတ်'



www.burmeseclassic.com

www.burmeseclassic.com



'ဖောက်… ဖောက်… ဖောက်… အော်အီအီးအွတ်'

သူစောင့်နေပြီး သတ်ကွင်းသတ်မှတ်ထားသည့်ဘက်မှ တောကြက်ဖတွေ တွန်သံ၊ အတောင်ရိုက်သံတွေ ကြားရပါ၏။ မိုးလင်းတော့မည်ဟု မုဆိုးပေါ်စမ်း သတိထားမိသဖြင့်လည်း အားတက်သွားချေပြီ။ သားကောင်မရတာ သူ အလေးမထားတော့ပါ။ ကျားကြီး၏ရန်မှ ကင်းဝေးသွားသဖြင့် စိတ်ထဲ အစိုင်အခဲကြီးကျသွားပြီဟု ခံစားရသောဖြင့် သက်မချနိုင်ပါပြီ။

'အင်း… တော်သေးတာပဲ၊ ငါ မြန်မြန်ဆန်ဆန် အပင်ပေါ်ရောက်နေတာ အကောင်းဆုံးပ၊ တောခွေးအုပ်နဲ့ တွေ့လည်း မလွယ်ပ၊ ကျားကြီးနဲ့ဆို ပိုဆိုးတာပ'

'နောက်တစ်ခါလာရင်တော့ အစိုင်းကို ခေါ်ခဲ့တာပ၊ အကူတော့ ရမှာပအေး'

ဟိုတွေးသည်တွေး တွေးနေရင်းမှ မိုးလင်းလာသဖြင့် အပင်ပေါ်မှ အောက်သို့ဆင်းခဲ့ပါပြီ။ အောက်ရောက်တော့ မိုး၊ ဘ လုံး၀ လင်းနေသည့်အတွက် ခေတ္တခဏ နားနေရင်းမှ သတိရလာသည့်အတွက် သူ၏လွယ်အိတ်အား ကောက်ယူ၍ ကြည့်လိုက်ရင်း…

'ရော်… နံတာပအေး၊ တောက်… တော်တော်ဆိုးတဲ့ ကျားပ'

'ဘာကောင်မှလည်းမထွက်၊ ခက်တာပ။ တစ်ကောင်ကောင်တော့ ပစ်ချင်တာပအေး'

သူ့အတွေး သူ့ဆန္ဒအား ဤတောမှ မကူညီမပံ့ပိုးပါ။





မတတ်သာတော့သည့်အဆုံး မုဆိုးပေါ်စမ်းသည် သူ၏လွယ်အိတ်ကာ ဒူးလေးထမ်းလို့ ပြန်ရန် ဆင်းလိုက်ရင်းမှ သတိရလာ၏။

'ရော်… မီးမငြိမ်းရသေးတာပ'

ပြောပြောဆိုဆို မီးရှို့မှုအား သေသေချာချာ မီးငြိမ်းသတ်လိုက်၏။ မီးငြိမ်းသွားပြီဟု သတိထားမိသည်နှင့် တောင်အောက် သစ်ဆိမ့်မြိုင်ဘက် ဆင်းကြည့်လိုက်၏။ တွေ့ပါသည်။ ချေနှင့်ဒရယ်ခြေရာတွေ လတ်လတ်ဆတ်ဆတ်ပင်။

'ရော… ခြေရာက လတ်လတ်ဆတ်ဆတ်ပ'

'ရော်… ဒါ… ဒါ… ခွေးချေးပုံ အငွေ့တောင်ထွက်နေသေးတာပ'

'တောက်… ငါဘာကြောင့် မတွေ့ရတာလဲ'

'ရော်… ဟုတ်တာပ၊ ကျားကြီးကို ငါ စိတ်ထဲစွဲနေတယ်၊ သူတက်တဲ့တောင်ပေါ် ကြည့်နေမိတာပ၊ ဒါကြောင့် ချေ မတွေ့မိတာပ၊ အပ… အပ'

'အိမ်ရောက်ရင် ဘာမှမပါလို့ မိန်းမ စိတ်မကောင်းဖြစ်မှာပ'

'ဘယ်တတ်နိုင်မလဲလေ၊ ငါလည်း သားကောင်ရချင်တာပအေး'

တစ်ယောက်တည်း သားကောင်မရ၍ နှမြောသည့်အတွက်ပါ ထည့်တွေး၍ တွေးရင်း လှမ်းခဲ့ပါသည်။ ထိုသို့ တွေးတောရင်း အပြန်လမ်းတစ်လျှောက်လည်း ဘာကောင်မျှ မတွေ့၊ အနီးအပါးဝယ် တောကြောင်လေးတစ်ကောင်ပင်



www.burmeseclassic.com

www.burmeseclassic.com



မတွေ့ရပါ။ တစ်ညလုံး အိပ်ရေးပျက်ခဲ့ရသောကြောင့် စိတ်လည်း တိုနေသည်က အမှန်ပင်။

'တောက်… မုဆိုးတစ်ယောက်ရဲ့ဘဝ ရက်စရာပ၊ တောပစ်ထွက်တာ တစ်ကောင်မှမရ၊ ရှာထဲဘယ်လို ဝင်ရတာပအေး'

'ဆရာတော်ပ၊ မုဆိုးပေါစမ်း ဒူးလေးထမ်း ရှာလမ်းမှာတောင် ခွေးစီမှဟုတ်ပ၊ ဆရာတော်ရဲ့ ကဗျာမှားပြီဖြစ်မှာပအေး'

ရင်ထဲမှာ အတွေးကြောင့် ပြုံးစေ့စေ့ဖြစ်သွားခဲ့၏။ ထိုကာလမှာတော့ အရာရာကို မေ့သွားသည်။ အရာရာကို မေ့သွားခြင်းဖြင့် သောကဝေဒနာ တစ်ခုတော့ သက်သာသွားပါ၏။ တောထဲမှ အပြန်လမ်း မြူလည်းမသန်း နှင်းလည်းမဆန်းသဖြင့် မြင်ကွင်းကောင်းကောင်းဖြစ်နေသည်တွင်…

'ရော်… တောစပ်ရောက်တော့မှာပအေး၊သားကောင်ချောင်းဦးမှ'

ဟု အတွေးတွေ ရောက်သွားကာ ဒူးလေးနှင့်မြား အသင့်ဆောင်ကာ မုဆိုးချောင်း ချောင်းရင်း ဆက်လက်ထွက်ခွာစဉ်မှာပင် သူ၏မျှော်မှန်းချက်၊ ယူဆချက်အတိုင်း တွေ့ပါပြီ။ ချေတစ်ကောင်။

ထိုချေတစ်ကောင်သည် ကင်မလင်းနုနုလေးတွေ စားနေသည်ဟု ထင်ရ၏။ ဦးခေါင်းငုံ့မထားခြင်းကြောင့် ပတ်ဝန်းကျင်ကိုလည်း တွေ့မြင်စေသဖြင့် မုဆိုးပေါစမ်း ဒူးလေးထမ်းတော့ ခြုံအနားကပ်လျက် ခါးကုန်းကာ တစ်ခြုံမှ တစ်ခြုံ



တစ်ရုံမှတစ်ရုံ ပြောင်းရွှေ့ချဉ်းကပ်စဉ် ချေသည် ချေပေါက်တစ်ကောင်မဟုတ်။ ဦးချိုမပေါက်သေးသော ချေငယ်တစ်ကောင်။

'ရော်… ချေမပဲ၊ ဘာပဲဖြစ်ဖြစ် အကောင်ရအောင်ပစ်ရမှာပအေး'

တွေးရင်း ခြုံငယ်တစ်ခုဘေးမှ နောက် ကျွန်းပင်ပေါက်တွေနှင့် အလွန်ကြီးမားသည့် ကျွန်းပင်ကြီးအောက်ဝယ်နေရာယူလိုက်၏။ ကျွန်းပင်ကြီးဘေးဝန်းကျင်တွင် ကျွန်းပင်ပေါက်ကလေးများက ဝိုင်းနေသဖြင့် အကာအကွယ်ကောင်းကောင်းဖြစ်သော်လည်း ပစ်ကွင်းမကောင်းသေးသဖြင့် ကျွန်းရွက်ကြီးကြီးတွေအကြားတိုးပြီး အနီးကပ်ရောက်သည်တွင် သူပစ်မည့် ချေငယ်မှာ သူ့အား ပစ်ကွင်းမကောင်းအောင်စောင်းနေရာမှ နောက်တည့်တည့် ဖြစ်နေသဖြင့် သည်းခံပြီးစောင့်ရ၏။

မုဆိုးတစ်ယောက်သည် လောကြီး၍မဖြစ်။ စိတ်အေးလက်အေး စိတ်ကြိုက်ပစ်ခတ်လိုသည့် အနေအထားအရောက်စောင့်ရမည်သာ။ မုဆိုးပေါစမ်း ခြေမလှမ်းတော့ပါ။ သူစောင့်ပါသော်လည်း ချေမှာ ဘေးသို့မစောင်း။ သို့အတွက် နောက်ဆုတ်ရင်း ကျွန်းပင်ကြီးအား နောက်ဘက်မှကွင်းပြီး ချေ၏ဘေးတိုက်အနေအထားအရောက် ချေငယ်၏ လက်တည့်တည့်သို့ ချိန်လိုက်ပါပြီ။

'ရော်'

'အို'

www.burmeseclassic.com

www.burmeseclassic.com



မုဆိုးပေါ်စမ်း ကြက်သီးဖြန်းဖြန်းထမတတ် ခံစားလိုက်ရ၏။ သူနှင့်လက်တစ်ကမ်း ကျွန်းပင်ကြီး၏ဘေးဝယ် တောကြီးငန်းမြွေကြီးနှစ်ကောင်သည် ဦးခေါင်းကြီးတွေထောင်ကာ ပါးပြင်းကြီးတွေ ထ,နေရာ ကြောက်မက်ဖွယ် အလွန်ကောင်းပါ၏။ ပါးပြင်းအပိုင်းမှာ ဆန်ကော(ဆန်ပြာသည့် ဆန်ကော)ပမာဏပင် ကြီးမားပြီး ဘယ်ယိမ်းညာယိုင် လှုပ်ခါနေကြ၏။ သူ၏ ဒူးလေးချိန်တွယ်ရသည်မှာလည်း ငန်းမြွေကြီးနှစ်ကောင် အလယ်တည့်တည့်မှ ပစ်ရမည်သာ။ သို့အတွက် မတတ်နိုင်တော့ပါ။

'ရော်… ငန်းဘုတ်ကြီးတွေပ၊ နင်တို့ကို ငါ ရန်မမူပအေး၊ နင်တို့ကသာ ရှောင်ပေးတာပ၊ ငါ ချေပစ်ရတော့မှာပ'

'စိတ်မဆိုးကြတာပနော့'

ခပ်တိုးတိုးရေရွတ်ပြီး သူ၏ပစ်ခတ်မှုအား စတင်ရန် ဆုံးဖြတ်ချက် ခိုင်ခိုင်ချလိုက်ပြီးနောက် သူ၏လက်သုံးတော်မားရှည်ကြီးအား ဆွဲယူပြီး ဘေးမှာချထားရင်း ချေယော်၏ဦးခေါင်း အောက်အင့်မှာပင် သူ၏ဒူးလေးမြားကြောင်းကလေးသည် အရှိန်ပြင်းစွာဖြင့်ပင်…

'ရှီ…'

'ဝီ… ဝီ… ဝီ…'

'ဒုတ်…'

'ဘုန်း… ဝုန်း…'

'ဖျောက်… ဖျောက်… ဖျောက်… ဖျောက်…'

'ရှူး… ရှူး… ရှူး…'





ငန်းမြွေကြီးနှစ်ကောင်အကြားမှ ပစ်လွှတ်လိုက်သော မြား၏လျင်မြန်မှုအား ငန်းမြွေကြီးတွေ မမျှော်မှန်းချိန် သူတို့နှစ်ကောင်အကြားမှ ပြေးလွှားတိုးထွက်သွားသည်တွင် ငန်းနှစ်ကောင် လန့်ပြီးရှောင်လိုက်သည်။ ထိုမြားသည် ခေါင်းအောက်ငုံ့လိုက်သော ချေယော်၏ လက်ပြင်ထဲသို့ တည့်တည့်မတ်မတ် ပြေးဝင်ထိုးစိုက်လိုက်သည်။

ချေမှာ မထင်မှတ်ဘဲ မြားဒဏ်ခံလိုက်ရသဖြင့် ထခုန်ရာမှ တစ်ဖန် ပြန်အကျ လဲပြိုသွား၏။ တစ်ဖန် ပြန်ထ၍ ထွက်ပြေးသွားသည်တွင် မြားတန်းလန်းနှင့်ဖြစ်နေသော ချေသည် လေးငါးဆယ်ပေခန့်သာ ပြေး၏။ လဲသွား၏။ တစ်ဖန် ထပြေးရာမှ လဲသွားသည်ကို ငန်းမြွေကြီးနှစ်ကောင် ကြည့်နေစဉ်မှာပင် မုဆိုးပါးဝနေသော ပေါ်စမ်းတစ်ယောက် ကျွန်းပင်နောက်သို့ မသိမသာ ဆုတ်လိုက်ရင်း ခြုံထဲမှ တောကောင်ကျားကြီးပမာ ခြေသံလုံသမျှ လုံစေလျက် ဒူးလေးအား ဘယ်လက်မှ ကိုင်တွယ်၍ ညာဖက်လက်မှာ သူ၏ဓားရှည်ကြီး ဆုပ်ကိုင်ခဲ့သည်ကို ငန်းမြွေနှစ်ကောင် အလစ်အငိုက် ခံလိုက်ရသည့်တွင် မုဆိုးပေါ်စမ်းသည် ထိုကျွန်းပင်ကြီးနှင့် အပင်ပေါက်များဘေးမှ ပေသုံးဆယ်ကျော်ဝေးသော ဝါးရုံဘက် ရောက်သွားပါပြီ။

ငန်းမြွေကြီးနှစ်ကောင် သူ့အား မမြင်နိုင်တော့ဟု တွေးရင်း ချေလဲသွားသည့် တောအစပ် ခြုံဘေးသို့ လျင်မြန်စွာပြေးသွားရင်း ချေအား ရှာလိုက်၏။ ချေအား တွေ့ပါပြီ။ ချေသေတော့ မသေသေး။ သို့အတွက် ချေ၏အခြေအနေနှင့်



www.burmeseclassic.com

www.burmeseclassic.com



ငန်းမြွေကြီး နှစ်ကောင်အား လှုပ်ရှားမှု စောင့်ကြည့်နေလိုက်၏။

ငန်းမြွေကြီးနှစ်ကောင်၏ အခြေအနေ ကြည့်ပါသော်လည်း မထူးပါ။ နာရီဝက်ခန့်အကြာတွင် ချေလည်း ငြိမ်သွားပါပြီ။ သို့အတွက် ဝါးရုံဘေးမှ ဓားကို သေသေချာချာကိုင်လျက် ချေသေအနားရောက်သည် မကောက်သေးဘဲ ပတ်ဝန်းကျင်ထူးခြားမှု ရှိမရှိလည်း မုဆိုးမျက်စိဖြင့် ဝေ့ကြည့်လိုက်၏။ ထူးခြားမှုမရှိတော့သည့်အတွက် လျင်မြန်စွာ ချေသေအား ပြေးကောက်ရင်း တောထဲမှ ထွက်ခဲ့ပါ၏။

တောထဲမှထွက်၍ ဝါးရုံတစ်ချက်ပြန်ခန့်အရောက် သူ၏နောက်မှ အသံတွေ ကြားလိုက်ရ၏။ ထိုအသံကြားရသဖြင့် ဒူးတုန်သွား၏။ စိုးရိမ်စိတ်တွေ ပြန်ပေါ်လာသဖြင့် နောက်သို့ လှည့်ကြည့်လိုက်သည်။

'ရှီ… ရှီ… ရှီ…'

'ရှီ… ရှီ… ရှီ…'

လူတစ်ရပ်မျှ ဦးခေါင်းထောင်ရင်း သူ့နောက် ပြေးလိုက်မည့်အသွင် ပါးပြင်းကြီးတွေ ထောင်နေသော ငန်းမြွေကြီးနှစ်ကောင်ကြောင့် ဘာလုပ်ရမှန်းမသိတော့။ သူ၏ရောက်ရှိရာနှင့် ငန်းမြွေကြီးနှစ်ကောင်၏ အကွာအဝေး တွေးမိတော့ ရင်အနည်းငယ် အေးသွား၏။ သို့အတွက် ကြောက်ရွံ့နေ၍ မဖြစ်ဟူသောအတွေးဖြင့် ချေအားထမ်းရင်း ရွာဘက်သို့ ခြေကုန်သုတ်ခဲ့ပါသည်။

နောက်လှည့်ကြည့်လိုက်သောအခါဝယ် ငန်းမြွေကြီး



နှစ်ကောင်သည် သူ့အား ခြောက်လှန့်နေသည်လား၊ သရော်နေကြသည်လား မသိပါ။ မုဆိုးပေါ်စမ်း အပြေးလှမ်းရင်း အမောပင် ဆို့မတတ် ဖြစ်ခဲ့၏။ ရွာထဲရောက်တော့မှ ခြေလှမ်းတွေ အရှိန်လျှော့လိုက်သည်တွင်-

'ဝုတ်… ဝုတ်… ဝုတ်'

'ဝုတ်… ဝုတ်'

'ဝုတ်… ဝုန်း… ဝုတ်'

'ရော်… တော်သေးတာပအေး၊ ငါ ရွာထဲရောက်ပြီ'

ယခုမှ ရင်အေးရသည်။ ရွာထဲရောက်သည်ပင် သူမေ့နေ၏။ ခွေးဟောင်သံကြားမှ သတိဝင်လာသော မုဆိုးပေါ်စမ်း မျက်နှာဝယ် အပြုံးသန်းနိုင်ပါပြီ၊ အမောပြေသွားပါပြီ။ ကြောက်ရွံ့မှုတွေ ပျောက်ကွယ်သွားသဖြင့် သူ့အား ဟောင်နေသော ရွာထဲမှ အိမ်ခွေးတွေကိုပင် ကျေးဇူးတင်ရမည်သာ။ တောထဲမှ တစ်ညဥ့်တာအတွင်း တောခွေးသံတွေ၊ တောခွေးတွေကြောင့် ကြောက်ရွံ့ထိတ်လန့်စေခဲ့သော မုဆိုးပေါ်စမ်းခမျာ ရွာထဲပြန်ရောက်ပြီး အိမ်ခွေးတွေ၏အသံ ကြားရသောအခါမှပင် ရင်အေးသွားရပါပြီ။

'ရော်… အစ်ကို၊ ပြန်လာပြီပ'

'အေး… ဒီတစ်ခေါက် ချေသေးတာပ'

'အစ်ကိုပ၊ ရေထဲကငါး ကြီးချင်ကြီးမှာပ၊ သေးချင်သေးမှာပ၊ အရေးကြီးတာက ငါးရဖို့ ဟုတ်တာပ'

'အင်း… မင်းပြောသမျှ မှန်တာပအေး၊ မှန်တာပ'

'ရော… ယောက်ဖ ချေမလေးရခဲ့တာပ'

www.burmeseclassic.com

www.burmeseclassic.com



'အေး… ဟုတ်တာပ၊ တစ်ညလုံးစောင့်တာ ဘာကောင်မှ မထွက်၊ မိုးလင်းလို့ စောင့်တာပ၊ သားကောင်တွေ ပျောက်နေတာပအေး'

'ရော်… ဘယ်လိုရတာပ'

'အင်း… ပြန်ခဲ့တာ တောအတွက် တို့နှစ်ယောက် ဝါးခုတ်ဖူးတဲ့ ဝါးတောအရောက် ဒီကောင်ကြီးတွေ့ပြီး ပစ်ရတာပ'

'တော်သေးတာပ'

အစိုင်းသည် ချေငယ်အားကြည့်ရင်း ယောက်ဖအား မေးနေ၏။ ယောက်ဖဖြစ်သူ မုဆိုးပေါ်စမ်းသည် သူတွေ့ကြုံခဲ့မှုအား မပြောပါ။ အေးအေးဆေးဆေးနေပြရင်းမှ အစိုင်းမျက်နှာကြည့်ရင်း…

'ရော်… အစိုင်းပ'

'ဟုတ်'

'ဒီတစ်ခါ တောပစ်လိုက်ခဲ့တာပ'

'လိုက်ချင်တာပ၊ ဒါကြောင့် ဒူးလေးပစ် လေ့ကျင့်နေတာပအေး၊ တကယ်ခေါ်တာပနော့'

'ခေါ်မှာပအေး၊ နောက်တစ်ယောက် ခေါ်ချင်သေးတာပ'

'ဘယ်သူ့ခေါ်မှာပ၊ မင်းသူငယ်ချင်း အိုက်အောင်ပ'

'ရော်… ကောင်းတာပ၊ သူလည်း လိုက်ချင်တာပ၊ တစ်ခါလောက် လိုက်ရအောင်လို့ ပြောတာပ'

'အေး… ဒါဆို တို့ နောက်နေ့ထွက်မယ်'





'စိတ်ချ၊ အိုက်အောင်ကို ကြိုတင်ပြောထားမှာပအေး'

'ကောင်းတာပ၊ ပြောထားတာပ'

မုဆိုးပေါ်စမ်းတစ်ယောက် အင်ကြင်းမြိုင်အားအလေး မထားသော်လည်း သစ်ဆိမ့်မြိုင်ခေါ် သစ်ဆိမ့်မြောင်တွင် သားကောင်ပျောက်မှု၊ မျောက်တွေမတွေ့မှုနှင့်အတူ တောခွေးနှင့် ကျားကြီးတို့အား မကျေနပ်သောကြောင့် လူသစ်မုဆိုးဘဝထဲ ဆွဲသွင်းရင်း သူ့အတွက်ပါ အားကိုးအားထားရစေရန် ယောက်ဖ အစိုင်းနှင့် သူငယ်ချင်းအိုက်အောင်တို့အား ခေါ်ယူပြီး နမ့်ခါချောင်းဘေးမှ မော်ဖတောင်ပေါ်သို့ တက်ခဲ့ပါပြီ။

ယောက်ဖ အစိုင်းနှင့် လူသစ်အိုက်အောင်တို့ လူငယ်နှစ်ယောက်သည်လည်း ဒူးလေးတွေကိုယ်စီ၊ ဓားကြီးတွေလည်း နောက်ကျောတွင် လွယ်ထားရာ မြင်သူတွေ အားကျစရာ ရင်ဖွင့်လျက် ရွာထဲမှထွက်လာခဲ့ကြ၏။ လူငယ်နှစ်ယောက်မှာ သူတို့ကိုယ်သူတို့ တောပစ်မုဆိုးကြီးတွေပမာ အားတက်နေကြ၏။

ဤခရီးကို လိုက်ချင်၍ အစိုင်းက အစ်မအား နားဆာခဏ ပြောနေရ၏။ တစ်ဖန် သူငယ်ချင်းအိုက်အောင်မှလည်း အစိုင်းကို နားပူနားဆာပြော၏။ သူကိုယ်တိုင်လည်း မုဆိုးပေါ်စမ်းအား ပြောဖူးသည်။ မုဆိုးပေါ်စမ်းက အရေးမလုပ်သည့်အတွက် မတတ်သာ၍ ခပ်ချာချာနေနေကြရာမှ ယခုလို ခေါ်ယူခဲ့သည့်အတွက် အလွန်ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြသည်။

'ယောက်ဖ'



www.burmeseclassic.com

www.burmeseclassic.com



'အင်း…'

'ကျွန်တော်တို့နှစ်ယောက်ပ၊ တောပစ်ချင်တာပ'

'ရော… အခုခေါ်ခဲ့တာပ'

'ဟုတ်ပ၊ မခေါ်ရင် နှစ်ယောက်သား တောပစ်ထွက် မလို့ပအေး'

'ရော်… တောပစ်တာ လွယ်တာမဟုတ်ပ၊ တောထဲ ရောက်သွားရင် ကျားလည်းကြောက်ရ၊ ညဥ့်အခါ တောခွေး အုပ်လည်း သတိထားရတာပ'

'ဟုတ်လား'

'ဟုတ်တာပ၊ နောက်ရှိသေးတာပ၊ ငန်းမြွေကြီးတွေပ၊ တောကြီးငန်းမြွေကြီးတွေ ကြုံတတ်တာပအေး၊ သတိထားရတာပ'

'အဲဒီအကောင်တွေနဲ့ ယောက်ဖ တွေ့ဖူးမှာပအေး'

'တွေ့တာပအေး၊ တောဆိုတာ သူတို့ရဲ့အိမ်၊ သူတို့ရဲ့ ရွာဖြစ်တာပ၊ သူ့ရွာထဲသွားမှတော့ မတွေ့ဘဲရှိမှာပအေး၊ ရင်ဆိုင်တွေ့ကြရတာပ'

'ရော်… ဒါဆို ယောက်ဖ ထွက်ပြေးရတာပအေး'

'ရော… ထွက်ပြေးရင် သေမှာပ၊ ရှောင်ရတာပ၊ သစ်ပင်ပေါ် တက်နေသင့် နေရတာပ၊ ညဥ့်ဆိုရင် မီးပုံကြီး လုပ်ပြီး နေရတာပ'

မုဆိုးပေါ်စမ်းသည် သူ လက်တွေ့ကြုံခဲ့ရပုံအား မပြောပါ။ တွေ့တတ်ကြုံတတ်မှုလောက်သာ ပြောပြ၏။ ပြောပြရင်းလည်း အိုက်အောင်နှင့်အစိုင်းတို့အား အကဲခတ်ကြည့်



၏။ နှစ်ယောက်စလုံး အံ့သြမှုတော့ တွေ့ရှိရပါ၏။ ကြောက်ရွံ့မှုတော့ မပြပါ။ အနည်းငယ်သာ မျက်နှာညှိုးသွားသော်လည်း လှုယ်ပိပိ တက်ကြွမှုတော့ အပြည့်အဝရှိနေသဖြင့် မုဆိုးပေါ်စမ်း ကျေနပ်နေ၏။ စိတ်ထဲမှလည်း ဒီတစ်ခေါက် ဘာကောင်မှ မတွေ့ပါစေနဲ့။ တောခွေး၊ ကျားဆိုးနှင့် ငန်းမြွေကြီးတွေ ဝေးဝေးမှာပဲ နေကြပါဟု တိုးတိုးတိတ်တိတ် ကျိတ်မှိတ် ဆုတောင်းနေမိ၏။

'ယောက်ဖ… ဝါးတောရောက်တော့မှာပ'

'အင်း…'

'ဘယ်ကိုတက်မှာပ'

'ရော်… သစ်ဆိမ့်မြောင်ကြီးသွားမှာပ'

'ကောင်းတာပ'

ရွာမှထွက်တော့ ညနေနှစ်နာရီပဲရှိသေး၏။ ခပ်သွက်သွက်တက်ပါက သစ်ဆိမ့်မြောင်သို့ လေးနာရီခွဲ ငါးနာရီ ရောက်မည်။ ယခု ခြေလှမ်းအတိုင်း ခပ်သွက်သွက် ထွက်ခဲ့ကြရာမှ အင်ကြင်းမြိုင်နားအရောက်…

'အူ… အူ…'

'အူဝေ… အူဝေ… အူဝေ…'

'ရော… ဘာသံပါလိမ့်'

'တောမျောက်အုပ်ရှိတာပ'

'ရော်… ဒါဆို'

'အေး… အင်ကြင်းမြိုင်ရောက်ပြီပ'

'မျောက်ပေါတာပ၊ ရော်… ဟိုမှာ၊ ဟိုမှာပ'

www.burmeseclassic.com

www.burmeseclassic.com



'ရော်… ကိုစမ်း'

'အေး…'

'မျောက်ပစ်မှာပ'

'ရော်… မျောက်က ဘာလုပ်မှာပအေး၊ ချေတို့ ဒရယ်တို့ တောဝက်တို့ပဲ ပစ်ကြတာပအေး'

'ရော်… ဟုတ်တာပ၊ ကောင်းတာပ'

အင်ကြင်းမြိုင်သို့ရောက်တော့ မျောက်အုပ်နှင့် ကြုံကြပါပြီ။ တောမျောက်တွေ အကောင်သုံးလေးဆယ်မျှ တွေ့ရ၏။ သူတို့အား ခြောက်လှန့်၏၊ မာန်ဖီ၏၊ သစ်ကိုင်းတွေ ကိုင်လှုပ်ကြနှင့် အမျိုးမျိုး ခြောက်လှန့်နေကြသော်လည်း မုဆိုးပေါ်စမ်း အလေးမထား ဂရုမစိုက်ပါ။

'အင်း… တစ်ယောက်တည်းလာတော့ တစ်ကောင်မှ မတွေ့၊ လူကို ကြောက်အောင်လုပ်တဲ့ မျောက်တွေပ၊ တော်တော် ဒုက္ခပေးကြတာပ'

ဟုတွေးရင်း တောင်ပေါ်သို့ ဆက်တက်ခဲ့၏။ သူ ရောက်ချင်သော သစ်ဆိမ့်မြောင်ကြီးသို့ စိတ်က လောနေ၏။ ရောက်လည်း ရောက်ပါတော့မည်။ သစ်ဆိမ့်မြောင်ရောက်မှ အေးအေးဆေးဆေး နားမည်ဟူသော အတွေးတွေ ရောက်လိုသောဇောတွေဖြင့် မြန်မြန်သွက်သွက် ဆက်လက်တောင်တက်ခဲ့၏။

တဝေါဝေါ မဟုတ်သော်လည်း ရေစီးသံတော့ ကြားနေရသည့် နမ့်ခါချောင်းဘက်သို့ ကြည့်လိုက်၏။ ဘာမျှမတွေ့၊ မထူးပါ။ မျောက်သံတော့ မကြားရသေး။ အောက်စခန်းမှာ





မျောက်တွေ့လျှင် အပေါ်စခန်းတွင်လည်း တွေ့တတ်မည်ကို မုဆိုးပေါ်စမ်း သတိထားရသည်။

'အစိုင်းနဲ့ အိုက်အောင်ပ'

'ဟုတ်… ဟုတ်…'

'ဟိုမှာပ'

'ရော်… ဘာလဲပ'

'ရော… သစ်ဆိမ့်မြောင်ပအေး'

'ဟုတ်လား၊ မရောက်ဖူးပအေး'

'လာကြ၊ ဒီဘက်ကနေ တက်ကြတာပ'

မုဆိုးပေါ်စမ်းသည် သူတက်နေကျ ကျောက်တုံးများဆီးမှ ကွေ့တက်လိုက်၏။ သူအမြဲအိပ်စက် နားခိုခဲ့သည့် လွှမ်းနှစ်ပင်ဘေးတွင်ရှိသော ကျောက်တုံးကြီးအနားတွင် မီးဖိုအား တွေ့လိုက်သော အစိုင်းသည်…

'ရော်… ဒီမီးဖိုတာ ယောက်ဖ ဖိုတာပအေး'

'ဟုတ်တာပ'

'ကဲ… ထင်းရှာကြတာပအေး'

ပြောပြောဆိုဆို အနားတွင် ထင်းခြောက်များ ကောက်ယူစုပုံလိုက်၏။ မုဆိုးပေါ်စမ်းသည် မီးမွှေးလိုက်၏။ ထင်းမီးဖိုကြီး စတင်မီးမွှေးလိုက်သည်ကို အစိုင်းနှင့် အိုက်အောင်တို့ ကူညီပေးကြသည်။

'အစိုင်းနဲ့အိုက်အောင်ပ'

'ဟုတ်'

'ဒီနေရာဟာ ငါစန်းချတဲ့ နေရာပ၊ အမြဲဒီမှာနေပြီး



www.burmeseclassic.com

www.burmeseclassic.com



ဟောဟိုမှာ တွေ့ကြတာပ၊ သစ်ဆိမ့်ပင်ကြီးတွေ'

'ရော်… ဟုတ်တာပအေး'

'အေး… အဲဒီမှာ ချေရယ်၊ ဒရယ်၊ တောဝက်လာတာပ။ နောက်ပြီး ဟောဟိုမှာရှိသေးတာပ။ ထောက်ကြံ့ပင်ကြီးတွေမှာ တောမျောက်တွေ တစ်ခါတစ်ခါရှိ အုပ်လိုက်လာတာပ၊ တောမျောက်တွေလာရင် ကောင်းတာပ၊ ခြောက်တော့ ခြောက်ရတာပအေး၊ ဒါ[illegible]မှ ချေတို့ ဒရယ်တို့ထွက်ကြတာပ'

'ရော… ခု တစ်ကောင်မှ မတွေ့'

'စောသေးတာပအေး၊ ညနေ့ဦးပိုင်းမှာ အများဆုံးထွက်တာပ'

'ဒါဆို တောကောင်တွေ တစ်ညလုံး လာတာပ'

'ရော်… ဘယ်ဟုတ်မှာပအေး၊ တောကောင်တွေဟာ ညဦးပိုင်းမှာ အများအပြား ထွက်တာပ။ ညနက်ရင် မထွက်၊ တစ်ခါ မိုးလင်းစမှာ ထွက်ပြန်တာပအေး။ မုဆိုးဆိုတာ သားကောင်တွေထွက်တာ သိရတာပ။ နောက်ပြီး ခြေရာခံတတ်ရတာပ။ ခြေရာကြည့်ပြီး အထီးအမ မဟုတ်တောင် ချေလား၊ ဒရယ်လားဆိုတာလည်း ကြည့်တာနဲ့ သိရမှာပအေး'

'ယောက်ဖ သင်ပေးနော်'

'ရော်… သင်ပြနေတာပအေး'

မုဆိုးပေါ်စမ်း၏ သင်ပြမှုအား လေ့လာလိုက်စားကြသော မုဆိုးပေါက်စကလေး နှစ်ယောက်မှာ သဘောကျနေ၏။ ကြည်နူးနေကြ၏။ စိတ်အားထက်ထက်သန်သန် သေသေချာချာ မှတ်သားနေ၏။ မုဆိုးပေါ်စမ်းတစ်ယောက် မနေ့ တစ်နေ့





ညတွေလို မဖြစ်ပါစေနှင့်ဟု ဆုတောင်းနေမိစဉ်…

'အုဂူ… အု… အု…'

'ခွီး… အု… အု…'

'အုဝေ… အုဝေ… အုဝေ…'

အသံအမျိုးမျိုး ဒေါသသံ၊ ခြောက်လှန့်သံ၊ ကြောက်ရွံ့သံ စသည်ဖြင့် အသံမျိုးစုံနှင့် မျောက်အုပ်သည် ထောက်ကြံ့ပင်တွေမှတစ်ဆင့် သစ်ဆိမ့်ပင်ကြီးတွေသို့ ကူးလာကြပါ၏။ အကောင် တော်တော်များ၏။ တစ်ယောက်တည်းဆိုလျှင်တော့ သိပ်မလွယ်ပါ။ သို့အတွက်ကြောင့် ထင်းပုံကြီးနှင့် မီးမွှေးပြီး အမြဲနေခဲ့၏။ တောကောင်မှန်သမျှ မီးတော့ကြောက်ကြသည်ကို မုဆိုးတိုင်း သိကြ၏။

'ယောက်ဖ'

'အေး…'

'မျောက်တွေကို ပစ်ကြည့်ချင်တာပ'

'ရော်… ဒီလောက်ဝေးတာပ၊ အနားလာရင်တော့ ပစ်တာပအေး'

'လက်တည့်စမ်းချင်တာပအေး၊ နော့ အိုက်အောင်'

'ဟုတ်တာပ၊ ပစ်ချင်တာပ'

'ရော… နေကြသေးတာပ၊ ချေနဲ့ဒရယ်ကို အရင်ပစ်တာပ၊ ချေနဲ့ဒရယ်ရပြီးတော့ မျောက်ပစ်ချင် ပစ်ကြတာပ'

'ဟုတ်တာပနော့'

ယခုအချိန်ထိ ပစ်ရန်သာ တွေးနေသော လူငယ်နှစ်ယောက်အား မုဆိုးပေါ်စမ်း သဘောကျနေ၏။ သို့သော် သူ



www.burmeseclassic.com

www.burmeseclassic.com



တွေ့ကြုံခဲ့ရသော အဖြစ်မျိုး မကြုံပါစေနဲ့။ ကျားလည်း မလာပါစေနဲ့ ရဝေးဝေးက အသံတော့ ကြားချင်ကြားရပါစေဟုသာ တွေးနေမိ၏။ တဖြည်းဖြည်း မှောင်လုလာပါပြီ။ သို့အတွက် မုဆိုးပေါ်စမ်းသည် ထမင်းကြိုတင်စားကြရန် စီစဉ်လိုက်ပြီး သုံးယောက်သား ချွေသားကြော်၊ ငရုပ်သီးထောင်းဖြင့် ထမင်းစားကြသည်။

'အစိုင်း…'

'အေး…'

'ဟောဟို အပင်ပေါ် တက်ကြည့်တာပ'

'ဘာဖြစ်တာပ'

'ရော… တက်သာတက်ကြည့်တာပ'

အစိုင်းသည် ယောက်ဖပြောသည့်အတိုင်း သစ်ပင်ကြီးပေါ်သို့ လျင်မြန်သွက်လက်စွာ တက်လိုက်၏။ တောသားလူငယ်အပင်တက်ရသည်မှာ မခက်၊ မကြောက်ပါ။ တက်ပြီး အကိုင်းပေါ် ထိုင်နေ၏။

'ကဲ… ပြန်ဆင်းခဲ့တာပ၊ အိုက်အောင်က ဒီအပင်ပေါ်တက်တာပ'

'ဟုတ်… ဟုတ်…'

အိုက်အောင်သည်လည်း အားကျမခံ မုဆိုးပေါ်စမ်း တက်ခဲ့သည့် အပင်ပေါ်သို့ လျင်မြန်ဖျတ်လတ်စွာ တက်၏။ အပင်ပေါ်ရောက်ပြီး တောသားတွေပီပီ အပင်တက်ရသည်မှာ မကြောက်ကြပါ။ အပင်ပေါ်ရောက်ပြီးနောက် အောက်ပြန်ရောက်ခဲ့ကြ၏။





'မင်းတို့နှစ်ယောက် ပြောရမှာပအေး၊ မတော်တဆ ကျားတို့ တောခွေးအုပ်တို့လာရင် အပင်ပေါ်တက်ကြတာပနော့'

'ရော်… ယောက်ဖကော ဘယ်အပင်ပေါ် တက်မှာပအေး'

'ငါ့အတွက် မပူပ၊ ဒီနှစ်ပင်ပေါ် တက်မှာပ၊ အစိုင်းဘက် အပင်ပေါ်တက်လည်းရတာပအေး'

'ဟုတ်တာပနော့၊ ဒီအပင်ပေါ်ကနေ တက်ရင်ရတာပ'

မှန်ပါသည်။ အကင်းပါးသော အစိုင်းသည် သူ၏ ကျွန်းပင်ကြီးဘေးတွင် ကပ်ပြီး အတက်လား၊ အပင်ပေါက်လားမသိပါ။ လူတစ်ယောက် ကောင်းကောင်းတက်ရောက်နေနိုင်ပါ၏။ သို့သော် ခွဆုံမရှိသဖြင့် အစိုင်း၏အပင်ဘက် ကူး၍ ရနိုင်သည်ကိုလည်း သိထားပြီးသားမို့ မုဆိုးပေါ်စမ်း အရေးမထားပါ။

မိုးချုပ်စဝယ် ထင်းမီးဖိုကြီး၏ မီးအလင်းရောင်သည် အရှိန်ရလာပါပြီ။ သို့အတွက် မုဆိုးပေါ်စမ်းတစ်ယောက် အဖော်တွေလည်း ပါလာသဖြင့် အားရှိနေ၏။ စိုးရိမ်မှုတွေတော့ ရှိတော့ရှိ၏။ သို့သော်လည်း သုံးယောက်သား ကြောက်စိတ်တွေ ပျောက်ကွယ်ပါသော်လည်း လူငယ်တွေ အတွေ့အကြုံတွေ မရှိသောကြောင့် စိုးရိမ်မှုတစ်ခုတော့ တိုးခဲ့သည်က အမှန်ပင်။

'ဝေါင်း… ဝေါင်း… ဝေါင်း'

www.burmeseclassic.com

www.burmeseclassic.com



'ဝေါင်း… ဝေါင်း'

'ဝေါင်း… ဝေါင်း… ဝေါင်း'

'ရော်… ကျားသံပအေး'

'အစိုင်း သိတာပ'

'သိတာပ၊ ဝါးခုတ်လာတုန်း တောင်ပေါ်က ကျားဟိန်းတာ ကြားဖူးတာပ'

'ယောက်ဖ'

'အင်း'

'အသံနီးတာပ'

'အေး… ကြောက်စရာမလိုတာပအေး'

'သတိတော့ထားကြရတာပ၊ အသံက နည်းနည်းနီးတာပ'

မုဆိုးပေါ်စမ်းမှ သတိပေးလိုက်ရင်း မကြောက်ရန်လည်း အားပေး၏။ သူ့ရင်ထဲမှာတော့ အမှန်ပင်စိုးရိမ်မိ၏။ တစ်နေ့ကတွေ့ရသော ကျားကြီးသည် တောင်ပေါ်မှ အသံကြားရပြီးမှ ရောက်လာ၏။ အခု အသံကြားရသည်မှာ တော်တော့်ကို နီးနေသဖြင့် သတိထားရန် ပြောပြီးနောက် သူ၏ ဒူးလေးနှင့်မြားကို အသင့်ပြင်ထား၏။

'အစိုင်းနဲ့ အိုက်အောင်ပ'

'ဟုတ်…'

'အေး…'

'ဒူးလေးတွေ အသင့်ပြင်ထားကြတာပ၊ လိုအပ်ရင် အပင်ပေါ် တက်ကြတာပအေး'





'အသင့်ပ၊ မြားတွေပါ လွယ်ထားတာပ'

'ကောင်းတာပ၊ အသံက နည်းနည်းနီးနေလို့ ဂရုစိုက်ကြရမှာပ'

လူငယ်တွေ သိပ်ကြောက်သွားမည်ကို စိုးရိမ်မိ၏။ မုဆိုးပေါ်စမ်းမှာ သူကိုယ်တိုင် တစ်နေ့က တွေ့ကြုံခဲ့ရမှုအပေါ် စိုးရိမ်ကြောင့်ကြမှု ရှိခဲ့သဖြင့် ယခုတစ်ဖန် ထပ်မံတွေ့ရမည့်အရေးတွေး၍ စိုးရိမ်မိသည်တတော့ အမှန်ပင်။ သို့အတွက်ကြောင့် မျက်စိလျှင်လျှင် နားပါးပါး သတိထားနေရ၏။

တော်တော်လေး မှောင်လာသည်တွင် မုဆိုးပေါ်စမ်းမှ သူတို့ကျောက်တုံးကြီးဘေးတွင်ရှိသော ကျွန်းပင်ကြီးနှစ်ပင်အောက်ဝယ် တစ်ယောက်စီ နေရာချထားပေး၏။ သူ့မှာတော့ နှစ်ယောက်စလုံးအတွက် လက်လှမ်းမီရန် အလယ်ကျောက်တုံးတစ်တုံးဘေးမှာပင် နေရာယူထား၏။

'အစိုင်းနဲ့ အိုက်အောင်ပအေး၊ ငါ ဒီမှာရှိတာပ၊ လက်နိပ်ဓာတ်မီးတွေလည်း အသင့်ပြင်ထားတာပ၊ ငါက မီး[illegible]ဆိုမှထိုး၊ ပစ်ဆိုမှပစ်ကြတာပ၊ ကြောက်လန့်ပြီး ထွက်မ[illegible]ပြေးနေကြနဲ့ပ၊ ထွက်ပြေးရင် အန္တရာယ်ဖြစ်တတ်တာပ'

'စိတ်ချတာပ'

'ရော်… ကြောက်တာတို့ လန့်တာတို့ဖြစ်ရင် အပင်ပေါ်သာ တက်နေကြတာပနော့'

'ဟုတ်… ဟုတ်'

'မုဆိုးဆိုတာ မကြောက်ရ၊ သတိထားရ[illegible]က ပစ်ခတ်မယ့် မုဆိုးပ၊ သူတို့ကို မကြောက်[illegible]



www.burmeseclassic.com

www.burmeseclassic.com



ပစ်ရမှာပအေး'

'ရော်… မေ့နေတာပ၊ သားကောင်ပစ်ရင် လည်ပင်းတို့ ဗိုက်တို့မပစ်ရ'

'ရော်… ဘယ်နေရာ ပစ်ရမှာပ'

'အစိုင်းပ ပြောမှာပ၊ လက်ပတ်ကိုချိန်ပြီး ပစ်ရမှာပ၊ လက်ပတ်ပစ်တဲ့အခါ သေနတ်မဟုတ်၊ ဒီတော့ လက်ပတ်ဖြစ်တဲ့ ရှေ့လက်အပေါ်မှာရောက်ရ၊ နောက်နားရောက်ရောက် နံရိုးအကြားထဲလောက် ရွေးပစ်ရတာပ၊ ရှေ့လက်အပေါ်ဆို အရိုးတွေရှိတော့ မြားမတိုး၊ သတိထားရတာပ'

'ဟုတ်… ဟုတ်…'

'မုဆိုးပစ်ခတ်တာ လက်ပတ်ပဲဖြစ်တာပ၊ တစ်ချက်တည်း နှလုံးကို ထိုးဖောက်ပြီး ပြေးလည်းဝေးဝေး မပြေးနိုင်လဲတာပအေး၊ မြားတန်းလန်းဆိုတော့ မှန်သွားတဲ့ သားကောင်ပိုပြီး မပြေးနိုင်တာပ'

'ဟုတ်… ဟုတ်'

ပစ်ခတ်ရမည့်နေရာ သားကောင်လဲနိုင်သည့်နေရာဆိုရာဝယ် တစ်ချက်တည်းနှင့် ပိုင်ပိုင်နိုင်နိုင် ထိထိမိမိဖြစ်စေရန်လည်း မှာကြားပါ၏။ သတိထားရပါ၏။ ပစ်ခတ်မှုတွင် သူ၏တာဝန်ပေး ပစ်ခတ်ခိုင်းမှ ပစ်ရန်မှအစ အသေးစိတ်မှာကြားရသည့်အပြင် ကြောက်လန့်၍ ထွက်ပြေးပါက အလွန်အန္တရာယ်ကြီးတတ်သဖြင့် ကြောက်ရွံ့ထိတ်လန့်သည်ရှိသော် အန္တရာယ်ကင်းစေရန် အပင်ပေါ်သို့သာ တက်ပြေးရန် မှာကြားထားရသည်။





မုဆိုးပေါ်စမ်းသည် ပြောသာပြောနေရ၏။ သူ့စိတ်ထဲမှာ ကျားကြီးအား လန့်နေသည့်အပြင် တောခွေးတွေ၏ အသံလည်း နားစွင့်နေ၏။ ကျားမလာလျှင် တောခွေးလာတတ်၏။ တောခွေးတွေ လာခဲ့ပြီးနောက် ကျားရောက်ခဲ့သော် တောခွေးတွေ ပြေးတတ်ကြသော်လည်း အဝေးသို့မပြေးကြ။ တစ်နေရာရာတွင် ခိုအောင်းရင်း ကျား၏တပည့်တွေပီပီ စားကြွင်းစားကျန်များနှင့် ကျားအလစ် ဝင်ရောက်စားသောက်ရန် ချောင်းမြောင်းနေတတ်သည်ကို မုဆိုးပေါ်စမ်း ကောင်းစွာသိထား၏။

သိထားလင့်ကစား ကျားသံနီးသော်လည်း တောခွေးတွေအသံ မကြားရ၍ စိုးရိမ်မှုမှအပ၊ ကြောက်ရွံ့မှုတော့ မရှိပါ။ တော်ပါသေး၏။ တောခွေးအသံ မကြားရသလို ကျားကြီးလည်း အသံမှအမ အကောင်မမြင်ရ၍ စိတ်သက်သာနေစဉ်··

'အစိုင်းနဲ့ အိုက်အောင်၊ ကျားသံတော့ ကြားရတာပ၊ ဒါပေမဲ့ အကောင်မတွေ့ရ၊ တို့ချောင်းနေတာလည်း ဖြစ်နိုင်တာပ၊ ဒါပေမဲ့ မကြောက်နဲ့၊ မီးဖို့ရှိရင် မလာရဲတာပ'

'လာလည်း သုံးယောက်ပအေး၊ ကြောက်စရာမလို၊ လာရင်ပစ်မှာပ'

'အစိုင်း မရဲနဲ့ပ၊ သူက တောကောင်ပ၊ သတိတော့ ထားရမှာပ'

'ဟုတ်… ဟုတ်၊ စိတ်ချပ၊ ယောက်ဖပြောမှ ပစ်မှာပအေး'

မုဆိုးပေါ်စမ်း အတွေးရကျပ်နေ၏။ ကျားကြီးမှာ အသံပင် မကြားရတော့သဖြင့် ဒီပတ်ဝန်းကျင်တွင် ရှိနေမည်



www.burmeseclassic.com

www.burmeseclassic.com



ကို ကောင်းစွာ သိထားရ၏။ တော်ပါသေး၏။ သူ၏မီးဖိုဘေးမှ မီးတောက်တွေမှာ အမှောင်ထုကို ထွင်းဖောက်မြင်စွမ်းနေ၍ တစ်ပန်းသာနေရပါသည်။

'ဝေါက်'

'ဝေါက်'

'ဝေါက်'

'ရော်… ဘာသံပအေး'

'ချေဟောက်တာပ'

မှန်ပါသည်။ ချေတစ်ကောင်၏ အသံကြားရသော အစိုင်းနှင့် အိုက်အောင်တို့ တောထဲမှာ တောပစ်မထွက်ဖူးသည့်အတွက် မဝေခွဲတတ်သည်ကို မေးမိရာမှ ချေမှန်းသိရသောအခါ ပစ်တော့မည်ဟူသောသဘောဖြင့် ဝမ်းသာသွားကြ၏။

'အစိုင်းနဲ့ အိုက်အောင်ပ'

'ဟုတ်… ဟုတ်…'

'အေး… ချေ ဒီဘက်လာနေတာပ၊ အသံနားထောင်ကြည့်၊ လာနေပြီ'

'ဟုတ်တာပ၊ အသံက တဖြည်းဖြည်း နီးလာနေပြီ။ ယောက်ဖ ပစ်ဖို့ပြင်ထားတာပ'

'ငါ သိတာပ'

'ကိုစမ်း ပ၊ မီးထိုးပစ်ရမှာပအေး'

'ဟုတ်တာပ၊ ငါ့ဒူးလေးမှာ မီးတပ်ဖို့ဆင်ပြီးသားဝ'

'ရော်… ဟုတ်တာပ၊ ကောင်းတာပ'

'ရှူး… တိုးတိုး'





'ဝေါက်… ဝေါက်… ဝေါက်'

'ဝေါက်… ဝေါက်'

'ဝေါက်… ဝေါက်… ဝေါက်'

'ရော်… ချေထွက်ပြီ ထင်တာပအေး'

အစိုင်းသည် ချေသံနားထောင်ရင်း နီးသည်ထက်နီးလာသည့်အပြင် သစ်ဆိမ့်ပင်အောက်သို့ ချေရောက်နေပြီ။ ချေတွေထွက်နေကြပြီဟု တွေးမိသည့်အတွက် ပြောလိုက်သည်တွင် မုဆိုးပေါ်စမ်းသည်…

'ရှူး… တိုးတိုး'

'ဟုတ်… ဟုတ်'

သစ်ဆိမ့်ပင်အောက်သို့ နားစွင့်လိုက်၏။ အသံတွေတော့ ကြားနေကြ၏။ ဘာကောင်တွေရောက်သည် မသိရပါ။ သားကောင်တွေ၏ခြေသံ၊ အစာလုသံတွေပင် ဖြစ်ကြောင်းကောင်းကောင်း သိလိုက်ပါပြီ။ သူတို့နေရာနှင့် သစ်ဆိမ့်ပင်၏အကွာအဝေးမှာ ပေသုံးဆယ်မျှသာဝေး၏။ သို့အတွက် ပစ်ခတ်မှု ထိရောက်နိုင်သော အကွာအဝေးဖြစ်၍ မီးထိုးပစ်ရန်မုဆိုးပေါ်စမ်း ဆုံးဖြတ်ပြီးနောက် အသံတိုးတိုးကလေးဖြင့်သူတို့နှစ်ယောက်အား ပြောလိုက်၏။

'အစိုင်းနဲ့ အိုက်အောင်ပ၊ ငါ မီးထိုးပစ်မှာပအေး၊ မင်းတို့ တောထဲက ကျားသံမကြားရတော့၊ ဒီပတ်ဝန်းကျင်မှာ ရှိချင်လည်းရှိမှာပ၊ အသံမထွက်ဘဲ နေကြတာပအေး'

'စိတ်ချပအေး'

'ရော်… ငါ ပစ်တာ လိုက်မပစ်ကြနဲ့၊ အသင့်တော့



www.burmeseclassic.com

www.burmeseclassic.com



ပြင်ထားတာပ'

'အသင့်ပဲ ယောက်ဖ'

'မလှုပ်ကြ၊ ငြိမ်ငြိမ်နေကြတာပ'

မုဆိုးပေါ်စမ်းသည် ပြောပြောဆိုဆို သူ၏လက်နှိပ်ဓာတ်မီးဖြင့် ဒူးလေးကိုပါ ချိန်ပြီးသား မီးထိုးလိုက်သည်တွင် သစ်ဆိမ့်ပင်ကြီးအောက်ဝယ် ပထမဆုံး တွေ့လိုက်ရသည်မှာ သူတစ်ခါမျှ ကောင်းကောင်းမွန်မွန် မီးထိုးပစ်ခတ်စဉ် မတွေ့ကြုံခဲ့ဖူးသော မျက်လုံးနှစ်လုံးကို တွေ့လိုက်ရသည်။

ထိုမျက်လုံးနှစ်လုံးမှာ ရဲရဲတောက်နေရင်း ဦးခေါင်းကြီး အောက်သို့ငုံ့လျက် အဝါစင်းတွေနှင့် အနက်အဖြူရောနှောနေသော ကျားကြီးတစ်ကောင်အား ကောင်းစွာတွေ့လိုက်ရသည်တွင် တအံ့တသြဖြစ်သွားကြသော်လည်း မပစ်ခတ်ရဲတော့ပါ။ ပစ်ခတ်ရန်လည်း စိတ်မကူးမိ၊ ကြောက်လန့်ရင်းကြောင်တောင်တောင် ဖြစ်နေသည်။

'ရော်... ယောက်ဖ၊ ကျားကြီးပအေး'

'အကြီးကြီးပ'

'အင်း... ဟုတ်တာပ၊ ဒီကောင်ကြီး တို့ပစ်ကွင်းထဲရောက်နေတာပ'

'ဘယ်လိုလုပ်မှာပ၊ ပစ်ရင်ကောင်းမလား'

'မပစ်ရ၊ ကျားဆိုတာ တောမုဆိုးပ၊ ဓာတ်တူသားမစားရ၊ ငါ့ဆရာမှာတာပအေး၊ ကျားကို ရှောင်ရမှာပ၊ ရန်မူမှပစ်တာပအေး၊ သတိထားကြတာပ'

'ဟော... ကျားကြီး နောက်ဆုတ်တာပ'





ဟုတ်ပါသည်။ ကျားကြီးသည် လက်နှိပ်မီးရောင်ကြောင့် ပြူးကြောင်ကြောင်ဖြစ်နေရာမှ ဦးခေါင်းကြီး မြေနှင့်မခွာဘဲ ကပ်ထားသလိုလို ရှေ့လက်နှစ်ဖက်မှာ မြေပေါ်သို့ဝမ်းလျားမှောက်ထားရသည်လားမသိ ဖြစ်နေရာမှ အသာထရင်း နောက်သို့ မသိမသာ တဖြည်းဖြည်း ဆုတ်ခွာသွားနေပါသည်။

'ကောင်းတာပ၊ ဒီကောင်ကြီးမရှိမှ ချေထွက်တာပအေး'

'ဟုတ်တာပနော့'

'အေး...'

မှန်ပါသည်။ ကျားကြီးရှိနေသမျှ ကာလပတ်လုံး သားကောင်တွေ မထွက်တော့ပါ။ ချေ၊ ဒရယ်၊ တောဝက်တို့သည် လူမုဆိုး ကျားမုဆိုးတို့၏ ဟင်းလျာအစားအစာဖြစ်နေသဖြင့် ဝေးဝေးကရှောင်ကြမည်သာ။ လူနှင့်ကျားကို ကြောက်၍ မိုးချုပ်နေဝင် ညဥ့်မနက်ခင်သာ အစာရှာစားကြပြီး တစ်ဖန်မနက်မိုးလင်းပိုင်းတစ်ချက် အလစ်အငိုက် အစာရှာတတ်ကြသည်ကို ကျားကြီးမုဆိုးလည်း အသိ။ လူမုဆိုးပေါ်စမ်းလည်း အသိပင်။ ထိုအချိန်အတွက် သားကောင်တွေ၏ စားကျက်မြေရှာဖွေ၍ စောင့်ပစ်စောင့်ဖမ်းကြသည်မှာ လူမုဆိုးတို့၏ လုပ်ငန်းတစ်ခုပင်။

'ယောက်ဖ'

'အေး'

'ရော်... တော်တော်မိုးချုပ်တာပ'



www.burmeseclassic.com

www.burmeseclassic.com



'အင်း… ဒီအချိန်ဆိုရင်တော့ ဘောကောင်မထွက်တော့၊ မနက်စောစော ထွက်မှာ သေချာတာပ'

မုဆိုးပေါ်စမ်းသည် လက်နှိပ်မီးအား မသုံးတော့ပါ။ အသံနားထောင်ရင်း ညဥ့်ကလည်းနက်လာသည့်အတွက် ဒီညဥ့်အဖို့ ပစ်ရတော့မည်ဟု သူ မထင်တော့။ သို့အတွက် လက်နှိပ်ဓာတ်မီးအား အသုံးမပြုဘဲ နားကိုသာစွင့်ထားရင်း စောင့်နေ၏။ နားစွင့်ရပါသော်လည်း ဘာကောင်မှုမထွက်။ ဘာသံမျှ မကြားရ။

'အစိုင်းနဲ့ အိုက်အောင်ပ'

'ဟုတ်… ဟုတ်'

'ရော်… အိပ်ချင်သူ အိပ်ကြတာပ၊ ငါတော့ မအိပ်တစ်ယောက်ယောက် အိပ်တာပအေး'

'ရော်… မအိပ်ချင်ပ၊ ဘောပစ်ထွက်တာပ၊ အိပ်ဖို့မဟုတ်၊ ယောက်ဖနဲ့အတူ သားကောင်စောင့်မှာပ'

'မအိပ်ရင် ကောင်းတာပ'

သုံးယောက်သား စကားလည်း မပြောတော့ပါ။ နားစွင့်နေရင်း သက်သက်သာသာ နေခဲ့ကြ၏။ မြန်မြန် မိုးလင်းစေချင်သည်။ မိုးလင်းမှ မြင်မြင်ထင်ထင် သားကောင်ပစ်ရန်ဆုံးဖြတ်ရပါ၏။ သူတို့ပစ်မည့် ပစ်ကွင်းထဲသို့ သားကောင်တွေ ဝင်မလာတော့ဟု သိထားသဖြင့် အသံလည်းမကြားရ၍ မီးမကစားတော့ပါ။

'ဝေါက်'

'ဝေါက်'





'ဝေါက်'

'တော်တော်ဝေးတာပအေး'

'ရော်… ဘောခွေးသံတွေပ'

'အုဂူ… အုဂူ… ဂူ ဂူ'

'အုဂူ… အုဂူ'

'ချေတစ်ကောင်တော့ ပြေးမလွတ်ဖြစ်ပြီ'

'ရော်… ဘာဖြစ်တာပ'

'ဘောခွေးအုပ် ချေလိုက်နေတာစ'

'တော်တော် ညဥ့်နက်နေတာပ'

မှန်ပါသည်။ သန်းခေါင်ယံတွင် ဘောခွေးများသည် အစာရှာပြီးအပြန် ချေအားတွေ့၍ ဝိုင်းလိုက်သဖြင့် ချေမှာ ကြောက်ကြောက်လန့်လန့်ဖြင့် အော်ဟစ်ပြေးသွားပုံရသည်ဟု မုဆိုးပေါ်စမ်း တွေးရင်း ပြောပြလိုက်သည်။ သူလည်း ကြုံခဲ့ဖူးပါသည်။ လသာသော ညဥ့်တစ်ညဝယ် ချေတစ်ကောင်အား ဘောခွေးတွေ ဝိုင်းလိုက်၏။ ချေမှာ ပြေးစရာမရှိတော့ဘဲ တောင်ပေါ်သို့ ပြေးအတက် ဘောခွေးတွေ ဝိုင်းကိုက်သည်ကို ကောင်းစွာ တွေ့ခဲ့ဖူးပါသည်။ ယခုလည်း ဤနည်းအတိုင်းဖြစ်ရမည်ဟု တွေးနေလိုက်၏။

'ဝေါင်း…'

'ရော်…'

'ဝေါင်း… ဝေါင်း…'

'အစိုင်းတို့၊ သတိထားကြတာပ၊ ကျားသိပ်မဝေးဝတ်ဝန်းကျင်မှာ ရှိနေတာပ၊ တို့ကို သူ သိနေပြီပအေး'



www.burmeseclassic.com

www.burmeseclassic.com



'ရော်… ဘာလုပ်မှာပ'

'ဘာမှမလုပ်၊ ဒီမှာပဲနေကြတာပ၊ နားတော့စွင့်နေကြ'

'စိတ်ချပအေး၊ လာရင်တော့ ပစ်မှာပ'

'အစိုင်း၊ ကျားဆိုတာ မပစ်ရလို့ ပြောတာပ'

'ရော်… ရန်မူရင်တော့ ပစ်မှာပအေး'

မုဆိုးပေါစမ်းသည် ယောက်ဖဖြစ်သူ၏ တဖွတ်ထိုးပြောတတ်၊ လုပ်တတ်မှုအတွက် နောက်ထပ်စကား မပြောတော့ပါ။ အခြေအနေသာ စောင့်ကြည့်နေလိုက်၏။ တော်ပါသေး၏။ နောက်ထပ် ကျားသံလည်း မကြားရတော့။ ချေဟောက်သံ၊ တောခွေးသံတွေလည်း ငြိမ်သွားပါပြီ။ ချေတစ်ကောင်တော့ဖြင့် တောခွေးအစာဖြစ်သွားပြီဟု တစ်ထစ်ချ သိလိုက်ပါ၏။

မုဆိုးပေါစမ်းနှင့် သုံးယောက်စလုံး မြန်မြန်မိုးလင်းစေချင်သည်။ မိုးလင်းမှ ပစ်ရမည်ဆိုသောအသိကြောင့် မိုးလင်းပါစေဟု ဆုတောင်းနေကြခြင်းသာ ဖြစ်ပါသည်။ ဆုတောင်းသည့်အတိုင်း မိုးလင်းတော့မည်ဆိုသည့် တောတွင်းမှ တောကြက်ဖတွေ၏ အတောင်ရိုက်သံနှင့် တွန်သံတွေ ကြားရပါပြီ။

'ဖောက်… ဖောက်… ဖောက်… ဖောက်'

'အော်… အီ အီး အွတ်'

'အောက်… အီ အီး အွတ်'

'ရော်… မိုးလင်းတော့မှာပ'



'ဟုတ်တာပ အစိုင်း၊ အရဏ်ကြက်တွန်တာပ'

'ယောက်ဖ…'

'ဘာလဲ အစိုင်း'

'မိုးလင်းရင် ဒီမှာပဲ စောင့်မှာလားပ'

'စောင့်မှာပအေး၊ ထွက်တော့ပစ်ရတာပ'

'မုဆိုးလုပ်တာ မလွယ်ပနော့၊ သတ္တိ ရှိရမှာပ၊ မကြောက်မရွံ့ တစ်ယောက်တည်းလည်း တောနက်ကြီးထဲ နေရတယ်'

'အစိုင်း ကြောက်နေတာပ'

'ယောက်ဖ၊ အစိုင်းမကြောက်၊ သာရဲလည်းမကြောက်၊ အယ်… ကျားတော့ နည်းနည်းကြောက်တာပ'

'ခွိ… ခွိ… ခွိ… ခွိ…'

'ရော်… အိုက်အောင်ပ၊ ဘာရယ်တာပအေး'

'အစိုင်း…'

'ပြောတာပ'

'သရဲမကြောက်တာ မှန်တာပနော့'

'ရော်… ခက်တာပ'

'ဟိုနေ့ညက အပေါက်နှိုက်သွားတုန်း သရဲခြောက်တာပ'

'ရော်… အိုက်အောင်ပ၊ ပထမတော့ လန့်သွားတာပ၊ နောက်တော့ မကြောက်ပ'

အိုက်အောင်နှင့် အစိုင်း သူတို့နှစ်ယောက်အဖြစ်ကို ပြန်တွေးမိကြသည်။ သူငယ်ချင်းနှစ်ယောက် လူပျိုတို့၏

www.burmeseclassic.com

www.burmeseclassic.com



ထုံးစံအတိုင်း အစိုင်းကြိုက်နေသော နန်းအေးမှုအိမ်ဘက်အသွား လမ်းမပေါ်ဝယ် ဆေးလိပ်သောက်ရင်း လမ်းလျှောက်လာသူ ထံမှ အစိုင်းသည် ရပ်လိုက်ရင်းမှ…

'အစ်ကိုပ၊ မီးတစ်တို့ပေးတာပ'

ပြောပြောဆိုဆို လက်ကမ်းလိုက်သဖြင့် လမ်းမပေါ်မှ ဆေးလိပ်သောက်လာသူ၏ ဆေးလိပ်မီးရဲရဲအား ပေးလိုက်၏။ အစိုင်းသည် ချစ်သူထံသွားရန်စိတ်စောနေသဖြင့် ဆေးလိပ်မီး ညှိရာ တော်တော်နှင့် မစွဲ။ သို့အတွက် စိတ်တိုလာပြီး တအားပင် ဆေးလိပ်နှစ်လိပ် ထိပ်ချင်းထိတွေ့ကပ်ပြီး မီးဖွာလိုက်တော့မှ သူ၏ဆေးလိပ်တွင် မီးစွဲသဖြင့် မီးတဖွားဖွား အလင်းရောင်ဖြင့် ထိုသူ၏ဆေးလိပ်အား ပေးလိုက်လေသည်။

ထိုသို့ ဆေးလိပ်ပြန်ပေးကာမှ အစိုင်း အလွန်အမင်း အံ့ဩသွားသည့်အပြင် အိုက်အောင်သည်လည်း မင်းသက်မိသလို ခံစားလိုက်ရပါတော့သည်။ ဆေးလိပ်တို လှမ်းယူသူမှာ မည်းမည်းကြီး၊ သူ၏လက်အား ကြည့်လိုက်သည်တွင် အမွေးအမျှင်တွေနှင့် လူလက်မဟုတ်၊ ဝက်ဝံတစ်ကောင်၏ လက်ကြီးဖြစ်နေသည့်အပြင် မသက်ာ၍ အစိုင်းသည် သူ၏ဆေးလိပ်မီးအား ဖွာရှိုက်၍ မီးအလင်းရောင်ဖြင့် ကြည့်လိုက်သောအခါ မျက်နှာတစ်ခုလုံး မည်းမည်းကြီးဖြစ်နေ၍ မသက်ာသည့်အတွက်…

'အိုက်အောင်ပ'

'အေး…'

'ဘယ်သူလဲကွ'





'ရော်… သရဲပအေး'

'ဟာ… ဟုတ်တာပ၊ သရဲ၊ သရဲ၊ ရော် သရဲကြီးပ'

အစိုင်း အားရပါးရအော်ပြီး ထွက်အပြေး အိုက်အောင်နောက်က လိုက်ပြေးကြစဉ် ကံဆိုးချင်သော အစိုင်းသည် ကျွဲချေးပုံအား နင်းမိ၍ ချော်လဲသကဲ့သို့ အိုက်အောင်ပါ ဝင်တိုက်လဲကျပြီး နှစ်ယောက်စလုံး ကျွဲချေးတွေ လူးသွားခဲ့၏။

'ရော်… ဘာဖြစ်ကြတာပ'

'ဘယ်သူတွေပအေး'

'ရော်… ဘယ်သူလဲပ'

ရွာထဲမှ မီးတုတ်တွေ၊ ဓားတွေ၊ လှံတွေကိုင်၍ အိမ်ပေါ်မှ အသံများနှင့်အတူ ဆင်းလာကြသည်တွင် အစိုင်းနှင့် အိုက်အောင်လည်း လဲနေရာမှ ကုန်းကြဲ့ထလိုက်ရင်းမှ…

'ရော်… အဘလုံ၊ အဘလုံ၊ သရဲပ၊ သရဲ'

'ရော်… သရဲတဲ့၊ ပြေးကြ၊ ပြေးကြ၊ ပြေးကြ'

'ရော်… သရဲကြီးတွေတဲ့ ကြောက်စရာပအေး၊ ပြေးကြ'

'ရွာထဲ သရဲဝင်တာပ၊ လူတွေလိုက်ဖမ်းနေတာပ၊ အိမ်ပေါ်တက်ကြ'

တစ်ရွာလုံး ကြွက်ကြွက်ညံသွား၏။ အဘလုံကို ပြောလိုက်မိသော အစိုင်းစကားကြောင့် အင်မတန်ကြောက်တတ်သော အဘလုံ၏အသံကြောင့် တစ်ဆင့်ပြီးတစ်ဆင့် သရဲမှ သရဲကြီးဖြစ်သွား၏။ တစ်ဖန် ရွာထဲသရဲဝင်ကြောင်း လူတွေပင် လိုက်ဖမ်းကြောင်း ပိုမိုကားသွားပြန်သည်။ အစိုင်းနှင့်



www.burmeseclassic.com

www.burmeseclassic.com



အိုက်အောင်လည်း အစိုင်းတို့အိမ်သို့ အရောက်ပြေးခဲ့ကြရပါတော့သည်။

နောက်တစ်နေ့ မိုးလင်းသောအခါ ရွာလူကြီးတွေမှ အစိုင်းနှင့် အိုက်အောင်အား ခေါ်ယူမေးကြ၏။ သူတို့တွေ့တဲ့ အကြောင်း ပြောပြလိုက်သည်တွင် တချို့လူကြီးတွေမှ စကားသည် ပိုမိုကားသွားကြောင်း၊ အကြောက်ကြီးသော အဘအိုက်ကြောင့် ပိုမိုဆိုးသွားသည်ကို တချို့က ပြောနေကြစဉ်…,

'ရော်… ဦးပေါပ'

'ဘာလဲပအေး'

'အိမ်ပေါ်မှာ ကျွဲချေးစော်နံတာပ'

'ရော်… မင်းတက်လာကတည်းက နံတာပ၊ မင်း ကျွဲချေးနင်းခဲ့တာ ဖြစ်မှာပအေး'

'ရော်… ဘယ်က နင်းရမှာပ'

'ကိုပေါပ'

'ဘာလဲ မိနန်း'

'နွားမောင်ပဲဖြစ်မှာပ၊ နာမည်က နွားမောင်ဆိုတော့ ကျွဲချေး နွားချေးနံ့ နံမှာပအေး'

'ဟား… ဟား… ဟား… ဟား'

အစိုင်းနှင့် အိုက်အောင်တို့ ညက ရေမချိုးရသေး။ ဆေးကြောခဲ့ပါသော်လည်း ကျွဲချေးတွေမစင်၍သာ အနံ့က ထွက်နေ၏။ သူတို့ကျွဲချေးပုံပေါ်လဲသည့်အကြောင်း ထည့်မပြောခဲ့ပါ။ သူတို့နှစ်ယောက်သာ သိကြပါသည်။

'အစိုင်းပ…'



'အေး…'

'ကျွဲချေးနံ့ နံတာပအေး'

'ရော်… အိုက်အောင်ပ'

'ငါတော့ မနံပအေး၊ တောထဲ ကျွဲချေးနံ့ဆိုတာ မဖြစ်၊ အင်း… သရဲခြောက်တာများလားပအေး'

'ယောက်ဖ'

'အင်း…'

'အိုက်အောင် နောက်တာပ'

'ရော်… ဟိုနေ့က အစိုင်းတို့ သရဲခြောက်ခံရတဲ့နေ့ကပ၊ သရဲ ချော်လဲထားတာ ကျွဲချေးတွေ ပွနေတာပအေး၊ မနက်ပိုင်း အဘလုံခေါ်ပြလို့ တွေ့တာ အမှန်ပ'

'ရော်… သရဲချော်လဲတာ'

'ဟုတ်တာပ၊ သရဲချော်လဲတာ၊ အဘလုံ ကောင်းကောင်း ကြားတာပ၊ မိုးလင်းတော့ လဲထားတာ ပက်ပက်စက်စက်ပဲ'

'မဟုတ်တာပ'

'ရော်… ဟုတ်မှဟုတ်ပ၊ တချို့ပြောတာပ၊ သရဲ အီးပန်းတာလို့ ပြောကြတာပ'

'အစိုင်း'

'အိုက်အောင်ပ'

'စကား တော်တော်ကားတာပနော့'

'ဟုတ်ပ'

အစိုင်း ဆက်ပြောပြရန် ရှိသော်လည်း အိုက်အောင်မှ

www.burmeseclassic.com

www.burmeseclassic.com



မပြောရန် တားၡ မပြောဖြစ်တော့ပါ။ သူတို့နှစ်ယောက် အကြောင်း သူတို့ပဲသိ၏။ စကားရပ်ရသည့်အကြောင်းမှာ မုဆိုးပေါစမ်းသည် သားကောင်အသံကြားသည့်အတွက် သူတို့နှစ်ယောက်အား စကားပြောနေမှုရပ်ရန် သတိပေးလိုက်၏။

'ရှူး'

အားလုံး ငြိမ်သွားသည်။ စကားသံငြိမ်သွားသည်တွင် အသံတစ်သံကို ကြားရပါ၏။ ထိုအသံကား သားကောင်တစ်ကောင် ပြေးလာနေသော သားကောင်ခြေသံပင်။

သားကောင်သည် သူတို့နောက်ကျောမှ ပြေးလာသည့် ချေတစ်ကောင်ဖြစ်သည့်အတွက် မုဆိုးပေါစမ်းသည် မုဆိုးပီပီ သူ၏ဒူးလေးနှင့်မြား အသင့်ပြင်ပြီး နောက်ကျောမှ ခြေသံကြားရသည့် ချေအား မြင်သည်နှင့် ကျွန်းပင်ကြီးဘေးသို့ပင် ကပ်ရန် အချိန်မရတော့ဘဲ ဒူးလေးကို ထိုးချိန်လျက် ပစ်ခတ်လိုက်ပါပြီ။

'ရှိ…'

'ဝီ… ဝီ… ဝီ…'

'ဒုတ်…'

'ဝေါက်… ဘုန်း… ဝုန်း…'

'ဖျောက်… ဖျောက်… ဖျောက်… ဖျောက်'

'ဝုန်း… ဝုန်း… ဝုန်း'

'ရော်… ကျားကြီးပ'

'အား…'

'ရှိ…'





'ရှိ…'

'ဝေါင်း… ဝုန်း… အား…'

'အား…'

ကံဆိုးမိုးမှောင် ကျခဲ့ပါပြီ။ မုဆိုးပေါစမ်း၏ ပစ်ခတ်လိုမှုဇောကြောင့် ပြေးလာသော ချေပေါက်အား ထိချက်မှန်ကန်စေရန် နေရာပင်မယူဘဲ ပစ်ခတ်လိုက်သည်တွင် မြားတံသည် ချေပေါက်အား ထိထိမိမိ ထိုးစိုက်ဝင်သွားစဉ် ချေသည် တစ်ခေါက်သာ ဟောက်လိုက်နိုင်၏။ ချေ ဘုန်းခနဲနေအောင် လဲကျသည့်အပြင် ချုံငယ်တစ်ချုံဖြင့် ဝင်တိုးရာ ဝုန်းဟူသော အသံကြားလိုက်ရ၏။ ထိုစဉ် ချေကုန်းထ၍ပြေး၏။ ချေပြေးသည်ကို ကြည့်နေမိသော မုဆိုးပေါစမ်းအား ချေနောက်သို့ ထပ်ချပ်မကွာ လိုက်လာသော ကျားကြီးသည် နောက်မှခုန်အုပ်လိုက်၏။ ကျားခုန်အုပ်သည်ကို ရိပ်ခနဲမြင်လိုက်သလို အသံကြားသဖြင့် ညာဘက်သို့ ယိမ်းလိုက်သော မုဆိုးပေါစမ်း၏ ဘယ်လက်အမြှောက် ကျားကြီးက ပေါစမ်း၏လည်ကုတ်အခဲ အနည်းငယ်တိမ်းပြီး လည်ကုတ်မမိဘဲ ဝဲလက်မောင်းကိုသာ ခဲမိလိုက်သည်တွင်–

တောပစ်လိုသော အစိုင်းနှင့် အိုက်အောင်တို့နှစ်ယောက်မှာ ကြောက်ကန်ကန်ရင်း ပြေးဝင်ကိုက်ခဲသော ကျားဆိုးကြီးအား သူတို့၏ဒူးလေး အသင့်ပြင်ထားရာမှ လျှင်လျှင်မြန်မြန် ပစ်လိုက်သည်။

သူတို့နှစ်ယောက်၏ ပစ်ခတ်မှုမှာ မုဆိုးပေါစမ်း မှာထားသည်ကို သတိမရတော့။ မှန်ချင်ရာမှန်ဆိုသောသဘော



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ကြောက်ရွံ့မှုတွေအကြားမှ ပစ်လွှတ်လိုက်သော မြားနှစ်စင်းမှာ ကျားကြီး၏ဝမ်းဗိုက်သို့ တိတိကျကျ မှန်သွားပါပြီ။

သို့သော်လည်း ကျားကြီးသည် သူ၏အစာအား လုသောလူအား ကိုက်၏။ မုဆိုးပေါ်စမ်းသည်လည်း ချေအား ကျားကြီးလိုက်မှန်းမသိ၍ ပစ်ခတ်မိ၏။ အစာလုသည်တော့ မဟုတ်။ သို့အတွက် ကျားကြီးအကိုက်ခံရပါပြီ။ ကျားကြီးသည် သူ့အားမှန်သွားသော စူးနစ်နေသည့် မြားအား နာကျင်မှုကြောင့် ခဲထားသော မုဆိုးပေါ်စမ်း၏လက်ကို လွှတ်လိုက်ပြီး မြားအား သွားဖြင့်ကိုက်ရန်အလှည့်...

'အစိုင်း... အစိုင်း ထပ်ပစ်၊ ထပ်ပစ်'

'ရော်... ယောက်ဖ၊ ချိုဘက်တိုးဝင်တာ၊ တိုးဝင်၊ တိုးဝင်'

'ရှီ...'

'ဝေါင်း... ဝေါင်း... ဝေါင်း...'

'ဝေါင်း... ဝေါင်း... ဝေါင်း...'

'ဘုန်း... ဝုန်း... ဝေါင်း...'

'ရှီ...'

'ဒုတ်...'

'ဝေါင်း... ဝေါင်း...'

'ဝုန်း... ဝုန်း... ဝုန်း... ဘုန်း... ဝုန်း...'

အစိုင်းအရင် အိုက်အောင်က မြားတစ်စင်းဖြင့် ထပ်မံပစ်၏။ မြားသည် ကျားကြီး၏ဝမ်းဗိုက်ဘေးသို့သာ ထပ်မံထိ၏။ အစိုင်းသည် သူ၏ယောက်ဖအတွက် အလွန်စိုးရိမ်





လျက် ခါးမှဓားရှည်ကြီးဆွဲယူပြီး ဝင်ခုတ်ရန်စိစဉ်နေစဉ် ပါးစပ်ကလည်း ဘေးတွင်ရှိနေသော ချိုထဲဝင်ရန် သတိပေးရင်း မုဆိုးပေါ်စမ်း စကားကြားမှ သူ၏မြားကို သတိရလျက် နောက်တစ်ချက် ပစ်ခတ်လိုက်သည်။

ဘယ်နေရာတွင် ဘယ်မျှမှန်သည် မသိတော့။ ကျားကြီးလည်း မြားတန်းလန်းတွေဖြင့် ငယ်သံပါအောင် ဟိန်းသံတွေ ဆူညံ၍ လဲကျသွားရာမှ ပြန်ထရင်း အောက်ဘက်တောစပ်ထဲ ပြေးဝင်သွား၏။

'ဝေါင်း...'

'ဝေါင်း...'

'ဝုန်း... ဂူး... ဂူး... ဂူး...'

'ဝေါင်း...'

ကျားဗိုက်သို့ မြားတွေ စိုက်သွားပါပြီ။ မုဆိုးပေါ်စမ်းပြောသည့် လက်ပြင်တော့မဟုတ်။ တစ်ချက်တည်း သေနိုင်သော ဒဏ်ရာမဟုတ်သော်လည်း ဘယ်နှချက် ထိမှန်သွားသည် မသိ။ ဝမ်းဗိုက်မြားတန်းလန်းတွေဖြင့် ကျားကြီးမသက်သာ။ သေကိုသေမည်သာဟု တွေးမိသော်လည်း အရေးမထားနိုင်တော့ပါ။

'ယောက်ဖ... ယောက်ဖ၊ ဘယ်နေရာ၊ ရော်... လက်မောင်းပဲ'

'သွေးထွက်များတာပဲ၊ နေဦး အစိုင်း'

အိုက်အောင်သည် သူ၏အင်္ကျီအားအမြန်ချွတ်၍ မုဆိုးပေါ်စမ်း၏ ဝဲဘက်လက်မောင်းအား ပတ်တီးစည်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



လက်မောင်းအရိုးကျိုးသွားသလို ဒဏ်ရာမှာလည်း အစွယ်၏ ထက်မြက်မှုကြောင့် အသားတွေ ကွဲပြဲပေါက်ထွက်သွားသဖြင့် သွေးများ ယိုစီးလာခြင်းကို အမြန်ဆုံး ပတ်တီးသဘော စည်း ပေးလိုက်၏။

'ယောက်ဖ'

'အေး… ငါ လမ်းလျှောက်နိုင်တယ'

'ဒါဆို အမြန်ပြန်ကြတာပေါ့အေး'

'ဈော်… ချေသွားကောက်ခဲ့၊ ဟောဟို ထောက်ကြံ့ ပင်အောက်မှာ သေနေတာပ'

'ဈော်… အမြန်ပြန်တာပ'

'ဈော… သေနေတဲ့ချေ ကောက်ခဲ့တာပအေး၊ ဘာ လုပ်ထားခဲ့ရမှာပ၊ ငါလမ်းလျှောက်နိုင်တာပ၊ မြန်မြန်သွား ကောက်တာပ'

'ယောက်ဖနဲ့ အိုက်အောင်နေခဲ့ပ'

'ဈော… နှစ်ယောက်သွားပ၊ တော်တော်ကြာ ကျား နာကြီးတွေ့ရင် တစ်ယောက်တည်းမဖြစ်ပ'

'ဈော်… ဒါဆို မကောက်ဘဲထားခဲ့တာပ'

'မဟုတ်တာပ၊ သွားကောက်ပအေး၊ ကြောက်စရာ မလို၊ ကျားကြီးမှာ ဒဏ်တွေထပ်နေပြီပ၊ သေမှာပ'

'ယောက်ဖ နေခဲ့တာပ၊ ဒီမှာ ဓားကိုင်ထားတာပ'

'အစိုင်း အမြန်လာပအေး'

နှစ်ယောက်သား ပတ်ဝန်းကျင်အား ကြည့်ရှုရင်း သတိထားကာ ထောက်ကြံ့ပင်အောက်ဘက်သို့ သွက်သွက်



ကလေး လျှောက်သွားကြ၏။ ကြောက်ရွံ့ထိတ်လန့်မှုတော့ ရှိကြ၏။ သို့သော်လည်း မြင်မြင်ထင်ထင် အနေအထားမို့ စိုးရိမ်စရာတော့ သိပ်မရှိပါ။

'ဂူး… ဂူး… ဂူး…'

'ဝေါင်း… ဂူး… ဂူး… ဂူး…'

'ရှူး…'

သူတို့နှစ်ယောက် အနားတွင်ရှိသော ကျွန်းပင်ကြီး သေား ပြေးကပ်ရင်း အသံကြားရာသို့ ရှာကြည့်သည်တွင် ချုံငယ်တစ်ခုအတွင်း ဖင်တစ်ပိုင်း ဝင်နေပြီး ရှေ့ခေါင်းနှင့် လက်မှာ ချုံအပြင်သို့ ရောက်နေသည့် ကျားကြီးအားတွေ့ရ ပါပြီ။ ကျားကြီးကလည်း သူတို့နှစ်ယောက်အား တွေ့လိုက် ပုံရ၏။

ကျားကြီးသည် ရှေ့လက်နှစ်ချောင်း အားပြုပြီး ချုံထဲ မှ မြေကြီးအား ကုတ်ခြစ်တိုးခွေ့နေရှာသည်ကို သူတို့နှစ် ယောက် ကောင်းကောင်း တွေ့လိုက်ရပါပြီ။ သေသေချာချာ ကြည့်ပြီးနောက် အစိုင်းမှ…

'ဈော်… ကျားကြီး လမ်းမလျှောက်နိုင်ပအေး'

'ဟုတ်တာပအေး၊ လဲနေတာပ'

'အိုက်အောင်တို့နှစ်ယောက် ဓားနဲ့ဝင်ခုတ်ကြတာပ'

'ဈော်… အစိုင်း မရဲနဲ့၊ သေတော့မယ့် ကျားက ကြောက်ကန်ကန်တတ်တာပ'

'ဟုတ်တာပ၊ ဘယ်လိုလုပ်ကြတာပအေး'

'ကြည့်သေးတာပ'

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်၏အဖြစ် သူတို့မသိကြပါ။ လက်ထဲမှာပါလာသော ဒူးလေးနှင့်မြားတွေဖြင့် ပစ်ခတ်ရန် သတိမထားမိဘဲ ဓားနှင့်ဝင်ခုတ်ရန်တော့ သတိရမိ၏။ သူတို့ကြည့်နေစဉ်မှာပင် ကျားကြီးရှေ့သို့ အနည်းငယ်မျှသာတိုးရင်း တိုးရင်း မလှုပ်ရှားနိုင်တော့။

'ရော်... အစိုင်းပ'

'ဘာလဲပ'

'မြားတွေ ဗိုက်မှာစိုက်နေတာ'

'ရော်... ဟုတ်တာပအေး၊ ဟုတ်တာပ'

'တစ်ချောင်း၊ နှစ်ချောင်း၊ သုံးချောင်း၊ လေးချောင်းတော်ပအေး၊ လေးချောင်းပ'

'ရော်... ဒါကြောင့်ပ၊ ဗိုက်ကြီးမှန်တာပနော့၊ ဒီကောင်ကြီး အသည်းတွေ အူတွေ ပေါက်ထွက်ကုန်ပြီထင်တာပ'

'ဒါကြောင့် သေတော့မှာပအေး၊ သေတော့မှာပ၊ မထနိုင်တဲ့အပြင် ခေါင်းတောင် မထူနိုင်တော့ဘူး'

'ရော်... အိုက်အောင်ပ'

'လန့်တာပ၊ ဘာလဲပအေး'

'ကျားကြီးသေတာပအေး'

'ရော... တိုးတိုးပြောတာပ၊ အော်လိုက်တာ လန့်တာပအေး'

'ဟား.. ဟား... ဟား.... ဟား၊ တို့နှစ်ယောက် မုဆိုးဖြစ်ပြီကွ၊ မုဆိုးဖြစ်ပြီ၊ ဟား.. ဟား... ဟား...



ဟား'

'ရော်... ဘာဖြစ်တာပအေး'

'ငါပြောတာ ကြားမှာပ၊ မုဆိုးဖြစ်ပြီလေ'

'ဘာဖြစ်လို့'

'ရော်... အဖ၊ ကျားပစ်နိုင်ပြီကွ၊ တွေ့တာပအေး'

အစိုင်းသည် သူကြားဖူးသော စကားကြောင့် သူကိုယ်သူ ဂုဏ်ယူနေမိသည်။ သူကြားဖူးသည်မှာ ရွာဦးဆရာတော်မှ သူ၏ယောက်ဖအတွက် ကဗျာစပ်ရင်း ပြောခဲ့ဖူးသည်မှာ...

'အစိုင်းပ'

'မှန်ပါ့ဘုရား'

'မုဆိုးဆိုတာ ကျားပစ်နိုင်မှ မုဆိုးဖြစ်တာလို့ ကြားဖူးတာပ'

'ကျားကိုပစ်ရင် မုဆိုးဖြစ်တာပ၊ ဆရာတော်ဘုရား'

'ရော... နားကြားမှာပ၊ ငါတော့ မသိ၊ ကြားဖူးတာပ၊ တောပစ်ထွက်တဲ့ မုဆိုးဟာ တောထဲမှာ ကျားနဲ့ရင်ဆိုင်ရဲမယ်၊ ရှောင်ရဲပစ်ရဲ သတ်ပုတ်ရဲတာပ၊ သိုင်းဆရာကြီးဖြစ်ရန်မှာလည်း ကျားနဲ့ယှဉ်ပြိုင် သတ်ရဲရတာပအေး'

အစိုင်းသည် သူ့ယောက်ဖအား ကဗျာစပ်ပေးခဲ့သည့် ရွာဦးကျောင်းဆရာတော် ဦးဂန္ဓမာအား သတိရမိ၏။ ဆရာတော်မှာ သိုင်းပညာ အလွန်ကောင်း၏။ အစွမ်းထက်၏။ သို့သော် ကျားနှင့်တော့ မယှဉ်ခဲ့ဖူးပါ။ ကျောင်းသားဘဝ၊ ကိုရင်ဘဝမှ ရဟန်းဖြစ်ခဲ့၍ တောထဲဝင်ပြီး ကျားနှင့်မယှဉ်ရဲကြောင်း သိရပါ၏။

www.burmeseclassic.com

www.burmeseclassic.com



'အိုက်အောင်ပ'

'အေး… ဘာလဲပ'

'ဆရာတော်ပြောတာ ငါမှတ်ထားတာပ'

'ဒါဆို တို့မုဆိုးတွေဖြစ်ပြီပအေး'

'ဟုတ်တာပ၊ ရော်… ချောကောက်တာပ'

'အေး… ကျားသေအသာထားတာပအေး'

သူတို့နှစ်ယောက် ချေအား အမြန်သွားကောက်၏။ မုဆိုးပေါ်စမ်း၏ လက်စွမ်းလက်စကို အစိုင်းနှင့် အိုက်အောင် သဘောကျပြီး မြားတန်းလန်းဖြစ်နေသော လက်ပြင်အား ကြည့်လိုက်ကြ၏။

'ယောက်ဖ တော်တော် တော်တာပအေး'

'ဟုတ်ပ၊ အံ့စရာပအေး'

'ဒါကြောင့် ယောက်ဖ မုဆိုးဖြစ်တာပ၊ တည့်တည့်ကို ဝင်တာပအေး'

'ကဲ… လာမြန်မြန်သွားကြတာပ၊ ကိုစမ်းကို ကျားသေကြောင်း ပြောပြရတာပ'

နှစ်ယောက်သား ချေအား ခြေနှင့်လက်ဆွဲ၍ သွက်သွက်ပြန်တက်ခဲ့သော်လည်း ကျားကြီးအား လှမ်းကြည့်မိသေး၏။ ကျားကြီးမှာကား ဗိုက်တစ်ခုလုံး မြားလေးစင်း၏ ပစ်ခွင်းထိုးဖောက်မှုကြောင့် သေနေရှာပါပြီ။ ဝေးဝေးလည်း မပြေးနိုင်တော့ဘဲ သေဆုံးသွားပါပြီ။

'ယောက်ဖ ဘယ်လိုနေတာပ'

'ရတာပအေး၊ ကျားကြီးတွေ့ခဲ့တာပ'





'ရော်… ဟုတ်တာပ၊ သေနေတာပ၊ တို့ပစ်တဲ့ မြားလေးစင်းလုံး ကျားဗိုက်မှန်ပြီး သေနေတာပအေး၊ ဟား… ဟား… ဟား…. ဟား'

'ငါလည်း အံ့တာပ'

'ရော်… ဘာအံ့တာပအေး'

'ချေကိုပစ်ချင်တာပဲ သိတာပ၊ နောက်က ကျားလိုက်တာ သတိမထားမိတာပ'

'ဟုတ်တာပနော့'

မုဆိုးပေါ်စမ်းသည် သူ၏ဒဏ်ရာအားအလေးမထား။ သူတွေကြုံခဲ့ရမှု၊ လှုပ်ရှားမှု၊ အားနည်းချက်တွေ ပြန်စဉ်းစားရင်း အစိုင်းနှင့် အိုက်အောင်အား ပြောပြနေ၏။ သင်ခန်းစာ ပေးနေသည်လား မသိပါ။

'အစိုင်းနဲ့ အိုက်အောင်ပ'

'ဟုတ်… ဟုတ်'

'နောက် တောပစ်ရင် မှတ်ထားတာပ'

'ရော်… ဘာမှတ်ရမှာပအေး'

'ခက်တာပ၊ ငါ စောစောက ပြောတာပအေး၊ သားကောင်ကို မဲလို့ ငါ ကျားကိုက်ခံရတာပ၊ နောက်တစ်ခု သူ့အစာ ငါ လုသလို ဖြစ်တာပ'

'ဟုတ်တာပနော့'

'ကဲ‥ ပြန်ကြတာပ'

'ကျားကြီး နောက်မှ လာသယ်တာပအေး'

'ဟုတ်… ဟုတ်၊ ရော်… ယောက်ဖ လမ်းလျှောက်



www.burmeseclassic.com

www.burmeseclassic.com



နိုင်ပါ့မလားပ'

'ရတာပ၊ ငါ့လက်တော့ ကျိုးသွားတာပ'

'ရော်… လက်ကျိုးတယ် ဟုတ်လားပ'

'ကိုစမ်းပ၊ မုဆိုးကို ကျားကိုက် ကျားဗိုက်ပြားမှန်တာပအေး'

'ဟား… ဟား… ဟား…. ဟား၊ ရွာဦးဆရာတော်ပ၊ ကဗျာသင်ပေးတာပအေး၊ ဒါကြောင့် အိုက်အောင်လည်း ကဗျာတတ်တာပနော့'

မှန်ပါသည်။ အိုက်အောင်ပြောသကဲ့သို့ပင် မုဆိုးကို ကျားကကိုက်၏။ ကျားဗိုက်မှာ ပြားတွေစိုက်ပြီး ပြားဒဏ်ရာလေးချက်ဖြင့် ကျားကြီးသေဆုံးသွားပါပြီ။ မုဆိုးသည် ကျားမပစ်ပါ။ ကျားပစ်ရန် စိတ်မကူးခဲ့။

မုဆိုးတစ်ယောက်၏ သတိလက်လွှတ် အားနည်းချက်သည် တောနက်နက် တောင်ထူထူဝယ် တစ်ဦးတည်းသာ ဖြစ်ပါက မလွယ်ပါ။ အစာလုပွဲဆိုပါက တောမုဆိုးကျားကြီးမများ။ မသိ၍လုမိသော မုဆိုးအား ကျားကြီးမှ အခဲမကျေအသေသတ်မည်သာ။ ယခုတော့ အဖော်ပါ၍ မုဆိုးပေါ်စမ်းတစ်ယောက် အသက်အန္တရာယ် ကင်းခဲ့ရပါ၏။ သူ့အစာကို ဝင်မလုကောင်း၊ ပေါ်စမ်းသည်မုဆိုး ကျားသည်မုဆိုး၊ သို့သော် လူမုဆိုးသည် ကျားထက် အသိဉာဏ်ရှိသောကြောင့် သတိရှိရစမြဲ။ သို့သော်လည်း စိတ်ဆန္ဒစောပြီး သတိလက်လွှတ် ဖြစ်သွားသောအခါ ဟာကွက်တစ်ကွက်ကြောင့် အသက်လုခဲ့ရပါ၏။



'အစိုင်းနဲ့ အိုက်အောင်ပ'

'ဟုတ်… ဟုတ်'

'မုဆိုးဆိုတာ သတ္တိရှိရုံနဲ့ မပြီး၊ သစ္စာလည်းရှိရမှာပအေး'

'သစ္စာ'

'ဟုတ်တာပ၊ ကျားစာဆို မလုရ၊ သူ့အစာအတွက် လုဆိုတဲ့ ငါပအေး၊ ပစ်ချင်တာတစ်ခုကြောင့် ဒုက္ခဖြစ်တာပအေး၊ တော်သေးတာပ၊ အစိုင်းရဲ့အစ်မက အစိုင်းတို့ခေါ်သွားဆိုတာ မှန်တာပအေး'

'ကဲပါ ယောက်ဖ၊ ရွာပြန်ရောက်တော့မှာပ၊ လမ်းမလျှောက်နိုင်ရင် ပြောတာပအေး၊ ထမ်းသွားမှာပ'

'ရတာပ အစိုင်း၊ ရွာရောက်ရင် ပြန်ပြီး ကျားထမ်းကြ၊ ရွာသားတွေခေါ်သွားကြနော့'

'ဟုတ်… ဟုတ်'

အားတင်းလျက် လမ်းလျှောက်နေသော မုဆိုးပေါ်စမ်းမှာ သတိရှိရှိ ထိန်းပြီး လမ်းလျှောက်နေရပါသော်လည်း ဒဏ်ရာမှ သွေးနှင့်နာကျင်မှုတို့ကို မေ့ပျောက်စေရန် စကားပြောရင်း သူ၏ရင်ထဲဝယ် အိုက်အောင်ပြောသည့် စကားသံကို ပြန်လည်ကြားယောင်နေမိသည်မှာ 'မုဆိုးကျားကိုက် ကျားဗိုက်ပြားမှန်' ဆိုသည်ကို တွေးရင်း ပြုံးလိုက်မိပါတော့သည်။

မင်းရဲကျော်

www.burmeseclassic.com